

# နှလုံးသားနဲ့ လှမ်းကြမယ်

[ ၂၀၁၄ ခုနှစ်က နိုင်ငံ့အရေး ဆောင်းပါးများ ]

**ပထမအကြိမ်**

မတ်လ၊ ၂၀၁၅ ခုနှစ်။

**တန်ဖိုး**

၂၀၀၀ ကျပ်

**အုပ်ရေ**

၁၀၀၀

**ထုတ်ဝေသူ**

ဦးစိုးဝင်း [၀၀၁၉၀] အိပ်မက်ရိပ်စာပေ

၁၀၄၊ အောင်ဇေယျလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်**

ဦးဇော်မြင့်ဝင်း [၀၆၈၂၁] ကာလာစုံနှိပ်တိုက်

၁၈၄/ခ၊ ၃၁လမ်း (ထက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | K S W |
| အတွင်းအပြင်အဆင် | အလင်းအိမ်မီဒီယာ |
| စာအုပ်ချုပ် | ကိုမြင့် |

ကလောင်စုံ ၈၀၈.၈၄

နှလုံးသားနဲ့ လှမ်းကြမယ်/ကလောင်စုံ။ -ရန်ကုန်။

အိပ်မက်ရိပ်စာပေ၊ ၂၀၁၅။

၁၇၈-စာ၊ ၁၃.၅×၂၁ စင်တီ

(၁) နှလုံးသားနဲ့ လှမ်းကြမယ်

# မာတိကာ

## နိုင်ငံရေး


| | | |
|---|---|---|
| ၁။ မြန်မာ့နိုင်ငံရေးနယ်ပယ်မှ လုံးဝ ရှင်းထုတ်ပစ်ရမည့် နိုင်ငံရေးအရှောင်သမားဝါဒ | ဝင်းထွဋ်ဇော် | ၉ |
| ၂။ ကျောင်းသားနှင့် နိုင်ငံရေး | ထက်မြက် | ၁၅ |
| ၃။ နိုင်ငံသားတိုင်း နိုင်ငံတော်သမ္မတ ဖြစ်ခွင့်ရှိရမယ် | မောင်တင်ဦး(မြောင်းမြ) | ၂၀ |
| ၄။ နှလုံးသားနဲ့ လုပ်တဲ့ နိုင်ငံရေး | ကျော်သွယ် | ၂၆ |
| ၅။ အကောင်းဆုံး နိုင်ငံရေး | အောင်အောင် (IR) | ၃၇ |
| ၆။ လှမ်းကြမယ် အခွေကောင်းရယ် ဒေါင်းသံနှင့်လေး | ထင်အောင်နိုင် | ၄၄ |


## နိုင်ငံတကာ


| | | |
|---|---|---|
| ၇။ ၂၀၁၃ ကမ္ဘာ့အကောင်းဆုံး နိုင်ငံ | Z ဖေဝင်း | ၅၁ |
| ၈။ ပေကျင်း လောင်းရိပ်အောက်မှ ဟောင်ကောင် ဒီမိုကရေစီ | မြတ်သစ် | ၅၆ |
| ၉။ ဇာဘုရင် ပူတင်ရဲ့ အမြင်မှောက်မှားမှုများ | စိုးအုပ် | ၆၀ |


## စီးပွားရေး


| | | |
|---|---|---|
| ၁၀။ မြန်မာနိုင်ငံ၏ ပါမစ် စီးပွားရေးလုပ်ငန်း | မောင်သံနိုင်(ဘောဂဗေဒ) | ၆၉ |
| ၁၁။ ဘာကြောင့် တိုင်းပြည် ဆင်းရဲနေတာလဲ | စိုးမိုး (IN'D) | ၇၇ |

## ပညာရေး


| | | |
|---|---|---|
| ၁၂။ အကြောက်တရားနဲ့ မဆုံးမဘဲ အသိတရားနဲ့ ယဉ်ကျေးလိမ္မာဖို့ | ခေတ်ဘုန်းသစ် | ၈၅ |
| ၁၃။ နိမ့်ကျခံစားမှုနဲ့ လူ့တန်ဖိုး | တင့်ခိုင် | ၉၃ |
| ၁၄။ ပညာ့လက်ဆုပ်စနစ် ဘယ်တော့ချုပ်ငြိမ်းမလဲ | နန္ဒာဘုန်းမြင့် | ၉၅ |
| ၁၅။ အ,အောင် သင်တဲ့ သမိုင်း | စောနန္ဒာအောင် | ၉၉ |
| ၁၆။ ပညာရေးစံလား၊ ငွေစံလား | မောင်လင်း | ၁၀၅ |


## လူမှုဝန်းကျင်


| | | |
|---|---|---|
| ၁၇။ ကျောက်မီးသွေးလောင်စာ ပြဿနာ | ဒေါက်တာခင်မောင်ညို | ၁၁၃ |
| ၁၈။ စားစာခံမြစ် | ရဲဝင်းနိုင် | ၁၁၈ |
| ၁၉။ အိမ်အပြန်ဝိညာဉ်များ ခရီးတစ်ထောက်နားခိုရာ | ငြိမ်းအေးအိမ် | ၁၂၄ |
| ၂၀။ ရန်ကုန်ရွှေမြို့တော်ကို ကယ်တင်ရန် ကြိုးစားနေသူများ | မောင်လွင်မွန် (ကသာ) | ၁၂၈ |
| ၂၁။ ကျွန်မတို့ ဘယ်အချိန်အထိ ညွှစာရင်းတိုင်နေရမှာလဲ | သွေး (စစ်ကိုင်း) | ၁၃၇ |
| ၂၂။ ကျွန်မတို့ လမ်းကလေး | ခင်စောတင့် | ၁၄၃ |


## သဘောထားအမြင်


| | | |
|---|---|---|
| ၂၃။ ဦးရန်ဝေးလို ဝန်ကြီးများ အလိုရှိသည် | မြင့်မိုရ်ဆွေ | ၁၄၉ |
| ၂၄။ တရားမျှတတယ် ဆိုတာ ဘာလဲ | သန်းနိုးနိုင် | ၁၅၆ |
| ၂၅။ အချုပ်အခြာအာဏာတဲ့လား | အေးမောင်ကျော် | ၁၆၄ |
| ၂၆။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ငါးထောင်စား လွှတ်တော် အမတ်များ | လှမြင့် (ရန်ကုန်တက္ကသိုလ်) | ၁၇၀ |

# ပန်းခင်းထဲက ပန်းတစ်စည်း


- ၂၀၁၄ ခုနှစ်အတွင်း ဆောင်းပါးတွေ စုစည်းထားသည်ဆိုသော်လည်း အားလုံး ပါဝင်သည်တော့ မဟုတ်ပါ။ လက်လှမ်းမီရာ တချို့ကိုသာ စုစည်းထားခြင်း ဖြစ်ပါသည်။ ပန်းခင်းထဲက ပန်းတစ်စည်းပါ။

- အတိတ်က အကြောင်းများသည် ပစ္စုပ္ပန်အတွက် လည်းကောင်း၊ အနာဂတ် အတွက် လည်းကောင်း တန်ဖိုးရှိသော သင်ခန်းစာများ ဖြစ်လာနိုင်ပါသည်။ ဤရည်ရွယ်ချက်ဖြင့် ဤဆောင်းပါးများကို စုစည်းထုတ်ဝေလိုက်ပါသည်။

- ဆောင်းပါးများ ရှာဖွေစုဆောင်းပေးသော ဆရာမောင်နိုင်လတ် (မော်ကျွန်း)၊ ဤစာအုပ်ပါ စာရေးဆရာများနှင့် သက်ဆိုင်ရာ မဂ္ဂဇင်းများ၊ ဂျာနယ်များ ကို အထူးကျေးဇူးတင်ပါသည်။

- နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် ပိုမို ပြည့်စုံကောင်းမွန်အောင် ကြိုးစားတင်ဆက် သွားပါမည်။

အိပ်မက်ရိပ်စာပေ


နိုင်ငံရေး

နှလုံးသားနဲ့ လှမ်းကြမယ်
၂၀၁၄

# နိုင်ငံရေး

**ဝင်းထွန့်ဇော်**
မြန်မာ့နိုင်ငံရေးနယ်ပယ်မှ လုံးဝ ရှင်းထုတ်ပစ်ရမည့် နိုင်ငံရေးအချောင်သမားဝါဒ

**ထက်မြက်**
ကျောင်းသားနှင့် နိုင်ငံရေး

**မောင်တင်ဦး (မြောင်းမြ)**
နိုင်ငံသားတိုင်း နိုင်ငံတော်သမ္မတ ဖြစ်ခွင့်ရှိရမယ်

**ကေသွယ်**
နှလုံးသားနဲ့ လုပ်တဲ့ နိုင်ငံရေး

**အောင်အောင်** (IR)
အကောင်းဆုံး နိုင်ငံရေး

**ထင်အောင်နိုင်**
လှမ်းကြမယ် အဆွေကောင်းရယ် ဒေါ်ခင်းသံနှင့်လေး

## မြန်မာ့နိုင်ငံရေးနယ်ပယ်မှ
## လုံးဝ ရှင်းထုတ်ပစ်ရမည့် နိုင်ငံရေးအချောင်သမားဝါဒ

အမျိုးသားစာဆိုကြီး ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းက 'တောင်ကျရေ နွားနစ်ကောင် မဝသလို မောင်ဘဖေ ငါးထောင် မရသောကြောင့်'လို့ ရေးသားပြီး အင်္ဂလိပ်ခေတ်က ငါးထောင်စား အမတ်ရာထူးကိုယူချင်တဲ့ မိတ်ဆွေတာပည့် ဦးဘဖေကို သရော်ခဲ့ဖူးပါတယ်။

ကိုလိုနီဘဝကို ကျရောက်ခဲ့စဉ်က မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရရဲ့ ဘုရင်ခံက အုပ်ချုပ်ခဲ့တယ်။ ဘုရင်ခံ အုပ်ချုပ်ရေးစနစ်အောက်မှာ လွှတ်တော်ရှိခဲ့တယ်။ ထိုစဉ်က ရှိခဲ့တဲ့ မြန်မာနိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမား အတော်များများတွေဟာ လွှတ်တော်အမတ်ဖြစ်ရေး၊ ဝန်ကြီးချုပ် (ထိုစဉ်က ဝန်ကြီး

ရာထူးကို ဝန်ကြီးချုပ်လို့ ခေါ်ခဲ့ပါတယ်) အတွက် ကြိုးစားခဲ့ကြတယ်။

အင်္ဂလိပ် ကိုလိုနီအစိုးရက မြန်မာနိုင်ငံမှာ ၉၁ ဌာန အုပ်ချုပ်ရေး၊ စက္ကူဖြူ အုပ်ချုပ်ရေး စသည်ဖြင့် အုပ်ချုပ်ရေးတွေ အမျိုးမျိုး ပြောင်းခဲ့တယ်။ ယင်းသို့ အုပ်ချုပ်ရေးတွေ ပြောင်းလဲတိုင်းမှာလည်း အင်္ဂလိပ်အစိုးရက ၎င်းတို့အပေါ် သစ္စာစောင့်သိကြတဲ့ ပုဂ္ဂိုလ်တွေကို နန်းရေးဝန် ရာထူးတွေ ခန့်အပ်ပြီး ရုပ်သေးအစိုးရတွေ ဖွဲ့ပေးခဲ့တယ်။

ဆာပေါ်ထွန်း အစိုးရ၊ ဦးပု အစိုးရ၊ ဂဠုန်ဦးစော အစိုးရ စသည်ဖြင့် အစိုးရတွေ အမျိုးမျိုးပေါ်ပေါက်ခဲ့တယ်။ ထိုအစိုးရ အသီးသီးရဲ့ခေတ်တွေမှာလည်း ဂျီစီဘီအေ ပါတီ၊ ဓားမ ပါတီ၊ ဆင်းရဲသားပါတီ စတဲ့ ပါတီတွေက နိုင်ငံရေးသမားတွေထဲမှာ ဝန်ကြီးဖြစ်လိုမှု၊ လွှတ်တော်အမတ် ဖြစ်လိုမှုတွေကြောင့် မိမိပါတီကိုစွန့်ကာ အခြားပါတီကို ကူးပြောင်းတာတွေ ရှိခဲ့တယ်။ အချို့အမတ်တွေဆိုရင်လည်း ဥပမာ၊ ခွဲရေး တွဲရေးလို နိုင်ငံရေး အဆုံးအဖြတ်ပေးရမယ့်ကိစ္စမျိုးတွေမှာ အခွင့်အရေးရဖို့ ရာထူးရဖို့အတွက် မိမိရဲ့ ရပ်တည်ချက်ကို ပြောင်းလဲတာမျိုးတွေ ရှိခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရစကပြီး.အာဏာရခဲ့တဲ့ ဖဆပလ အဖွဲ့ကြီးဟာ ၁၉၅၈ ခုနှစ်မှာ သန့်ရှင်း ဖဆပလနဲ့ တည်မြဲဖဆပလ ဆိုပြီး နှစ်ခြမ်းကွဲခဲ့တယ်။ ဖဆပလရဲ့ နှစ်ခြမ်းကွဲပြဿနာကို ဘယ်လိုမှ စေ့စပ်ညှိနှိုင်းလို့မရတဲ့အဆုံးမှာ လွှတ်တော်မှာ မဲခွဲဆုံးဖြတ်ဖို့ စီစဉ်ခဲ့ကြတယ်။

ထိုစဉ်က နုတင်အုပ်စုလို့ လူသိများတဲ့ သန့်ရှင်း ဖဆပလကရော ဆွေငြိမ်းအုပ်စုလို့ လူသိများတဲ့ တည်မြဲ ဖဆပလဘက်ကပါ ဖဆပလ အကွဲအပြဲ ပြဿနာကို ပါလီမန်သို့ တင်ပြပြီး မဲခွဲဆုံးဖြတ်ဖို့ သဘောတူကြပါတယ်။ ပါလီမန်လွှတ်တော်မှာ တည်မြဲ ဖဆပလဘက်က ဝန်ကြီးချုပ် ဦးနု အစိုးရကို အယုံအကြည်မရှိ အဆိုတင်မှာဖြစ်ပြီး ထိုအဆို အနိုင်ရခဲ့ရင် ဦးနု အစိုးရ ပြုတ်ကျမှာဖြစ်ပြီး ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့ ခေါင်းဆောင်တဲ့ တည်မြဲ ဖဆပလတွေ အစိုးရဖွဲ့နိုင်မှာ ဖြစ်ပါတယ်။

ဖဆပလ အကွဲအပြဲကို စာရင်းရှင်းဖို့အတွက် ၁၉၅၈ ခုနှစ် ဇွန်လ ၅ ရက်မှာ လွှတ်တော် စတင်ခေါ်ယူခဲ့တယ်။ လွှတ်တော်မခေါ်မီ လပိုင်းအလိုကပင် သန့်ရှင်းနဲ့ တည်မြဲဖဆပလ အုပ်စု နှစ်စုစလုံးက လွှတ်တော် အစည်းအဝေးမှာ မိမိတို့အုပ်စုကို ထောက်ခံတဲ့

အမတ်တွေ ပိုမို ရရှိအောင် စည်းရုံးခဲ့ကြပါတယ်။

ဘက်နှစ်ဖက်စလုံးက အမတ်တွေကို ငွေကြေး၊ အခွင့်အရေးနဲ့ ရာထူးတွေပေးပြီး စည်းရုံးခဲ့ကြတယ်။ ရှခိုင်ပါတီဖြစ်တဲ့ ကရတညပါတီ အမတ် ၆ ဦးကဆိုရင် ရခိုင်ပြည်နယ် ရရှိရေးနဲ့ ဝန်ကြီးနေရာ ရရှိရေးတို့အတွက် ရွေးဆစ်ရင်း ဘယ်ဘက်ကို ထောက်ခံမယ်ဆိုတဲ့ သဘောထားကို တော်တော်နဲ့ မထုတ်ပြန်ဘဲ ရှိခဲ့တယ်။

သန့်ရှင်းဖဆပလကို ထောက်ခံခဲ့တဲ့ ပမညတ အမတ် ၄၄ ဦးထဲက 'တရားမျှတမှုပါတီ' ဥက္ကဋ္ဌ ဒေါက်တာဦးအေးမောင်ဆိုရင် ဦးနုရဲ့ ပြည်ထောင်စုပါတီ အစိုးရလက်ထက်မှာ ဝန်ကြီးရာထူးကို ရခဲ့ပါတယ်။ အခြားသောလွှတ်တော်အမတ် အတော်များများဟာလည်း ပါလီမန် အတွင်းဝန်ရာထူး၊ ဝန်ကြီးရာထူးတွေ ရခဲ့တယ်။

တကယ်တော့ နိုင်ငံရေးလုပ်တယ်ဆိုတာဟာ မိမိယုံကြည်တဲ့ နိုင်ငံရေးလမ်းစဉ်၊ မိမိရဲ့ နိုင်ငံရေးယုံကြည်ချက်တွေအတွက် မိမိရဲ့ဘဝကို နိုင်ငံရေးမှာ မြှုပ်နှံပြီး လုပ်ကြတာသာ ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးသမားတွေဟာ မိမိနိုင်ငံလွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့ တော်လှန်ရေးသမားဘဝမှာဖြစ်စေ နိုင်ငံရေးအာဏာမရှိမှာ မိမိယုံကြည်တဲ့ နိုင်ငံရေးစနစ် အောင်မြင်လာစေဖို့ ကြိုးပမ်းအားထုတ်နေတဲ့ အတိုက်အခံ နိုင်ငံရေးသမားဘဝမှာဖြစ်စေ ယုံကြည်ချက် ခိုင်ခိုင်မာမာနဲ့ ရပ်တည်လေ့ ရှိကြတယ်။

ထိုအခြေအနေမျိုးတွေမှာ များသောအားဖြင့်တော့ နိုင်ငံရေးသမားတွေဟာ ရိုးဖြောင့်ကြတယ်။ မိမိတို့ နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်တွေအကြားမှာလည်း ရဲဘော်ရဲဘက် စိတ်ဓာတ်တွေ အပြည့်ရှိကြတယ်။ အခွင့်အရေး ရလိုမှုကြောင့် သို့မဟုတ် ပုဂ္ဂိုလ်ရေးမျှော်လင့်ချက်တစ်ခုခုကြောင့် လုပ်ဆောင်တာမျိုး မရှိသလောက် ဖြစ်ပါတယ်။

နိုင်ငံရေး အချောင်သမားဝါဒ (Political Opportunism) ဟာ အာဏာရပါတီနဲ့ အာဏာရ အသိုက်အဝန်းအကြားမှာ ပိုမိုထွန်းကားတာတွေ့ရတယ်။ အာဏာရပါတီတွေဟာ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်၊ စီးပွားရေး လုပ်ပိုင်ခွင့်၊ လူမှုရေး လုပ်ပိုင်ခွင့်စတာတွေနဲ့ အခြား လုပ်ပိုင်ခွင့်တွေ ရှိတာကြောင့် အခွင့်အရေးသမားတွေ အချောင်သမားတွေဟာ အာဏာရပါတီတွေနဲ့ ဆက်သွယ်တွေ့ရှိကြတယ်။ အာဏာရပါတီတွေမှာရှိတဲ့ နိုင်ငံရေး

သမားတွေဟာလည်း အကျင့်ပျက်ဖို့ အခွင့်အလမ်းများပြားတာ တွေ့ရတယ်။

သို့ပေမဲ့ အရှောင်သမားဝါဒဟာ အတိုက်အခံပါတီတွေအပေါ်မှာ သက်ရောက်မှု မရှိဘူးလို့တော့ ပြောလို့ မရပါဘူး။ နိုင်ငံရေး အခြေအနေ အပြောင်းအလဲ တွေ့ကြုံရတဲ့အခါမျိုးတွေမှာဖြစ်စေ မိမိတို့ပါတီရဲ့ နိုင်ငံရေးရည်ရွယ်ချက်တွေ မအောင်မြင်တဲ့အခါမှာဖြစ်စေ အတိုက်အခံ နိုင်ငံရေးပါတီတွေအတွင်းမှာ အရှောင်သမားဝါဒ ပေါ်ပေါက်လာတတ်ပါတယ်။

နိုင်ငံရေးသမားတွေဟာ နိုင်ငံရေး ခြေကုန်လက်ပန်းကျလာချိန်တွေမှာလည်း အရှောင်သမားစိတ်ဓာတ်တွေ အရှုံးပေးဝါဒ (Defeatism) ဝင်လာတတ်တယ်။

မြန်မာနိုင်ငံမှာဆိုရင် အထူးသဖြင့် တော်လှန်ရေးကောင်စီ တက်ရောက်ခဲ့ပြီးနောက်မှာ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ ကေအင်န်ယူ (KNU) ခေါ် ကရင်အမျိုးသား အစည်းအရုံးမှ ထိပ်တန်းခေါင်းဆောင်တွေဟာ လက်နက်ချခဲ့ကြတယ်။ တော်လှန်ရေးကောင်စီစစ်အစိုးရ (နောင်မှာ မဆလအစိုးရ) ရဲ့အောက်ကို ဦးခေါင်းလျှိုကာ ဝင်ရောက်ခဲ့ကြပြီး ရာထူးတွေ ယူခဲ့ကြတယ်။

မဆလ အစိုးရခေတ်မှာ ပြည်တွင်းနိုင်ငံရေးပါတီတွေ ဖြစ်ကြတဲ့ ဖဆပလ၊ ပထစနဲ့ ပမညတတို့မှ နိုင်ငံရေးသမားအချို့ဟာလည်း မိမိတို့ ပါတီ၊ အဖွဲ့အစည်းတွေကို စွန့်ခွာပြီး မဆလပါတီကို ဝင်ရောက်ခဲ့ကြတယ်။ ရာထူးတွေ ယူခဲ့ကြတယ်။

ထိုခေတ်က မဆလအောက်ကို ခေါင်းလျှို ဝင်ရောက်ခဲ့ကြသူတွေဟာ အမြင့်ဆုံးရာထူးအဖြစ် ဘဏ္ဍာရေးအကြံပေးရာထူးနဲ့ သံအမတ်ရာထူးတွေ ရခဲ့ကြတယ်။ ဘက်ပြောင်းခဲ့ကြတဲ့ နိုင်ငံရေးသမားတွေထဲက အောက်ခြေအဆင့်မှ လူတွေကတော့ စပါးဒိုင်မှူး၊ လူငယ်ရေးရာ စည်းရုံးရေးမှူးနဲ့ ကုန်သွယ်ရေးဌာနတွေမှာ အထက်တန်း စာရေးအဆင့်နေရာတွေ ရခဲ့ကြတယ်။

အလယ်အလတ်အဆင့် နိုင်ငံရေးသမားတွေကတော့ အထူးအရာရှိရာထူးတွေကို ရခဲ့ကြပါတယ်။ အချို့လည်း ပါတီယူနစ် ကော်မတီဝင် သို့မဟုတ် ပါတီယူနစ် ဥက္ကဋ္ဌနေရာတွေကို ရခဲ့ကြတယ်။

နိုင်ငံရေး ယုံကြည်ချက် မခိုင်မာဘဲ အတွေးအခေါ် အားနည်းတဲ့ နိုင်ငံရေးသမားတွေဟာ မိမိရဲ့ နိုင်ငံရေးပါတီ အကျပ်အတည်းတွေနဲ့ ကြုံတွေ့ရချိန်မှာဖြစ်စေ၊ ပါတီရဲ့ နိုင်ငံရေးလမ်းကြောင်းဟာ ဓာတ်မျောလာတဲ့ အချိန်

တွေမှာဖြစ်စေ၊ နိုင်ငံရေးခြေကုန်လက်ပန်းကျလာတဲ့အခါမျိုးတွေမှာဖြစ်စေ ဘက်ပြောင်းခိုလှုံမှုတွေ လုပ်လေ့ ရှိတယ်။

မြန်မာနိုင်ငံရှိ နိုင်ငံရေးပါတီတွေနဲ့ နိုင်ငံရေးသမားတွေအကြားမှာ အချောင်သမားဝါဒဟာ ရေးနှစ်ပေါင်းများစွာကတည်းက ဝင်ရောက်မွေနှောက်ခဲ့ပြီး ယခုတိုင်လည်း မွှေနှောက်နေဆဲပဲဖြစ်တယ်။ သို့ပေမဲ့ အချောင်သမားဝါဒကို ကိုင်စွဲခဲ့ကြသူ နိုင်ငံရေးသမားမှန်သမျှဟာ မိမိတို့အနေနဲ့ ရာထူးငွေကြေးတွေ လိုချင်တဲ့အတွက်၊ အခွင့်အရေး လိုချင်တဲ့အတွက် ဘက်ပြောင်းရတာပါလို့ ဘယ်တုန်းကမှ မပြောခဲ့ဖူးပါဘူး။

ထိုသူတွေဟာ ၎င်းတို့ရဲ့ အချောင်သမားဝါဒကို ကာကွယ်ဖို့အတွက် အကြောင်းပြချက်တွေ မျက်နှာဖုံး အကာအကွယ်တွေကို အမြဲတမ်းပဲ အဆင်သင့်ဖြစ်အောင် ရှာဖွေထားလေ့ရှိကြတယ်။

န၀တ၊ နအဖခေတ် တစ်လျှောက်မှာလည်း ရှစ်လေးလုံး အရေးတော်ပုံအတွင်းက စစ်အစိုးရ ဆန့်ကျင်ရေး အောင်လံကို ကိုင်စွဲခဲ့ကြသူတွေထဲက အချို့က နောက်ပိုင်းမှာ စစ်အစိုးရကို ကြောင်ထောက်ခံသူတွေ ဖြစ်လာကြတယ်။ အချို့ဆိုရင်လည်း အင်န်ဂျီအို (NGO) လိုလို၊ စီအက်စ်အို (CSO) လိုလို အဖွဲ့တွေဖွဲ့ပြီး လူငယ်တွေထဲမှာ နအဖကို အကောင်းမြင်လာအောင် သင်တန်းတွေပင် ပေးခဲ့ကြတယ်။

၂၀၁၀ ပြည့်နှစ်မှာ နအဖစစ်အစိုးရက ရွေးကောက်ပွဲတွေ ကျင်းပလာချိန်မှာလည်း ၂၀၀၈ ဖွဲ့စည်းပုံကို လက်ခံပြီး ရွေးကောက်ပွဲဝင်ခဲ့တဲ့ နိုင်ငံရေးပါတီတွေ ပေါ်ပေါက်လာတယ်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ခွဲထွက်ကာ ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ကြသူတွေ ပေါ်ပေါက်ခဲ့တယ်။

အချို့ဆိုရင် ပါးစပ်က ဒီမိုကရေစီစကား တွင်တွင်ကျယ်ကျယ် ပြောနေသော စစ်အုပ်စု တစ်ဖြစ်လဲအစိုးရအနေနဲ့ နိုင်ငံရေးအကျပ်အတည်းတွေနဲ့ (ဥပမာ-၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေး) ကြုံလာရတဲ့ အချိန်တိုင်းမှာ အာဏာရအုပ်စု ထွက်ပေါက်ရအောင် ပီအာရ် (PR) လို လက်နက်မျိုးတွေကို ဆွဲထုတ်လာပြီး ပြည်သူတွေ ချီတက်နေတဲ့ ဒီမိုကရေစီလမ်းကြောင်းကို အတားအဆီးဖြစ်အောင် လုပ်ဆောင်လာကြတယ်။

အချောင်သမားဝါဒဟာ ယနေ့အချိန်တိုင်အောင် မြန်မာ့နိုင်ငံရေးလောကကို နှောင့်ယှက်ဖျက်ဆီးနေသလိုပဲ မဝေးကွာလှတဲ့ အနာဂတ်ကာလ

မှာလည်း မြန်မာ့နိုင်ငံရေးလောကကို နှောင့်ယှက်ဖျက်ဆီးလာမယ့် အလား အလာတွေ ရှိနေတယ်။

ယနေ့အချိန်မှာတော့ မြန်မာ့နိုင်ငံရေးမှာ အသာစီး အနေအထားကို ရယူထားတဲ့ အာဏာရအုပ်စုဟာ ၎င်းတို့ ရရှိထားတဲ့ အာဏာကို လက်လွှတ်မသွားရေးအတွက် နည်းမျိုးစုံနဲ့ ကြိုးပမ်းနေပါတယ်။ ထိုသို့ ကြိုးပမ်းရာမှာ ၎င်းတို့ ကျင့်သုံးနေတဲ့ ဗျူဟာတစ်ခုကတော့ ဒီမိုကရေစီ နိုင်ငံရေး အင်အားစုတွေ အကွဲကွဲအပြားပြားဖြစ်ပြီး ဒီမိုကရေစီလူထုတပ်ဦးဘက်မှာ အားအင်ချည့်နဲ့သွားရေး နည်းဗျူဟာပဲ ဖြစ်တယ်။

အာဏာရ အုပ်စုဟာ ယင်းနည်းဗျူဟာ အောင်မြင်ရေးအတွက် တစ်ဖက်က ပီအာရ် (PR) စနစ်ကို ၎င်းတို့ရဲ့ လက်ပါးစေတွေ ဒလန်တွေမှတစ်ဆင့် အကောင်အထည်ဖော်ဖို့ ကြိုးပမ်းနေသလိုပဲ အခြားတစ်ဖက်ကလည်း လက်နက်ကိုင် နိုင်ငံရေးပါတီတွေကို ကားပါမစ်တွေ ပေးခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း ကားပါမစ်တွေ ပေးခဲ့ပါတယ်။

ဒါ့အပြင် လွန်ခဲ့တဲ့ သုံးလေးလလောက်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကိုယ်တိုင်က နိုင်ငံရေးပါတီတွေကို ပါတီရုံးဆောက်ဖို့ မြေတွေ (သို့မဟုတ်) ရုံးအဆောက်အအုံတွေ ပေးမယ်ဆိုတဲ့ လေသံတွေ ပစ်ခဲ့ပါတယ်။

တကယ်တော့ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေဟာ ပြည်သူလူထုရဲ့တစ်ခုတည်းကိုသာ ကြည့်ရမယ့်သူတွေပါ။ မြန်မာနိုင်ငံရဲ့ မျက်မှောက်ခေတ် နိုင်ငံရေးဟာ ကျိန်းသေပေါက် ဒီမိုကရေစီ ရတော့မယ်လို့ ပြောနိုင်တဲ့ အခြေအနေမျိုးမှာ မရှိသေးပါဘူး။ ဒီမိုကရေစီ ရရှိရေးဟာ အတွေးပုံရိပ် (Vision) ထက် အနည်းငယ်လောက်ပဲ သာလွန်ပါသေးတယ်။ ထိုအခြေအနေမျိုး ဒီမိုကရေစီ ဘက်တော်သားတွေ အားလုံးအနေနဲ့ ဒီမိုကရေစီ ရရှိရေးအတွက် မထောင်ဘဲ သန္နိဋ္ဌာန် ခိုင်မာစွာနဲ့ ဆက်လက်ကြိုးပမ်းကြရမှာပါ။

ထိုသို့ ကြိုးပမ်းရာမှာလည်း နိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးပါတီတွေအတွင်းမှာ အချောင်သမားဝါဒကို လုံးဝ အဝင်မခံဖို့ လိုပါတယ်။ ယခုလို ဒီမိုကရေစီ လှုပ်ရှားအဖွဲ့အစည်းကို ဦးတည်ချီတက်နေတဲ့ကာလမှာ မြန်မာ့နိုင်ငံရေးလောကမှာ အချောင်သမားဝါဒ လုံးဝ ကင်းစင်ဖို့ လိုအပ်နေပါပြီ။

ဝင်းထွဋ်ဇော်

အတွေးအမြင်၊
အောက်တိုဘာ၊ ၂၀၁၄။

❏

## ကျောင်းသားနှင့် နိုင်ငံရေး

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်နေ့က ချင်းပြည်နယ် တီးတိန်မြို့၌ပြုလုပ်သည့် တီးတိန်လူထု တက်ရောက်သော လူထုဟောပြောပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က “ကျောင်းသားတွေ နိုင်ငံရေးမလုပ်ရဘူးဆိုတော့ ဒါ ကျွန်မတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံ မဖြစ်စေချင်တဲ့လူတွေက ပြောတဲ့ စကားပါ၊ ကျောင်းသားတွေ နိုင်ငံရေး မလုပ်ဘူး၊ လူငယ်တွေ နိုင်ငံရေးမလုပ်ဘူးဆိုရင် ကျွန်မတို့ ဒီမိုကရေစီ မထွန်းကားနိုင်ပါဘူး၊ အဲဒီတော့ ကျွန်မကတော့ အဲဒါကို လုံးဝဆန့်ကျင်ပါတယ်လို့ပြောပါရစေ၊ ကျောင်းသားတွေ နိုင်ငံရေးလုပ်ကြပါ၊ နိုင်ငံရေးသိအောင် ကြိုးစားကြပါ” ဟု ပြောဆိုခဲ့လေသည်။ ဆက်လက်ပြီး ဒေါ်အောင်ဆန်းစုကြည်က “နိုင်ငံရေးကို ကြောက်လို့ မဖြစ်ဘူးနော်၊ နိုင်ငံရေးကို ကြောက်

အောင်လို့ ကျွန်မတို့ကို ခေါင်းထဲကို ရိုက်သွင်းထားတာဟာ တော်တော်ကို နှစ်ပေါင်းများစွာ ရှိပါပြီ၊ ဒါပေမဲ့ အဲဒီ အတွေးအခေါ်တွေကို ခေါင်းထဲက ပြန်ထုတ်ရမယ်၊ နိုင်ငံရေးဆိုတာ ကြောက်စရာ မဟုတ်ဘူး၊ လူတိုင်း လူတိုင်းနဲ့ ဆိုင်တယ်"ဟုလည်း ပြောဆိုခဲ့ပါသည်။

ကျောင်းသားများ နိုင်ငံရေး မလုပ်ရဟု လှုံ့ဆော်မှုမှာ ၁၉၆၂ ခုနှစ် မတိုင်ခင် ပထမ အစိုးရလက်ထက် ကတည်းက ဝန်ကြီးချုပ်ကိုယ်တိုင်က ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ၊ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂတို့ကို ရည်ရွယ်ပြီး ကိုယ့်စာ ကိုယ်ကျက်ဖို့၊ နိုင်ငံရေး မလုပ်ဖို့ ပြောဆိုတတ်ပါသည်။ လွတ်လပ်ရေးရပြီး ပညာရေးစနစ်မှာ ကိုလိုနီပညာရေး စနစ်ဖြစ်သည်ဟု သမဂ္ဂများက ဆန့်ကျင်လာခဲ့သည့် အချိန်မှစ၍ ဖဆပလအစိုးရ၊ နောက် ပထစအစိုးရအဆက်ဆက်သည် လူငယ်များ၊ ကျောင်းသားများ နိုင်ငံရေး မလုပ်ဖို့ကို အပြင်းအထန် တိုက်တွန်းလာခဲ့၏။ စင်စစ် နိုင်ငံရေး မလုပ်ဖို့ တိုက်တွန်းသော အာဏာရ ခေါင်းဆောင်များမှာ ကိုလိုနီခေတ်က နိုင်ငံရေးလုပ်ခဲ့သော ကျောင်းသား ခေါင်းဆောင်များချည်း ဖြစ်ပါသည်။ ဦးနု၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ တို့သည် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ပင် တကသ၊ ဗကသ စသော သမဂ္ဂများမှ ပေါက်ဖွားလာသူများဖြစ်ပြီး ကျောင်းမှ ထွက်လာသောအခါ နိုင်ငံရေးလောကသို့ ခြေချဝင်ခဲ့၏။ တို့ဗမာအစည်းအရုံးသို့ အစုအပြုံလိုက် ရောက်သွားကြသည်။ ဗိုလ်ချုပ်အောင်ဆန်းဆိုလျှင် ဦးနုက နိုင်ငံရေးလောကသို့ ခြေစုံပစ်ဝင်သည်နှင့် သူလည်း တို့ဗမာ အစည်းအရုံးသို့ ဝင်ရောက်ကာ နိုင်ငံရေးလုပ်မည်ဟု တောင်းဆိုသော်လည်း ဦးနုက ကိုအောင်ဆန်းကို တက္ကသိုလ်တွင် တစ်နှစ်၊ နှစ်နှစ်နေခဲ့ရန်၊ နောင်မျိုးဆက် ကျောင်းသားခေါင်းဆောင်များ ထွက်ပေါ်ဖို့ ကျောင်းတွင် ထားခဲ့ပါသည်။ နောက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရေကျော်ရှိ တို့ဗမာအစည်းအရုံးရုံးခန်းသို့သွားကာ နိုင်ငံရေးလောကထဲ ဝင်ရောက်ခဲ့လေတော့သည်။ ဦးဗဆွေ၊ ဦးရာရှစ်၊ ဦးနု စသူများမှာ ကျောင်းသားဘဝကတည်းက နိုင်ငံရေးလုပ်ခဲ့သူများ ဖြစ်ပါသည်။

ကျောင်းသားများ နိုင်ငံရေး မလုပ်ရန် ထိုခေါင်းဆောင်များက ဟန့်တားသည့်အခါ သူတို့လည်း ကျောင်းသားဘဝက နိုင်ငံရေးလုပ်ခဲ့တာပဲ မဟုတ်လားဟု ကျောင်းသား

ခေါင်းဆောင်များက ချေပသောအခါ သူတို့က သူတို့သည် ကိုလိုနီခေတ်က နယ်ချဲ့တို့ကို ဆန့်ကျင်ဖို့ လုပ်ခဲ့ခြင်း ဖြစ်ပြီး ယခုခေတ်တွင် အမျိုးသား အစိုးရကို ဆန့်ကျင်ဖို့မလိုဘဲ ကိုယ့်စာသာ ကိုယ်ကျက်ကြရန် အကြောင်းပြ ပြောဆိုခဲ့၏။ သို့သော် ဖဆပလခေတ်က ပညာရေးမှာလည်း လွတ်လပ်မှုများ မရှိခဲ့ပေ။ သမဂ္ဂများကို တရားဝင် ပိတ်ပင်တားဆီးခြင်းများ မရှိသော်လည်း ဗကသ၊ တကသ၊ ရကသ စသော ကျောင်းသားအဖွဲ့အစည်း အားလုံးသည် စာမသင်ဘဲနေသော အဖွဲ့များ ဖြစ်ကြောင်း၊ အစိုးရ အတိုက်အခံများ ဖြစ်ကြောင်း ဦးနု ခေါင်းဆောင်သော ဖဆပလ ဆိုရှယ်လစ်များက တစ်သမတ်တည်း ဆန့်ကျင်ခဲ့ကြလေသည်။ ၁၉၆၂ ခုနှစ်၊ စစ်တပ် အာဏာသိမ်းပြီးသည့်နောက်တွင် ကျောင်းသားများ နိုင်ငံရေး မလုပ်ရ။ လူငယ်များ နိုင်ငံရေးမလုပ်ရ ဟူသော ပိတ်ပင်တားမြစ်ချက်မှာ အဆုံးစွန် ရောက်ရှိသွားတော့၏။ ဇူလိုင် ၇ ရက် အရေးတော်ပုံတွင် ကျောင်းသား ၁၀၀ ကျော်ကို ဗိုလ်နေဝင်းအစိုးရက သွေးချောင်းစီးအောင် ပစ်သတ်ပြီးသည့်နောက် ထိုကျောင်းသားများမှာ တကသ အဆောက်အအုံထဲမှ မွေးဖွားလာသူများဖြစ်၍ ကျောင်းသားများအား နိုင်ငံရေးလုပ်ဆောင်ဖန်တီးသည့် နေရာတစ်ခုအဖြစ် သတ်မှတ်ကာ ဇူလိုင် ၈ ရက်နေ့တွင် ဖြိုဖျက်ခဲ့လေသည်။ ထိုအချိန်မှစ၍ ကျောင်းသားများသည် စစ်အာဏာရှင်တို့၏ ရန်သူဖြစ်လာသည်။ သမဂ္ဂများကို သူတို့၏ ရန်သူများဟု သတ်မှတ်ကာ အပြင်းအထန် ဖိနှိပ်ခဲ့သည်မှာ ယခုအထိ ဖိနှိပ်နေဆဲ ဖြစ်ပါသည်။

ကျောင်းသားများ နိုင်ငံရေးလုပ်ရမည်ဟု ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား ကြွေးကြော်လိုက်သည့်သူများတွင် ယခုနောက်ဆုံး ဒေါ်အောင်ဆန်းစုကြည်မှာ အထင်ရှားဆုံးဖြစ်လာသည်။ ဒေါ်အောင်ဆန်းစုကြည်ထက်စောပြီး ကြွေးကြော်ခဲ့သော နိုင်ငံရေးသမားများ၊ စာရေးဆရာများ ရှိခဲ့သည်။ အထူးသဖြင့် လက်ဝဲနိုင်ငံရေးသမားများ၊ လက်ဝဲစာရေးဆရာများ ဖြစ်ပါသည်။ ယခုခေတ် ဒီမိုကရေစီ တောင်းဆိုသော ဒီမိုကရေစီဘက်တော်သားများထဲတွင် ဒေါ်အောင်ဆန်းစုကြည်မှာ ကျောင်းသားများ နိုင်ငံရေးလုပ်ဖို့ အပြတ်သားဆုံး ပြောသောသူ ဖြစ်သည်။ ဆရာဟံသာဝတီဦးဝင်းတင်သည် ကျောင်းသားနိုင်ငံရေးလုပ်ဖို့ ထောက်ခံပြောဆိုခဲ့သူ ဖြစ်ပါသည်။ ယခင် ဖဆပလခေတ်ကတည်းက နိုင်ငံရေးလုပ်ခဲ့သူ၊ ဖဆပလ

ခေတ်တစ်လျှောက်လုံး ဘာမှ မပြော
ခဲ့သူ၊ စစ်အစိုးရခေတ် တစ်လျှောက်လုံး
ငြိမ်ဝပ်ပိပြားစွာဖြင့် တစ်ခွန်းမှ မပြော
ခဲ့သော နိုင်ငံရေးသမားဟောင်းကြီးများ
ရှိခဲ့ပြီး ယခုနိုင်ငံရေးပါတီများ အလျှိုလျှို
ပေါ်လာသောအခါ၌ ကျောင်းသားများ
နိုင်ငံရေး မလုပ်ရဆိုသော ကြွေးကြော်
သံကို ဆက်လက် ကိုင်စွဲခဲ့ကြသည်။
ဘွဲ့ရမှ နိုင်ငံရေးလုပ်ပါ။ အသက်အစိတ်
ပြည့်မှ နိုင်ငံရေးလုပ်ပါဆိုသော အသက်
အကန့်အသတ်၊ ပညာအရည်အချင်း
ကန့်သတ်ခဲ့မှုကို ထိုသူများ မပြောခင်
ကလည်း စစ်အစိုးရကာလက ထင်ရှား
သော စာရေးဆရာကြီးများက ပြောခဲ့ဖူး
ပါသည်။ ထိုအချိန်က စာပေလောကမှာ
ပင် ကျောင်းသား နိုင်ငံရေး လုပ်သင့်
မလုပ်သင့် အငြင်းပွားခဲ့ဖူးသည်။ ထို
ဖြုဖြင်ရေး စာရေးဆရာများက ပညာ
မတတ်ဘဲ နိုင်ငံရေးလုပ်လျှင် ဓား
မနောက်ပိတ်ခွေး ဖြစ်မည်ဟု ၈၈
ကျောင်းသားများကို စောင်းမြောင်းကာ
ကန့်သတ်ခဲ့လေသည်။ သူတို့ပြောသည်
များမှာ စစ်အစိုးရကို အထောက်အပံ့
ဖြစ်စေခဲ့၏။ ကျောင်းသားများက
ဦးဆောင်လှုပ်ရှားလိုက်သော ၈၈
ဒီမိုကရေစီလှုပ်ရှားမှုကြီးသည် မဆလ
တစ်ပါတီစနစ်ကို ချေမှုန်းလိုက်ခြင်း၊
စစ်အာဏာရှင်တို့ကို တုန်လှုပ်သွားစေ
ခြင်းတို့ကြောင့် ကျောင်းသားများကို
သူတို့ စိုးရိမ်ကြောက်လန့်ကြပါသည်။
ဇူလိုင် ၇ ရက် အရေးတော်ပုံတွင်
ကျောင်းသားများ၏ အရေးပါမှုက စစ်
အာဏာရှင်တို့ တုန်လှုပ်သွားခဲ့သည့်
သင်ခန်းစာသည် ၁၉၈၈ အရေးတော်ပုံ
တွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာ
အရ ပို၍ ကြီးမား၊ ပို၍ကျယ်ပြန့်ကာ
ကမ္ဘာကို တုန်လှုပ်သွားစေသည့်အတွက်
ကျောင်းသား နိုင်ငံရေးမလုပ်ရဟူသော
ဖောက်ပြန်သော လူတန်းစားတို့၏
အဘိဓမ္မာသစ်တစ်ရပ် ပေါ်ထွက်လာခဲ့
ခြင်း ဖြစ်ပါသည်။

ပညာတတ်မှ လူတော်ဖြစ်မည်။
ပညာတတ်မှ လူတွင်ကျယ်ဖြစ်မည်။
ပညာတတ်မှ နိုင်ငံရေး လုပ်နိုင်မည်ဟု
ပညာရေးနှင့် နိုင်ငံရေးကို စည်းတားပြီး
ကျောင်းသား နိုင်ငံရေး မလုပ်ရေးအုပ်စု
သည် စာရေးဆရာများထဲတွင်လည်း
ခေါင်းထောင်ခဲ့ကြပါသည်။ လူငယ်နှင့်
ပညာရေး၊ လူငယ်နှင့် နိုင်ငံရေး စသည့်
အကြောင်းအရာများနှင့် စာပေဟော
ပြောပွဲတွင် ဟောပြောကြသည်။
လွတ်လပ်မှု ကင်းမဲ့သည့် မြန်မာနိုင်ငံလို
ဒီမိုကရေစီ အလင်းရောင်ကွယ်နေသော
နေရာမျိုး၌ ဒီမိုကရေစီ အလင်းရောင်
ရရှိရေးသည်သာ အဓိကဆိုသည်ကို
ထိုပုဂ္ဂိုလ်များသည် စစ်အစိုးရအလိုကျ
ကျောင်းသား နိုင်ငံရေး မလုပ်ရဟု
ပိတ်ပင်တားဆီးနေသလား မသိရပေ။

အကယ်၍ ကျောင်းသားလူငယ်များ နိုင်ငံရေး မလုပ်ရဆိုသော ကန့်သတ်ချက်သာ လိုက်နာရမည်ဆိုလျှင် စစ်အာဏာရှင်တို့၏ သက်ဆိုးရှည်မှုနှင့် ဖိနှိပ်မှုမှာ အလွန်ဆိုးဝါးကမ်းကုန်အောင် ရှိနေဦးမည်။ ၈၈ ဒီမိုကရေစီအရေးအခင်းကြီးလည်း မြန်မာနိုင်ငံ၌ ဖြစ်ပေါ်လာမည် မဟုတ်ပေ။ အခြေအနေတစ်ခုကို ပြောင်းလဲသော လူထုလှုပ်ရှားမှုများကို ကျောင်းသားများက ဦးဆောင်သည်ချည်း ဖြစ်သည်။ ထိုကျောင်းသားများမှာ နိုင်ငံရေးလုပ်သော လူငယ်များ ဖြစ်ပါသည်။ ကိုအောင်ဆန်း လို၊ ကိုဗဟိန်း လို၊ ကိုအောင်ကျော် လို၊ ကိုနု လို တက္ကသိုလ်ကျောင်းသားများသည် ထင်ရှားသော နိုင်ငံရေးသမားများ ဖြစ်လာသည်။ ထိုကျောင်းသားများ နိုင်ငံရေး လုပ်၍သာ လွတ်လပ်ရေး ရလာသည်။ ဗြိတိသျှနယ်ချဲ့၊ ဖက်ဆစ်ဂျပန်တို့ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့သည်။ ပညာရှင် စာရေးဆရာကြီးများက အသက် ၂၅ နှစ်ပြည့်မှ နိုင်ငံရေး လုပ်ရမည်။ ဘွဲ့ရမှ နိုင်ငံရေးလုပ်ရမည်ဆိုသော ကန့်သတ်ချက်များ ချမှတ်ကြသည်။ နိုင်ငံရေးသုခမိန်ဆိုသော ဝါရင့်နိုင်ငံရေးသမားကြီးများ၏ ပညာမတတ်ဘဲ နိုင်ငံရေး မလုပ်ရဆိုသည်များမှာ နိုင်ငံရေးကို ဦးချိုးခြင်းဖြစ်သည်။ ကျောင်းသားများ နိုင်ငံရေးလုပ်ပါဆိုသော တိုက်တွန်းချက်သည် ပညာမသင်ကြားရေးမဟုတ်၊ ဘွဲ့မရအောင် တားဆီးထားခြင်း မဟုတ်။ တိုင်းပြည်အတွက် လိုအပ်ချိန်တွင် စာသင်ခန်းကိုစွန့်ကာ လူထုကြားထဲ ပါဝင်ရမည်။ တိုင်းပြည်အတွက် လိုအပ်ချိန်တွင် စာအုပ်များကို စွန့်ကာ သေနတ်ကိုင်စွဲရမည်။ ထို့ကြောင့်လည်း လွတ်လပ်ရေး ရခဲ့သည် မဟုတ်ပါလော။ တိုင်းပြည်အတွက် လိုအပ်လျှင် ကျောင်းသားများမှာ ညီညွတ်ရေး၊ အမျိုးသား ရင်ကြားစေ့ရေး၊ ဒီမိုကရေစီရေးအတွက် ဆောင်ရွက်ရမည်။ ၈၈ မျိုးဆက် ကျောင်းသားများကို နိုင်ငံရေး ပြန်လုပ်ကြပါ။ သင်တို့၏ အနစ်နာခံမှု၊ ရဲရင့်ပြတ်သားမှုတို့နှင့် နိုင်ငံရေးလောကထဲ ဝင်ကြပါဟု ကျွန်တော် တိုက်တွန်းပြောဆိုရေးသားခြင်း ရှိခဲ့ပါသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည် ချင်းပြည်နယ်၌ ပြောကြားခဲ့သော ကျောင်းသားများ နိုင်ငံရေးလုပ်ရမည်ဆိုသော မိန့်ခွန်းကို လေးလေးနက်နက် ထောက်ခံအားပေးပါသည်။

ထက်မြက်

Popular News

Vol:6, No-3, January 16, 2014

❑

## နိုင်ငံသားတိုင်း နိုင်ငံတော်သမ္မတ ဖြစ်ခွင့်ရှိရမယ်

### နိုင်ငံသားတစ်ယောက်

ဒီမြေမှာမွေး၊ ဒီမြေမှာ ကြီးပြင်း၊ ဒီမြေမှာ ခေါင်းချမယ့် လက်ရှိနေထိုင်နေသူ နိုင်ငံသားတစ်ယောက်အနေနဲ့ မွေးဖွားရာမှ နောက်ဆုံးထွက်သက်အထိ နိုင်ငံတော်ရဲ့ စောင့်ရှောက်ခြင်း၊ ဖေးမကူညီခြင်း၊ စားဝတ်နေရေး အစစ အရာရာတာဝန်ယူခြင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတန်းတူရည်တူ လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ရှိကြရမှာပါ။

အချို့ နိုင်ငံသားဆို ဘိုးစဉ်ဘောင်ဆက်ဘေးမဦးချ နေထိုင်လာတာ မျိုးဆက်ပေါင်း ၁၀ ဆက်မကတော့ပါဘူး။ ဒီလို နိုင်ငံတော်ကို သစ္စာရှိရှိ နေထိုင်လာတဲ့ နိုင်ငံသားတစ်ယောက်ဟာ နိုင်ငံတော်က ပေးလာတဲ့ အခွင့်အရေးများကို

တန်းတူရည်တူ ရခွင့်ရှိရပါမယ်။ ဘာ အကြောင်းပြချက်နဲ့မှ ခွဲခြားသတ်မှတ်ခြင်း မရှိရပါဘူး။ ခွဲခြားမှု (discrimination) တစ်ခုခုလုပ်လာပြီ ဆိုကတည်းက ခွဲခြားဆက်ဆံခံရတဲ့ နိုင်ငံသားဟာ သူ့ရဲ့ နိုင်ငံသားရပိုင်ခွင့်တစ်ခုခု ချိုးဖောက်နှိမ့်ချ ဆက်ဆံခံလိုက်ရတာပါ။

ဒီလို ခွဲခြား ဆက်ဆံခံလာရတာ နှစ်တွေ တော်တော်ကြာခဲ့ပါပြီ။

ရန်ကုန် - မန္တလေး ရထားလက်မှတ်ဝယ်ရင် သာမန်ပြည်သူတွေက နံနက် ၄ နာရီကတည်းက တန်းစီပြီး ဝယ်ရပါတယ်။ လက်မှတ်ပေါက်နားရောက်မှ ကုန်ပြီဆိုလို့ ပြန်ခဲ့ရတဲ့ရက်တွေ အတော်များခဲ့ပါတယ်။ ဒီအခြေအနေမျိုးမှာ တချို့က အိမ်မှာ အခန့်သားနေရုံနဲ့ ရထားလက်မှတ်က အိမ်တိုင်ရာရောက် ရောက်လာပါတယ်။

ပြည်သူ့ဆိုင်တွေမှာသာ ဆေးဝယ်လို့ရတဲ့ ခေတ်တုန်းက ဆေးတစ်ခါဝယ်ချင်ရင် ဆရာဝန် ထောက်ခံချက်၊ ပြည်သူ့ကောင်စီ ထောက်ခံချက်တွေ တစ်ထပ်ကြီး ရယူပြီးမှ ဆေးတစ်ဘူး ဝယ်လို့ ရပါတယ်။ ဆေးထောက်ခံစာ လိုက်ယူနေတုန်း အသက် မမီလိုက်တဲ့ လူနာတွေ ဝိညာဉ်ပြန်ခေါ်မေးလို့ရရင် ခေါ်မေးပြချင်ပါတယ်။ ဒါပေမဲ့ ဆေးဆိုင်တာဝန်ခံ အသားလွတ် ချမ်းသာကုန်တာတွေ၊ ဗွီအိုင်ပီတွေနဲ့ ပေါင်းပြီး ဆေးအရောင်းအဝယ်လုပ်ရင်း သူဌေးဖြစ်ကုန်တာတွေ စတဲ့ ခေတ်ပျက်သူဌေးလူတန်းစားတစ်ရပ် ပေါ်ထွန်းခဲ့ပါတယ်။

အစိုးရရုံး ဝန်ထမ်းတွေ ခများလည်း ရာထူးတိုးတာ၊ နေရာကောင်းရတာဟာလည်း တစ်ဦးနဲ့တစ်ဦး မတူပြန်ပါဘူး။ တစ်ဦးက ပါတီ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ထိုစဉ်က မြန်မာနိုင်ငံတွင် တစ်ခုတည်းသော ပါတီ၊ အာဏာရပါတီ) ဝင်၊ နောက်တစ်ဦးက ပါတီမိတ်ဆွေ၊ နောက်တစ်ဦး ပါတီစိတ် အတွင်းရေးမှူး၊ ထိုထိုသော ပါတီဝင်များရဲ့ အဆင့်အတန်းဟာ အလုပ်ထဲအထိ လာရောက်လွှမ်းမိုးပါတယ်။

ပါတီ မဝင်ရသေးရင် ရာထူးတိုးခံရဖို့ ဝေးပါသေးတယ်။ ပါတီဝင်ချင်းတူပေမယ့် တင်းပြည့်နဲ့ အရန်ပေါ်မူတည်ပြီး ရာထူးတိုးခံရဖို့ ခွဲခြားခံရပြန်ပါတယ်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းကာလပိုင်းများကို သိမီလိုက်ရတဲ့ ပြည်သူတိုင်း တစ်ခုမဟုတ် တစ်ခု ခွဲခြားဆက်ဆံခံခဲ့ရတာ ကြုံဖူးကြမှာပါ။

## ခွဲခြား သတ်မှတ်ခြင်း

ကြုံခဲ့သမျှ ပြန်ရေးပြနေလို့ ပြီးမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကြုံခဲ့ရတဲ့ ခွဲခြားဆက်ဆံမှုတွေကြောင့် နိုင်ငံတော်မှာ ဘာတွေ ဖြစ်ပျက်ခဲ့သလဲ။ တိုးတက်ခဲ့ပါသလား။ ဆုတ်ယုတ်ခဲ့ပါသလား။ ညီညွတ်ခဲ့ပါသလား။ စိတ်ဝမ်းကွဲပြားခဲ့ပါသလား။ ငြိမ်းချမ်းရေး ရခဲ့ပါသလား။ စစ်ပွဲတွေ ဆက်ဖြစ်နေပါသလား။

အဲဒီအကျိုးဆက်က လက်တွေ့ ခံစားနေကြရပါပြီ။ ခွဲခြား ဆက်ဆံခံခဲ့ရလို့ မွဲတေဆင်းရဲနေတဲ့ လူတန်းစားက ပိုလို့ ဆင်းရဲတွင်းနက်လာပါတယ်။ အခွင့်ထူးခံ လူတန်းစားကလည်း ကျိုကျိုတက် ချမ်းသာပြီး နိုင်ငံတော်ကိုရော နိုင်ငံတော်ရဲ့ သယံဇာတကိုပါ လုပ်ချင်သလို လုပ်နေကြတာ အထင်အရှား မြင်တွေ့နေရမှာပါ။ ခေတ်သစ်ဝေါဟာရ တစ်ခုဖြစ်တဲ့ ခရိုနီဆိုတဲ့ လူတန်းစားသစ်တွေ ပေါ်ထွက်လာပါတယ်။

နိုင်ငံရဲ့ ကံကြမ္မာက ပြည်သူအများစုအနေနဲ့ တန်းတူညီမျှ မခံစားရဘဲ ဆင်းရဲတွင်းထဲ ကျရောက်ပြီး ကယ်သူမဲ့သူ၊ မြေနိမ့်ရာ လှံစိုက်ခံရသူ၊ နှုတ်ပိတ်ခံရသူတွေ ဘဝမှာ ဝဲလည်နေကြပါတယ်။

တန်းတူညီမျှ မရှိခြင်းဟာ အာဏာရှိပုဂ္ဂိုလ်တွေရဲ့ ရည်ရွယ်ချက်ရှိရှိ ကြံဆောင်မှုတွေကြောင့် ဖြစ်ပါတယ်။ အာဏာရှိပုဂ္ဂိုလ်ဆိုတာကလည်း အာဏာကို ကိုယ့်ဘာသာ တက်သိမ်းပြီး ကိုယ့်ဘာသာ အစိုးရဖွဲ့၊ ထောက်ခံသူ ရှိရှိ၊ မရှိရှိ ပြည်သူ့ဆန္ဒကို ထည့်တွက်ခဲ့တာ၊ ငဲ့ကွက်ခဲ့တာ မရှိခဲ့ပါဘူး။

ကိုယ့်ဘာသာ ကိုယ့်လူနဲ့ကိုယ် ဖွဲ့လိုက်တဲ့ပါတီကိုလည်း နိုင်ငံရဲ့ တစ်ပါတီစနစ်ကို ထူထောင်ပြီး အဲဒီပါတီက ကိုယ့်ပါတီသာ ဖြစ်စေခဲ့ပါတယ်။

ယခုအခါမှာ ဝန်ထမ်းတိုင်း ပါတီနိုင်ငံရေး ကင်းရှင်းရမယ်လို့ သတ်မှတ်နေတဲ့ ပုဂ္ဂိုလ်တွေက ယခင်အခါက ဝန်ထမ်းတိုင်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ မဝင်မနေရ ဝင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်နေပြန်ပါတယ်။ တတ်လည်း တတ်နိုင်တဲ့ပုဂ္ဂိုလ်တွေပါပဲ။

ဒီလိုမျိုး ပြောချင်သလို ပြောလုပ်ချင်သလို လုပ်လာခဲ့တာ ထင်တိုင်းကြဲလာခဲ့တာ ဘယ်သူကမှ မဟန့်တားခဲ့ပါလျက်နဲ့ တိုင်းပြည်က ဘာတွေများ တိုးတက်လာပါသလဲ။ ယခင်က အာဏာရှင်ဗဟိုပြု စည်းရုံးသိမ်းသွင်းခြင်း ခံထားရတဲ့ စစ်တပ်သည်ပင်လျှင် စစ်သားဘဝနဲ့ အရာရှိဘဝတွေ ခြားနားကုန်ပါတယ်။ စစ်သားတွေ ခများ

စစ်တန်းလျားထဲမှာ ကုတ်ကုတ်ကတ် ကတ်နေပြီး အငတ်ငတ် အပြတ်ပြတ် ရှန်းကန်နေကြရပါတယ်။

ဆိုတော့ ခွဲခြားဆက်ဆံလာတာဟာ ဘာကောင်းကျိုးမှ မပေးမှန်း သိသာထင်ရှားနေပါပြီ။ ပြည်သူမပါဘဲ ကိုယ့်အဖွဲ့အစည်းတစ်ခုတည်းနဲ့ တိုင်းပြည်ကို တိုးတက်အောင် တည်ဆောက်လို့ မရနိုင်ခဲ့တာ အထင်အရှား ကြီးပါ။

ဒါဆို တန်းတူညီမျှ အခွင့်အရေးတွေ အတူတူရကြရင် မကောင်းပေဘူးလား။ ကောင်းတယ်လို့ သိနေကြဟန် တူပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးမယ်တဲ့။ ဒါပေမဲ့ ကျင့်သုံးမယ့် ဒီမိုကရေစီက ဒီလို။ "ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၇ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်" တဲ့။ စစ်မှန်၍ဆိုတဲ့ စကားလုံးက အတုတွေထဲမှာမှ အစစ်ကို ရှာဖွေရဦးမယ့်သဘော ဖြစ်နေပါ တယ်။ ဒီမိုကရေစီ အတုဆိုတာ ရှိနေ ပြီလား။ ဘယ်သူက ဒီမိုကရေစီအတု တွေကို ဖန်တီးနေပါသလဲ။

စည်းကမ်းပြည့်ဝသောဆိုတဲ့ စကားလုံးကလည်း ဘယ်စည်းကမ်းတွေ ပြည့်ဝစေချင်တာလဲ။ စည်းကမ်းတွေကို ဘယ်သူက သတ်မှတ်နေတာလဲ။ သူတို့ သတ်မှတ်တဲ့ စည်းကမ်း မဝင်တိုင်း ဒီမိုကရေစီမဟုတ်တော့ဘူးလား။

အစကတည်းက ယဉ်သကိုဖြစ်နေပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးမယ်လို့ ရေးထားတဲ့ ဖွဲ့စည်းပုံမှာ ကိုယ်နှိုက်က ဒီမိုကရေစီမဆန်တဲ့ အသုံးအနှုန်းတွေ၊ အရေးအသားတွေနဲ့ တန်းတူညီမျှမှုကို စတင် ယိမ်းယိုင်ချည့်နဲ့စေပါတယ်။

ဒီလို အစချီထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လိုတစ်မျိုး မလိုတစ်မျိုး လိုရာဆွဲ ရေးထားတာ တွေ့လာရပါတယ်။

အခွင့်အရေး ပေးလိုသူအတွက် သီးသန့်ပုဒ်မတွေ ရေးဆွဲပြီး အခွင့်အရေးပေးထားကြပါတယ်။ နိုင်ငံသားချင်းအတူတူ အချို့သော ပုဂ္ဂိုလ်တွေက အလိုအလျောက် စင်ပေါ် (လွှတ်တော်တွေထဲ) ရောက်နေကြပါတယ်။ ဒါ့အပြင် သီးသန့်ပုဒ်မတွေ တပ်ပြီး အခွင့်အရေးမတူအောင် ရေးဆွဲထားပါသေးတယ်။ ပြည်ထောင်စု ဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း ခေါင်းစဉ်အောက်မှာ ပုဒ်မ ၂၃၂ (ည) (၁) ပြည်ထောင်စု ဝန်ကြီးသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စု ဝန်ကြီး ခန့်အပ်ခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း

**နိုင်ငံတော်အကျိုးကို
စွမ်းစွမ်းတမံ ထမ်းဆောင်လိုတဲ့
နိုင်ငံသားတိုင်း
သမ္မတဖြစ်ခွင့်ရှိရမှာဖြစ်တဲ့အတွက်
အခြေခံဥပဒေကိုယ်နှိုက်က
တန်းတူရည်တူ
အခွင့်အရေးပေးရမှာ ဖြစ်ကြောင်းပါ။**

စည်းမျဉ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ (၂) ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနများအတွက် ပြည်ထောင်စု ဝန်ကြီးများအဖြစ် ခန့်အပ်ခံရသော တပ်မတော်သားများသည် တပ်မတော်မှ အငြိမ်းစားယူရန်မလို။

ထင်ရှားစွာ ခွဲခြားရေးဆွဲထားတာကို တွေ့နေရပါတယ်။

ပုဒ်မ ၄၃၆ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခန်း (၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း (၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း (၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း (၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း (၅) ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း (၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း (၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း (၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ (ဆန္ဒခံယူပွဲ ကျင်းပရုံသာမက) ဆန္ဒမဲပေးခွင့် ရှိသူရဲ့ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်လို့ ခွဲခြားသတ်မှတ်ထားပါတယ်။

စာဖတ်သူတို့ ဖော်ပြပါ ပုဒ်မ ၄၃၆ (က) ကို သေသေချာချာသာ ဖတ်ကြည့်ကြပါ။ ပုဒ်မချင်းအတူတူ ကျန်ပုဒ်မတွေကိုတော့ ပုဒ်မ ၄၃၆ (ခ) အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲနဲ့ ပြင်နိုင်ပေမယ့် ပုဒ်မ ၄၃၆ (က) ပါ ပုဒ်မတွေကိုတော့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရုံသာမက ဆန္ဒမဲပေးခွင့်ရှိသူရဲ့ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမယ်လို့ ခွဲခြားသတ်မှတ်ထားပါတယ်။

ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုယ်နှိုက်က တန်းတူညီမျှမှုရှိတဲ့ ဥပဒေမဟုတ်ဘဲ လိုရာဆွဲ ဥပဒေ ဖြစ်နေတယ်ဆိုတာ ထင်ရှားစေတာပါပဲ။

'ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ ပြည်' လို့ ကြွေးကြော်သီဆိုနေတဲ့ နိုင်ငံတော်သီချင်း စာသား အဓိပ္ပာယ်နဲ့ အညီ ဖွဲ့စည်းပုံဥပဒေ ပြန်လည်ဖြစ် အောင် ပြင်ဆင်ရေးဆွဲရေး ဖြစ်လာတာ ဟာ သဘာဝကျတဲ့ ဖြစ်စဉ်ပါ။

တန်းတူရည်တူ မပေးထား တာရယ်၊ တစ်ဖက်သတ် ခွဲခြားရေး ဆွဲထားတာရယ်၊ ဖွဲ့စည်းပုံကို ပြင်ဆင် ရေး တောင်းဆိုလာတာဟာ မလွဲမသွေ ကြုံတွေ့လာရတဲ့ အချိုးအကွေ့ပါ။ ဒါကြောင့် လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ မလွဲမသွေ ပြင်ဆင် ရပါမယ်။

အထူးသဖြင့် ပုဒ်မ (၅၉) (စ) ကို ပြင်ဆင်ရပါမယ်။ ထိုပုဒ်မက နိုင်ငံ သားတိုင်း သမ္မတဖြစ်ခွင့်ကို တားမြစ် ပိတ်ပင်ထားလို့ ဖြစ်ပါတယ်။

အရေးကြီးတာက ၅၉ ပါ (က)၊ (ခ)၊ (ဂ)နဲ့ (င) တို့ဟာ ပြည့်စုံ လုံလောက်နေတဲ့ ဥပဒေပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ နိုင်ငံသားတိုင်းအတွက် လွှမ်းခြုံမိစေပါတယ်။ ဒါထက်ကျော် လွန်ပြီး ပုဒ်မ (ဃ)နဲ့ (စ) ဟာ လိုရာကို ဆွဲ ရေးဆွဲထားတဲ့ တရားမျှတမှု (Fair and Justice) မရှိတဲ့ ဥပဒေ ဖြစ်နေပါ တယ်။

နိုင်ငံတကာအလယ်မှာ ထည် ထည်ဝါဝါ နေထိုင်လိုတဲ့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ခြောက် ပြစ်ကင်း သဲလဲစင် မဟုတ်တောင်မှ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှ ခြင်း ဟူသော လောကပါလတရား ထွန်းကားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မျိုး ဖြစ်နေသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အကျိုးကို စွမ်းစွမ်းတမံ ထမ်းဆောင်လိုတဲ့ နိုင်ငံ သားတိုင်း သမ္မတဖြစ်ခွင့်ရှိရမှာဖြစ်တဲ့ အတွက် အခြေခံဥပဒေ ကိုယ်နှိုက်က တန်းတူရည်တူ အခွင့်အရေးပေးရမှာ ဖြစ်ကြောင်းပါ။

**မောင်တင်ဦး (မြောင်းမြ)**

Weekly eleven

17-2-2014

❑

## နလုံးသားနဲ့ လုပ်တဲ့ နိုင်ငံရေး

ဟီလာရီကလင်တန်ရဲ့ Hard Choice စာအုပ်က အာရှ-ပစိဖိတ်နဲ့ သက်ဆိုင်တဲ့ အရှေ့ဘက်အခန်းတွေ ဖတ်ပြီးသွားတဲ့အခါ ခဏနားရင်း စာအုပ်ထဲမှာပါတဲ့ မြန်မာပြည်ခရီးစဉ်က ဓာတ်ပုံတချို့ကို ပြန်လှန်ကြည့်မိတယ်။ တကယ်တော့ ဒီဓာတ်ပုံတွေဟာ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက စိတ်လှုပ်ရှား ကြည်နူးစွာနဲ့ အထပ်ထပ်အခါခါ မြင်ဖူး ကြည့်ဖူးခဲ့ပြီးသားတွေပါ။ အခု ဟီလာရီကိုယ်တိုင် ပြောပြတော့မှ ဒီပုံရိပ်တွေနဲ့ အပြုံးတွေရဲ့ နောက်ကွယ်က ခြေလှမ်းတွေ စိတ်ခံစားချက်အတွေးတွေကို အသေအချာ ပြန်ပြီးဆက်စပ် ထင်ဟပ်ကြည့်နိုင်ရတော့တယ်။

တကယ်ဆိုတော့ ၂၀၀၉ ခုနှစ်မှာ ဟီလာရီကလင်တန် အမေရိကန် နိုင်ငံခြားရေး

ဝန်ကြီး ဖြစ်လာခဲ့တာနဲ့ မရှေးမနှောင်းမှာပဲ မြန်မာပြည်မှာ ဘယ်လိုမှ မျှော်လင့်မထားတဲ့ နိုင်ငံရေးအပြောင်းအလဲတွေ ဖြစ်လာခဲ့တာဟာ တိုက်ဆိုင်မှုသက်သက်တော့ မဟုတ်လောက်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်နဲ့ လူကိုယ်တိုင် မျက်နှာချင်းဆိုင် တွေ့ခဲ့ဆုံခဲ့ရတဲ့အဖြစ်အတွက် သူ့ကိုယ်သူ ဆိတ်ဆွဲကြည့်မိမတတ်ဘဲလို့ ဟီလာရီက တင်စားခဲ့သလိုပဲ ကမ္ဘာအရပ်ရပ်က မြန်မာပြည်သူပြည်သားတွေမှာလည်း ဒေါ်အောင်ဆန်းစုကြည် ရုတ်တရက် လွတ်မြောက်လာမှု၊ နိုင်ငံရေး အကျဉ်းသားတွေ တစ်သုတ်ပြီး တစ်သုတ်လွှတ်ပေးမှုတွေကစလို့ ရာစုနှစ် တစ်ဝက်လောက် သံတမန်ဆက်ဆံရေး အေးစက်ခဲ့တဲ့ အမေရိကန်နိုင်ငံကြီးကနေပြီး နိုင်ငံခြားရေး ဝန်ကြီးနဲ့ သမ္မတကိုယ်တိုင် ရှေ့ဆင့် နောက်ဆင့် ရောက်လာခဲ့တဲ့အဖြစ်တွေဟာ ကိုယ့်အသားကိုယ် ပြန်ဆိတ်ကြည့်ရမတတ် မယုံနိုင်စရာ သမိုင်းအချိုးအကွေ့တွေဖြစ်ခဲ့တာပါ။ ရန်ကုန်မြို့ရဲ့ လမ်းတွေပေါ်မှာ အမေရိကန်အလံကိုလွှဲယမ်းပြီး သမ္မတအိုဘားမားကို ကြိုဆိုနှုတ်ဆက်ခဲ့ကြတဲ့ မြန်မာပြည်သားတွေကို ဘယ်တုန်းကနဲ့မှ မတူတဲ့ လှိုက်လှဲမှု စစ်စစ်တွေနဲ့ တွေ့ခဲ့ကြရတာပါ။

ဒီသမ္မတနဲ့ အတွင်းရေးမှူးနှစ်ယောက်အတွဲကလည်း သူ့နိုင်ငံမှာတင်မက ကမ္ဘာမှာကို ထူးထူးခြားခြားသူများထက် ပိုပြီး စိတ်ဝင်စားခံရ၊ နှစ်သက်သဘောကျခံရတဲ့သူတွေ။ ပါတီနိုင်ငံရေး စင်မြင့်ပေါ်မှာ သူတို့နှစ်ယောက် အပြင်းအထန် ယှဉ်ပြိုင်ထိုးနှက်ခဲ့ကြတဲ့ မြင်ကွင်းကိုလည်းတစ်ကမ္ဘာလုံး မကြည့်ချင်မှအဆုံးမြင်ခဲ့ပြီးသား။ ပြီးတော့လည်း ဘာမှမဖြစ်ခဲ့ကြသလို ကမ္ဘာ့အရေးတွေကိုနှစ်ယောက်သား ပခုံးတစ်ဖက်စီ ထမ်းပြခဲ့ရင်း ဒီမိုကရေစီရဲ့ အလှတရားကိုပြသခဲ့ကြတာလည်း အားလုံးအသိ။ အဲဒီလို ပြသနိုင်ခဲ့တာဟာလည်း သူမရဲ့ ခက်ခဲတဲ့ ရွေးချယ်မှုအစအဦး တစ်ခုပဲဆိုတာကို Hard Choice စာအုပ်ရဲ့ ပထမဆုံးအခန်းဖြစ်တဲ့ A Fresh Start အသစ်က ပြန်စခြင်းဆိုတာမှာ ပွင့်ပွင့်လင်းလင်း ဖွင့်ဟရေးသားထားတယ်။ ဒီစာအုပ်ကြီးတစ်အုပ်လုံးမှာ အာရှနဲ့ပစိဖိတ်က စဖွင့်လို့ အာဖဂန်နစ္စတန်နဲ့ အီရတ်အလယ်၊ ရုရှားနဲ့ ဂါဇာအဆုံး၊ နိုင်ငံခြားရေး ဝန်ကြီးတစ်ယောက်အဖြစ် သူသွားခဲ့တဲ့ နိုင်ငံပေါင်း ၁၁၂ နိုင်ငံရဲ့ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းတွေကို ဇာတ်စုံခင်းပြီးသွားလို့ နိဂုံးချုပ်လိုက်တဲ့အခန်းမှာတောင် အိုဘားမား

နဲ့ မြန်မာပြည်ဆိုတဲ့ အမည်နှစ်ခုဟာ သူ့အတွက် ပထမဆုံး သုံးသပ်အမှတ်ရစရာ ဖြစ်နေလေတယ်။ အမှတ်ရစရာကောင်းရအောင်လည်း မြန်မာပြည်ခရီးစဉ်ဟာ ထူးခြားတိုက်ဆိုင်စွာပဲ သူတို့နှစ်ယောက်အတွက် ပခုံး အတူထမ်း၊ ခြေလှမ်းအတူယှဉ်လို့ နောက်ဆုံးထွက်ခဲ့ကြရတဲ့ ခရီးစဉ်လည်း ဖြစ်နေခဲ့သည်ကိုး။

ရန်ကုန်မြို့က ဒေါ်အောင်ဆန်းစုကြည်ရဲ့ခြံထဲမှာ သမ္မတအိုဘားမားက အိမ်ရှင် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ နှုတ်ဆက်မိန့်ခွန်းပြောရင်း ဟီလာရီ ဘယ်မှာလဲလို့ လူတွေကြားထဲ မျက်လုံးဝေ့ရင်း အရေးတကြီး သူ့ကို ရှာတဲ့ အကြောင်းလေးကို ပြန်ပြောင်း အစချီရင်း လွမ်းခဲ့တဲ့ လေးနှစ်က သူတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ အခုအချိန်မှာတော့ နာကျင်ဖော့ရွှင်လွမ်းဆွတ်စရာ ဖြစ်ခဲ့ပြီလို့ ဆိုတယ်။ သမ္မတအိုဘားမားက လူအုပ်ကြီးထဲမှာ ဟီလာရီကို အသည်းအသန် ရှာခဲ့တာဟာ တခြားကြောင့် မဟုတ်ပါဘူး။ မြန်မာပြည်အရေးအတွက် ကျေးဇူးတင်ကြောင်း မျက်လုံးချင်းဆုံပြီး လူသိရှင်ကြား ဂုဏ်ပြုပြောကြားချင်လို့ပါ။ ဟီလာရီကလည်း မြန်မာပြည်ခရီးစဉ်က အပြန် Air Force One လေယာဉ်ပျံကြီးပေါ်မှာ သမ္မတအိုဘားမားက သူ့ရုံးခန်းထဲခေါ်ပြီး နောက်ထပ် လေးနှစ်သက်တမ်းထပ်မံ တာဝန်ထမ်းဆောင်ဖို့ ဆန္ဒတောင်းတဲ့အခါ မပြီးမပြတ်သေးတဲ့ သူ့ရဲ့ သံတမန်ရေးရာကိစ္စတွေကို တွေးလိုက်တော့ မြန်မာပြည်မှာ ဒီမိုကရေစီ ဘယ်လို ဆက်ဖြစ်လာပါ့မလဲ ဆိုတဲ့ စိုးရိမ်မှုက ပထမဆုံးအတွေး ဖြစ်နေပြန်တယ်။ တကယ်တော့ ဒီစာအုပ်ကို ဖတ်မိသလောက် ခြုံငုံသုံးသပ်ကြည့်တဲ့အခါမှာ မြန်မာပြည်အရေးဟာ အမေရိကန် နိုင်ငံခြားရေးမူဝါဒတစ်ခု သက်သက်ထက် ဟီလာရီနဲ့ တစ်ကိုယ်တစ်ရာ နက်နက်ရှိုင်းရှိုင်း ဆက်နွယ်နေတယ်ဆိုတာကို ခံစားသတိထားမိ လာတယ်။

အမေရိကန်အစိုးရရဲ့ Pivot Strategy ဆိုတဲ့ အာရှ-ပစိဖိတ်ဒေသကို မဏ္ဍိုင်ပြုမယ့် နည်းဗျူဟာသစ်ဟာ ဟီလာရီရဲ့အဆိုအရဆိုရင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် သူ ပထမဆုံးရွေးချယ်လိုက်တဲ့ အာရှခရီးစဉ်ကအစပြုခဲ့တယ်လို့ ဆိုတယ်။ ဘွတ်ရှ်အစိုးရရဲ့ မပြီးပြတ်သေးတဲ့ အီရတ် အာဖဂန်နစ္စတန်စစ်တွေ၊ အယ်လ်ကိုင်ဒါ အကြမ်းဖက်အန္တရာယ်တွေကိုပိုပြီး အာရုံရောက်ဖို့ရှိနေတဲ့ နိုင်ငံခြားရေးမူဝါဒဟာ မထင်မှတ်ဘဲ အာရှနဲ့စပြီး တာထွက်ခဲ့တယ်။ ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်ဖြေရှင်း

နေရပေမယ့် အခွင့်အလမ်းတွေကိုလည်း အမိအရ ဆုပ်ကိုင်သင့်တယ်လို့ ဟီလာရီက ဆိုတယ်။ တချို့ကတော့ အာရပ်ကမ္ဘာနဲ့ အရှေ့အလယ်ပိုင်းမှာ ကျဆင်းလာတဲ့ ဒီမိုကရေစီ အလားအလာတွေကြောင့် ပိုပြီး ဖြစ်နိုင်ခြေရှိတဲ့ အရှေ့တောင် အာရှဘက်ကို အားပြုလာတာလို့ ယူဆကြတယ်။ တကယ်တော့ တရုတ်ရဲ့ ကြီးထွားလာမှုဟာ အဓိက အကြောင်းရင်း ဖြစ်မှာပါ။ ဟီလာရီကိုယ်တိုင်ကလည်း သူတို့ စဉ်းစားထားတဲ့ လမ်းကြောင်းနှစ်ခုကို စာအုပ်ထဲမှာ ပွင့်ပွင့်လင်းလင်းပဲ ချပြထားပါတယ်။ ပထမလမ်းကြောင်းက တရုတ်နဲ့ ဆက်ဆံရေးတိုးချဲ့ပြီး သူတို့ လိုချင်တဲ့လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆွဲခေါ်မယ်။ အဲဒီလိုမှ မဖြစ်နိုင်ရင် အမေရိကန်ရဲ့ နဂိုမူလ မဟာမိတ်တွေဖြစ်တဲ့ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ ဖိလစ်ပိုင်နဲ့ ဩစတြေးလျတို့နဲ့ ပိုပြီး ဆက်ဆံရေးခိုင်မာအောင်လုပ်မယ်။ ဒါမှ တရုတ်ကို ထိန်းညှိနိုင်မယ်ပေါ့။ ပြီးရင်တော့ ကျွဲကူးရေပါ တခြား အရှေ့တောင်အာရှနိုင်ငံတွေကိုပါ ပိုပြီး စည်းရုံးနိုင်မယ်လို့ တွက်ဆပုံရပါတယ်။ အဲဒါကြောင့်လည်း အရင်က ဘယ်အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမှ အရေးတယူ မလာရောက်ခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့က အာဆီယံရုံးချုပ်ကို ဟီလာရီ ပထမဆုံး အလည်အပတ်ရောက်ခဲ့တယ်။ အဲဒီ ခရီးစဉ်မှာပဲ အင်ဒိုနီးရှားသမ္မတ ယူဒိုယိုနိုက မြန်မာပြည်က စစ်ဗိုလ်ချုပ်ကြီးတွေဟာ အမေရိကန်နဲ့ ဆက်ဆံချင်နေကြောင်း ဒီမိုကရေစီလမ်းပွင့်ဖို့ ဖြစ်နိုင်ကြောင်း စကားပါးလာခဲ့တယ်။ စကားပါးလာသူ ကိုယ်တိုင်က စစ်ဝတ်စုံကို ချွတ်လဲထားတဲ့ သမ္မတတစ်ယောက်ဖြစ်နေတာမို့ အတော် ချိန်ဆခဲ့ရတယ်လို့တော့ မှတ်ချက်ပြုထားတယ်။ တကယ်တော့ ကြိုတင် တီးခေါက်ထားတဲ့ သံတမန်လမ်းကြောင်းတွေလည်း ရှိထားခဲ့လို့ ဖြစ်မှာပါ။

မြန်မာပြည်အခြေအနေနဲ့ ပတ်သက်ပြီး မချင့်မရဲ ဖြစ်နေခဲ့ရတယ်ဆိုတဲ့ ဟီလာရီဟာ ပထမဆုံး အာရှခရီးစဉ်မစခင် လအနည်းငယ်အလိုမှာကတည်းက မြန်မာပြည်အပေါ် ဝိတ်ဆို့အရေးယူမှုကို ဦးဆောင်ရှေ့ရှုက်ပြုနေတဲ့ လွှတ်တော်အမတ်တွေနဲ့ စပြီး ကြိုတင်ညှိနှိုင်းနေခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ပုဂ္ဂိုလ်ရေး လေးစားမှုအတော်များတဲ့ ပြိုင်ဘက်ပါတီက ရီပတ်ဘလစ်ကန်အမတ် မစ်ချ်မက်ကော်နယ်က စလို့ သူ့အနေနဲ့ ဒီလောက်ကြီး သဘောအကျလှကြီး မဟုတ်ပေမယ့် အရှေ့တောင်အာရှကို ဦးစားပေး

လုပ်ဆောင်နေတဲ့ ခပ်လည်လည် ဒီမိုကရက်အမတ် ဂျင်မ်ဝဲဘ်လို လူမျိုးအလယ်၊ ကျောက်စိမ်းဥပဒေလို့ လူသိများတဲ့ မြန်မာ့စီးပွားရေး ပိတ်ဆို့ရေးဥပဒေကို တင်သွင်းခဲ့တဲ့ ကွယ်လွန်သွားတဲ့ လွှတ်တော်အမတ် တွမ်လန်တို့စ်ရဲ့ တပည့်ရင်း ကွန်ဂရက်အဖွဲ့ဝင် ဂျိုးခရော်လေဆိုသူတွေအဆုံး၊ မြန်မာပြည်ရေးရာ ပေါ်လစီအသစ်အတွက် လွှတ်တော်ထဲမှာ မဟာမိတ်ရှာ လူစုနေခဲ့ပြီ။ မြန်မာအစိုးရအပေါ်မှာ ပိတ်ဆို့မှု တစ်ခုတည်းနဲ့ ဆက်သွားနေလို့ မရတော့ဘူးဆိုတဲ့ လမ်းကြောင်းကို စပြီး အကောင်အထည်ဖော်ဖို့ ကြိုးစားနေခဲ့ပြီ။

တကယ်တော့ သူ့မှာ နဂိုမူလတည်းက မြန်မာပြည်နဲ့ ပတ်သက်ပြီး သီးသန့်စိတ်ညွှတ်မှုတစ်ခု ရှိနေခဲ့ပုံပါ။ သူ့ခင်ပွန်း ဘီလ်ကလင်တန် သမ္မတဖြစ်စဉ်အချိန်ကတည်းက အမေရိကန် ဒီမိုကရက်တွေအနေနဲ့ မြန်မာပြည် ဒီမိုကရေစီအရေးကို အတော့်ကို စိတ်ဝင်စားခဲ့ကြတာ မဟုတ်လား။ ၁၉၉၅ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် အကျယ်ချုပ်က လွှတ်လာတဲ့အခါ တကယ်ပဲ ပြုပြင်ပြောင်းလဲနေ ပြီလားလို့ နိုင်ငံခြားရေးဝန်ကြီး မယ်ဒလင်း အောဘရိုက်ကိုယ်တိုင် မြန်မာပြည်ကို လာရောက် စုံစမ်းခဲ့သေးသည်ပဲ။ မြန်မာ့အလင်းတို့ ကြေးမုံတို့မှာ ကလင်တန်တို့ ဒေါ်မယ်ဒလင်တို့ဆိုတဲ့ အောက်ကလိအာ အစိုးရအာဘော် ဆောင်းပါးတွေ လှိုင်လှိုင်ပါခဲ့တဲ့ အချိန်တစ်ချိန်ကို မှတ်မိကြဦးမှာပါ။ အမေရိကန်ရဲ့ အားထုတ်မှု မအောင်မြင်ခဲ့ဘူး ဆိုပါတော့။ ဒါတောင် ကလင်တန်က သမ္မတရာထူးက ဆင်းခါနီးလေးမှာ သမ္မတရဲ့ အမြင့်ဆုံး အရပ်သားဆုဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ကို မရအရ ဆုပေးသွားခဲ့သေးတယ်။ အခု အမေရိကန် နိုင်ငံခြားရေးမူဝါဒတွေ၊ ဟီလာရီ ကလင်တန်လက်ထဲ ရောက်လာပြန်တော့ မြန်မာပြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ရှေ့ဆုံးနားကနေ ပါခဲ့ပြန်တာ အဆန်းတော့ မဟုတ်ပေဘူး။

ပထမဆုံး အာရှခရီးစဉ်က ပြန်ရောက်လာလာချင်းပဲ မြန်မာပြည်ကို အဆင့်မြင့် အရာရှိတစ်ယောက် လွှတ်လိုက်ပေမယ့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ တွေ့ခွင့်မရသလို ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း မတွေ့ခဲ့ရဘူး။ ဒီကြားထဲမှာ ဖြစ်လာတဲ့ အမေရိကန်နိုင်ငံသား ယက်တောရဲ့ကိစ္စဟာ သွေးရိုးသားရိုး အရူးထခြင်းလား။ နိုင်ငံရေးပယောဂတစ်ခုခု ပါဝင်နေလေသလား ဘယ်သူမှ သေချာမသိနိုင်ပေမယ့် ယက်တောကို လာခေါ်တဲ့ လွှတ်တော်

အမတ် ဂျင်မ်ဝဘ်တစ်ယောက် သူ့ရဲ့ ဒုတိယအကြိမ်မြောက် ခရီးစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့် ရခဲ့ပြီး နောက်မှာ လမ်းကြောင်း နည်းနည်းပွင့်လာခဲ့တယ်။ နောက်နှစ် ၂၀၁၀ နှစ်ဆန်းပိုင်းထဲမှာပဲ အာရှနဲ့ ပစိဖိတ်ရေးရာ ဗျူရိုလက်ထောက် ကတ်ကမ့်ဘဲလ် ကိုယ်တိုင် နှစ်ကြိမ်တိုင်တိုင် လာရောက်ခဲ့ပြီး နေအိမ် အကျယ်ချုပ်ကျနေဆဲဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးနိုင်ခဲ့တယ်။ နှစ်ကုန်ပိုင်း နိုဝင်ဘာလထဲမှာတော့ စိတ်ကြိုက်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံကြီးနဲ့ တစ်ဖက်သတ်ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲကြီးမှာ ပြိုင်ဘက်မရှိ အနိုင်ယူလိုက်တဲ့ စစ်ဗိုလ်ချုပ်ကြီးတွေဟာ ရွေးကောက်ပွဲပြီးသွားလို့ အစိုးရတွေ လွှတ်တော်တွေ လူခွဲပြီး အကျအန နေရာယူပြီးတာနဲ့ တစ်ပြိုင်နက် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိုက်တော့တယ်။

ဒီဆက်တိုက် ဖြစ်စဉ်တွေကို ကြည့်ရင် ဒီနှစ်ပိုင်းလေးအတွင်းမှာ အမေရိကန်ဘက်က သံတမန်ရေးရာ အပေးအယူနဲ့ ညှိနှိုင်းမှုတွေ၊ ဘယ်လောက်တောင် အကြိတ်အနယ် လုပ်ခဲ့ရတယ် ဆိုတာကို ခန့်မှန်းကြည့်လို့ရသလို မြန်မာအစိုးရဘက်ကလည်း အားလုံးကို အချိန်ကိုက် မဖြစ်ဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့တာပဲ။ အဲဒီမှာ ဘာထပ်တွေ့ရလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ရှိနေတုန်း အဆက်အသွယ် ပြတ်တောက်ခဲ့ပုံရတဲ့ အဖွဲ့ချုပ်ရဲ့ ၂၀၁၀ ရွေးကောက်ပွဲ သပိတ်မှောက်ရေးမူဟာ အမေရိကန်က ဒေါ်အောင်ဆန်းစုကြည်အတွက် ဆောင်ရွက်ပံ့ပိုးနေမှုတွေနဲ့ အချိတ်အဆက် လွဲချော်ခဲ့ဟန်ရှိတာကြောင့် ပြည်သူတွေမှာ အံ့အားသင့်စရာ နိုင်ငံရေး အလှည့်အပြောင်းတစ်ခုကို ကြုံတွေ့ လက်ခံလိုက်ရတာပဲ။ အဲဒါကတော့ ကြားဖြတ်ရွေးကောက်ပွဲကိုရတဲ့ အနေအထားနဲ့ ဒေါ်အောင်ဆန်းစုကြည် ဝင်ဖို့ ဆုံးဖြတ်ခဲ့ခြင်းပဲ။ ဒါကို နိုင်ငံရေး ထောင်ချောက်လို့ တချို့က သံသယကြီးကြပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကတော့ နောက်တစ်ခါ ထပ်ပေါ်လာနိုင်ဖို့ မလွယ်တဲ့ နိုင်ငံရေးအခွင့်အလမ်းတစ်ခုမို့ ရဲရဲကြီးတိုးဝင်ခဲ့ဟန် တူပါတယ်။ ဟီလာရီကလည်း မိုးရွာတုန်း ရေခံသင့်တယ်ဆိုပြီး မြန်မာစကားပုံနဲ့ကို အတိအကျကိုးကားခဲ့တယ်။ ဒါပေမဲ့ ဟီလာရီရော ဒေါ်အောင်ဆန်းစုကြည်ပါ တစ်ဖက်မှာ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ အရှုံးလုပ်ခံရွှယ် ရှိနိုင်တယ်ဆိုတဲ့ စွန့်စားမှုကို မျက်စိရှင်ရှင်ထားခဲ့ကြတာကတော့ အားတက်စရာပါ။

ဒေါ်အောင်ဆန်းစုကြည်နဲ့

တယ်လီဖုန်း ငါးကြိမ်တိုင်တိုင် ပြောခဲ့တယ်ဆိုတဲ့ ဟီလာရီဟာ ဒေါ်စု လွတ်ငြိမ်းပြီးချင်း နှစ်လအကြာမှာ ပထမဆုံး အကြိမ် တယ်လီဖုန်းခေါ်ခဲ့တယ်။ ဒေါ်စုက ကျေးဇူးတင်ကြောင်း ပြောရင်းနဲ့ ပေါ့ပေါ့ပါးပါး သူ့သမီးရဲ့ မင်္ဂလာဆောင်သတင်းကို မေးခဲ့သလို ဟီလာရီကလည်း ကမ္ဘာတစ်လွှားက တခြားဒီမိုကရေစီ ရှန်းကန် လှုပ်ရှားမှုတွေရဲ့ နမူနာယူစရာတွေကို ဆွေးနွေး ဝေမျှချင်တဲ့အကြောင်းတစ်ယောက် တစ်လှည့်စီ အလည်လာကြဖို့ကို ချိန်းချက်ခဲ့ကြတယ်။ အဲ့ဒီလိုနဲ့ ဟီလာရီတစ်ယောက် မြန်မာပြည်ကို ကိုယ်တိုင်သွားဖို့ လမ်းစရှာတော့တယ်။

၂၀၁၁ နိုဝင်ဘာလဆန်းမှာ အမေရိကန်ရဲ့ ဘယ်သမ္မတမှ မတက်ရောက်ဖူးသေးတဲ့ အင်ဒိုနီးရှားနိုင်ငံ ဘာလီမှာလုပ်တဲ့ APEC အစည်းအဝေးကို ဟီလာရီနဲ့အတူ အိုဘားမား ကိုယ်တိုင် ပထမဆုံးအကြိမ် တက်ရောက်လာခဲ့တယ်။ အင်ဒိုနီးရှားကို ဦးတည် ပျံသန်းလာတဲ့ Air Force One လေယာဉ်ကြီးပေါ်မှာပဲ။ ဟီလာရီက အတူပါလာတဲ့ ကတ်ကမ့်ဘဲလ်ကို ဖုန်းချိတ်ခိုင်းပြီး မြန်မာပြည် ဖြေလျှော့ ဆက်ဆံရေး - ပေါ်လစီသစ်ကို ဆုံးဖြတ်အတည်ပြုပေးမယ့် အမေရိကန်နိုင်ငံရဲ့ အရေးကြီးဆုံးပုဂ္ဂိုလ်ကြီးနဲ့ ဒီပေါ်လစီကို ထောက်ခံအတည်ပြုပေးဖို့ လိုအပ်နေတဲ့ မြန်မာပြည်က တစ်ဦးတည်းသော အမျိုးသမီးကြီးတို့ကို ပထမဆုံးအကြိမ် စကားပြောစေခဲ့တော့တယ်။ နောက်တစ်နေ့ ဘာလီ အစည်းအဝေးမှာပဲ သမ္မတအိုဘားမားက မြန်မာပြည်မှာ တိုးတက်မှု အလင်းရောင်ကလေးတွေကို မြင်နေရပါပြီဆိုတဲ့ flickers of Progress မှတ်ချက်စကားကို ဆိုတော့တယ်။ သူ့ဘေးမှာရပ်နေတဲ့ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကိုလည်း မြန်မာနိုင်ငံကိုလွှတ်ပြီး စုံစမ်းကြည့်ရှုဖို့ တာဝန်ပေးလိုက်တယ်လို့ တစ်ခါတည်း ကြေညာခဲ့တယ်။ ဘာလီက အပြန် ဂျပန်မှာ ဆီဝင်ထည့်ရင်း ဂျပန်ကသံဝန်ထမ်းတွေက ထည့်ပေးလိုက်တဲ့ ဒေါ်အောင်ဆန်းစုကြည် အကြောင်း ရိုက်ကူးထားတဲ့ The Lady ရုပ်ရှင်ကို သူတို့ တစ်ဖွဲ့လုံး လေယာဉ်ပေါ်မှာ ကြည့်ကြရင်း ဟီလာရီတစ်ယောက် သမ္မတကြီး မြင်လိုက်တဲ့ အလင်းရောင်မီးတောက်ကလေးတွေကို အားကောင်းလာအောင် ဘယ်လို ယပ်ခတ်မီးထိုးပေးရမလဲလို့ တွေးရင်း ဝါရှင်တန် ပြန်မရောက်ခင်မှာပဲ နောက်ခရီးစဉ်အတွက် ပြင်ဆင် စိတ်လှုပ်ရှားနေခဲ့ပြီ။

တကယ်လည်း လတောင်မကူး

သေးတဲ့ နိုဝင်ဘာ နောက်ဆုံးရက်ထဲမှာပဲ ဟီလာရီတစ်ယောက် နေပြည်တော်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့တော့တယ်။ ကြီးကျယ်ခမ်းနားလှတဲ့ နေပြည်တော်ရဲ့ မြင်ကွင်းတွေ၊ စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ တွေ့ဆုံခဲ့တဲ့ အတွေ့အကြုံတွေကို စာအုပ်ထဲမှာ ခပ်သာသာ ခပ်သောသောလေးသာ မှတ်ချက်ပြုထားပေမယ့် ယိုယွင်းအကျည်းတန်နေတဲ့ အဆောက်အအုံကြီးတွေ အောက်က ခက်ခဲ ရုန်းကန်နေကြတဲ့ ရန်ကုန်မြို့ရဲ့ လူမှုမြင်ကွင်းတွေကိုတော့ လေးလေးနက်နက် ခံစားနားလည်နေခဲ့ပုံ။ ရှုခင်းတွေ စုံလင်လှတဲ့ မြန်မာပြည်ကြီးကို သူ့မိသားစုနဲ့အတူ ရောဝတီမြစ်အတိုင်း ဆန်တက်လို့ မန္တလေးထိအရောက် နောက်တစ်ခေါက် ထပ်လာလည်ဖို့ကိုတောင် ဆန္ဒတွေ ပြင်းပြနေခဲ့တယ်လို့ ဆိုတယ်။

နောက်ဆုံးမှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ လူကိုယ်တိုင် မျက်နှာချင်းဆိုင် တွေ့ရပါလေပြီ။ အမေရိကန်သံအမတ်ရဲ့ နေအိမ်မှာလုပ်တဲ့ ညစာစားပွဲမှာ နှစ်ယောက်သား မထင်မှတ်ဘဲ အင်္ကျီအဖြူရောင် ဆင်တူဝတ်လာမိကြတဲ့ တိုက်ဆိုင်မှုအတွက် အံ့သြဝမ်းသာနေကြတဲ့ အမျိုးသမီးကြီးနှစ်ယောက်ဟာ စတွေ့လိုက်တာနဲ့ ငယ်ပေါင်းကြီးဖော် မိတ်ရင်းဆွေရင်းတွေလို ခံစားကြရတယ်ဆိုတာဟာ ဓာတ်ပုံတွေထဲမှာကို အတိုင်းသား မြင်နိုင်ပါတယ်။ လက်ဆောင်တွေ တစ်ယောက် တစ်လှည့် ပေးကြပြီးတဲ့နောက်မှာတော့ ဟီလာရီက သူ နေပြည်တော်မှာ တွေ့ခဲ့တဲ့ စစ်ဗိုလ်ချုပ်ကြီးနှစ်ယောက်အပေါ် အမြင်တွေကို ပြောပြသလို ဒေါ်စုကလည်း ၂၀၁၂ မှာလုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲကို သူတို့ပါတီဝင်ဖို့ ဆုံးဖြတ်လိုက်တဲ့အကြောင်း သူကိုယ်တိုင် လွှတ်တော်အမတ်လုပ်ဖို့လည်း ရည်ရွယ်ထားကြောင်း ပြောရင်း ပြည်သူ့ကိုယ်စားလှယ်တစ်ယောက် ဖြစ်လာဖို့ လိုအပ်တဲ့ ပြင်ဆင်မှုတွေအတွက် မေးခွန်းတွေ အများကြီး မေးခဲ့တယ်လို့ ဆိုတယ်။ နောက်တစ်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်မှာ ထပ်တွေ့ကြပြန်တယ်။ ဒေါ်အောင်ဆန်းစုကြည်က မြန်မာအစိုးရက စဉ်းစားနေတဲ့ ပြုပြင်ပြောင်းလဲမှုတွေအတွက် အမေရိကန်ဘက်က ဘယ်လို တုံ့ပြန်မှာလဲ ဆိုတာကို သိချင်နေခဲ့တယ်လို့ ဆိုတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့က မတိုင်ခင်ကတည်းက ဝိတ်ဆွဲမှုတွေကို အဆောတလျှင် မဖယ်ရှားလိုက်ဖို့ သတိပေးမှုတွေ ရှိခဲ့တယ်။ ဟီလာရီကလည်း အကုန်လုံးကို တစ်ပြိုင်နက်တည်း ဖွင့်

ပေးလိုက်တာ မဟုတ်ဘဲ တိုးတက်မှု တစ်ခုဆီတိုင်းအတွက် အပေးအယူပုံစံနဲ့သာ သွားပါ့မယ်လို့ ဒေါ်အောင်ဆန်းစုကြည်ကို စိတ်ချစေခဲ့တယ်။ ဘာပဲဖြစ်ဖြစ် ဒီ ခရီးစဉ်အားဖြင့် ဟီလာရီ မျှော်လင့်ထားတဲ့အတိုင်းပဲ ပြုပြင်ရေးသမားဆိုသူကြီးတွေအတွက်တော့ နိုင်ငံတကာရဲ့ ယုံကြည်မှုကို ရယူတည်ဆောက်ဖို့ လမ်းစဖွင့်သွားခဲ့လေပြီ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အတိုက်အခံတွေအတွက်ရော လူးသာလွန့်သာ ဘယ်လောက် ရှိလာခဲ့သလဲ။

သူတို့နှစ်ယောက် ပထမဆုံး ဖုန်းပြောစဉ်က ချိန်းချက်ခဲ့ကြတဲ့အတိုင်းပါပဲ။ ၂၀၁၂ စက်တင်ဘာလထဲမှာ ဒေါ်အောင်ဆန်းစုကြည်တစ်ယောက် ဝါရှင်တန်က ဟီလာရီရဲ့အိမ်ကို တစ်လှည့် အလည်ရောက်လာခဲ့တယ်။ ဟီလာရီရဲ့ ထမင်းစားခန်းအပြင်က နေရာလေးမှာ နှစ်ယောက်တည်း သီးသန့်စကားပြောရင်း မလွှတ်သေးတဲ့ နိုင်ငံရေးအကျဉ်းသားတွေ ပိုပြီး ဆိုးရွားသလိုတောင်ဖြစ်နေတဲ့ တိုင်းရင်းသားပဋိပက္ခတွေနဲ့ အလုအယက် ဝင်လာကြတဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေကြောင့် ပိုသိသာလာတဲ့ လာဘ်ပေးလာဘ်ယူမှုတွေအကြောင်း ပြောတဲ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ဟာ စိုးရိမ်နေဟန်ရှိတယ်လို့ ဆိုတယ်။ ပြုပြင်ပြောင်းလဲရေးအတွက်အတူ လုပ်ဆောင်ဖို့ ယုံကြည်ထားခဲ့တဲ့ သမ္မတ ဦးသိန်းစိန်ရဲ့ အပြောင်းအလဲအတွက်လည်း ပူပင်နေပုံပေါ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အံကြိတ်ပြီးတော့သာ ရှေ့ကိုဆက်သွားဖို့ ပေးစရာရှိတဲ့ ဖိအားကို ဆက်ပေးပြီး ထိန်းစရာရှိတဲ့ ဆက်ဆံရေးကို ဆက်ထိန်းဖို့သာ ဟီလာရီက အကြံဉာဏ်ပေးခဲ့တယ်။ နောက်တစ်နေ့ပြောမယ့် ဆုယူမိန့်ခွန်းမှာ အမေရိကကို မရေးမနှောင်းရောက်နေတဲ့ သမ္မတ ဦးသိန်းစိန်ရဲ့အမည်ကို ထည့်သွင်းပြောဆိုဖို့ကိုတောင် သူက အကြံထပ်ပေးလိုက်သေးတယ်။

ဒေါ်စု အမေရိကန် ခရီးစဉ်က ပြန်လာပြီး သိပ်မကြာပါဘူး နိုဝင်ဘာလထဲမှာပဲ သမ္မတအိုဘားမား ကိုယ်တိုင် မြန်မာပြည်ကို ရောက်လာခဲ့ပြီး တဖြည်းဖြည်း မြင့်တက်လာတဲ့ အမေရိကန်-မြန်မာ ဆက်ဆံရေးဟာ အမြင့်ဆုံးရေချိန်ကို ရောက်ခဲ့တော့တယ်။

၂၀၁၄ ရဲ့ နှစ်လယ်ပိုင်းမှာ ထွက်လာတဲ့ ဟီလာရီရဲ့စာအုပ်ထဲက သူ့အတွေ့အကြုံ သူ့သုံးသပ်ချက်တွေကို ဖတ်ကြည့်ရင်း ဒီအချိန်ကာလတွေအတွင်းမှာ ဟီလာရီ မျှော်မှန်းခဲ့သလောက် မြန်မာပြည် ဘယ်လောက်

ထိ ရှေ့ကို ရောက်လာသလဲ။ အိုဘား မား သတိချပ်ခဲ့တဲ့ တိုးတက်မှု မီး ရောင်လေးတွေကရော ဘယ်လောက် ထိ ကျယ်ပြန့်လင်းကျင်းလာသလဲဆို တာကို အားလုံး ကိုယ် ထင်မြင်တွေ့ ကြုံရသလို သုံးသပ်ကြည့်နိုင်ပါတယ်။

ဒီပြောင်းလဲမှုတွေကို ဦးဆောင် ရှေ့ရှုက်ပြုခဲ့တဲ့ ဟီလာရီကိုယ်တိုင်မှာ တော့ သမ္မတကြီး ဦးသိန်းစိန် တစ် ယောက် သူ့အလုပ်တွေကို ပြီးပြတ် အောင်မှ ဆက်လုပ်သွားနိုင်ပါ့မလား။ ဒေါ်စု တစ်ယောက်ကများ ယုံကြည်စရာ လျှော့ပါးလာတဲ့ ပူးပေါင်းဆောင်ရွက်မှု တွေထဲကနေ ဖြန်းဆို နုတ်ထွက်လိုက် မလားဆိုတဲ့ စိုးရိမ်မှုအသစ်တွေ ရှိလာ ခဲ့တယ်။ ဒါပေမဲ့ သူကိုယ်တိုင် တွေ့ဆုံ စကားပြောခဲ့ဖူးတဲ့ ဦးသိန်းစိန်၊ ဦးရွှေမန်း၊ ဒေါ်အောင်ဆန်းစုကြည် ဆိုတဲ့ ၂၀၁၅ မှာ သမ္မတဖြစ်လာနိုင်မယ့် ပုဂ္ဂိုလ် ကြီးသုံးယောက်ရဲ့ နိုင်ငံရေးအားစမ်းမှုနဲ့ နောက်ကွယ်က ကစားကွက် အလှည့် အပြောင်းတွေကိုလည်း ဒါဟာ တကယ့် ဒီမိုကရေစီပါပဲလို့ တိတ်တိတ်ကလေး အားရနေဟန်လည်း ရေးသားထားတယ်။ ဘာပဲ ပြောပြော အစောပိုင်းကာလက မြင်ခဲ့ရတဲ့ အလင်းရောင်လေးတွေနဲ့ မရေ ရာခဲ့တဲ့ မျှော်လင့်ချက်တွေဟာ သူ့ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူ ခဲ့တဲ့ သက်တမ်းလေးနှစ်အတွင်းက အမှတ်ရစရာတွေထဲမှာတော့ အမြင့်ဆုံး အမှတ်တွေ ဖြစ်နေဆဲပဲလို့ ဆိုတယ်။ အားလုံးက ထင်မြင်မျှော်လင့် နေကြ သလို နောက်လာမယ့် ၂၀၁၆ အမေရိ ကန်ရွေးကောက်ပွဲမှာ သမ္မတအဖြစ် ထပ်မံယှဉ်ပြိုင် အရွေးခံဖို့ဆိုတာကိုတော့ နောက်ထပ် ခက်ခဲတဲ့ ဆုံးဖြတ်ချက် တစ်ခုမို့ မဆုံးဖြတ်ရသေးဘူးလို့ ဆိုထား ပေမယ့် နှလုံးသားနဲ့ နိုင်ငံရေးလုပ်ခဲ့တဲ့ အမျိုးသမီးကြီးရဲ့ နိုင်ငံရေး နှလုံးသား ကိုတော့ ဒီစာအုပ်ထဲမှာ အတိုင်းသား မြင်နေခဲ့ရတယ်။

ဟီလာရီ ပြောသလိုဆို နိုင်ငံ ရေးတာဝန်တွေဆိုတာ လက်ဆင့်ကမ်း ပြိုင်ပွဲလိုပဲ ရှေ့က မပြီးပြတ်ခဲ့တဲ့ တာဝန် တွေကို ဆက်ထမ်းဆောင်၊ အရင်က မအောင်မြင်ခဲ့တဲ့ လမ်းကြောင်းတွေကို ပြောင်းလဲရတာဆိုရင်တော့ နောက် အသစ်တက်လာတဲ့ နိုင်ငံခြားရေး ဝန်ကြီး ဂျွန်ကယ်ရီကအခု ဘာတွေ ဆက်လုပ် နေလေသလဲ။ ပြီးခဲ့တဲ့လကမှ မြန်မာ ပြည်ကို လာသွားတဲ့ ဂျွန်ကယ်ရီရဲ့ ခရီးစဉ်ကတော့ သူ့ ရှေ့က လူတွေလို မြန်မာပြည်သူတွေ ကြားထဲ စိတ်ဝင်စား မှု မရှိလှဘူးလို့ ပြောကြတယ်။ ဂျွန်ကယ်ရီ ကိုယ်တိုင်ကလည်း ဒေါ်အောင် ဆန်းစုကြည်ကိုတောင် အလေးအနက်

မထားသလို အခြေအနေတွေ ဖြစ်ခဲ့တယ်ဆိုတဲ့ ဖော်ပြ ရေးသားချက်တွေကိုလည်း ဖတ်မိတယ်။

တကယ်တော့ ဒေါ်အောင်ဆန်းစုကြည် သမ္မတ ဖြစ်ရေး၊ မဖြစ်ရေး ဆိုတဲ့ကိစ္စဟာ အမေရိကန်နိုင်ငံခြားရေး မူဝါဒထဲမှာ သိပ်အရေးပါလှတဲ့အကြောင်း မဟုတ်လောက်ပါဘူး။ ဒါပေမဲ့ အမေရိကန်ရဲ့ မြန်မာပြည်အပေါ် ဆက်ဆံရေးမူဝါဒသစ်ဟာ တရုတ်ရဲ့ ခြေကုပ်ယူမှုကို တားဆီးဖို့နဲ့ ဒေသတွင်း ဩဇာထူထောင်ဖို့ သက်သက်ပဲ ဖြစ်လာမယ်ဆိုရင်တော့ အမျိုးသမီးကြီးနှစ်ယောက်ရဲ့ ခင်မင်လေးစားမှုတွေနဲ့ စခဲ့ပြီး အဖြူရောင် တိုက်ဆိုင်မှုနဲ့ လေးနက်ခဲ့တဲ့ နွေးထွေးပွင့်လင်းတဲ့ ရယ်မောသံတွေနဲ့ ဖွဲ့နှောင်ပြီးသား၊ မြန်မာ့ဒီမိုကရေစီခရီး အစကောင်းဟာ အနှောင်းမသေချာနိုင်ပါဘူး။

ဒါမှမဟုတ် အားလုံးရဲ့ နှလုံးသားဆန္ဒတွေအတိုင်း လာမယ့်နှစ်တွေထဲမှာ မြန်မာပြည်ရဲ့ သမ္မတဟာ ဒေါ်အောင်ဆန်းစုကြည် ဖြစ်လာပြီး အမေရိကန်ရဲ့ သမ္မတဟာလည်း ဟီလာရီကလင်တန် ဖြစ်လာခဲ့မယ် ဆိုရင်တော့ နှလုံးသားနဲ့လုပ်တဲ့ နိုင်ငံရေးတွေဟာ စစ်ခရာသံတွေ ပြန်လည်ဆူညံလာတဲ့ ကမ္ဘာကြီးထဲမှာ မျှော်လင့်စရာ လှည်သမိုင်းတစ်ခု ဖြစ်လာဦးမှာပါ။

ကေသွယ်

Weekly eleven

8-9-2014

❑

ဒီခေတ်လူငယ်
အမှတ် [၁]
လူငယ်၊ ပညာ၊ အနာဂတ်. . . အတွက်
ကိုယ်တိုင်ဖောက်သောလမ်း

## အကောင်းဆုံး နိုင်ငံရေး

နိုင်ငံရေးအကြောင်းပြောရင် နိုင်ငံရေးဆိုတာ အမျိုးမျိုးရှိတယ်။ ဒီမိုကရေစီနိုင်ငံရေးရှိတယ်။ ဆိုရှယ်လစ်၊ ကွန်မြူနစ်နိုင်ငံရေးရှိတယ်။ အာဏာရှင်နိုင်ငံရေး ရှိတယ်။ ဒီမိုကရေစီ၊ အာဏာရှင်တစ်ပိုင်း နိုင်ငံရေးဆိုတာ ရှိတယ်။ သမိုင်းကြောင်းအပေါ် မူတည်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးဟာ ပုံစံအမျိုးမျိုးကွဲပြားသွားတယ်။

ဒီတော့ ဒီကမ္ဘာမှာ အကောင်းဆုံး နိုင်ငံရေးက ဘာလဲ။ ပညာတတ် အများစုကတော့ ဒီမိုကရေစီကသာ အကောင်းဆုံးလို့ ပြောကြလိမ့်မယ်။ ဒီမိုကရေစီနိုင်ငံရေးကသာ နိုင်ငံတစ်

နိုင်ငံရဲ့ သာယာဝပြောရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးကိုသာမက ကမ္ဘာကြီးတစ်ခုလုံးရဲ့ သာယာဝပြောရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးတို့ကို အာမခံနိုင်တယ်လို့ အမိုင်အမာ ဆိုကြတယ်။ တကယ်တော့ ဒီမိုကရေစီ လူ့အခွင့်အရေးဆိုတာ လွတ်လပ်တဲ့ လူသားတစ်ယောက်ရဲ့ အခြေခံရပိုင်ခွင့် တွေ၊ လွတ်လပ်ခွင့်တွေဖြစ်လို့ လက်မခံ ဘူးလို့ ပြောလို့ကို မရဘူး။ မြောက်ကိုရီးယားလို ကမ္ဘာ့ အထီးကျန်ဆုံးဆိုတဲ့ ကွန်မြူနစ်နိုင်ငံတောင် နိုင်ငံအမည်မှာ ဒီမိုကရက်တစ် ခံထားတယ်။ တရုတ်ကလည်း ဒီမိုကရေစီ ဆိုတာကို မငြင်းဘူး။ ဒါပေမဲ့ သူတို့ရဲ့ ဒီမိုကရေစီအပေါ် ရှုမြင်သုံးသပ်ပုံဟာ အနောက်တိုင်းနဲ့ သိပ်ကွာတယ်။ ဒီတော့ လူသားတွေအတွက် အကောင်းဆုံး နိုင်ငံရေးက ဘာလဲ။

လမ်းပေါ်က သာမန်လူတွေအဖို့ နိုင်ငံရေးဆိုတာကို ရှုပ်ရှုပ်ထွေးထွေး သူတို့ သိပ်မစဉ်းစားချင်ဘူး။ နိုင်ငံရေးဆိုတာကို သူတို့ရဲ့ နေ့စဉ်လှုပ်ရှား၊ ရုန်းကန်နေရတဲ့ ဘဝအခြေအနေနဲ့ပဲ ဆက်စပ်စဉ်းစားတယ်။ သူတို့ဝင်ငွေတွေ တိုးလာတာ၊ ဈေးရောင်းကောင်းတာ၊ ဝင်ငွေနဲ့ ထွက်ငွေ မျှတာ နိုင်ငံရေးပဲ။ လူ့အသုံးအဆောင်ပစ္စည်းတွေ၊ အိမ်ရာတွေ လက်လှမ်းမီလာတာ နိုင်ငံရေးပဲ။ ဘတ်စကားတွေကို ချောင်ချောင်ချိချိ သက်သောင့်သက်သာနဲ့ စီးနိုင်တာ နိုင်ငံရေးပဲ။ လမ်းပန်းဆက်သွယ်ရေးတွေ ပိုမိုကောင်းမွန်လာတာ နိုင်ငံရေးပဲ။ ပညာရေး၊ ကျန်းမာရေး တိုးတက်လာတာ နိုင်ငံရေးပဲ။ လာဘ်ပေး လာဘ်ယူ လျော့နည်းပြီး တရားဥပဒေစိုးမိုးမှု တိုးတက်လာတာ နိုင်ငံရေးပဲ။ ရသင့်ရထိုက်တာတွေ ပြန်လည် ရရှိတာ၊ ဘဝမှာ ပိုမို အာမခံချက် ရှိလာတာတွေဟာ နိုင်ငံရေးပဲ။ ခြုံပြီးပြောရရင် သာမန်ပြည်သူတွေအဖို့ သူတို့ နေ့စဉ်ဘဝ သာယာချောင်ချိအဆင်ပြေ တိုးတက်လာတာဟာ နိုင်ငံရေးပဲ။

ဒါပေမဲ့ ပညာရပ်ပိုင်းဆိုင်ရာမှာကျတော့ ကောင်းမွန်တဲ့ နိုင်ငံရေးဟာ ဒီထက်ပို အဆင့်မြင့်တယ်။ လူ့အခွင့်အရေး၊ နိုင်ငံသား အခွင့်အရေး၊ တာဝန်ခံမှု၊ တာဝန်ယူမှုတွေနဲ့ ဆက်စပ်နေတယ်။ ကောင်းမွန်တဲ့ အစိုးရ၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးမရှိဘဲ နိုင်ငံတစ်နိုင်ငံမှာ သူ့နိုင်ငံသားတွေအတွက် အထက်မှာ ဖော်ပြထားတဲ့ အခြေအနေတွေ ဖန်တီးပေးနိုင်မယ် ဆိုတောင် အဲဒါတွေဟာ အတုအယောင်တွေသာ ဖြစ်တယ်။ ရေရှည်တည်တံ့မှုမရှိတဲ့ ဖွံ့ဖြိုး

တိုးတက်မှုတွေသာ ဖြစ်တယ်လို့ မြင်တယ်။ ဒါကြောင့် နိုင်ငံရေးမှာ ဒီမိုကရေစီ၊ လူ့အခွင့်အရေးသည်သာ အဓိက ဖြစ်တယ်။ ဒီမိုကရေစီ လူ့အခွင့်အရေးမရှိဘဲ ငြိမ်းချမ်းရေး မရနိုင်ဘူး။ ငြိမ်းချမ်းရေး မရှိဘဲ ရေရှည် ဖွံ့ဖြိုးမှုဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးကို အာမခံစောင့်ရှောက်စေနိုင်မယ့် ပြည်သူ့အစိုးရပေါ်ထွန်းရေးသည်သာ အဓိကဖြစ်တယ်။ ဒါကြောင့် အနောက်ကလာတဲ့ အတွေးအခေါ်တွေမှာ အနောက်မှာ ပညာသင်ခဲ့တဲ့သူ အများစုကြားမှာ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ ဘာလုပ်လုပ် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကသာ လွှမ်းမိုးတတ်တယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ရှုထောင့်ကသာ ခြုံငုံ သုံးသပ်လေ့ရှိတယ်။ ဆိုရရင် သူတို့ဟာ လက်တွေ့နိုင်ငံရေး ဖြစ်စဉ်တွေနဲ့ ဝေးကွာနေတတ်ပြီး သူတို့ဖြစ်စေချင်၊ မြင်ချင်တဲ့၊ ကောင်းမွန်တဲ့ အစိုးရဆိုတာ လိုက်လေ ဝေးလေ၊ ပေးလေ ဝေးလေပဲ။

ဒီမှာ စဉ်းစားရမှာက လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကို အာမခံနိုင်တဲ့ ပြည်သူ့အစိုးရမျိုး ဘယ်လိုနေရာတွေမှာ ပေါ်လာနိုင်သလဲ။ ဆင်းရဲပြီး ပညာရည်မမြင့်တဲ့ လူ့အဖွဲ့အစည်းတွေမှာ အနောက်နိုင်ငံလို ပြည်သူကသာ လွှမ်းမိုးတဲ့ ပြည်သူ့အစိုးရစစ်စစ်မျိုးတွေ အမှန်တကယ် ဖြစ်ထွန်းပေါ် ပေါက်လာနိုင်သလား။ ဒေသတွင်းနဲ့ ကမ္ဘာ့နိုင်ငံရေးကို နည်းနည်း သုံးသပ်ကြည့်ရအောင်။

စာရေးသူအမြင်ကတော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတာတွေဟာ အဲဒီနိုင်ငံက ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းနဲ့ ပညာရေးရေချိန်တွေနဲ့ အများကြီး ဆက်စပ်ပတ်သက်နေတယ်။ ကောင်းမွန်တဲ့ ပြည်သူ့အစိုးရ ဆိုတာ ကောင်းမွန်တဲ့ ပြည်သူအများစုရှိတဲ့ အခြေအနေမှာပဲ ဖြစ်ထွန်း ပေါ်ပေါက်လာတာ ဖြစ်တယ်။ အဲဒီလို ကောင်းမွန်တဲ့ ပြည်သူတွေ အများစု ဖြစ်ထွန်းပေါ်ပေါက်ဖို့ဆိုတာ သူတို့ရဲ့ နေ့စဉ်ဘဝ

> **ရွေးကောက်ပွဲဆိုမှ**
> **ရှုံးတာနဲ့ နိုင်တာ**
> **နှစ်မျိုးပဲ ရှိမှာပေါ့ဗျာ။**
> **တစ်ဖက်နဲ့တစ်ဖက်**
> **ဘယ်လောက်ပဲ**
> **ပြိုင်တင် ဝေဖန်ခဲ့ကြပါစေ။**
> **ရှုံးရှုံး နိုင်နိုင်**
> **တစ်ဖက်နဲ့တစ်ဖက်**
> **အသိအမှတ်ပြုကြဖို့လိုတယ်။**

တိုးတက်ကောင်းမွန်မယ့် အခြေအနေတွေ၊ ပညာရေး၊ ကျန်းမာရေးတွေ၊ သူတို့ လိုက်နိုင်မယ့် နိုင်ငံရေးလမ်းကြောင်း ဖော်ဆောင်ပေးနိုင်ဖို့ လိုတယ်။ ပွင့်လင်း ထင်သာရှိဖို့ လိုတယ်။ အဲဒီလို ကောင်းမွန်တာ၊ ပွင့်လင်းထင်သာ ရှိတာမျိုးတွေကို အနောက်နိုင်ငံက စံတွေနဲ့ မတိုင်းတာဘဲ ဒေသဆိုင်ရာ စံနှုန်းစံထားတွေနဲ့ပဲ တိုင်းတာရမယ်။

အစိုးရတစ်ရပ်ဟာ ဘယ်လို ကောင်းမွန်အောင် လုပ်နိုင်သလဲ။ ပိုပြီး အလုပ်လုပ်ဖြစ်ဖို့ လိုတယ်။ လူတွေနဲ့ ပိုပြီး ထိတွေ့ဖို့ လိုတယ်။ အခုဆို ဒီနိုင်ငံမှာ ရုံးမှာထိုင်ပြီး အလုပ်လုပ်နေကြတဲ့ပြည်ထောင်စုဝန်ကြီးတွေ၊ အစိုးရအရာရှိကြီးတွေ အများကြီး ရှိတယ်။ တချို့ကလည်း ပြောတယ်။ သူတို့ ခရီးတွေ အများကြီး ထွက်တယ်ပေါ့။ ဘာလုပ်လုပ် အဓိပ္ပာယ်ရှိဖို့ လိုတယ်။ ပြည်သူတွေအပေါ် သက်ရောက်မှုရှိဖို့ လိုတယ်။ မီဒီယာတွေနဲ့ များများ ထိတွေ့ဖို့ လိုတယ်။ လုပ်ချင်တယ်ဆိုရင် လွယ်ပါတယ်။ ပြည်ထောင်စုဝန်ကြီး အားလုံး တစ်လ တစ်ကြိမ် မီဒီယာတွေနဲ့ ထိတွေ့ပါ။ ဒီလိုဆို ဘယ်သူ အလုပ်လုပ်တယ်။ ဘယ်လိုအလုပ်လုပ်တယ်ဆိုတာ ပေါ်လာလိမ့်မယ်။ လုပ်တဲ့သူတွေလည်း ပိုလုပ်ချင်လာလိမ့်မယ်။ မလုပ်တဲ့သူတွေလည်း ရှက်တတ်လာလိမ့်မယ်။ မှိန်းနေလို့ မရတော့မှန်းသိရင် လုပ်လာလိမ့်မယ်။ ဒါမှမဟုတ်လည်း ထွက်သွားလိမ့်မယ်။

အခုတော့ နည်းနည်းပြောင်းပြန်ဖြစ်နေတယ်ထင်တယ်။ ဦးဆန်းဆင့်ကိစ္စပြီးကတည်းက တကယ် အလုပ်လုပ်ချင်တဲ့သူတွေအတွက် နမူနာလိုဖြစ်သွားတယ်။ ဒီတော့ သိုသိုသိပ်သိပ်၊ မလုပ်၊ မရှုပ်၊ မပြုတ်၊ ညွှန်ကြားတာလောက်လုပ်ပြီး နာမည်ရချင်သူတွေအတွက် သူတို့ ဒီလိုနေတာဟာ အန္တရာယ်ကင်းတယ်ဆိုတာ ပိုပြီး နိုင်မာသွားစေတယ်။ ဦးအောင်ကြည်လို နာမည်ကောင်းရှိတဲ့သူတွေ ထွက်သွားတာကောင်းမွန်တဲ့ အစိုးရတစ်ရပ် မျှော်လင့်သူတွေအတွက်တော့ အားလျော့စရာပဲ။ ကောင်းမွန်တဲ့ အစိုးရဖန်တီးဖို့ဆိုတာ လေနဲ့ ဖန်တီးလို့ မရဘူး။ အပတ်စဉ်ရေဒီယိုမိန့်ခွန်းတွေနဲ့ မရဘူး။ တစ်ဦးကောင်းတစ်ယောက် ကောင်းနဲ့ မရဘူး။ အစိုးရအဖွဲ့ဝင် အားလုံးဟာ လူတော်လူကောင်းတွေလို့ မမျှော်လင့်နိုင်ပေမယ့် အစိုးရအဖွဲ့ဝင် အများစုဟာ လူတော်လူကောင်းတွေ ဖြစ်သင့်တယ်။ ဒါက အစိုးရကိုတင် ညွှန်းတာ မဟုတ်ပါဘူး။ အတိုက်အခံကိုလည်း ညွှန်းပါတယ်။ နိုင်ငံရေးကိစ္စတွေဟာ ခေါင်းဆောင်

တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ ပြေရှင်းလို့ မရဘူး။ အဲဒီ ခေါင်းဆောင်နောက်မှာ နောက်လိုက်ကောင်းတွေ ရှိဖို့လိုတယ်။ နောက်လိုက်ကောင်းတွေ ဝန်းရံနိုင်တဲ့ အခြေအနေကို ဖန်တီးပေးနိုင်ရမယ်။

မြန်မာနိုင်ငံမှာ ဝမ်းနည်းစရာကောင်းတာဟာ အစိုးရဘက်မှာရော၊ အတိုက်အခံဘက်မှာရော ခေါင်းဆောင်ကောင်းတွေ ရှိပါလျက် နောက်လိုက်ကောင်းတွေ နည်းနေတာ ဖြစ်တယ်။ တကယ်တော့ အဲဒီလို နောက်လိုက်ကောင်းတွေ နည်းနေတာ ခေါင်းဆောင်တွေမှာ တာဝန်ရှိတယ်။ ခေါင်းဆောင်တွေဟာ အကောင်းဆုံးနိုင်ငံရေးဝန်းကျင်ကို ဖန်တီးဖို့ တာဝန်ရှိတယ်။

အခုဆို ပြုပြင်ပြောင်းလဲရေးရဲ့ တတိယအဆင့်ရောက်နေပြီ ဆိုတာမျိုး ပြောနေတာ ရှိတယ်။ ဘာလုပ်လုပ် အစီအစဉ်ရှိတာ၊ အဆင့်တွေ သတ်မှတ်ထားတာ ကောင်းပါတယ်။ ဒါပေမဲ့ အဓိက သက်ရောက်မှုပါ။ ရေရှည်တည်တံ့ဖို့ပါ။ မဟုတ်ရင် အရင်ခေတ်ကလို အကြီးအကဲအကြိုက် ဟန်ပြလုပ်ပြီး နေရာယူ၊ အခွင့်အရေးယူပြီး မည်မည်ရရ မဖြစ်လာမှာတော့ စိုးတယ်ဗျာ။

အခုဆို နိုင်ငံတော်အကြီးအကဲတွေပိုင်းလောက်ပဲ မီဒီယာနဲ့ ထိတွေ့တာမျိုးတွေ့ရတယ်။ ဝန်ကြီးအဆင့်မျိုးမှာတောင် သမ္မတနဲ့ ပိုနီးစပ်တဲ့သူက ပိုပြီး ရဲရဲတင်းတင်း ပြောရဲတယ်။ ဒီတော့ ဘာဖြစ်လဲ။ နိုလို့ရတဲ့သူက နိုတာပေါ့။ နိုင်းရင်တော့ လုပ်မယ်လေ။ အဲဒီလိုပုံစံမျိုးနဲ့ ဒေသတွင်းနိုင်ငံတွေနဲ့ ရင်ဘောင်တန်းဖို့ဆိုတာ ဝေးပါတယ်ဗျာ။ နိုင်ငံတစ်နိုင်ငံ တိုးတက်တယ်ဆိုတာ တဖြည်းဖြည်းချင်း ရွေ့လို့ မရဘူး။ တရုတ်မှာပဲကြည့်ကြည့်၊ ဗီယက်နမ်မှာပဲကြည့်ကြည့်၊ မလေးရှားမှာပဲ ကြည့်ကြည့် ခုန်ပျံကျော်လွှားပြီး ဆောင်ရွက်ကြရတယ်။ အဲဒီလို ခုန်ပျံ ကျော်လွှားဖို့ဆိုတာ အစိုးရအဖွဲ့မှာ ကိုယ့်အသိစိတ်ဓာတ်နဲ့ ကိုယ်တာဝန်ခံပြီး လုပ်ကိုင်ဆောင်ရွက်ရဲတဲ့ ဝန်ကြီးတွေ၊ အဆင့်မြင့်အရာရှိကြီးတွေ အများကြီး လိုတယ်။ စာရေးသူ အခြားကိစ္စတွေ မပြောဘူးနော်။ ဖွဲ့စည်းပုံပြင်ပါတို့၊ လွှတ်တော်မှာ တပ်မတော်က ၂၅ ရာနှုန်း ယူထားတာ လျှော့ပါတို့၊ ထွက်ပါတို့ ဘာမှမပြောဘူး။ ဒီပုံစံ၊ ဒီအခင်းအကျင်းထဲမှာတင် ပြုပြင် ပြောင်းလဲရေးတွေ ရဲရဲတင်းတင်း လုပ်ကြဖို့ပါ။ ဦးဆန်းဆင့်ကို လွှတ်ပေးပါ။ ဦးအောင်ကြည် ပြန်လာပါလို့လည်း မတောင်းဆိုပါဘူး။ ဒါပေမဲ့ မြန်မာပြည်သူတွေဟာ ဦးဆန်းဆင့်လို၊

ဦးအောင်ကြည်လို ပြောရဲ ဆိုရဲ လုပ်ချင်ကိုင်ချင်စိတ်ရှိတဲ့သူများကို သမ္မတကြီး ဦးသိန်းစိန်ရဲ့ အစိုးရအဖွဲ့ထဲမှာ ပိုပြီး မြင်ချင် တွေ့ချင်ကြတာတော့ အသေအချာပဲ။ အခုဆိုရင် မြန်မာနိုင်ငံမှာ ပိုပြီး လွတ်လွတ်လပ်လပ် ရှိလာတယ်။ နိုင်ငံတကာ အဖွဲ့အစည်းဆိုတာလည်း အများကြီးရှိလာပြီ။ ဒီတော့ ဒီနိုင်ငံအတွက် အကောင်းဆုံး နိုင်ငံရေးက ဘာလဲဆိုတာမျိုးတွေ ပိုပြီး ကျယ်ကျယ်လောင်လောင် ကြားလာရတယ်။ ကောင်းမွန်တဲ့ အစိုးရ၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးဆိုတာ မကြားချင်မှ အဆုံးပဲ။ တကယ်တော့ ကောင်းမွန်တဲ့ အစိုးရတို့၊ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးတို့ဆိုတာတွေဟာ အပြင်က မလာပါဘူး။ အတွင်းကပဲ လာရမှာပါ။ ကိုယ့်အသိစိတ်နဲ့သာ ပြုပြင်ပြောင်းလဲရမှာပါ။

တကယ်တော့ အနောက်နိုင်ငံတွေရဲ့အမြင်မှာ စာရေးသူတို့ အာရှနိုင်ငံတွေဟာ ချမ်းသာရင်သာ ချမ်းသာမယ်။ မရင့်ကျက် မပြည့်ဝတဲ့နိုင်ငံတွေသာ ဖြစ်ပါတယ်။ သူတို့ဆီမှာ အကောင်းဆုံး နိုင်ငံရေးဆိုတာ ရင့်ကျက် ပြည့်ဝပြီး ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာရော ဘက်စုံ ဖွံ့ဖြိုးတိုးတက်တာကို ရည်ညွှန်းတာပါ။ ဆိုကြပါစို့။ ဂျပန်နိုင်ငံ တိုးတက်တယ်၊ ချမ်းသာတယ်။ ဒါပေမဲ့ အနောက်တိုင်း စံတွေနဲ့ဆို ဂျပန်နိုင်ငံမှာ ဒီမိုကရေစီ အပြည့်အဝ မရှိပါဘူး။ သူတို့ လူ့အဖွဲ့အစည်းက တင်းကြပ်သလို အမျိုးသား၊ အမျိုးသမီး အခွင့်အရေး ဆိုတာလည်း တန်းတူ မရှိလှဘူး။ စင်ကာပူဆို အုပ်ချုပ်ရေးပုံစံက ပိုဆိုးတာပေါ့။ တရုတ်၊ ဗီယက်နမ်လည်း ထိုနည်းလည်းကောင်းပဲ။ နိုင်ငံရေး ရင့်ကျက်မှုကို အနောက်တိုင်းစံတွေနဲ့ တိုင်းတာရင် ပြောတာနော်။ သို့သော် အာရှမျက်စိထဲမှာတော့ အနောက်က ဒီမိုကရေစီဆိုတာ လွတ်လပ်ခွင့် အလွန်အကျွံပေးထားတဲ့ နိုင်ငံရေးစနစ်မျှသာ ဖြစ်တယ်။ အထိန်းအကွပ် မရှိတဲ့ လွတ်လပ်မှုဟာ အများပြည်သူရဲ့ လုံခြုံရေးကို ထိခိုက်စေတယ်လို့ မြင်ကြတယ်။

တကယ်တော့ ဒီကမ္ဘာမှာ လူသားတွေအတွက် အာမခံချက် အပြည့်အဝ နီးပါးရှိတဲ့ အကောင်းဆုံးနိုင်ငံရေးကို ကျင့်သုံးနိုင်တဲ့နိုင်ငံ ဆိုတာ ခပ်ရှားရှားပါ။ အဲဒီလို နိုင်ငံရေးမျိုးက အမေရိကားမှာတောင် မရှိပါဘူး။ ဥရောပ ရောက်ဖူးရင်တော့ သိပါလိမ့်မယ်။ ဆွီဒင်၊ ဒိန်းမတ်၊ နော်ဝေ၊ ဖင်လန် စတဲ့ စကင်ဒီနေဗီးယားနိုင်ငံတွေဘက် ရောက်ဖူးရင် အကောင်းဆုံး နိုင်ငံရေးဆိုတာ နားလည်လာလိမ့်မယ်။ သူတို့နိုင်ငံတွေဟာ သိပ်ကြွယ်ဝတယ်။ ရုပ်ပိုင်းဆိုင်

ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးကြတယ်။ သဘာဝဝန်းကျင်ကို ထိန်းသိမ်းနိုင်တယ်။ အဟောင်းနဲ့ အသစ် မျှတယ်။ နိုင်ငံရေးဆိုလည်း နိုင်ငံရေးလုပ်နေတယ်လို့ မထင်ရဘူး။ တကယ်လို့ ကျွန်တော်တို့ အဲဒီလိုနိုင်ငံမျိုးတွေကို အားကျပြီး သူတို့လို ဖြစ်ချင်ပါတယ်ဆိုရင် အဲဒီလိုဖြစ်ဖို့ ကိုယ့်နိုင်ငံအခြေအနေနဲ့ ကိုက်ညီတဲ့ နိုင်ငံရေး အခြေအနေတစ်ရပ်ကို ရွေးချယ်ကျင့်သုံးကြရမှာ ဖြစ်ပါတယ်။ သို့သော် အဲဒီနိုင်ငံတွေလို အကောင်းဆုံး နိုင်ငံရေးကို လိုချင်တယ်ဆိုရင် နိုင်ငံတစ်နိုင်ငံဟာ လက်ရှိအနေအထားနဲ့ အသင့်တော်ဆုံး နိုင်ငံရေးအခြေအနေနဲ့ အကောင်းဆုံး နိုင်ငံရေးဆီ ချီတက်ကြဖို့ လိုတယ်။ ဦးသိန်းစိန် အစိုးရဖြစ်ဖြစ်၊ ဒေါ်အောင်ဆန်းစုကြည် အစိုးရပဲဖြစ်ဖြစ် တိုင်းရင်းသားပေါင်းစုံပါတဲ့ ညွန့်ပေါင်းအစိုးရပဲဖြစ်ဖြစ် ဘာလုပ်လုပ် နေစဉ် ပြည်သူတွေတဝ သာယာချောင်ချိစေရေးကို ဦးစားပေး ဆောင်ရွက်ရမှာသာ ဖြစ်တယ်။

၂၀၁၅ ဆို အထွေထွေ ရွေးကောက်ပွဲဆိုတာ ရှိပြီ။ ယေဘုယျ ဖွံ့ဖြိုးဆဲ နိုင်ငံတွေရဲ့ ဒီမိုကရေစီမှာ ရွေးကောက်ပွဲတွေဟာ အကောင်းထက် အဆိုး ဖြစ်လာတာ များတယ်။ ဆိုလိုတာက ငြင်းကြ၊ ခုံကြတယ်ပေါ့ဗျာ။ ရွေးကောက်ပွဲဆိုမှ ရှုံးတာနဲ့ နိုင်တာ နှစ်မျိုးပဲ ရှိမှာပေါ့ဗျာ။ တစ်ဖက်နဲ့ တစ်ဖက် ဘယ်လောက်ပဲ ပြစ်တင် ဝေဖန်ခဲ့ကြပါစေ။ ရှုံးရှုံး၊ နိုင်နိုင် တစ်ဖက်နဲ့ တစ်ဖက် အသိအမှတ်ပြုကြဖို့လိုတယ်။ ဂုဏ်သိက္ခာရှိပြီး ရင့်ကျက်တဲ့ မြန်မာ့ နိုင်ငံရေးကို ကမ္ဘာကိုပြသဖို့ လိုတယ်။ နိုင်တဲ့သူက ရှုံးတဲ့သူကို ဖုန်းစဆက်ဖို့ လိုတယ်။ ရှုံးတဲ့သူဆီ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပြီး အတူတကွ အလုပ်လုပ်ကြဖို့ ကမ်းလှမ်းရမယ်။ လူမျိုး၊ ဘာသာ၊ နိုင်ငံရေးပါတီ မခွဲခြားဘဲ အစိုးရအဖွဲ့မှာ နေရာပေးရမယ်။ မြန်မာတို့ရဲ့ အကောင်းဆုံး နိုင်ငံရေးကို မြန်မာတို့သာ ဖန်တီးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**အောင်အောင် (IR)**

MYANMAR REVIE

28-8-2014

❑

## လှမ်းကြမယ် အဆွေကောင်းရယ် ဒေါင်းသံနှင့်လေး

တစ်ခုသော တနင်္ဂနွေနေ့တွင် တိုင်းရင်းသားများနှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲတစ်ခုသို့ ကျွန်တော် ရောက်ပါသည်။ တိုင်းရင်းသားတို့၏ ရင်ထဲကအသံများကို ကြားနေရသည်။ ကျွန်တော်တို့က ဒုတိယတန်းစားတွေလားဟု ပရိသတ်အချင်းချင်း ပြောနေတာလည်း ကြားနေရသည်။ မိုလ်ချုပ်သာရှိရင် ပြောချင်တယ်ဗျ။ မိုလ်ချုပ်ရေ ခင်ဗျားလူတွေ ကတိမတည်ဘူး။ အခုထက်ထိ ကျုပ်တို့ တန်းတူအခွင့်အရေး မရသေးဘူးလေဗျာ… ဆိုတာမျိုးလည်း ဆူညံသံတွေကြားမှာ တီးတိုးတီးတိုး ပြောနေသံတွေ ကြားနေရသည်။

မိုလ်ချုပ်အောင်ဆန်းသာ ရှိလျှင်ဆိုသော အတွေးက မိုလ်ချုပ်ကို တမ်းတချင်သော၊ တိုင်

တည်ချင်သော၊ မကျေနပ်ချက်တစ်ခုခုကို ထုတ်ဖော်ပြောဆိုချင်သော အဓိပ္ပာယ်တွေ သက်ဝင်နေသည်ကို ကျွန်တော် သိရသည်။

ဗမာပြည်ကြီးကို လွတ်လပ်ရေး ပေးတော့မည်။ တောင်တန်းသားတွေကတော့ မိမိတို့သဘောအတိုင်း ပြည်မနှင့် ပူးပေါင်းလိုက ပူးပေါင်းပါ။ မပူးပေါင်းချင်လျှင်လည်း နေပါဆိုသည့် လေသံပစ်၍ ဗမာပြည်ကို ကွဲအောင် ခွဲသည့်အသံတွေ၊ အက်သံတွေကြားကပဲ တောင်တန်းဒေသသားများသည် လွတ်လပ်ရေးကို မြန်မာနှင့်အတူ ရချင်ကြောင်း၊ ယခု ဗြိတိန်သို့ ရောက်ရှိနေသော လွတ်လပ်ရေး ကိုယ်စားလှယ် ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားနှင့် ဗမာတစ်မျိုးသားလုံး၏ ကိုယ်စားလှယ်ဖြစ်ကြောင်း၊ တောင်ကြီး လူထုအစည်းအဝေးပွဲကြီးဖြင့် သက်သေပြခဲ့ကြပါသည်။

တိုင်းရင်းသားများအပေါ် ဗိုလ်ချုပ်က စေတနာဖြူစင်စွာ ထားခဲ့သည်ကိုတော့ တိုင်းရင်းသားတို့က အငြင်းပွားဖွယ် မရှိပါ။ ဗိုလ်ချုပ်အောင်ဆန်း အခါအားလျော်စွာ ပေးပို့ခဲ့သော သဝဏ်လွှာများ၊ တိုင်းရင်းသားများအရေးနှင့် ပတ်သက်သော မိန့်ခွန်းများက သက်သေခံပြီး ဖြစ်ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ညက ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသားများအနေဖြင့် သူ့အပေါ် ယုံကြည်မှုရှိဖို့ သူ၏သန္နိဋ္ဌာန်ကို ယခုလို ပြောကြားသည်။

"ယခု အစည်းအဝေးတွင် ရာထူးအားဖြင့် ကျွန်တော် အကြီးဆုံးဖြစ်သော်လည်း အသက်အားဖြင့် အငယ်ဆုံး ဖြစ်ပါတယ်။ ကျွန်တော်သည်ကို ရောက်လာတဲ့ကိစ္စ နားလည်တာ တစ်ခုရှိပါတယ်။ ဘာလဲဆိုလျှင် မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်။ ညီညွတ်စေချင်တယ်။ ကြီးပွားစေချင်တယ်။ သည်ဟာပါပဲ။ တိုင်းပြည် လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကစပြီး ကြိုးစားခဲ့ပါတယ်။ နောင်လည်း ကြိုးစားပါဦးမယ်။ လုံးလုံးလွတ်လပ်တဲ့ကိစ္စ ပြီးပြတ်တဲ့အထိ ကြိုးစားပါမယ်" ဟု ပြောကြားခဲ့သည်။

ဗိုလ်ချုပ် ပြောခဲ့သည့်အတိုင်းပင် လုံးလုံးလွတ်လပ်သော နိုင်ငံတစ်ခုအဖြစ် မြန်မာတို့ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့ပါသည်။ သို့သော်လည်း ဗိုလ်ချုပ်ကဖြင့် လွတ်လပ်ရေး ခရီးတစ်ထောက်မှာ ကျဆုံးခဲ့ရ

ပါသည်။ ဗိုလ်ချုပ် မရှိတော့သည့်နောက် ပိုင်း ဗိုလ်ချုပ် ဦးဆောင်ခဲ့သော ဖဆပလ အဖွဲ့ကြီး ဝါးအစည်းပြေသလို ပြိုကွဲခဲ့ရသည်။ ဗိုလ်ချုပ်က ကိုကြီးနုဟု လေးစားချစ်ခင်စွာ ခေါ်ခဲ့ပြီး ဖဆပလ ဒုတိယ ဥက္ကဋ္ဌ တာဝန်ယူခဲ့သော ဦးနုက ဗိုလ်ချုပ်ကျဆုံးသည်နှင့် ဖဆပလ ဥက္ကဋ္ဌ နေရာယူ၊ အစိုးရဖွဲ့ ဖဆပလ အစိုးရဖြစ်လာပြီး နောက်ပိုင်းမှာတော့ တိုင်းရင်းသားအရေး မှေးမှိန်လာခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်မှာတော့ ပါလီမန် ဒီမိုကရေစီခေတ်ကို အဆုံးသတ်စေခဲ့သည့် စစ်အာဏာသိမ်းမှုတစ်ရပ် ဖြစ်ပွားခဲ့ရသည်။ ဤသို့ အာဏာသိမ်းရသည်ကိုပင် တိုင်းရင်းသားများက ပြည်ထောင်စုမှ ခွဲထွက်ခွင့် တောင်းမည်ဖြစ်၍ဟု အကြောင်းပြခဲ့ပါသေးသည်။

၁၉၄၇ ခုနှစ်၊ အခြေခံဥပဒေတွင် ခွဲထွက်ခွင့်ဆိုသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို ထည့်သွင်း ရေးဆွဲခဲ့ရသည်။ ဥပဒေမှာကိုက ၁၀ နှစ်အတွင်း ခွဲထွက်ခွင့်ကို တောင်းဆိုခြင်း မရှိစေရဟု ပြဋ္ဌာန်းထားသည်။ ယင်း ဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ ဗိုလ်ချုပ်က "၁၀ နှစ်အတွင်း တိုင်းရင်းသားတွေ ခွဲမထွက်ချင်အောင် မလုပ်နိုင်ဘူးဆိုရင်တော့ ကျုပ်တို့ ဗမာတွေ ညံ့လို့ပေါ့" ဟု ပြောခဲ့ဖူးသည်။

## ဗိုလ်ချုပ်ပြောတဲ့ လူမျိုးရေးတရား

ဗိုလ်ချုပ်အောင်ဆန်းက သူ ခံယူထားသော လူမျိုးရေးတရားကို ပင်လုံညီလာခံအကြိုညက ယခုလို ပြောခဲ့ပါသည်။

"လူမျိုးရေးအကြောင်းကို ပြောလိုပါတယ်။ လူမျိုးရေးဆိုတာမှာလည်း ရှေးခေတ်က ဟစ်အော်လာကြတဲ့ (အမျိုးဘာသာ၊ သာသနာ၊ ပညာ) ဆိုတဲ့ စကားမျိုးကို လက်သုံးပြုလို့ မလုံလောက်တော့ပါဘူး။ အမျိုးဆိုရာမှာ ဘယ်လိုအမျိုးကို တည်ရမလဲ။ ဗမာ၊ ကရင်၊ ကချင်၊ ချင်းနှင့် အခြားအမျိုးများလည်း ရှိသေးတယ်။ တခြားနိုင်ငံများကို ကြည့်လိုက်လျှင် ဗမာပြည်မှာလို တိုင်းရင်းသားလူမျိုးအများ ရှိတာကို တွေ့နိုင်ပါတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်နှင့် ရုရှားပြည်တို့မှာလည်း သည်အတိုင်းပဲ။ အမေရိကန်ပြည်မှာလည်း အင်္ဂလိပ်စကားကို ပြောကြသော်လည်း အင်္ဂလိပ်၊ အီတလီ စတဲ့ လူအမျိုးမျိုးတို့ပေါင်းပြီး လူမျိုးတစ်မျိုးဖြစ်အောင် ထူထောင်ပြီး သူတို့ကိုယ်တိုင် အမေရိကန်လို့ ဆိုကြတာပဲ။ ဒါကြောင့် လူမျိုးရေးအားဖြင့် ကြည့်လျှင် လူမျိုးတစ်မျိုးတည်းကို လိပ်ခဲတည်းလည်း စွဲပြီး ယူဆလို့ မဖြစ်နိုင်ဘူး။

"ဘာသာစကားပင် တူသော်လည်း လူမျိုးခြားနားမှုလည်း ရှိပါတယ်။

ဘာသာပင် မတူသော်လည်း လူမျိုး သီးခြား ဖြစ်နေတာလည်း ရှိပါတယ်။ ဥပမာ အမေရိကန်ကိုကြည့်လျှင် လူမျိုး အသီးသီးဖြစ်သော်လည်း ဘာသာစကား တူပါတယ်။ ရုရှားပြည်မှာဆိုလျှင် ဘာသာစကားအမျိုးပေါင်း များစွာ ကွဲသော်လည်း လူမျိုးကတော့ တစ်မျိုး တည်းဖြစ်ပါတယ်'' ဟု ပြောကြားခဲ့ သည်။

လူမျိုးရေးနှင့် ပတ်သက်လျှင် ဗိုလ်ချုပ်၏ခံယူချက်က ရှင်းပါသည်။ ဗမာ ဖဲရိုက်၊ ကရင်က ငါးမျှားဆိုတာလို မိမိတို့ လူမျိုးအချင်းချင်း ညီညွတ်ဖို့သာ ရေးကြီးသည်ဟု ခံယူသူ ဖြစ်ပါသည်။

''ကိုယ့်ဒေသအလိုက် ကိုယ် ယုံကြည်တာကို ကိုယ်ကိုးကွယ်နေထိုင် ကြပြီး တစ်တိုင်းတစ်ပြည်လုံးနှင့် သက်ဆိုင်သောကိစ္စကြီးမှာ ညီညီညွတ် ညွတ်လုပ်ပြရင် ဒါဟာ တစ်မျိုးတည်း လို့ ယူဆကြရမယ်။ အချင်းချင်း သဘော ကွဲလွဲမှုမျိုး ဆိုတာကတော့ နည်းနည်း ပါးပါးတော့ ရှိမှာပဲ။ ဒါပေမဲ့ သူတစ်ပါး နိုင်ငံက ကိုယ့်နိုင်ငံကို လာရောက် စော်ကားလို့ အသက်ကိုစွန့်ပြီး မလျှော့ တမ်း ကာကွယ်တိုက်ခိုက်တာကတော့ အားလုံး သက်ဆိုင်တဲ့ အလုပ်မျိုး ဖြစ် တာပဲ။ တိုက်ခိုက်ကြတဲ့အခါမှာ စစ် သေနာပတိဟာ ကရင်ဖြစ်ချင်ရင်လည်း ဖြစ်မယ်၊ ကချင်၊ ချင်း ဖြစ်ချင်ရင်လည်း ဖြစ်မယ်။ ဘယ်သူဖြစ်ဖြစ် တစ်မိန့်တည်း လိုက်နာ ဆောင်ရွက်ကြရမှာပဲ'' ဟု လည်း အနာဂတ်ပြည်ထောင်စု တပ်မ တော်ကို ပုံဖော်ပြောဆိုခဲ့သည်ဟု ထင်ပါ သည်။

ဗိုလ်ချုပ်ရော၊ ဗိုလ်ချုပ်တို့ ရေးဆွဲခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေရော လွှန်ခဲ့ ပါပြီ။ တိုင်းရင်းသားတို့ကလည်း ကရင် တစ်ကျပ်၊ ဗမာတစ်ကျပ်ဆိုသည့်မူကို သာ သုံးလိုပါသည်။ ပြည်ထောင်စုက ခွဲထွက်ခွင့် တောင်းဆိုနေခြင်း မဟုတ် ဟုလည်း တညီတညွတ်တည်း ပြောဆို ခဲ့ကြပြီး ဖြစ်ပါသည်။

ဗိုလ်ချုပ်တို့ ချုပ်ဆိုခဲ့သော ပင်လုံ စာချုပ် ၆၇ နှစ် ရှိခဲ့ပါပြီ။ တိုင်းရင်းသား တို့အရေးက ယခုတိုင် ရင်ကြားစေ့ဆဲ သာ ဖြစ်သည်။ ဆန္ဒတူဖို့သာ အဓိကဖြစ် သည်မို့ တိုင်းရင်းသား အားလုံး ညီညွတ် ရေးဆိုဆို၊ အမျိုးသား ပြန်လည် ရင်ကြား စေ့ရေးပဲခေါ်ခေါ် လုပ်ဆောင်ရမည့် အလုပ်ကတော့ အတူတူပဲ ဖြစ်ပါသည်။ ယခုဆိုလျှင် ၂၀၀၈ ဖွဲ့စည်းပုံအရ သက်ဆိုင်ရာ တိုင်းနှင့် ပြည်နယ်များ အလိုက် တိုင်းရင်းသားရေးရာ ဝန်ကြီး ၂၉ ဦးကို ခန့်ထားသည်။ နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် တစ်နှစ်လျှင်

နှစ်ကြိမ် တိုက်ရိုက်ဆုံခွင့်ရရှိကာ မိမိတို့တိုင်းဒေသကြီးများ၊ ပြည်နယ်များအလိုက် ပျံ့နှံ့နေထိုင်နေသော တိုင်းရင်းသားတို့အရေးကို ဆွေးနွေးနိုင်ကြသလိုယခုလာမည့် ဧပြီလ ၂ ရက်တွင် ကျင်းပတော့မည့် တိုင်းရင်းသားများနှင့် ထာဝရငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင်လည်း အားလုံးပါဝင် ဆွေးနွေးနိုင်ကြတော့မည် ဖြစ်သည်။

ဗိုလ်ချုပ်တို့ လွတ်လပ်ရေးလှုပ်ရှားစဉ်က တစ်မျိုးသားလုံး၏ အထိမ်းအမှတ် ဒေါင်းအလံကို လွှင့်၍ နိုင်ငံရေး ဆောင်ရွက်ခဲ့ကြသည်။ ယခုလည်း ဒေါင်းတို့ခေတ်ဟုပင် ဆိုရမည်။ ကျောင်းနံရံတစ်ပိုက်မှာ ဒေါင်းအလံတွေ စိုက်မည်ဟု ကြွေးကြော်သံတွေ ညံလာသည်။

၁၉၄၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ ဗမာ့ခေတ်သတင်းစာတွင် ဆရာဇော်ဂျီက "ဒေါင်းသံ" ဆိုသည့် ကဗျာတစ်ပုဒ်ကို ရေးခဲ့သည်။

*လွတ်ပြီတဲ့ ကျွတ်ပြီ*
*ကျွတ်ပြီတဲ့ လွတ်ပြီ*
*နေမင်းမောင်*
*လင်းရောင်လွှတ်*
*ဒေါင်းလွှတ်ခဲ့ပြီ။*
*တစ်ဖက်ကြွက ခြေချို*
*လည်တိုင်ငှဲ့ တွန်ကြွေး။*
*လက်ရုံးရည် ရာအထောင်နဲ့*
*တို့ဒေါင်းဆောင် ညွှန်တဲ့လမ်း*
*လှမ်းကြမယ်*
*အခွေကောင်းရယ်*
*ဒေါင်းသံနှင့်လေး။*

ဗိုလ်ချုပ်တို့ခေတ်က ဒေါင်းတွေ ညီညွတ်မှုမျိုး၊ ဗိုလ်ချုပ်တို့ခေတ်က တိုင်းရင်းသားတွေ ညီညွတ်မှုမျိုးဖြင့် ပင်လုံ စိတ်ဓာတ်တွေ ပြန်လည်ရှင်သန်လာဦးမည်ဟု ယုံကြည်ပါသည်။

**ထင်အောင်နိုင်**

**ရည်ညွှန်း**


၁။ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ (၁၉၄၅-၄၇)
၂။ ဇော်ဂျီလက်ရွေးစင်


**Popular News**
13-2-2014


နိုင်ငံတကာ

နှလုံးသားနဲ့ လှမ်းကြမယ်
၂၀၁၄

# နိုင်ငံတကာ

**Z ဖေဝင်း**

၂၀၁၃ ကမ္ဘာ့အကောင်းဆုံး နိုင်ငံ

**မြတ်သစ်**

ပေကျင်း လောင်းရိပ်အောက်မှ ဟောင်ကောင် ဒီမိုကရေစီ

**စိုးအုပ်**

ဓာတုရှင် ပူတင်ရဲ့ အမြင်မှောက်မှားမှုများ

## ၂၀၁၃ ကမ္ဘာ့အကောင်းဆုံး နိုင်ငံ

အခု ကျွန်တော်တို့ မြန်မာပြည်သူများ အမောတကော ဖြတ်သန်းခဲ့ကြရတဲ့ ၂၀၁၃ ခုနှစ် ကုန်ဆုံးပါတော့မယ်။ နှစ်တစ်နှစ် ကုန်ဆုံးချိန်မှာ ထုံးစံအတိုင်း ကမ္ဘာ့နာမည်ကြီး သတင်းစာ မဂ္ဂဇင်းကြီးတွေက တစ်နှစ်တာအတွင်း အထူးခြားဆုံး အဖြစ်အပျက်များ၊ တစ်နှစ်တာအတွက် အထူးခြားဆုံးလူသား စသဖြင့် ရွေးချယ်ဖော်ပြလေ့ ရှိပါတယ်။ အခု အင်္ဂလန်ထုတ် အီကောနောမစ်မဂ္ဂဇင်းကြီးက ဒီနှစ်မှာ ထူးထူးခြားခြား ပထမဆုံးအကြိမ်အဖြစ် ၂၀၁၃ ခုနှစ်အတွင်း အကောင်းဆုံးနိုင်ငံဆိုတာကို ရွေးချယ်ဖော်ပြခဲ့တာ တွေ့ရပါတယ်။

**ပထမဆုံး ရွေးချယ်ပွဲဖြစ်လာ**

လူသားတွေရဲ့ ဘဝတွေဟာ အမြဲတမ်း

**အိပ်မက်ရိုပ်စာပေ**

အဆိုးချည်းပဲ မဟုတ်ပါဘူးတဲ့။ ဒါပေမဲ့ တစ်ခါတစ်ရံမှာတော့ အဆိုးချည်းပဲလို့ ထင်တတ်ကြတယ်။ အဆိုးမှ သတင်းဖြစ်တယ်။ ကောင်းနေရင် သတင်းမဟုတ် (Good new is no news) ဆိုသလို ဖြစ်နေတယ်။ သတင်းခေါင်းကြီးတွေမှာလည်း ပဋိပက္ခတွေ၊ ငွေကြေးနိုက်ထုတ် ကယ်တင်လိုက်ရတာတွေ၊ ရှုံးနိမ့်မှုတွေနဲ့ မိုက်မဲမှု၊ မတော်မတည့်မှုတွေကိုပဲ ဖော်ပြလေ့ ရှိကြတယ်။

၂၀၁၃ ခုနှစ်ဟာလည်း ဒီလိုပါပဲ။ အခြားနှစ်များလို ချီးကျူးလောက်ဖွယ် အောင်မြင်မှုတွေ ရှိသလို ကပ်ဘေးဒုက္ခဆိုးတွေလည်း တွေ့ခဲ့ကြရတယ်။ အောင်မြင်ပြီးမြောက်သွားတဲ့ ဇာတ်လမ်းတွေရှိသလို လံကြုတ် လုပ်ကြံဇာတ်လမ်းတွေလည်း ရှိတယ်။ အတ္တမာနတွေ (သို့မဟုတ်) သူတော်စင် အပြုအမူများက ပေါက်ဖွားလာမှုတွေ ရှိပေမယ့် လူသားတို့ရဲ့ ပူးပေါင်းကြိုးပမ်း အားထုတ်မှု လက္ခဏာတွေကတော့ မှေးမှိန်နေတယ်။ ဒါကြောင့် ဒီလိုတစ်ဦးချင်း စွမ်းဆောင်မှုများမှသည် စုပေါင်းအားထုတ်မှုများအထိ၊ ဝမ်းနည်းပူဆွေးမှုများမှသည် ချီးကျူးဂုဏ်ယူဖွယ်များအထိ ပြန်လည်ချိန်ထိုး စဉ်းစားရာကနေ ဒီကောနော့မစ်အနေနဲ့ ပထမဦးဆုံး အကြိမ်အဖြစ် တစ်နှစ်တာ အကောင်းဆုံးနိုင်ငံတစ်နိုင်ငံကို ရွေးချယ်ဖို့ ဖြစ်လာခဲ့တာလို့ ဆိုပါတယ်။

## ကိန်းဂဏန်းတွေအပေါ် အခြေခံမလား

ဒါပေမဲ့ ပြဿနာကတော့ အကောင်းဆုံးနိုင်ငံကို ဘယ်လိုရွေးချယ်ကြမလဲ။ ဘယ်လို စံတွေပေါ်မှာ မူတည်ပြီး ရွေးကြမလဲ။ တချို့ကတော့ စီးပွားရေး စွမ်းဆောင်နိုင်မှုတွေနဲ့ ရုပ်ဘဝအချက်အလက်တွေအပေါ် မူတည်ရွေးချယ်လိမ့်မယ်လို့ ထင်ကြပါလိမ့်မယ်။ ဒါပေမဲ့ အဲဒီလို ရွေးချယ်ရင် အဖြေမှန်ကို မရနိုင်ဘူးလို့ ထင်ပါတယ်။ ဥပမာ-တကယ်လို့ GDP ဖွံ့ဖြိုးမှုနဲ့သာ တိုင်းတာမယ်ဆိုရင် GDP ဖွံ့ဖြိုးနှုန်း ၃၀ ရာခိုင်နှုန်းလောက်ရှိလာတဲ့ တောင်ဆူဒန်ကို ရွေးချယ်ရတော့မှာပေါ့။ ဒါပေမဲ့ တောင်ဆူဒန်ရဲ့ ဒီလို GDP တက်လာရခြင်းက ပြီးခဲ့တဲ့နှစ်က ပြည်တွင်း ပဋိပက္ခတွေကြောင့် GDP ၅၅ ရာခိုင်နှုန်းလောက် ကျဆင်းသွားရာကနေ ပြန်တက်လာတာ ဖြစ်တယ်။ တောင်ဆူဒန်ဟာ ဆူဒန်နိုင်ငံကနေ ခွဲထွက်လာခဲ့ပြီးနောက် ရေနံတင်ပို့မှုတွေကနေ အဓိက ဝင်ငွေတွေ ရခဲ့တာ ဖြစ်တယ်။ ဒါဟာ ဒုက္ခရောက်နေတဲ့ နိုင်ငံတစ်ခုအတွက် အကောင်းမြင်တော့ ရစေနိုင်ပါတယ်။ ဒါမှမဟုတ် ကျွန်တော်

တို့ဟာ ပြောစမှတ်ပြုလောက်အောင် စီးပွားရေး အခက်အခဲဒဏ်တွေကို ခံနိုင်ရည်ရှိခဲ့တဲ့ နိုင်ငံမျိုးကို ရွေးချယ်မလား၊ အိုင်ယာလန်နိုင်ငံဟာ ကယ်တင်ရေး ရန်ပုံငွေတွေနဲ့ အသုံးစရိတ်ဖြတ်တောက်ရေး အစီအစဉ်တွေ ပြုလုပ်ပြီး စီးပွားရေး အကျပ်အတည်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ပြီး ပြန်လည် တည်ငြိမ်လာခဲ့တယ်။ အက်စတိုးနီးယားနိုင်ငံကတော့ ဥရောပသမဂ္ဂအတွင်း အကြွေးအနိမ့်ဆုံးနိုင်ငံဖြစ်တယ်။ ဒါပေမဲ့ ဒီလို စီးပွားရေးစနစ်တွေအပေါ် အခြေခံရွေးချယ်ပါက ကိန်းဂဏန်းတွေအပေါ် အခြေခံပြီး တွက်ချက်တဲ့ပုံစံမျိုးတွေပဲ ဖြစ်နေပါလိမ့်မယ်။ နောက်ပြီး အောင်မြင်မှုတိုင်းဟာလည်း တိုင်းပြည်တစ်ပြည်ရဲ့ ငွေပေး ငွေယူ ရှင်းတမ်းကို ထင်ဟပ်ပြနိုင်တာ မဟုတ်ပါဘူး။

## အကောင်းအဆိုး ပြောင်းပြန်အချိုး

နောက်ပြဿနာတစ်ခုကတော့ အစိုးရတစ်ရပ် (သို့မဟုတ်) သူတို့ရဲ့ ပြည်သူတွေကို ဘယ်လို တန်ဖိုးဖြတ်မလဲ ဆိုတာပါပဲ။ အချို့ တိုင်းပြည်တွေမှာတော့ သူတို့ရဲ့ကောင်းခြင်း ဆိုးခြင်းတွေဟာ ပြောင်းပြန်အချိုးကျနေတာမျိုး ရှိနေတတ်တယ်။ ဥပမာ-ယူကရိန်းမှာဆိုရင် သမ္မတက လူဆိုးလူမိုက်၊ ပြည်သူတွေကတော့ အေးခဲလာတဲ့ ဒီမိုကရေစီကို ဆွဲယူကယ်တင်ဖို့ လမ်းမတွေပေါ် ထွက်ပြီး တိုက်ပွဲဆင်နေရတယ်။ လွန်ခဲ့တဲ့ ၉ နှစ်လောက်က တော်လှန်ရေးကလည်း အလားတူပုဂ္ဂိုလ်မျိုးကို ဖြုတ်ချဖို့ ဆင်နွှဲခဲ့ရတာပဲ ဖြစ်တယ်။ တူရကီမှာလည်း အစ္စလမ်မစ် အယူအဆတွေနဲ့ အာဏာပိုင် အုပ်ချုပ်မှုတွေ သွတ်သွင်းလာတဲ့ သမ္မတ အာဒိုဂန်ကို ထောင်ပေါင်းများစွာသော လူထုတွေက ကန့်ကွက်ဆန္ဒပြနေကြရတယ်။ ဒါပေမဲ့ ဒီလှုပ်ရှားမှု နှစ်ခုစလုံး အောင်မြင်မှု မရသေးပါဘူး။

## ပြန်လည် အစိပ်အပိုင်းဖွင့်ဆိုရမယ့် အခြေအနေ

တချို့ကျတော့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ပြန်လည် အဓိပ္ပာယ်ဖွင့်ဆိုရမယ့် အခြေအနေ ဖြစ်လာနေတယ်။ ဥပမာ-ဆိုမာလီလို နိုင်ငံမျိုးဟာ အစ္စလမ်မစ် အစွန်းရောက်နဲ့ ပင်လယ်ဓားပြတွေ ရောပြွမ်းနေတာ ဖြစ်တယ်။ သူ့ကို နိုင်ငံတစ်နိုင်ငံအဖြစ်ထက် သစ္စာဖောက်ပုန်ကန်သွားတဲ့ ပြည်နယ်တစ်ခု အဆင့်လောက်အဖြစ် အဓိပ္ပာယ် ဖွင့်ရမလို ဖြစ်နေတယ်။ လက်ရှိနိုင်ငံ တစ်နိုင်ငံအဖြစ် တည်ရှိနေသေးသော်လည်း မကြာခင် ကာလအတွင်းမှာကို ပြိုကွဲသွားနိုင်တဲ့ နိုင်ငံမျိုးလည်း ရှိနေတယ်။ အဲဒါက

တော့ ဂရိတ်ဗြိတိန်လို့ ခေါ်တဲ့ အင်္ဂလန်နိုင်ငံပါပဲ။ ၁၇၀၇ ခုနှစ်က ယူနိုက်တက်ကင်းဒမ်း (UK) လို့ ဖြစ်လာခဲ့ပေမယ့် လာမယ့် ၂၀၁၄ ခုနှစ်အတွင်း စကော့တလန်နယ်သားတွေကသာ မိုက်မိုက်ကန်းကန်း ခွဲထွက်ဖို့ မဲပေးလိုက်ရင် အင်္ဂလန်ဆိုတာ ကွက်ကွက်ကလေးပဲ ကျန်တော့မှာပါ။

## ပုဂ္ဂိုလ်တစ်ဦးချင်း ရွေးမယ်ဆိုရင်

ဒီလိုရွေးချယ်မှုတွေကို တစ်ဦးချင်း ပုဂ္ဂိုလ်များမှာ ရွေးချယ်မယ်ဆိုရင်တော့ အများအားဖြင့် တန်ဖိုးများထက် သက်ရောက်မှုတွေကို ပိုပြီး အလေးထား ရွေးချယ်ကြတာ တွေ့ရပါမယ်။ ရွေးကြမယ်ဆိုရင် ဗလာဒီမာပူတင်လို၊ အာယာတိုလာခိုမေနီလို ဒါမှမဟုတ် ၁၉၃၈ ခုနှစ်က အဒေါ့ဖ်ဟစ်တလာလို ပုဂ္ဂိုလ်မျိုးတွေပဲ ဖြစ်လာပါလိမ့်မယ်။ ဒီလို လက်တွေ့နိုင်ငံရေး ကျိုးကြောင်းဆင်ခြင်တဲ့တရားများ ရှုထောင့်က ရွေးမယ်ဆိုရင် ဘာရာအယ်လ်အာဆတ်ကို ရွေးရလိမ့်မယ်။ သူ့နိုင်ငံက လူသန်းပေါင်းများစွာဟာ အခု နယ်စပ်အနှံ့ ဖြတ်ကျော်ပြီး ထွက်ပြေး ခိုလှုံနေကြရတယ်။ လူဦးရေ အများအပြားအပေါ် သက်ရောက်သွားနိုင်တဲ့ကိစ္စကတော့ တရုတ်နဲ့ ဂျပန်ကြားဖြစ်နေတဲ့ ရှင်ကာကူ ကျွန်းစုများအရေးပဲ ဖြစ်တယ်။ ဒီတောင်တရုတ်ပင်လယ်ထဲက ကျွန်းစုလေးတွေဟာ ဒုတိယကမ္ဘာစစ်ဖြစ်နိုင်လောက်တဲ့အထိ ခြိမ်းခြောက်မှု ရှိနေတာဖြစ်တယ်။ ဒါဟာ ဂျပန်နဲ့ တရုတ်တို့ရဲ့ အမျိုးအခိုကင်းတဲ့ ပိုင်ဆိုင်မှုဆိုတာကို ပြောဆိုနေကြတာ ဖြစ်ပေမယ့် ကျန်နိုင်ငံများကိုပါ ပါဝင် ပတ်သက်လာစေနိုင်တဲ့ကိစ္စ ဖြစ်နေပါတယ်။

## အကောင်းဆုံး နိုင်ငံ

တစ်ဖက်ကပြောရင် နိုင်ငံတည်ဆောက်မှုဖြစ်စဉ်တွေမှာ ပြဿနာတွေ၊ ဘေးဒုက္ခတွေကို စတင် ဖန်တီးခဲ့တဲ့ နိုင်ငံတွေကိုလည်း ထည့်သွင်းစဉ်းစားသင့်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံဟာ သူ့တစ်နိုင်ငံတည်းကို ပြုပြင်ပြောင်းလဲ တိုးတက်သွားစေတာထက် သူ့ပုံစံဟာ တစ်ကမ္ဘာလုံးကို အကျိုးရှိသွားစေတာမျိုး ဆိုရင်တော့ ပိုပြီး ချီးကျူးဂုဏ်ပြုမှုနဲ့ ထိုက်တန်တယ်လို့ ယူဆရမှာပါ။ အခုဂေးများရဲ့ လက်ထပ်ခွင့်ဟာ နိုင်ငံအတော်များများက လက်ခံလာတဲ့ကိစ္စ ဖြစ်လာတယ်။ ဒီကိစ္စဟာ ဘဏ္ဍာငွေကြေးဆိုင်ရာ ကုန်ကျခံရမှု မပါဘဲ လူသားများရဲ့ ပျော်ရွှင်မှုကို ရရှိစေနိုင်တယ်။

ဥရုဂွေး (Uruguay) နိုင်ငံ အပါအဝင် နိုင်ငံအတော်များများဟာ ၂၀၁၃ ခုနှစ်အတွင်းမှာ ဒီကိစ္စကို ဆောင်ရွက်ခဲ့

ကြတယ်။ ဥရုဂွေးနိုင်ငံဟာ ထူးထူး ခြားခြား ဆေးခြောက် ထုတ်လုပ်မှု၊ ရောင်းဝယ်သုံးစွဲမှုတွေကိုပါ ဥပဒေအရ အသိအမှတ်ပြုခဲ့တာပါ။ ဒီလိုလုပ်လိုက်ခြင်းအားဖြင့် လူဆိုး လူမိုက်တွေကို နှိပ်ကွပ်ရခြင်း၊ အတင့်ရဲလာနေတဲ့ ရာဇဝတ်မှုတွေကို နှိမ်နင်းဖို့ အာဏာပိုင်တွေကို ခွင့်ပြုနေရခြင်း စတဲ့ ကိစ္စတွေဟာ သိသိသာသာ ပြောင်းလဲသွားပါလိမ့်မယ်။ ဒါကို ဘယ်နိုင်ငံမှ မလုပ်သေးပါဘူး။ အခြားနိုင်ငံတွေကပါ ဒီလိုလိုက်လုပ်လာမယ်ဆိုရင် နောက် အခြားသော မူးယစ်ဆေးဝါးတွေပါ ဒီလိုတရားဝင် လုပ်ပေးလိုက်မယ်ဆိုရင် ကမ္ဘာပေါ်မှာ မူးယစ်ဆေးဝါးကြောင့် ပျက်စီးဒုက္ခရောက်နေမှုတွေ အကြီးအကျယ် လျော့ပါးသွားဖွယ်ရာ ရှိနေပါတယ်။

## ချီးကျူးဖွယ်ကောင်းလောက်တဲ့ သမ္မတ

ဒါ့အပြင် ဥရုဂွေးနိုင်ငံရဲ့ ထိပ်ဆုံးမှာရှိတဲ့ သမ္မတ ဂျိုဆေးမူဂျီကာဟာလည်း ချီးကျူးဖွယ်ကောင်းလောက်အောင် သူ့ကိုယ်သူ အာဏာပါဝါတွေ မပြဘဲ ခပ်လျှိုလျှိုနေတတ်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးသမ္မတလို့ နာမည်ကြီးပေမယ့် သူ့လစာငွေရဲ့ ကိုးဆယ်ရာခိုင်နှုန်းကို ပြန်လည် လှူဒါန်းပစ်တာပါ။ သူဟာ လက်တင်အမေရိကမှာ အရင်က မရှိခဲ့တဲ့ ဆိုရှယ်လစ် ဘရယ်ဝါဒကို စမ်းသပ်ကျင့်သုံးနေတာ ဖြစ်ပါတယ်။ အသက် ၇၈ နှစ်ရှိပြီဖြစ်တဲ့သူ ကိုယ်တိုင်ဟာလည်း ယခင်က မာ့က်စ်ဝါဒီ ပြောက်ကျားတစ်ဦးဖြစ်ခဲ့ပြီး ထောင် ၁၄ နှစ်ကျခံခဲ့ရဖူးပါတယ်။ အခြားနိုင်ငံရေးသမားတွေမှာ တွေ့ရလေ့မရှိတဲ့ ရိုးသား ပွင့်လင်းမှုမျိုး သူ့မှာ တွေ့ရပါတယ်။ အခုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေအသစ်ကို စမ်းသပ်ချက်တစ်ခုအနေနဲ့ လုပ်တာလို့ သူက ပြောပါတယ်။ သူဟာ သူ့ရဲ့ ယာတောအိမ်မှာပဲနေပြီး ခေတ်ဟောင်းပုံ ဘီးတဲလ် ဘောက်စ်ဝက်ဂွန်းကားကို ကိုယ်တိုင်မောင်းပြီး ရုံးတက်ပါတယ်။ လေယာဉ်ပျံစီးရင် ရိုးရိုးတန်းကပဲ စီးတယ်။ ဝါကြွားမှု မရှိသော၊ ရဲရင့်သော၊ လစ်ဘရယ်ဖြစ်သော၊ ပျော်ရွှင်မှုကို မြတ်နိုးကြသော ဥရုဂွေးနိုင်ငံကို ဒီနှစ်အတွက် အကောင်းဆုံးနိုင်ငံအဖြစ် ရွေးချယ်လိုက်ကြောင်း အီကောနောမစ်မဂ္ဂဇင်းကြီးက ရေးပါတယ်။

**Z ဖေဝင်း**

**ပြည်သူ့ခေတ်**

၂-၁-၂၀၁၄

❑

## ပေကျင်း လောင်းရိပ်အောက်မှ ဟောင်ကောင် ဒီမိုကရေစီ

ဟောင်ကောင်ဆိပ်ကမ်းအနီးရှိ မိုးထိမြင့် အဆောက်အအုံထိပ်တွင် လအတန်ကြာမျှ မမြင်တွေ့ရသည့် လေဆာရောင်ခြည် တောက်ပသော မီးရောင်စုံကို ပြန်တွေ့ရသည်။ ရေးထားသည့် အက္ခရာက 'ပြည်သူ့လွတ်မြောက်ရေးတပ်မတော်' ဟူသော စာတမ်းသည် ပြန်လည်မွမ်းမံထားသော အထပ်မြင့် မျှော်စင်ထိပ်တွင် တွေ့ရသည်။

လွတ်လပ်ပွင့်လင်းသော လူ့အဖွဲ့အစည်းတစ်ခုအတွက် ဤစာတမ်းသည် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်။ ပေကျင်း၏ ကျူးကျော်ဝင်ရောက်မှု အမှတ်သင်္ကေတ။ ဟောင်ကောင်ပြည်သူ ထောင်ပေါင်းများစွာသည် သမိုင်းဝင် ၁၉၈၉ တီယန်နမင် အရေးအခင်း အထိမ်းအမှတ်

နေ့ကို ကျင်းပခဲ့ကြသေးသည်။ ထို့နောက် ပေကျင်း၏ စက္ကူဖြူစာတမ်း ထွက်လာသည့်အခါမှာတော့ ဟောင်ကောင်၏ အနာဂတ်သည် စိုးရိမ်စရာအနေအထား ရောက်သွားသည်။ နှစ်အတော်ကြာအောင် ခပ်မှိန်မှိန်နေခဲ့သည့် တရုတ်စစ်တပ်ပိုင် အဆောက်အအုံသည် ယခုတော့ ထင်ရှားစွာ ဘွားခနဲ ပေါ်လာသည်။

ဟောင်ကောင် ပြည်သူလူထုသည် ကွန်မြူနစ်ပါတီ ဩဇာကို မနာခံဘူးဆိုလျှင် တရုတ်စစ်တပ် ဝင်ရောက်မည့်သဘော။

၂၀၁၇ တွင် အုပ်ချုပ်ရေးမှူးကို စိတ်ကြိုက်ရွေးချယ်ခွင့်ပြုမည်ဟု တရုတ်တို့က သဘောတူထားပေမယ့် ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေးမှာ အခက်အခဲ၊ အဟန့်အတားများစွာ ရှိနေသေးသည်ကို ဟောင်ကောင် ပြည်သူများက သဘောပေါက်ထားပြီး ဖြစ်၏။ စစ်မှန်သော ဒီမိုကရေစီအတွက် အာမခံချက် မည်မျှရှိသည်ကို မည်သူမျှ အာမမခံနိုင်။ တရုတ်လိုလားသူတွေကတော့ ပေကျင်း၏ သဘောထားကို ခေါင်းညိတ်မည့် အခြေအနေမှာ ရှိသည်။

တက်ကြွသူများနှင့် ဒီမိုကရေစီအခွင့်အရေး လှုပ်ရှားသူများကတော့ တရုတ်အစိုးရသည် ဟောင်ကောင်ပုဂ္ဂလိက မီဒီယာအပေါ် လွှမ်းမိုးဖို့ ကြိုးစား

**စစ်မှန်သော ဒီမိုကရေစီအတွက် အာမခံချက် မည်မျှရှိသည်ကို မည်သူမျှ အာမ မခံနိုင်။ တရုတ်လိုလားသူတွေကတော့ ပေကျင်း၏သဘောထားကို ခေါင်းညိတ်မည့် အခြေအနေမှာ ရှိသည်။**

နေ ကြကြောင်း ထောက်ပြကြသည်။ တရုတ်အစိုးရနှင့် ပတ်သက်ပြီး ဝေဖန်မှုများကို မီဒီယာတွင် မတွေ့ရ။ ယခု လက်ကုန်ပိုင်းတွင် ထုတ်ပြန်ထားသည့် ဟောင်ကောင် ဂျာနယ်လစ် အစည်းအရုံးမှ လေ့လာသုံးသပ်ချက်အရ ယမန်နှစ်သည် ဟောင်ကောင်သတင်းစာ လွတ်လပ်ခွင့် အမှောင်ဆုံးသော နှစ်ကာလဖြစ်ကြောင်း သုံးသပ်ထားသည်။ နယ်စည်းမခြား သတင်းထောက်များ၏ သတင်းစာလွတ်လပ်ခွင့်နှင့် ၂၀၀၂ က နံပါတ် ၁၈ နေရာ ရရှိခဲ့သော ဟောင်ကောင်သည် ယခု အချိန်မှာတော့ ၆၁ နေရာသို့ ရောက်ရှိသွားသည်။

**၂၀၀၇ ခုနှစ်တွင်**
**ဟောင်ကောင်ရှိ**
**ကုန်ပစ္စည်းဈေးနှုန်းတွေ**
**နှစ်ဆတက်သွားရခြင်း ဖြစ်၏။**
**အကြောင်းရင်းမှာ**
**ပြည်မကြီးမှ ငွေထုပ်ပိုက်**
**ဝင်ရောက်ပြီး**
**ဈေးကစားမှုကြောင့်**
**ဖြစ်သည်။**

ဟောင်ကောင်သည် အရေးပါသည့် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချက်မဖြစ်သဖြင့် ဟောင်ကောင်သည် သတင်းလွတ်လပ်ခွင့် အတော်အရေးပါသည်ဟု ဂျာနယ်လစ်အစည်းအရုံး၏ ဥက္ကဋ္ဌ ရှာလီယမ်က ပြောကြားခဲ့သည်။

တရုတ်လိုလားသူ ဟောင်ကောင်ရှိ အုပ်ချုပ်သူအချို့ကတော့ တရုတ်အစိုးရ၏ စက္ကူဖြူ ကြေညာစာတမ်းကို ထောက်ခံကြသလို တရုတ် အစိုးရနှင့် ထိပ်တိုက်တွေ့မည့်အစား တွေ့ဆုံဆွေးနွေးရေးသာ ပြုလုပ်သင့်သည်ဟု ထောက်ပြကြသည်။

တရုတ် သမ္မတ ရှီကျင်ပင်း၏

တင်းမာသော သဘောထားများကြောင့် ဟောင်ကောင်သာမက အာရှတိုက်ကပါ ပေကျင်း၏ ဩဇာလွှမ်းမိုးမှုများအပေါ် စိုးရိမ်မကင်း ဖြစ်လာကြသည်။ တရုတ်စစ်ရေးနှင့် အင်အားကြီးမားလာမှုတို့သည် ယခုအခါတွင် အာရှတိုက်နိုင်ငံများက ပေကျင်း၏ ဗိုလ်ကျစိုးမိုးမှုကို ထိတ်လန့်နေကြသည်။ ပြည်ပတွင်သာမက ပြည်တွင်းမှာ ရှိနေသော အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဖမ်းဆီးခြင်း၊ နည်းပေါင်းစုံဖြင့် နှုတ်ပိတ်ခြင်းများ ပြုလုပ်လျက် ရှိသည်။

နိုင်ငံတစ်နိုင်ငံ စနစ်နှစ်ခု အယူအဆသည် မှေးမှိန်နေပြီ။ ဟောင်ကောင်သည် တရုတ်အစိုးရ၏ နိုင်ငံရေးအရဖိအားပေးမှုအပြင် စီးပွားရေးအရ ဖိအားပေးမှုတွေနှင့် ရင်ဆိုင်နေရသည်။ ၂၀၀၇ ခုနှစ်တွင် ဟောင်ကောင်ရှိ ကုန်ပစ္စည်းဈေးနှုန်းတွေ နှစ်ဆတက်သွားရခြင်း ဖြစ်၏။ အကြောင်းရင်းမှာ ပြည်မကြီးမှ ငွေထုပ်ပိုက် ဝင်ရောက်ပြီး ဈေးကစားမှုကြောင့် ဖြစ်သည်။

ပြည်သူလူထုအဖို့ စိတ်ဓာတ်တွေ ကျလာချိန်တွင် တက်ကြွလှုပ်ရှားသူ လူငယ်များက ဒီမိုကရေစီရေး လှုပ်ရှားမှုကို စတင်ခဲ့သည်။ ဤသို့ဖြင့် ဟောင်ကောင်မြို့သူမြို့သား ၈၀၀,၀၀၀ ခန့် လူထုဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြခြင်း

ဖြစ်သည်။ ဟောင်ကောင်တွင် ဒီမိုကရေစီ ဆိတ်သုဉ်းသွားပါက ပြည်သူလူထုကြီး၏ဘဝသည် ဘာမှအဓိပ္ပာယ်ရှိတော့မည် မဟုတ်။

ဟောင်ကောင်တွင် တရုတ်တို့၏ ဩဇာရှိုးထွင်မှုကို ပြည်သူပြည်သားများ မတွေ့ချင် မမြင်ချင်မှုအဆုံး ဖြစ်နေသည်။ ပြည်မကြီးမှ လာရောက် နေထိုင်ပြီး အလုပ်တွေ လုပ်နေကြသဖြင့် ဟောင်ကောင်တွင် နေထိုင်သူများအဖို့ အလုပ်အကိုင် အခွင့်အလမ်း များစွာ နည်းပါးလာကြသည်။ ထို့ပြင် ပြည်မကြီးမှ ဝင်ရောက်လည်ပတ်ကြသူတွေမှာလည်း အုံ့မခန်း များပြားနေသည်။ ယမန်နှစ်က ပြည်မကြီးမှ လာရောက်လည်ပတ်သူဦးရေမှာ သန်း ၄၀ ခန့်ရှိရမည်ဟု စာရင်းဇယားများအရ သိရသည်။ ပြည်မကြီးမှလာ ရောက်ကြသည့် တရုတ်ခရီးသွားတွေသည် ဘတ်စကား၊ မီးရထားနှင့် မြေအောက် ရထားများပေါ်တွင် လိုက်ပါသွားလာနေကြသည်။

တရုတ်ပြည် ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်မှုကို ဟောင်ကောင် ပြည်သူများ အထိတ်တလန့် ရှိနေကြသည်။ တရုတ်ပြည်မကြီးသည် "ဒီမိုကရေစီ အခွင့်အရေးတွေကို ဘယ်တော့မှ ပေးမည်မဟုတ်သဖြင့် ဟောင်ကောင် ပြည်သူ ပြည်သားများအဖို့ ပြည်မကြီးမှ နေ၍ ပြောင်းရွှေ့လာသည့် လူများ၏ အန္တရာယ်ကို စိုးရိမ်နေရသလို ဟောင်ကောင်ကို ဒီမိုကရေစီ အခွင့်အရေးများ ပိတ်ဆို့မည့် အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်မည့်အရေးကိုပါ စိုးရိမ်မကင်း ဖြစ်နေကြသည်။

ဟောင်ကောင် ပြည်သူများသည် မိမိတို့ ဘဝအနာဂတ်ကို မိမိတို့ စိတ်ကြိုက် ပုံဖော်ရေးကို ကြိုးပမ်းနေကြသည်။ သို့သော် သူတို့အနေဖြင့် တရုတ်နိုင်ငံ၏ အရိပ်မည်းကြီးကို မဖယ်ရှားဘဲ အနာဂတ်ကို ပုံဖော်ဖို့မှာ မလွယ်ကူပေ။

**မြတ်သစ်**

Daily Eleven

30-7-2014

❑

## ဇာဘုရင် ပူတင်ရဲ့ အမြင်မှောက်မှားမှုများ

ဆိုချီမှာ ဆောင်းရာသီ အိုလံပစ် စတင်ချိန်မှာ ယူကရိန်းက ရုရှားရဲ့ ရင်းနှီးတဲ့ မဟာမိတ်တစ်ယောက်က ဒီမိုကရေစီ လိုလားထောက်ခံတဲ့ ဆန္ဒပြသူတွေကို နှိပ်ကွပ်ပစ်ခတ်နေပါတယ်။

တောက်ပတဲ့ ဇာဘုရင် ပူတင်ရဲ့ အုပ်စိုးမှုကို ကောင်းချီးပေးဖို့ ကမ္ဘာကြီးက ဆိုချီမှာ စုရုံးရောက်ရှိနေတာကြောင့် အာဏာရှင်တွေအတွက် အောင်ပွဲနဲ့ ဒီမိုကရေစီ ဘက်တော်သားတွေရဲ့ ဆုတ်ခွာချိန် လက်တစ်ကမ်းမှာ ရှိနေပြီလို့ တွေးရင် အဲဒီလို တွေးတဲ့သူကို ခွင့်လွှတ်နိုင်ပါတယ်။

ဒါပေမဲ့ ဆိုချီ အိုလံပစ်က သမ္မတ ဗလာဒီမီယာပူတင်ရဲ့ ရေနံအားပြု အာဏာရှင်စနစ်ပုံစံဟာ ရုရှားနဲ့ အဲဒီနိုင်ငံပါဝင်နေတဲ့ ဒေသဆီသို့ ပျော်ရွှင်ချမ်းမြေ့မှုနဲ့ စည်ပင်သာယာဝပြောမှုကို ယူဆောင်လာနိုင်တဲ့ တစ်ခုတည်းသော ပုံစံဖြစ်

တယ်ဆိုတာကို တကယ်ပဲ သက်သေပြနေတာလား။

ကျွန်တော့်နိုင်ငံ ကျော်ဂျီယာဟာ ရေနံ လုံးဝနီးပါး မထွက်ပါဘူး။ ဒါပေမဲ့ အထက်က မေးခွန်းရဲ့အဖြေကို ကျွန်တော်တို့နိုင်ငံမှာ ရှာလို့ရနိုင်ပါတယ်။ ပြီးခဲ့တဲ့ ၉ နှစ်လုံးလုံး ကျော်ဂျီယာရဲ့ စီးပွားရေး တိုးတက်နှုန်းက ရုရှားထက် သာပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်က ရုရှားနဲ့ ကျော်ဂျီယာအကြား စစ်ဖြစ်ကာနီးသတ်မှု လျှော့ပေါ့ပေးတဲ့ လုပ်ငန်းစဉ်ကို ကျွန်တော်တို့ဘက်က စတင် ကျင့်သုံးခဲ့ပါတယ်။ အဲဒီအချိန်က စလို့ ရုရှားလူမျိုး တစ်သန်းကျော် ကျွန်တော်တို့နိုင်ငံကို လာရောက်လည်ပတ်ခဲ့ကြပါတယ်။ ကျွန်တော်တို့နိုင်ငံထက် ပိုချမ်းသာတဲ့နိုင်ငံက လာတာဖြစ်တဲ့ အများစုက မြို့ပြလူလတ်တန်းစားတွေဖြစ်တဲ့ အဲဒီ ဧည့်သည်တွေက တစ်စိတ်တစ်ပိုင်းအားဖြင့် သူတို့နိုင်ငံထက် အများကြီး ပိုကောင်းတဲ့ ကျော်ဂျီယာရဲ့ ဝန်ဆောင်လုပ်ငန်းတွေနဲ့ အခြေခံအဆောက်အအုံတွေကို ရယူ ခံစားချင်လို့ ရောက်လာခဲ့ကြတာ ဖြစ်ပါတယ်။ များသောအားဖြင့် အခြေအနေက အဲဒါနဲ့ ပြောင်းပြန်ဖြစ်လေ့ ရှိပါတယ်။ အဲဒီလိုမျိုး အတွေ့အကြုံတွေ ရယူခံစားဖို့ ဆင်းရဲတဲ့နိုင်ငံက လူတွေ ချမ်းသာတဲ့နိုင်ငံတွေကို သွားတတ်ကြတာ ဖြစ်ပါတယ်။

ရုရှားလူမျိုး အများအပြားက သေးငယ်တဲ့ တစ်ခါက ဆင်းရဲမွဲတေတဲ့ ရာဇဝတ်မှု ထူပြောတဲ့ သူတို့ရဲ့ အိမ်နီးချင်းနိုင်ငံမှာ ခေတ်မီ အဆောက်အအုံကြီးတွေ၊ သန့်ရှင်း လုံခြုံဘေးကင်းတဲ့ လမ်းတွေနဲ့ ဖွဲ့စည်းထားတဲ့ မြို့သစ်ကြီးတွေ အပြိုင်းအရိုင်းပေါ် ထွက်လာနေပြီဆိုတဲ့အချက်ကို ယုံရခက်ခက်ဖြစ်ခဲ့ကြပါတယ်။

လျှို့ဝှက်ချက်က လွယ်ကူရှင်းလင်း ရိုးစင်းပါတယ်။ ကျော်ဂျီယာမှာ ရေနံ မရှိပါဘူး။ ဒါပေမဲ့ ရုရှားက အစုအထိ သူ့ပြည်သူတွေကို မပေးနိုင်သေးတဲ့အရာကို ကျော်ဂျီယာက သူ့ပြည်သူတွေနဲ့ ကမ္ဘာကြီးကို ပေးနိုင်ပါတယ်။ ကမ္ဘာ့ဘဏ်မှာ စာရင်းတစ်ခုရှိပါတယ်။ စီးပွားရေးလုပ်ငန်း လုပ်ရာမှာ သက်သောင့်သက်သာ ပေါ့ပေါ့ပါးပါး လုပ်လို့ရတဲ့ နိုင်ငံများစာရင်းပါ။ အဲဒီစာရင်းမှာ ကျော်ဂျီယာက နံပါတ် ၈၊ ရုရှားက နံပါတ် ၉၂ ပါ။

ရုရှားမှာ ရာဇဝတ်မှုနဲ့ အကျင့်ပျက် ခြစားမှု အင်မတန် ထူပြောပါတယ်။ ဒါပေမဲ့ ကျော်ဂျီယာကတော့ ဥရောပမှာ လုံခြုံဘေးကင်းမှု အရှိဆုံးနဲ့ အကျင့်ပျက် ခြစားမှု အနည်းဆုံး

> **လူချင်းချင်းက**
> **လွယ်ကူရှင်းလင်း ရိုးစင်းပါတယ်။**
> **ဂျော်ဂျီယာ မှာ ရေနံ မရှိပါဘူး။**
> **ဒါပေမဲ့ ရုရှားက**
> **အဲဒီအထိ သူပြည်သူတွေကို**
> **မပေးနိုင် သေးတဲ့အရာကို**
> **ဂျော်ဂျီယာက သူ့ပြည်သူတွေနဲ့**
> **ကမ္ဘာကြီးကို ပေးနိုင်ပါ တယ်။**

နိုင်ငံတစ်ခု ဖြစ်တယ်ဆိုတဲ့ အချက်ကို ဥရောပ သမဂ္ဂက ထပ်တလဲလဲ တွေ့ရှိခဲ့ပါတယ်။ အရေးအကြီးဆုံး အချက်ကတော့ ဂျော်ဂျီယာက လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲတွေက တစ်ဆင့် အာဏာအလွှဲအပြောင်း လုပ်နိုင်နေပြီဖြစ်တဲ့ ဒီမိုကရေစီ နိုင်ငံတစ်ခု ဖြစ်တယ် ဆိုတာပါ။ အဲဒီထဲမှာ ကျွန်တော့်ပါတီ ရှုံးနိမ့်သွားခဲ့တဲ့ ၂၀၁၃ ရွေးကောက်ပွဲလည်း ပါဝင်ပါတယ်။

မဟာပူတင်ရဲ့ နိုင်ငံရေးစနစ်နဲ့ လွတ်လပ်ပွင့်လင်းတဲ့ ဒီမိုကရေစီ နိုင်ငံရေးစနစ်တစ်ခုကြားက ကွဲပြားခြားနားမှုကို နားလည် သဘောပေါက်ချင်တယ်ဆိုရင် ဆိုချီမြို့အနီးက အက်ဘ်ခါဇီးယားနဲ့ အက်ဒ်ဂျာရီးယား ဆိုတဲ့ ပင်လယ်နက်ဒေသ နယ်မြေနှစ်ခုကို နှိုင်းယှဉ်ကြည့်ဖို့ လိုအပ်ပါတယ်။

ဂျော်ဂျီယာနိုင်ငံရဲ့ နိုင်ငံတကာ အသိအမှတ်ပြု နယ်နိမိတ်မျဉ်းများ အတွင်း တည်ရှိတဲ့ အက်ဘ်ခါဇီးယား နယ်မြေဟာ ဆိုချီမြို့နဲ့ ကီလိုမီတာ နည်းနည်းပဲ ဝေးတဲ့နေရာမှာရှိပါတယ်။

ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခွင့်ရဖို့ ရုရှားနိုင်ငံက လျှောက်ထားခဲ့စဉ်က အဲဒီလျှောက်ထားမှုကို ဂျော်ဂျီယာက အားတက်သရော ထောက်ခံခဲ့ပါတယ်။ ဆိုချီ အိုလံပစ်က ငြိမ်းချမ်းရေး အခွင့်အလမ်းတွေကို တိုးမြှင့်ပေးပြီး နှစ်နိုင်ငံကြား ဆက်ဆံရေးကို တိုးတက်လာစေလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ ဒါပေမဲ့ ဆိုချီမှာ ဆောင်းရာသီ အိုလံပစ်ပြိုင်ပွဲ ကျင်းပခွင့်ကို နိုင်ငံတကာ အိုလံပစ်ကောင်စီက ပေးလိုက်ပြီးတဲ့နောက် လေးငါးခြောက်လ လောက်အကြာမှာ ရုရှားက ဂျော်ဂျီယာကို ကျူးကျော်ဝင်ရောက်ခဲ့ပါတော့တယ်။

ရုရှား အစိုးရက ဂျော်ဂျီယာနိုင်ငံထဲကို တပ်ဖွဲ့ဝင် အလုံးအရင်းနဲ့ စေလွှတ်ပြီး အရင်က လက်တွေ့အရရှိထားခဲ့တဲ့ အဲဒီနယ်မြေပေါ် ထိန်းချုပ်

မှုကို တရားမဝင် စစ်ရေးအရ ဝင်ရောက်သိမ်းပိုက်မှုအဖြစ်သို့ ပြောင်းလဲပစ်လိုက်ပါတယ်။ အဲဒီအချိန်ကစလို့ ကရင်မလင်ဟာ အက်ဘ်ခါဇီးယားနဲ့ ဂျော်ဂျီယာနိုင်ငံရဲ့ ကျန်ဒေသတွေအကြား သံဆူးကြိုးတံတိုင်းတွေ တည်ဆောက်ခြင်းလုပ်ငန်းနဲ့ အလုပ်ရှုပ်နေခဲ့ပါတယ်။

အက်ဘ်ခါဇီးယား ဒေသရဲ့ မြို့တော် ဆူခူမီဟာ မြို့ပျက်ကြီးတစ်ခုလို ဖြစ်နေပါပြီ။ မြင်နိုင်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းဆိုလို့ ရုရှား စစ်အခြေဆိုက် စခန်းတွေမှာပဲ ရှိပါတယ်။ စစ်ပွဲမဖြစ်ပွားမီက ရှိခဲ့တဲ့ အက်ဘ်ခါဇီးယား လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော် မောင်းထုတ်ခြင်း ခံခဲ့ရပြီးဖြစ်လို့ အဲဒီဒေသဟာ စွန့်ပစ်ခြင်း ခံထားရတဲ့ဒေသ တစ်ခုလို ခြောက်ကပ်ပြီး မှုန်မှိုင်းမှိုင်း ဖြစ်နေပါတယ်။

အက်ဘ်ခါဇီးယားဒေသ တောင်ဘက် ကီလိုမီတာ နည်းနည်းလောက်ပဲ ဝေးတဲ့နေရာမှာ ဂျော်ဂျီယာနိုင်ငံရဲ့ နယ်မြေတစ်ခုဖြစ်တဲ့ အက်ဒ်ဂျာရီးယား ရှိပါတယ်။ ၂၀၀၄ မှာ အဲဒီဒေသကို မစ္စတာပူတင်နဲ့ သူ့ရဲ့ဒေသခံ ခရိုနီတစ်စုရဲ့ ထိန်းချုပ်မှုအောက်က ကျွန်တော်တို့ ပြန်လုယူနိုင်ခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ဒေါ်လာ သန်းထောင်ပေါင်းများစွာသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေက အဲဒီဒေသကို အသွင်ပြောင်းပစ်ခဲ့တာ အခုဆိုရင် မမှတ်မိနိုင်လောက်အောင်ပါပဲ။ တစ်ချိန်က အတိတ်မှာ ကျန်ရစ်ခဲ့ပြီး မျှော်လင့်ချက်ကင်းမဲ့ခဲ့တဲ့ အဲဒီဒေသဟာ အခုအချိန်မှာ ဆိုချီမှာ ရှိတဲ့ ဟိုတယ်တွေထက် ပိုကောင်း ပိုများတဲ့ ဟိုတယ်တွေနဲ့ ဝန်းကျင်အနေအထားကလည်း ဆိုချီထက် အများကြီး ပိုပြီး သက်သောင့်သက်သာ ရှိနေပါတယ်။ ဆိုချီထက် အများကြီး ပိုပြီးဘေးကင်းလုံခြုံတယ်ဆိုတာကိုတော့ ပြောစရာလိုမယ် မထင်ပါဘူး။ အက်ဒ်ဂျာရီးယား ဒေသကို လာလည်တဲ့ ကမ္ဘာလှည့် ခရီးသည်အရေအတွက်က ဆယ်ဆ တိုးခဲ့ပြီး ဒေသရဲ့မြို့တော် ဘာတူမီရဲ့ လူဦးရေကလည်း နှစ်ဆကျော် တိုးလာခဲ့ပါတယ်။

ဆိုချီအိုလံပစ်မှာ ငွေတွေ ဒလဟော သုံးခဲ့ပေမယ့် အကျိုးဆက်ရလဒ်တွေကတော့ မျှော်လင့်ထားတာထက် အများကြီး ပိုပြီး လျော့နည်းပါတယ်။ အဲဒါဟာ ၂၁ ရာစုမှာ ပူတင်ပုံစံထက် အောင်မြင်ဖို့ အများကြီး ပိုလုပ်ဖို့ လိုအပ်တာကြောင့် ဖြစ်ပါတယ်။

ပိုတင်ကင်ရွာတွေ တည်ဆောက်ခြင်းက ရုရှားရဲ့ ဒေသဆိုင်ရာ ဩဇာ အရှိန်အဝါ ပြန်တက်လာအောင် လုပ်ပေးမှာ မဟုတ်သလို အနီးဝန်းကျင်

ဒေသအပေါ်လည်း အပေါင်းလက္ခဏာ သက်ရောက်မှု ဖြစ်ပေါ်စေမှာ မဟုတ်ပါဘူး။ စစ်မှန်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ စစ်မှန်တဲ့ ခေတ်မီရေး လုပ်ငန်းတွေနဲ့ လွတ်လပ်ပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုတို့အားဖြင့်သာ ရုရှားဟာ သူလိုချင်နေတဲ့ အဲဒီဩဇာ အရှိန်အဝါကို ရရှိမှာ ဖြစ်ပါတယ်။ ရုရှားကသာ အဲဒီလမ်းကြောင်းကို ရွေးလိုက်မယ်ဆိုရင် သူ့ရဲ့ အိမ်နီးချင်းနိုင်ငံ အားလုံး သူ့ဆီ ပြေးလာပြီး သူ့ကို ပွေ့ဖက်ကြမှာ ဖြစ်ပါတယ်။

ဆိုချီအိုလံပစ်က ဒေသတွင်းက အိမ်နီးချင်းနိုင်ငံတွေရဲ့ ခန္ဓာကိုယ်ပေါ်မှာရနေတဲ့ သမိုင်းဝင်ဒဏ်ရာတွေကို လျှော့ပါးသက်သာစေမှာ မဟုတ်သလို မော်စကိုက မျှော်လင့်နေဖွယ်ရှိတဲ့ ငြိမ်းချမ်းရေးကိုလည်း ယူဆောင်လာ မှာ မဟုတ်ပါဘူး။ ဆိုချီအိုလံပစ်ဟာ ကရင်မလင်ရဲ့ ဝါဒဖြန့်ချိပွဲတစ်ခုမျှသာ ဖြစ်ပါတယ်။ ပါတီပွဲပြီးသွားတဲ့အခါ ကျန်ရစ်ခဲ့တဲ့ အရှုပ်အထွေးတွေကို ရှင်းလင်းဖို့ ကျန်ရစ်ခဲ့ကြရသူတွေ ရင်ထဲက အခဲမကြေမှုတွေကို ပျောက်ကွယ်သွားနိုင်အောင် ရေခဲစကိတ် ကချေသည်မလေးတွေက လုပ်နိုင်မှာ မဟုတ်ပါဘူး။

ဆိုချီအိုလံပစ်ပြိုင်ပွဲကို အဲဒီဒေသမှာ အစောပိုင်း သမိုင်းခေတ်တွေကတည်းက နေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသား ဆာကက်ဆီယန် လူမျိုးစုဝင် အားလုံးနီးပါးကို ရုရှားတွေက စနစ်တကျ သုတ်သင်ခဲ့၊ ဒါမှမဟုတ် တူရကီကို မောင်းထုတ်ခဲ့ကြရာ နယ်မြေမှာ ကျင်းပပြုလုပ်နေတာ ဖြစ်ပါတယ်။ အဲဒီနေရာဟာ ၁၉ ရာစု လူမျိုးတုံးသန့်စင်မှုတစ်ခု ပေါ်ပေါက်ခဲ့ရာ နေရာအဖြစ် သိရှိထားကြတဲ့နေရာပါ။ အဲဒီဒဏ်ရာဟာ အဲဒီဒေသအတွင်း ကျန်ရှိနေသေးတဲ့ ဆာကက်ဆီယန် တိုင်းရင်းသား မျိုးနွယ်စုဝင်တွေအပေါ် ကရင်မလင်ရဲ့ လက်ရှိ ပြုမူဆက်ဆံနေပုံနဲ့ မြောက်ပိုင်း ကော့ကေးဆပ်ဒေသက အခြားတိုင်းရင်းသားတွေအပေါ်ထားတဲ့ သူ့ရဲ့ သဘောထားကြောင့် ဆက်ပြီး သွေးတစ်စက်စက် ကျနေပါတယ်။ ရုရှားခေါင်းဆောင်တွေက ချေချင်ညာ၊ ဒါဂျက်စတန်၊ အင်ဂူရှက်တီးယားနဲ့ ကာဘာဒီနို ဘော်လ်ကာရီးယားက ပြည်သူတွေကို တန်းတူရည်တူ ရုရှားနိုင်ငံသားတွေအဖြစ် ပြုမူဆက်ဆံဖို့ တစိုက်မတ်မတ် ငြင်းဆိုခဲ့ပါတယ်။ ကရင်မလင်က အဲဒီပြည်သူတွေရဲ့ နယ်မြေတွေကို ရေပေါ်ဆီတွေကို စည်းရုံးသိမ်းသွင်းပြီး ကျွန်လူထုတွေကို နှိပ်ကွပ်ထားရမယ့် ကိုလိုနီတွေအဖြစ် သဘောထားပါတယ်။

အဲဒီ သဘောထားကို ပြီးခဲ့တဲ့ လ အနည်းငယ်အတွင်း မော်စကိုက ထုတ်ဖော် ပြသခဲ့ပါတယ်။ အဲဒီလတွေ အတွင်း ရုရှားလုံခြုံရေးတပ်ဖွဲ့တွေက အဲဒီဒေသက လူငယ်အများအပြားကို အစုလိုက် အပြုံလိုက် ဖမ်းဆီးမှု တိုးမြှင့် ပြုလုပ်ခဲ့ပြီး မူဆလင်အမျိုးသမီးအများစု ဆီက တံတွေးနမူနာတွေကို ယူခဲ့ကြပါတယ်။ လူ ၁၆ ဦး သေဆုံးခဲ့တဲ့ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုက ဒါဂျက်စတန်က မူဆလင်အမျိုးသမီး တစ်ယောက်ရဲ့လက်ချက် ဖြစ်တယ်လို့ အစိုးရက ယုံကြည်တဲ့အတွက် အဲသလိုလုပ်တာ ဖြစ်ပါတယ်။ အဲဒီလိုမျိုး ကြမ်းကြုတ်တဲ့ ကိုလိုနီ အရှင်သခင်ဆန်ဆန် လုပ်ရပ်က ဒေသခံလူထုရဲ့ ဒေါသမီးကို လောင်စာဖြည့်ပေးပြီး အဲဒီဒေသကို ဆက်လက် ထိန်းချုပ်ထားနိုင်ဖို့ ကရင်မလင်ရဲ့ ကြိုးပမ်းမှုကို အခြေက လှိုက်စား ဖြိုဖျက်ပစ်မှာသာ ဖြစ်ပါတယ်။

ဆိုချီ အိုလံပစ်က သူ့ရဲ့အာဏာချုပ်ကိုင်ထားမှုကို ပိုပြီး အားကောင်းစေလိမ့်မယ်လို့လည်း မစ္စတာပူတင်က အတွက် လွဲနေပါတယ်။ ကမ္ဘာ့ အိုလံပစ် ပြိုင်ပွဲတစ်ပွဲကို ရုရှားနိုင်ငံ နောက်ဆုံး အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခဲ့တာက ၁၉၈၀ ပါ။ အဲဒီတုန်းက ကျင်းပခဲ့တဲ့ အိုလံပစ်ပြိုင်ပွဲကို ရုရှားခေါင်းဆောင်

> **ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားမှုကို နှစ်ဆယ်ရာစုရဲ့ အကြီးမားဆုံးသော ပထဝီနိုင်ငံရေးဆိုင်ရာ ဘေးဆိုး ကပ်ဆိုးကြီးလို့ မစ္စတာပူတင် တစ်ခါက ခေါ်ဝေါ်ဖူးပါတယ်။**

တွေက သူတို့ရဲ့ ခေါင်းဆောင်မှုနဲ့ ဆိုဗီယက်စနစ်ရဲ့ အောင်ပွဲအဖြစ် မှတ်ယူခဲ့ကြပါတယ်။

ဒါပေမဲ့ ကံမကောင်းအကြောင်း မလှစွာဘဲ အဲဒီပြိုင်ပွဲကြီး ပြီးသွားတဲ့ နောက်မကြာမီမှာ ပေါ်ပေါက်လာခဲ့တဲ့ ကသောင်းကနင်းဖြစ်ရပ်တွေက နောက်ဆုံးမှာ ဆိုဗီယက် ကွန်မြူနစ်စနစ်ရဲ့ ဈာပန အခမ်းအနားဆီသို့ ဦးတည်သွားခဲ့ပါတယ်။ အဲဒီတုန်းကနဲ့ အခု ဆိုချီ အိုလံပစ်ကြား တိုက်ဆိုင်မှု တချို့ရှိနေတာတော့ အမှန်ပါပဲ။ မော်စကိုအိုလံပစ် တုန်းက ဆိုဗီယက်ခေါင်းဆောင်တွေက မော်စကိုမြို့သား မဟုတ်သူတွေကို မြို့ထဲ ဝင်ခွင့်မပေးခဲ့ပါဘူး။ အခုလည်း

ဆိုရှီဒေသခံ တိုင်းရင်းသားလူမျိုးတွေ ဆိုချီမြို့တွင်း ဝင်ခွင့်မရကြပါဘူး။

ဆိုဗီယက် ပြည်ထောင်စု ပြိုကွဲသွားမှုကို နှစ်ဆယ်ရာစုရဲ့ အကြီးမားဆုံးသော ပထဝီနိုင်ငံရေးဆိုင်ရာ ဘေးဆိုးကပ်ဆိုးကြီးလို့ မစ္စတာပူတင်တစ်ခါက ခေါ်ဝေါ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီလို ဘာကြောင့်ဖြစ်သွားခဲ့သလဲဆိုတာနဲ့ ပတ်သက်တဲ့အဖြေကို အခုအထိ မစ္စတာပူတင် ရှင်းရှင်းလင်းလင်း ဆုပ်တိုင်မိပုံ မရသေးပါဘူး။ အခု မစ္စတာပူတင် လုပ်နေသလိုပဲ။ အဲဒီ ၁၉၈၀ တုန်းက ဆိုဗီယက်ခေါင်းဆောင်တွေဟာ နိုင်ငံကို ခေတ်မီအောင် လုပ်ပေးကြရမယ့်အစား တစ်သမတ်တည်း တက်နေတဲ့ ရေနံဈေးနှုန်းအပေါ်မှာပဲ သူတို့ ဘဝကို ပုံအပ်ထားခဲ့ကြပါတယ်။

၁၉၈၀ လွန်မြောက်သွားခဲ့ပြီး ရေနံဈေးနှုန်းတွေ ထိုးအကျနဲ့ နည်းပညာနယ်ပယ်အတွင်း အပြောင်းအလဲတွေက ဆိုဗီယက်ယူနီယံ ပြိုကွဲတဲ့အထိ ဦးတည်သွားစေခဲ့ပါတယ်။ ဒီကနေ့ ရုရှားဟာလည်း ရေနံစမ်းပွင့်မှုကြောင့် မျက်နှာပန်း လှနေပေမယ့် စီးပွားရေးနေးကွေး ထိုင်းမှိုင်းမှု နယ်မြေထဲဝင်ဖို့ ခြေလှမ်းပြင်နေတဲ့ အနေအထားမှာ ရှိနေပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ပြောရရင်တော့ မူလီကို ကျပ်ပြီး အတိတ်ကို ပြန်အသက်သွင်းဖို့ မစ္စတာ ပူတင်ရဲ့ ကြိုးပမ်းမှုနဲ့ ပိုမို ကောင်းမွန်တဲ့ အနာဂတ်တစ်ခုကို တည်ဆောက်ဖို့ဆိုတဲ့ ရုရှားနိုင်ငံအတွင်းနဲ့ အနီးတစ်ဝိုက်ဒေသက ပြည်သူတွေရဲ့ အိပ်မက်အကြား အခြေခံကျတဲ့ ကွဲပြားခြားနားမှုကြီးတစ်ခု ရှိနေပါတယ်။ အဲဒီ အခြေအနေရဲ့ အကျိုးဆက်တစ်ခုအဖြစ် မစ္စတာပူတင်ရဲ့ ကံကြမ္မာကို ဆိုချီမြို့ရဲ့ ညှိသက်နွေးထွေးတဲ့ ဆင်ခြေလျှောတွေထက် ကီယက်မြို့ရဲ့ အေးစက်တဲ့လမ်းတွေက အဆုံးအဖြတ် ပေးသွားနိုင်ဖွယ် ရှိနေပါတယ်။

**ဝန်ခံချက်။** *။ (၂၀၀၄ မှ ၂၀၁၃)အထိ ဂျော်ဂျီယာနိုင်ငံ၏ သမ္မတအဖြစ် တာဝန် ထမ်းဆောင်ခဲ့သော မစ်ခေးလ် ဆာကာက်ရှ်ဗီလီ၏ (12.2.2014) ထုတ် (I.H.T) သတင်းစာပါ 'Zar Vladimir's Illusion's ဆောင်းပါးကို ပြန်ဆိုပါသည်။*

နိုးအုပ်

ပြည်သူ့ခေတ်၊ ၂၀-၂-၂၀၁၄

❑

# စီးပွားရေး



နှလုံးသားနဲ့ လှမ်းကြမယ်
၂၀၁၄

# စီးပွားရေး

**မောင်သံနိုင် (ဘောဂဗေဒ)**
မြန်မာနိုင်ငံ၏ ပါမစ် စီးပွားရေးလုပ်ငန်း

**နိုးမိုး** (IN'D)
ဘာကြောင့် တိုင်းပြည် ဆင်းရဲနေတာလဲ

## မြန်မာနိုင်ငံ၏ ပါမစ် စီးပွားရေးလုပ်ငန်း

စာရေးသူတို့၏ မြန်မာနိုင်ငံတွင် ပါမစ် စီးပွားရေးလုပ်ငန်း (သို့) ခွင့်ပြုမိန့်ဖြင့် စီးပွားရှာသည့်လုပ်ငန်းသည် လွတ်လပ်ရေး ရရှိပြီး အချိန်မှစ၍ လက်ငင်းကာလအထိ ရှင်သန်နေလျက်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်သည်။

နိုင်ငံတကာတွင် ဆောင်ရွက်နေကြသည့် စီးပွားရေးလုပ်ငန်းကို အကြမ်းအားဖြင့် အမျိုးအစား ခွဲခြား၍ လေ့လာကြည့်ပါက ကုန်စည်ထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်မှု စီးပွားရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်မှု စီးပွားရေးလုပ်ငန်း၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း စသဖြင့် အမျိုးမျိုး တွေ့ရသည်။ ထိုကဲ့သို့သော သမားရိုးကျ စီးပွားရေးလုပ်ငန်းများသည် ငွေကြေးစိုက်ထုတ် ရင်းနှီး

မြုပ်နှံရခြင်း၊ လုပ်ငန်း အောင်မြင်မှု ရရှိရေးအတွက် ထိရောက်ကျွမ်းကျင်သော စီမံခန့်ခွဲမှုရှိရခြင်း၊ ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆောင်ရွက်ချက်များ ဖြစ်နေစေရန်အတွက် အစဉ်မပြတ် ဆန်းစစ်လေ့လာ၍ ခေတ်စနစ်နှင့်အညီ ဆန်းသစ်တီထွင်နေရခြင်း၊ နည်းပညာများ လိုအပ်ခြင်း စသော ဆောင်ရွက်ချက်များ ရှိမှသာလျှင် လုပ်ငန်း၏ အကျိုးအမြတ် ဖြစ်ပေါ်နိုင်မည် ဖြစ်သည်။ သို့သော် စာရေးသူတို့၏ မြန်မာနိုင်ငံတွင် အခြားသော နိုင်ငံများတွင် တွေ့ရနံ့ခံခဲ့သည့် ပါမစ်စီးပွားရေးလုပ်ငန်း (သို့) ခွင့်ပြုမိန့် စီးပွားရေးလုပ်ငန်းကို မြန်မာနိုင်ငံတွင် လွတ်လပ်ရေး ရပြီးကတည်းက ယနေ့ထိ ဆက်လက် တည်ရှိနေသည်ကို အလွယ်တကူ တွေ့မြင်နေရသည်။ ပါမစ်စီးပွားရေး (သို့) ခွင့်ပြုမိန့် စီးပွားရေးသည် သမားရိုးကျ စီးပွားရေးလုပ်ငန်းထက် မသေချာ မရေရာမှု နည်းပါးဆုံးသော စီးပွားရေးလုပ်ငန်းမျိုးဖြစ်သည်။ ဈေးကွက်မှ တောင်းဆိုနေသည့် ကုန်ပစ္စည်းများ ထုတ်လုပ် တင်သွင်းခြင်း၊ ဈေးကွက်က လိုအပ်သည့် သို့မဟုတ် မလွဲမသွေ သုံးစွဲရသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ခွင့်၊ ထုတ်လုပ်ခွင့် ရရှိရေးဖြစ်သော ကြောင့် အကျိုးအမြတ် သေချာသည့် စီးပွားရေးလုပ်ငန်းမျိုး ဖြစ်သည်။ ပါမစ်စီးပွားရေးသည် ဈေးကွက် စီးပွားရေးစနစ် ရှင်သန် တိုးတက်ရေးအတွက် အဟန့်အတားတစ်ခု ဖြစ်သည်။ ဈေးကွက်စီးပွားရေးစနစ်၏ လက္ခဏာတစ်ရပ်တွင် ပုဂ္ဂလိကရေး ကင်းခြင်းဆိုသည်မှာ လူတစ်ဦးတစ်ယောက်အတွက် သီးခြား အခွင့်အရေးပေးမှု မရှိခြင်းသော် လည်းကောင်း၊ မည်သူ တစ်ဦးတစ်ယောက်ကမှ အခွင့်အရေး ပိုမိုခံစားခွင့် မရှိစေခြင်းကို လည်းကောင်း ဆိုလိုရာရောက်ပေသည်။ ဈေးကွက်အတွင်း လွတ်လပ်စွာ ပြိုင်ဆိုင်ပြီး မိမိလုပ်ငန်း၏ အရည်အချင်းကသာလျှင် အကျိုးအမြတ်ရရှိရေးကို အဆုံးအဖြတ်ပေးခြင်း ဖြစ်သည်။ ဤဆောင်းပါးတွင် မြန်မာနိုင်ငံ၏ ပါမစ်စီးပွားရေးကို ပါလီမန် ဒီမိုကရေစီခေတ်နှင့် မျက်မှောက်ခေတ်အထိ ခွဲခြား၍ တင်ပြသွားရန် ရည်ရွယ်ပါသည်။

## (၁) ပါလီမန် ဒီမိုကရေစီခေတ်

ပါလီမန် ဒီမိုကရေစီခေတ်တွင် ပါမစ်စီးပွားရေးလုပ်ငန်းမှာ ထင်ရှား၍ အရေးပါသည့် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ခဲ့သည်။ လုပ်ငန်းလုပ်ကိုင်ခွင့်ပါမစ်၊ သွင်းကုန်ပါမစ်တို့သည် ပါလီမန် ဒီမိုကရေစီခေတ် ထင်ရှားသော စီးပွားရေးလုပ်ငန်း ဖြစ်သည်။ သာမန်အရပ်သူ အရပ်သားများအနေဖြင့် ထိုအခွင့်အရေး

ကို ရရှိရန် အလွန်ခက်ခဲသည်။ အခွင့်အရေးရရှိပါက ကြီးမားသော အကျိုးအမြတ်ကို တိကျသေချာစွာ ရရှိနိုင်သည့် သဘော တွေ့ရသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးစ ကာလတွင် လွတ်လပ်သော ဈေးကွက် စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ရန် ကြွေးကြော်ခဲ့သော်လည်း နိုင်ငံခြားငွေ ရှားပါးမှု၊ အရင်းအနှီးရှားပါးမှုတို့ကြောင့် ခြိုးခြံချွေတာသုံးရသဖြင့် နိုင်ငံတော်အစိုးရမှ သွင်းကုန်တင်သွင်းမှုကို ဝင်ရောက်ထိန်းချုပ်ခဲ့ရသည်။ ထို့ကြောင့် ပါမစ် စီးပွားရေး ထူးခြားစွာ ရှင်သန်နေခဲ့ရခြင်း ဖြစ်သည်။ လုပ်ပိုင်ခွင့်ပေးနိုင်သူ အုပ်ချုပ်ရေးအာဏာပိုင်တို့နှင့် နီးစပ်သည့်ပုဂ္ဂိုလ်များအနေဖြင့် ထိုအခွင့်အရေးကို ရရှိနိုင်ကြသည်။ သွင်းကုန်လိုင်စင်ဆိုသည်မှာ သတ်မှတ်ထားသော နိုင်ငံခြားငွေပမာဏဖြင့် ပြည်ပမှ ကုန်စည်တင်သွင်းခွင့်ရှိသည်ဖြစ်ရာ ကိုယ်တိုင်တင်သွင်းစရာ မလိုတဲ့ သွင်းကုန်လိုင်စင်ကို တစ်ဆင့်ရောင်းချရုံဖြင့် သေချာသော အကျိုးအမြတ် ရရှိခဲ့ကြသည်။

ပါမစ် (သို့) ခွင့်ပြုမိန့် ထုတ်ပေးနိုင်သူကို ချဉ်းကပ်သူ များပြားလာသည့်အလျောက် အာဏာပိုင်များ၏ တန်ဖိုးသြဇာမှာလည်း ကြီးသည်ထက် ကြီးလာခဲ့ကြသည်။ ပြည်သူများအကြားတွင်လည်း မိမိတို့၏ အကျိုးအမြတ်အတွက် အာဏာပိုင်ကို ချဉ်းကပ်ရသည့် လုပ်ငန်းတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ဤအချက်သည် အာဏာပိုင်အတွက် အဂတိလိုက်စားမှုကို ဖြစ်စေခဲ့သော အခြေခံအကြောင်းရင်းတစ်ခုဖြစ်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီခေတ်တွင် သွင်းကုန်လိုင်စင် (သို့) သွင်းကုန်ပါမစ် ရရှိခြင်းသည် ဆုလွှယ်နပ်လွှယ် စီးပွားရေးဖြစ်သောကြောင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေး စိတ်ပါဝင်စားမှု လျော့နည်းသွားစေခဲ့သည်။ စီးပွားရေး တိုးတက်မှုကို တိုးတက်သင့်သလောက် တိုးတက်နိုင်ခြင်း မရှိခဲ့ပေ။

နိုင်ငံတော်အစိုးရမှ ချမှတ်ပေးသော ပါမစ်အမျိုးအစားနှင့် ပမာဏပေါ်မူတည်ပြီး အချို့သောကိစ္စရပ်များတွင် စီးပွားရေးအကျိုးအမြတ်ကို မိမိတို့ စိတ်တိုင်းကျ ချယ်လှယ်နိုင်သည့် လက်ဝါးကြီးအုပ် စီးပွားရေးမျိုးအထိ ရောက်ရှိသွားခဲ့ကြသည်။ ထို့ကြောင့်လည်း ပါမစ် စီးပွားရေးသည် စီးပွားရေးအဆောက်အအုံတစ်ခုလုံးကို နစ်နာစေခဲ့သည်။

## (၂) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်

၁၉၆၂ ခုနှစ် နောက်ပိုင်း တော်လှန်ရေးကောင်စီအစိုးရ အာဏာရရှိလာပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို စတင်လာခဲ့သည့်အလျောက် လူသုံး

ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချရာတွင် တန်းစီစနစ်နှင့် ခွဲတမ်းစနစ်ကို ကျင့်သုံး၍ ဖြန့်ဖြူးရောင်းချခဲ့ကြသည်။ စက်ရုံ၊ အလုပ်ရုံများနှင့် စီးပွားရေးလုပ်ငန်းများ အားလုံးကို နိုင်ငံပိုင်သိမ်းယူပြီးနောက်ပိုင်း လူသုံးကုန်ပစ္စည်းရှားပါးပြတ်လပ်မှု ကြီးမားစွာ ပေါ်ပေါက်လာခဲ့သည်။ ထိုအချိန်တွင် အာဏာပိုင်အဆင့်ဆင့်၏ ခွင့်ပြုမိန့်ဖြင့် လူသုံးကုန်ပစ္စည်းများ ဝယ်ယူရသည့်စနစ်စတင် ထွန်းကားလာခဲ့သည်။ ထိုအချိန်တွင် အစိုးရထံမှ ကုန်ပစ္စည်းများ ဝယ်ယူရန် ခွင့်ပြုမိန့်ပေးနိုင်သူအဆင့်ဆင့်၏ တန်ခိုးအာဏာ ကြီးမားလာခဲ့သည်။ ကာလရှည်ကြာလာသည်နှင့်အမျှ ခွင့်ပြုမိန့်ပေးနိုင်သူ အဆင့်မြင့်လာလေလေ တန်ခိုးအာဏာ ပို၍ ကြီးမားလာလေလေ ဖြစ်ခဲ့ရသည်။ အမြင့်ဆုံး အာဏာပိုင်သည် ခွင့်ပြုမိန့် အပေးနိုင်ဆုံးဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်အား ချဉ်းကပ်၍ အလိုလိုက် အကြိုက်ပေးခြင်းကို ခံလာရတော့သည်။ အာဏာရှိသူအနေဖြင့် မိမိ၏လုပ်ပိုင်ခွင့်အပေါ် ကျေနပ်ပျော်ရွှင်ကြည်နူးလာရာမှတစ်ဆင့် အာဏာရှင်အဖြစ်သို့ တဖြည်းဖြည်း ရောက်ရှိလာခြင်း ဖြစ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် အခြေခံအကျဆုံးအားဖြင့် ကျေးရွာ၊ ရပ်ကွက်များတွင် သမဝါယမ လူကြီးများနှင့် အုပ်ချုပ်သူအာဏာပိုင်များသည် ကျေးရွာ၊ ရပ်ကွက်သူ ရပ်ကွက်သားများအတွက် ကုန်ပစ္စည်းဝယ်ယူရန် ခွင့်ပြုမိန့် ပါမစ်ပေးရန် ဆုံးဖြတ်နိုင်ကြသူများ ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း တရားမျှတခြင်းကို တဖြည်းဖြည်း သွေဖည်ခဲ့ကြသည်။ ကုန်ပစ္စည်းဝယ်ယူခွင့် ရရှိသူသည် မိမိဝယ်ယူခွင့် ရရှိသည့် ကုန်ပစ္စည်းများကို အမှန်တကယ် အသုံးလိုသူများထံသို့ ပြန်လည်ရောင်းချသည့် ကုန်သွယ်မှုစနစ် ထွန်းကားလာခဲ့သည်။

အခြေခံအဆင့် အာဏာပိုင်သည်ပင်လျှင် ပါမစ်စီးပွားရေးကြောင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပြီး ၎င်းတို့၏ အခွင့်အာဏာ ဆက်လက် တည်တံ့ရေးအတွက် အထက်အဆင့်ဆင့်သို့ ချဉ်းကပ်ခြင်းကြောင့် အမြင့်ဆုံးအာဏာပိုင်ကို ပြိုင်ဘက်ကင်းသူအဖြစ် တွန်းပို့ပေးခဲ့ကြသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၏ ခေတ်လယ်ကာလတွင် ခွင့်ပြုမိန့် စီးပွားရေးလုပ်ငန်းသည် မြန်မာ့စီးပွားရေး အဆောက်အအုံတစ်ခုလုံးတွင် အရေးပါသော အခန်းကဏ္ဍသို့ ရောက်ရှိသွားခဲ့သည်။ အထင်ရှားဆုံးမှာ ပြည်ပမှ ကားတင်သွင်းခွင့်ပါမစ်၊ ပြည်တွင်းထုတ် ကားများကို ဝယ်ယူခွင့် ပါမစ်၊

အိမ်ဆောက်ခွင့်ပါမစ်၊ လူသုံးကုန်ပစ္စည်း ဝယ်ယူခွင့်ပါမစ်၊ အခြေခံစားသုံးကုန် စည်များ အထူးဝယ်ယူခွင့် ပါမစ်များ ဖြစ်ပါသည်။ ပြည်ပမှ မော်တော်ကား တင်သွင်းခွင့်ကို ၁၉၈၀ ပြည့်နှစ်များ နောက်ပိုင်းတွင် တရားဝင် နိုင်ငံခြားငွေ ရရှိသူများဖြစ်သည့် နိုင်ငံခြား ပညာသင် များ၊ သင်္ဘောသားများ၊ ပြည်ပတွင် တရားဝင် သွားရောက် အလုပ်လုပ်ကိုင် နေကြသူများ စသည်တို့ကို ခွင့်ပြုပေးခဲ့ သည်။ အထူးသဖြင့် ပစ္စည်းဝယ်ယူ တင်သွင်းခွင့်ရရှိသူအနေဖြင့် ပြည်တွင်း ၌ ပစ္စည်းရှားပါးမှုကြောင့် အကျိုးအမြတ် သိသာစွာ ရရှိခဲ့ကြသည်။ ပြည်တွင်း ထုတ် လေးဘီးမော်တော်ယာဉ်၊ မာဇဒါ 323 မော်တော်ယာဉ်များကို အစိုးရဌာန ဆိုင်ရာ အရာရှိကြီးများကို ဝယ်ယူခွင့်ပြု ခဲ့ကြသည်။ အခွင့်အရေးရရှိသူ ပုဂ္ဂိုလ် ကြီးများအတွက် ကြီးမားသော ချီး မြှောက်မှု ဖြစ်စေခဲ့သည်။ ထိုအချိန်က မော်တော်ကား ဝယ်ယူခွင့်ရရှိသူသည် အောင်ဘာလေ သိန်းထီပေါက်သူထက် သာလွန်သည့် အကျိုးကျေးဇူးရရှိခဲ့ခြင်း ဖြစ်သည်။ ထိုသူများသည် အာဏာရှင် စနစ်၏ ဒေါက်တိုင်များသို့ ကူးပြောင်း သွားခဲ့ကြသည်။

ထိုကာလအတွင်း အစိုးရအရာ ရှိကြီးများ ကိုယ်တိုင်သော်လည်းကောင်း၊ ၎င်းတို့နှင့် နီးစပ်သူများသည် လည်း ကောင်း အိမ်ရာဆောက်လုပ်ခွင့် ပါမစ်၊ စီးပွားရေးလုပ်ငန်းကို တွင်တွင်ကျယ် ကျယ် လုပ်ကိုင်ခဲ့ကြသည်။ အိမ်တစ်လုံး ဆောက်လုပ်ခွင့်ပါမစ် ရရှိပါက လိုအပ် သည့် ပစ္စည်းများကို အစိုးရဌာနများမှ ထုတ်ယူခွင့်ရရှိသည်ဖြစ်ရာ နိုင်ငံတော် က သတ်မှတ်ထားသည့် ဈေးနှုန်းမှာ ပြင်ပတွင် ဖြစ်ပေါ်နေသော ဈေးနှုန်းနှင့် ကြီးမားစွာ ကွာခြားသည်ဖြစ်သော ကြောင့် ပစ္စည်းထုတ်ယူခွင့် ရရှိရေး အတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ် ခဲ့ကြသည်။ မိမိ၏ ချဉ်းကပ်နိုင်မှု သို့မဟုတ် မိမိ၏ တန်ခိုးအာဏာပေါ် မူတည်ပြီး နိုင်ငံတော်အစိုးရထံမှ ဝယ်ယူ ခွင့် ရရှိသည့် ကုန်ပစ္စည်းအမျိုးအစား နှင့် အရေအတွက် ပမာဏကွာခြားမှု များလည်း ရှိခဲ့သည်။ ဝယ်ယူခွင့်ပါမစ် ရရှိမှုပေါ် မူတည်ပြီး အလွန်တန်ဖိုးကြီး မားသည့် နေအိမ်များကိုပင် မိမိအနေ ဖြင့် ကုန်ကျစရိတ် ကျခံရန် မလိုဘဲ ပါမစ်မှ ရရှိသော အမြတ်ငွေဖြင့်သာ ဆောက်လုပ်ခဲ့ကြသူ အများအပြား ပေါ်ပေါက်ခဲ့ကြသည်။

ပြည်သူအားလုံး ဝယ်ယူသုံးစွဲ ကြရသည့် ကျွန်းသစ်နှင့် သစ်မာဈေး ကွက်၊ ဆောက်လုပ်ရေးသုံး သံမဏိ၊ သံချောင်းဈေးကွက်မှစ၍ လူသုံးကုန်

ပစ္စည်းများအဆုံး အစိုးရထုတ်ပစ္စည်းများကို ဝယ်ယူရရှိသူများမှ ပြန်လည်ဝယ်ယူရခြင်း ဖြစ်သောကြောင့် ကုန်ပစ္စည်း ဈေးကွက်အားလုံးနီးပါးသည် ပါမစ်ပစ္စည်းကို ပြန်လည် ရောင်းချသည့် ဈေးကွက်များသာ ဖြစ်ခဲ့သည်။ ပုဂ္ဂလိကကဏ္ဍမှ ထုတ်လုပ်သည့် ထုတ်ကုန်အချို့သာလျှင် ပြည်တွင်းဈေးကွက်တွင် နိုင်ငံသားများအတွက် လွတ်လပ်စွာ သယ်ယူခွင့်ရှိသည့် ဈေးကွက်ရှိခဲ့သည်။

## (၃) နဝတ၊ နအဖ ခေတ်

၁၉၈၈ ခုနှစ် နောက်ပိုင်း နဝတ အစိုးရအာဏာရယူပြီးနောက် ဈေးကွက်စီးပွားရေးစနစ်ဟူသော ကြွေးကြော်ချက်ဖြင့် ဆောင်ရွက်ခဲ့သည့်တိုင်အောင် စစ်မှန်သော ဈေးကွက်ပုံသဏ္ဌာန်ထက် ပါမစ်စီးပွားရေးလုပ်ငန်းမှာ ဆက်လက်ရှင်သန်နေလျက် ရှိသည်။ ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ခွင့်ပါမစ်၊ ပြည်ပမှ ကုန်ပစ္စည်း တင်သွင်းခွင့် ပါမစ်၊ လုပ်ငန်းလုပ်ပိုင်ခွင့်ပါမစ်၊ သစ်ခုတ်လှဲခွင့်ပါမစ်၊ သယံဇာတပစ္စည်းများ ထုတ်ယူခွင့် ပါမစ် စသဖြင့် နဝတ၊ နအဖခေတ်တွင် ပါမစ်စီးပွားရေး ပိုမိုတွင် ကျယ်လာသည့်အလျောက် ထိုခေတ်ကို ပါမစ်စီးပွားရေးခေတ်ဟု အမည်ကင်ပွန်းတပ်ရမည်သာ ဖြစ်သည်။ ဥပမာအားဖြင့် ၁၉၉၇-၉၈ ခုနှစ်တွင် ရေနက်ကွင်းမြေယာလုပ်ပိုင်ခွင့်ရရှိသည့် စီးပွားရေးကုမ္ပဏီကြီးများသည် ၎င်းတို့ စိုက်ကွင်းမှ ထွက်ရှိသည့် ကောက်ပဲသီးနှံများကို ပြည်ပသို့ တင်ပို့ခွင့် ရရှိပြီး ရရှိသောငွေဖြင့် ပြည်ပမှ မော်တော်ကား တင်သွင်းခွင့်ရရှိကြသည်။ ကုမ္ပဏီကြီးများသည် မိမိတို့၏ စိုက်ကွင်းမှ မထွက်သော်လည်း ပြင်ပမှ သီးနှံများ ဝယ်ယူပြီး ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေ အမြောက်အမြား ရရှိနိုင်ခြင်းကြောင့် ပြည်ပမှ မော်တော်ယာဉ် တင်သွင်းပြီး သန်းပေါင်းများစွာသော အကျိုးအမြတ်ကို ရရှိခဲ့ကြသည်။

နိုင်ငံတော် အစိုးရသည် လုပ်ငန်း အသေးအဖွဲ့ကလေးမှအစ ကြီးမားလှ သည့် လုပ်ငန်းများအဆုံး လုပ်ပိုင်ခွင့် ပါမစ် ရရှိသူများအတွက် ကြီးမားသော အကျိုးကျေးဇူးရရှိနိုင်သဖြင့် လုပ်ပိုင်ခွင့် ပါမစ်ပေးနိုင်သူကို ချဉ်းကပ်၍ အလိုလိုက် အကြိုက်ဆောင်မှု ထင်ရှားလာသကဲ့သို့ အာဏာပိုင်တို့နှင့် နီးစပ်သူများကလည်း လုပ်ပိုင်ခွင့် ပါမစ် အလွယ်တကူ ရရှိသူများဖြစ်သောကြောင့် ၎င်းတို့၏ ကြွယ်ဝချမ်းသာမှုသည် ဖြိုင်ဘက်ကင်းသည့် စီးပွားရေးလုပ်ငန်းရှင် ပုဂ္ဂိုလ်ကြီးများအဖြစ်သို့

လျှင်လျှင်မြန်မြန် ရောက်ရှိသွားခဲ့ကြသည်။ ထိုပုဂ္ဂိုလ်ကြီးများကို ခရိုနီဟု ကင်ပွန်းတပ်ခဲ့ကြသည်။

အခွင့်အရေးနှင့် လုပ်ပိုင်ခွင့် ရရှိလိုသူတို့၏ ချဉ်းကပ်မှုကြောင့် အာဏာပိုင်များအနေဖြင့် ကြီးမားစွာ ကြွယ်ဝချမ်းသာလာမှုကိုလည်း တွေ့ခဲ့ရသည်။ အဆင့်ဆင့်သော အာဏာပိုင်တို့အနေဖြင့် ခွင့်ပြုမိန့်ပါမစ် ချပေးနိုင်သူဖြစ်ပါက လျှင်လျှင်မြန်မြန် ချမ်းသာကြွယ်ဝလာနိုင်သူများဖြစ်ခြင်းကြောင့် မိမိအနေဖြင့် လုပ်ပိုင်ခွင့် ကြီးမားစွာ ရရှိရေးအတွက် အထက်အဆင့်ဆင့်သို့ ချဉ်းကပ်ကြရသည်ဖြစ်ရာ နောက်ဆုံးအဆင့် အာဏာပိုင်ကို အာဏာရှင်အဖြစ်သို့ တွန်းပို့ပေးခဲ့သည့်သဘော တွေ့ရသည်။ ပါမစ်စီးပွားရေးလုပ်ငန်း လုပ်ပိုင်ခွင့်ရရှိသူသည်လည်း နိုင်ငံ၏စီးပွားရေးအပေါ် ပိုမို၍ လွှမ်းမိုးလာနိုင်သဖြင့် လက်ဝါးကြီးအုပ် စီးပွားရေးပုံသဏ္ဌာန်သို့ ရောက်ရှိသွားခဲ့သည်။ နတ၁၊ နအဖခေတ်တွင် အထင်ရှားဆုံး ပါမစ်စီးပွားရေးလုပ်ငန်းတစ်ခုမှာ မိုဘိုင်းဖုန်း ဖြန့်ဖြူးရောင်းချခွင့်ပါမစ် ဖြစ်သည်။ ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပုဂ္ဂလိက ကုမ္ပဏီတချို့ ပူးပေါင်းပြီး နိုင်ငံတကာတွင် အခမဲ့ရရှိနိုင်သော ဖုန်းကတ် (ဆင်းကတ်)ကို ကျပ် ၁၅ သိန်းခန့်ဖြင့် ရောင်းချခဲ့ကြပြီး ရှားပါးစေရန် ဆောင်ရွက်ထားမှုကြောင့် ပြင်ပတွင် ကျပ်သိန်း ၄၀ ကျော်ဈေးနှုန်း ဖြစ်ပေါ်သည်အထိ စွမ်းဆောင်နိုင်ခဲ့ကြသည်။ ထို့ကြောင့်လည်း သက်ဆိုင်သူ အာဏာပိုင်အဆင့်ဆင့်သည်လည်းကောင်း၊ ပုဂ္ဂလိက ကုမ္ပဏီကြီးများသည်လည်း အံ့မခန်းကြီးမားသည့် အကျိုးအမြတ်ကို ရရှိသွားခဲ့ကြသည်။

## (၄) ပါတီစုံ ဒီမိုကရေစီခေတ်

၂၀၁၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီခေတ်သို့ ရောက်ရှိလာသည့်အချိန်တွင် ဈေးကွက်လွတ်လပ်ခွင့်ကို ဦးစားပေးခြင်းနှင့် ပို့ကုန်တင်ပို့မှုကို ကြီးမားစွာ ဖြေလျှော့ပေးခြင်းများ ရှိခဲ့သော်လည်း ပါမစ်စီးပွားရေးလုပ်ငန်းများ ဆက်လက် ရှင်သန်နေဆဲဖြစ်သည်ကို တွေ့မြင်နေရသည်။ န၀တ၊ နအဖလက်ထက်ကကဲ့သို့ မဟုတ်သည့်တိုင်အောင် အဓိက စီးပွားရေးလုပ်ငန်းကြီးများဖြစ်သည့် မိုဘိုင်းဖုန်း၊ တယ်လီဖုန်းငွေဖြည့်ကတ် စသည်တို့ကို ပါမစ်ဖြင့် ချုပ်ကိုင်ထားဆဲဖြစ်သည်။ အထင်ရှားဆုံးမှာ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စက်ရုံအလုပ်ရုံများ၊ ဟိုတယ်လုပ်ငန်းများ အသစ် တည်ဆောက်သူများအတွက် ခွင့်ပြုထားသည့် အခွန်လွတ်

ငြိမ်းချမ်းသာမှုကို အခွင့်ကောင်းယူကာ လုပ်ငန်းအတွက် လိုအပ်သည့် ပမာဏ ထက်ပို၍ ပစ္စည်းတင်ခွင့်ရရှိပါက အခွန် ကင်းလွတ်ခွင့်ကြောင့် တခြားကုန်ပစ္စည်း တင်ခွင့်ရရှိပါက အခွန်ကင်းလွတ်ခွင့် ကြောင့် တခြားကုန်ပစ္စည်းတင်သွင်းသူ များထက် များစွာ သက်သာသော ဈေးနှုန်းဖြင့် ယှဉ်ပြိုင်ရောင်းချနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ပါမစ်ရရှိရေးကို ကြိုးစားဆောင်ရွက်မှုများ ပေါ်ပေါက် လျက် ရှိနေသည်။

အချုပ်အားဖြင့် ပါမစ်စီးပွားရေး သည် သမားရိုးကျ စီးပွားရေးလုပ်ငန်း ကဲ့သို့ ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်သည့်လုပ်ငန်းမျိုး မဟုတ် သဖြင့် ပြည်သူလူထုကို အကျိုးရရှိမှု နည်းစေရုံသာမက ပါမစ်စီးပွားရေး ကြောင့် လက်ဝါးကြီးအုပ်ပုံသဏ္ဌာန် ပေါ်ပေါက်လာစေပြီး ပြည်သူလူထုကို များစွာ နစ်နာစေသည်။ ပါမစ်စီးပွား ရေးသည် ဈေးကွက်၏ စွမ်းဆောင်ရည် ကို ပျက်စီးစေခြင်း (Market Distortion) ဖြစ်ပေါ်စေသဖြင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုကို အဟန့်အတားဖြစ်စေခဲ့ သည်။ ထို့အပြင် ပြည်သူများအကြား ဆင်းရဲချမ်းသာကွာဟမှု ပိုမိုကြီးမားလာ စေခြင်း၊ အကျိုးအမြတ် ရလွယ်သည့် ပါမစ်စီးပွားရေးကိုသာ ဦးစားပေး ရွေးချယ်လုပ်ကိုင်သဖြင့် ရင်းနှီးမြှုပ်နှံ မှုဖြင့် လုပ်ကိုင်ရသည့် သမားရိုးကျ စီးပွားရေးလုပ်ငန်းများ တိုးတက် ထွန်းကားရန် ခက်ခဲခြင်း၊ ပြည်သူလူထု အတွင်း မကျေနပ်မှုများ ပေါ်ပေါက်လာ နိုင်ခြင်း စသည်တို့ကို ပေါ်ပေါက်လာ ခဲ့သည်။ ပါမစ်စီးပွားရေး ရှိနေသမျှ ကာလပတ်လုံး အများပြည်သူကို နစ်နာ စေပြီး လူတစ်စုကောင်းစားရေးကို ရှေးရှု သည့်အခြေအနေများ ပေါ်ပေါက်လာ မည်ဖြစ်သောကြောင့် ပြည်သူလူထု အတွင်း မကျေနပ်မှုများလည်း ပေါ် ပေါက်လာခဲ့ရသည်။ ပါမစ်စီးပွားရေး သည် အင်အားစု ခွဲဝေမှုကို လွဲမှားစေ ခြင်း ဖြစ်သောကြောင့် တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေး မှု ဖြစ်ပေါ်ရန် သေချာလှပေသည်။ စာရေးသူအနေဖြင့် ပါမစ်စီးပွားရေး ပေါ်ပေါက်လာခြင်းသည် မြန်မာနိုင်ငံ တွင် အဂတိလိုက်စားမှုစနစ်နှင့် အာဏာ ရှင်စနစ် ပေါ်ပေါက်လာရေးအတွက် အဓိက အထောက်အကူပြုသည့် စီးပွား ရေး ပုံသဏ္ဌာန်ဟု မှတ်ယူမိပေသည်။

မောင်သံဒိုင် (ဘောဂဗေဒ)

ရန်ကုန်သစ်၊ မတ်၊ ၂၀၁၄

❑

## ဘာကြောင့် တိုင်းပြည် ဆင်းရဲနေတာလဲ

ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့် အရေအတွက်ဖြစ်သော လူပေါင်း သုံးဘီလီယံခန့်သည် နေ့စဉ် ဝင်ငွေဒေါ်လာ ၂ ဒသမ ၅၀ အောက် လျော့နည်းသော အသုံးစရိတ်ဖြင့် စားဝတ်နေရေးပြဿနာကို ရင်ဆိုင်ဖြေရှင်းနေရသည်။ ဆိုးရွားစွာ ချို့တဲ့သူများဖြစ်သော ၁ ဒသမ ၃ ဘီလီယံခန့်မှာ ၎င်းတို့၏ စားဝတ်နေရေး အသုံးစရိတ်အဖြစ် ၁ ဒသမ ၂၅ ဒေါ်လာ လျော့နည်းသော ပမာဏကိုသာ သုံးစွဲနိုင်လေသည်။ ယူနီဆက်ဖ်အဆိုအရ ကမ္ဘာပေါ်တွင် ကလေးငယ်တစ်ဘီလီယံခန့်မှာ ဆင်းရဲချို့တဲ့စွာ အသက်ရှင်နေထိုင်နေရပြီး ဆင်းရဲနွမ်းပါးမှုဒဏ်ကြောင့် နေ့စဉ် ၂၂,၀၀၀ ခန့် သေဆုံးနေရကြောင်း သိရှိရသည်။ ကမ္ဘာတစ်ဝန်းရှိ လူပေါင်း သန်း ၈၇၀

ခန့်သည် လုံလောက်သော အစားအစာ ကို ရရှိစားသုံးနိုင်ခြင်း မရှိပေ။ ယင်းမှာ ကမ္ဘာ့နိုင်ငံတချို့၏ ဆင်းရဲမွဲတေမှု၏ အကျိုးရလဒ်တစ်ခု ဖြစ်သည်။

ယနေ့ကမ္ဘာတွင် သီးခြားရပ်တည်နေသော နိုင်ငံပေါင်း ၁၉၀ ကျော်ခန့်ရှိရာ နိုင်ငံများကို ဖွံ့ဖြိုးပြီး နိုင်ငံ (ချမ်းသာပြီးနိုင်ငံ) သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံ (ဆင်းရဲသောနိုင်ငံ) ဟူ၍ အတန်းအစားနှစ်ခု ခွဲခြားသတ်မှတ်လေသည်။ ဤတွင် နိုင်ငံများ၏ မတူညီသော အခြေအနေများကြောင့် တွေးစရာ မေးခွန်းတစ်ရပ် ပေါ်ထွက်လာသည်။ အဘယ်ကြောင့် တိုင်းပြည်ဆင်းရဲရပါသနည်း။

ယင်းမေးခွန်းအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ကာ သိသာ ကွဲပြားစေနိုင်သည်။ ဖွံ့ဖြိုးပြီး ချမ်းသာသောနိုင်ငံများတွင် ကြွယ်ဝချမ်းသာမှုအတွက် ကောင်းမွန်သော ကုန်သွယ်ရေးစနစ်အား ခြေကုပ်ယူထားသည်ကို မြင်တွေ့နိုင်သည်။ ဝန်ဆောင်မှုနှင့် ကုန်စည် ခေါင်းစဉ်နှစ်ရပ် ပါဝင်သော ကုန်သွယ်ရေးအတွက် အခြေခံလုပ်ငန်းစဉ်များကို အခြေပြုရသည်။ အခြေခံလုပ်ငန်းစဉ်များက ရင်းနှီးမြှုပ်နှံမှုကို ပြန်လည် မှီခိုရသည်။ ဤသည်က ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ကောင်းမွန်စွာလည်ပတ်နေသော ဘောဂဗေဒယန္တရားသီအိုရီအချိတ်အဆက်များ ဖြစ်သည်။

ထိုသို့ဆိုလျှင် ဖွံ့ဖြိုးဆဲနိုင်ငံ (ဆင်းရဲသောနိုင်ငံ) များ၏ ဆင်းရဲမွဲတေမှု အကြောင်းရင်းများကို ဆန်းစစ်လေ့လာရန် ခဲယဉ်းတော့မည် မဟုတ်ချေ။ ဖွံ့ဖြိုးဆဲနိုင်ငံများ (Developing Countries) ကို စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှု ဆုတ်ယုတ်နေသော နိုင်ငံများ ဖြစ်သည်ကို တွေ့ရှိရခြင်းကြောင့် LEDCS (Less Economically Developed Countries) ကို ခေါ်ဆိုက ပို၍ သင့်လျော်ပြည့်စုံလိမ့်မည် ဖြစ်သည်။

သို့သော် ဖွံ့ဖြိုးဆဲ ဆင်းရဲသောနိုင်ငံများတွင် စီးပွားရေးကဏ္ဍသာမက တိုင်းပြည်ကို ဆင်းရဲမွဲတေစေသည့် အခြားသော အကြောင်းတရားများလည်း ပါဝင်ဆက်နွှယ်နေသည်။ တိုင်းပြည်တစ်ပြည်ကို ဆင်းရဲစေနိုင်သော ဖွံ့ဖြိုးတိုးတက်မှု ဆုတ်ယုတ်စေနိုင်သော အကြောင်းအရာများထဲတွင် ပထဝီမြေမျက်နှာပြင် အနေအထား၊ နိုင်ငံရေးအခြေအနေနှင့် ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေး ထုံးတမ်းအစဉ်အလာ ဟူသော အကြောင်းအချက်သုံးရပ်လည်း အဓိကပါဝင်ပတ်သက်နေသည်။ ယင်းအကြောင်းအရင်းသုံးရပ်ပေါ်တွင် ခေါင်းစဉ်ခွဲများ ထပ်မံခွဲထုတ်နိုင်သည်။ တိုင်းပြည်

ဖွံ့ဖြိုးတိုးတက်မှု ဆုတ်ယုတ်ခြင်းနှင့် ပထဝီမြေမျက်နှာသွင်ပြင်အနေအထား ခေါင်းစဉ်အောက်တွင် ရာသီဥတု၊ တည်နေရာအနေအထား၊ သဘာဝ အရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင် တည်ငြိမ်မှုဟူ၍ ခေါင်းစဉ် ထပ်ခွဲနိုင်သည်။

ရာသီဥတု အခြေအနေအရ ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲသောနိုင်ငံများကို ကြည့်လိုက်လျှင် အပူပိုင်းဇုန်ဒေသများအတွင်း ကျရောက်နေသည်ကို မြင်တွေ့နိုင်ပြီး ရေအရင်းအမြစ် ရှားပါးမှု၊ မြေဆီသြဇာ ခန်းခြောက်နည်းပါးမှု၊ ရောဂါဘယ ထူပြောမှုများကို တွေ့ရှိနိုင်သည်။ ဥပမာအားဖြင့် ဥရောပနှင့် တောင်အမေရိက၏ ရာသီဥတု အခြေအနေကြောင့် အကျိုးအမြတ် ဖြစ်ထွန်းမှုကို လေ့လာကြည့်ရှုနိုင်သည်။ တည်နေရာအနေအထား၏ အကျိုးရလဒ်အဖြစ် ကုန်းပိတ်နိုင်ငံများအဖြစ် တည်ရှိလေ့ရှိသော ဆင်းရဲသည့်နိုင်ငံများနှင့် အမေရိကန်၊ တရုတ်ကဲ့သို့သော ကုန်သွယ်ရေးနှင့် ရေလမ်းကြောင်းများ ပွင့်လင်းသည့် အခြေအနေကို နှိုင်းယှဉ်ကြည့်ရှုနိုင်သည်။ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှုအတွက် ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့၏ ရေနံအရင်းအမြစ် ပိုင်ဆိုင်ထားမှုနှင့် ရွှေနှင့် စိန် ထွက်ရှိမှုကြောင့် အာဖရိကတိုက်အတွင်း စီးပွားဖြစ်ထွန်းလျက်ရှိသော တောင်အာဖရိကနိုင်ငံက သာဓကတစ်ရပ်ပင် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် တည်ငြိမ်မှု၏ အရေးပါအရာရောက်မှုကို သဘာဝဘေးအန္တရာယ် ကုန်းမြေများတွင် တည်ရှိနေသော အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ အခြေအနေကို ကြည့်ရန်ရှိကာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ သဘာဝဘေးအန္တရာယ် စိုးရိမ်ပူပန်မှုကြောင့် ဆုံးရှုံးလက်လွှတ်ရသည်ကို မြင်တွေ့နိုင်သည်။

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆုတ်ယုတ် ဆင်းရဲစေသော ပင်မအကြောင်းအချက်သုံးချက်ထဲမှ ဒုတိယတစ်ချက်ဖြစ်သော နိုင်ငံရေးအခြေအနေတွင် ညံ့ဖျင်းသော အစိုးရ၊ အကျင့်ပျက်ခြစားမှု၊ ကုန်သွယ်ရေး ဥပဒေများနှင့် နိုင်ငံရေး အခြေအနေ မငြိမ်မသက်မှု ဟူသော ခေါင်းစဉ်ငယ်များ ပါဝင်နေသည်။ တိုင်းပြည်တစ်ပြည်တွင် အစိုးရသူများအနေဖြင့် တိုင်းပြည်၏ အခြေခံလုပ်ငန်းဆောင်တာများ တည်ဆောက်ထိန်းသိမ်းခြင်း၊ ဘဏ္ဍာငွေများကို အသိဉာဏ်ရှိစွာဖြင့် မှန်မှန်ကန်ကန် သုံးစွဲနိုင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေမူထုံးများကို အိမ်တွင်း မှားယွင်းစွာ စီမံအုပ်ချုပ်နေပါက တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လမ်းစကို မည်သို့မျှ တွေ့ရှိနိုင်

မည် မဟုတ်ပေ။ အကျင့်ပျက် ခြစားမှု ပြဿနာရပ်မှာ နိုင်ငံတွင်း အစိုးရဌာနဆိုင်ရာလုပ်ငန်းများ၏ အစီအစဉ်များကို အကောင်အထည် မဖော်နိုင်ခြင်း၊ အရှိန်ကန့်ကြာမှုများကို ဖြစ်ပေါ်လာစေခြင်းကြောင့် တိုင်းပြည် ဆင်းရဲခြင်းမှ ရုန်းထွက်ရန် ကြိုးပမ်းရာတွင် အဓိကရန်သူဟုပင် ဆိုနိုင်သည်။ ကုန်သွယ်ရေး ဥပဒေများနှင့် ပတ်သက်၍ လွန်စွာ ရှုပ်ထွေးသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ခြင်းကြောင့် ကျယ်ပြန့်သော အကြောင်းတရားများ ရှိနေသည်။

ဥပမာ တစ်စုံတစ်ခုအနေဖြင့် ဆိုရသော် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မတူညီသော အခွန်စည်းကြပ်မှု ဥပဒေများဖြင့် ၎င်းတို့၏ ပို့ကုန်တန်ဖိုး လျော့ချနေခြင်း ဖြစ်သည်။ အမေရိကန်နှင့် ဥရောပတို့ ထိန်းချုပ်ထားသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တွင် ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးအတွက် မတူညီသော စည်းမျဉ်းပြဋ္ဌာန်းချက်များ ရှိနေကာ ယင်းမှာ တရားမဝင်သော လုပ်ရပ်တစ်ခုဖြစ်သည်။ ဖွံ့ဖြိုးပြီး နိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ နိုင်ငံခြား ပို့ကုန်အခွန်စည်းကြပ်နှုန်းမှာ လေးဆခန့် ပိုမိုမြင့်မားနေခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးအတွက် တရားမျှတမှု မရှိသော အထိနာမှုတစ်ခု ဖြစ်သည်။

ကျန်ရှိသော တိုင်းပြည်တချို့အား ဆင်းရဲသောနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်စေသည့် အကြောင်းတစ်ချက်မှာ နိုင်ငံရေးအခြေအနေ မငြိမ်သက်မှု ဖြစ်သည်။ အဓိကအားဖြင့် ပြည်တွင်း လူမျိုးစုဝင်များကြား ပဋိပက္ခဖြစ်ပွားမှုဖြစ်ပြီး ဥပမာအားဖြင့် ဆိုမာလီယာ၊ အာဖဂန်နစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့မှာ ထင်ရှားသော သာဓကများ ဖြစ်သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ဆုတ်ယုတ်စေသော အဓိကနောက်ဆုံးအချက်မှာ ယဉ်ကျေးမှုနှင့် လူမှုရေး ပြဿနာများဖြစ်ပြီး ယင်းခေါင်းစဉ်အောက်တွင် လူမျိုးရေးခွဲခြားမှု၊ လူဦးရေနှင့် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ အကြောင်းတရားများ တည်ရှိနေသည်။ လူမျိုးရေး ခွဲခြားမှုပြဿနာများအဖြစ် ကင်မရွန်းနိုင်ငံတွင် ပြင်သစ်စကားပြောသူများနှင့် အင်္ဂလိပ်စကားပြောသူများတွင် ပြည်သစ်စကားပြောသူများအတွက် အခြေခံလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးမှုက သာဓကအဖြစ် မြင်တွေ့နိုင်သကဲ့သို့ အလားတူဖြစ်ရပ်များကို ကနေဒါ၊ ဗြိတိန်၊ စပိန်နှင့် တောင်အာဖရိကနိုင်ငံတို့တွင်လည်း တွေ့ရှိနိုင်သည်။ လူဦးရေပြဿနာအတွက် လူဦးရေ နှစ်ဆ၊ သုံးဆ မြင့်တက်လာမှုမှာ

၎င်းတို့၏ စီးပွားရေးကို ဟန်ချက်ညီအောင် ချိန်ညှိနိုင်သော ဖွံ့ဖြိုးပြီးချမ်းသာသောနိုင်ငံများအတွက် ပြဿနာ မရှိလှသော်လည်း ဖွံ့ဖြိုးဆဲ ဆင်းရဲသောနိုင်ငံများအတွက် ခေါင်းခဲစေမည့် ပြဿနာတစ်ရပ်ဖြစ်သည်။ နောက်ဆုံးအချက်မှာ တိုင်းပြည်များ၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများဖြစ်ပြီး အထူးသဖြင့် အမျိုးသမီးထု၏ စွမ်းအား အရင်းအမြစ်များကို စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပါဝင်လှုပ်ရှားခွင့်ကို ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများအရ အဟန့်အတား ဖြစ်စေခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ဘာသာရေးဝါဒ အစွန်းရောက်သော တာလီဘန်၊ အာဖဂန်နစ္စတန်၊ ကွန်မြူနစ်ဝါဒ ကျင့်သုံးသော မြောက်ကိုရီးယား၊ တရုတ်နှင့် ယဉ်ကျေးမှုဓလေ့စရိုက်များ လွှမ်းမိုးမှုကြီးမားသော အိန္ဒိယနိုင်ငံများကို ရှုမြင်သုံးသပ်နိုင်မည် ဖြစ်သည်။


အချုပ်အားဖြင့်ဆိုသော် တိုင်းပြည် တစ်ပြည်၏ ဆင်းရဲမွဲတေမှုတွင် အကြောင်းအချက်များစွာ ပါဝင်သော်လည်း အနှစ်ချုပ်အားဖြင့် ပထဝီ မြေမျက်နှာသွင်ပြင် အနေအထား၊ နိုင်ငံရေးအခြေအနေနှင့် ယဉ်ကျေးမှု ဓလေ့စရိုက်များဟူ၍ အချက်သုံးချက်ပေါ်တွင်သာ မှီခိုနေသည်။ ယင်းအကြောင်းအချက်များတွင် ပြုပြင် ပြောင်းလဲဖန်တီးရန် လွယ်ကူသော အကြောင်းအချက်များနှင့် မလွယ်ကူသော အကြောင်းအချက်ဟူ၍ ဖြန့်လည် ခွဲခြားနိုင်သည်။ ပြုပြင်ပြောင်းလဲ ဖန်တီးမှုများကို မည်သည့်အရာက ပုံဖော်နိုင်မည်နည်း။ စင်စစ်ချင့်ချိန် တွေးဆကြည့်လျှင် တိုင်းပြည်တစ်ပြည်၏ အထွတ်အခေါင်ဖြစ်သော အစိုးရ၏ စီမံခန့်ခွဲမှုသာလျှင် အဓိကအခရာဖြစ်ခြင်းကြောင့် တိုင်းပြည်တစ်ပြည်၏ ဆင်းရဲမွဲတေမှုအတွက် ပြုပြင်ပြောင်းလဲရန် ခက်ခဲသော သို့တည်းမဟုတ် ညံ့ဖျင်းသောအစိုးရတစ်ရပ်သည်သာလျှင် အဓိကပြဿနာ အကြောင်းတစ်ရပ်ဖြစ်သည်ဟု ယူဆမိပါကြောင်း ဆွေးနွေးတင်ပြလိုက်ရပါသည်။

**စိုးမိုး (IN'D)**

THE FLOWER NEWS
MARCH 11-17, 2014

❑

# ပညာရေး



နှလုံးသားနဲ့ လှမ်းကြမယ်
၂၀၁၄

# ပညာရေး

**ခေတ်ဘုန်းသစ်**

အကြောက်တရားနဲ့ မဆုံးမဘဲ အသိတရားနဲ့ ယဉ်ကျေးလိမ္မာစို့

**တင့်နိုင်**

နိမ့်ကျခံစားမှုနဲ့ လူ့တန်ဖိုး

**နန္ဒာဘုန်းမြင့်**

ပညာလက်ဆုပ်စနစ် ဘယ်တော့ချုပ်ငြိမ်းမလဲ

**စောနန္ဒာအောင်**

အ.အောင် သင်တဲ့ သမိုင်း

**မောင်လင်း**

ပညာရေးစံလား ငွေစံလား

## အကြောက်တရားနဲ့ မဆုံးမဘဲ အသိတရားနဲ့ ယဉ်ကျေးလိမ္မာဖို့

"ကလေးကို ရိုက်နှက်ဆုံးမတာ မကောင်းဘူး၊ မရိုက်ရဘူး" ဆိုတဲ့ စကားကို မိဘ တော်တော်များများနဲ့ ဆရာ၊ ဆရာမ တော်တော်များများ ကြားဖူးကြမှာပါပဲ။ ဒါပေမဲ့ ဘာကြောင့် မရိုက်ရသလဲ၊ ဘာဖြစ်လို့ မရိုက်သင့်သလဲဆိုတဲ့ ကိစ္စကိုတော့ သေသေချာချာ သိရှိသူ နည်းပါတယ်။

ဒါကြောင့်မို့ တချို့မိဘ၊ ဆရာများကလည်း ကလေးကို ရိုက်နှက်ဆုံးမခြင်းဟာ ကောင်းတယ် ဆိုတဲ့ အယူအဆကို ဆက်လက်စွဲကိုင်ပြီးတော့ ရိုက်ပြီး ဆုံးမနေကြတုန်းပါပဲ။ တချို့ကလည်း ကလေးကို မရိုက်ရဘူးလို့ ပြောတာဟာ ကလေး အသားနာသွားမှာစိုးလို့ တားမြစ်တာလို့ ထင်မြင်ယူဆကြပြီးတော့ မနာအောင် ရိုက်တတ်ကြပြန်ပါရော။ တချို့ကတော့ဖြင့်

ကလေးကို လုံးဝမရိုက်ဘဲနဲ့ ကလေး ရဲ့ စိတ်နှာကျင်ခံစားသွားတဲ့အထိ ပြောဆိုတာ၊ အော်ငေါက်တာ၊ ဆိုးဆိုးဝါးဝါး ဒဏ်ပေးတာ စတာတွေကိုလုပ်ကြပြန်ပါရော။

အမှန်တော့ ကလေးကို မရိုက်ရဘူးလို့ ပြောခြင်းဟာ ကလေး အသားနာမှာစိုးတဲ့အတွက် တားမြစ်ထားတဲ့ တားမြစ်ချက် မဟုတ်ပါဘူး။ ရိုက်နှက်ဆုံးမခြင်းဟာ ကလေးတစ်ယောက်ကို ဆုံးမပြုပြင်ဖို့အတွက် မှန်ကန်တဲ့ ဆုံးမနည်း မဟုတ်တာမို့ မရိုက်ရဘူးလို့ ဆိုလိုတာပါပဲ။

ဥပမာ-ကလေးတစ်ယောက်က ပိုက်ဆံခိုးယူတယ် ဆိုပါစို့။ ပိုက်ဆံခိုးတဲ့အတွက် ကလေးကို ရိုက်နှက်ဆုံးမလိုက်မယ်ဆိုရင် ကလေးဟာ ကြောက်သွားပြီး နောက်ကို မခိုးတော့ဘူးလို့ ယူဆကြပါတယ်။ အမှန်တော့ ဒီအယူအဆဟာ အင်မတန် မှားယွင်းတဲ့ ယူဆချက်တစ်ခုပါပဲ။ ကလေးဟာ အဖေက နာအောင်ကျင်အောင် (မှတ်အောင်လို့) ရိုက်လိုက်တဲ့အတွက် အဖေကို ကြောက်ရတဲ့အတွက် လတ်တလောမှာတော့ မခိုးတော့ပါဘူး။ ဒါပေမဲ့ အဖေလက်လှမ်းမမီနိုင်တဲ့ အသက်အရွယ်၊ အနေအထား၊ အခြေအနေမျိုးကို ရောက်သွားတဲ့အခါမှာတော့ ခိုးယူချင်တဲ့စိတ်ဟာ ပြန်ပေါ်လာပြီး ခိုးတတ် ဝှက်တတ်လာပါတော့တယ်။

ခိုးချင်တယ်၊ လိမ်ချင်တယ်၊ အနိုင်ကျင့်ချင်တယ် စတဲ့ စိတ်တွေဟာ ငယ်ရွယ်စဉ်ကာလမှာ ကလေးတို့မှာ အနည်းနဲ့အများဆိုသလို ရှိတတ်ကြတဲ့ စိတ်မျိုးပါ။ ဒီလိုစိတ်တွေကို လူကြီးဘဝထဲအထိ ပါမလာဖို့ ဆုံးမရမယ့် တာဝန်က မိဘ၊ ဆရာများရဲ့ တာဝန်ပါပဲ။ အမှန်တော့ ကလေးတစ်ယောက်က ပစ္စည်းတစ်ခုခုကို ခိုးတယ်ဆိုပါတော့။ မင်း သူခိုးပဲလို့ ကလေးကို မစွပ်စွဲခင်မှာ သူ ဘာကြောင့် ခိုးသလဲ၊ ဘာအတွက် ခိုးသလဲဆိုတာကို အရင်ဆုံး သိအောင်လုပ်ဖို့ လိုပါတယ်။ အဲဒီလို သိပြီဆိုရင်တော့ ဘာကြောင့် မခိုးသင့်သလဲဆိုတဲ့ကိစ္စကို ကလေး နားလည်အောင်လို့ ကလေး နားလည်တဲ့စကားနဲ့ သေသေချာချာ ဆွေးနွေးဖို့ လိုပါတယ်။ ကလေးရဲ့ ရင်ထဲမှာ ခိုးတယ် ဆိုတာ မကောင်းဘူး၊ ခိုးလိုက်တဲ့အတွက် လူတွေရဲ့ မယုံကြည်မှုကို ရရှိစေတယ်။ လူ့လောကဝန်းကျင်မှာလည်း မျက်နှာငယ်ရတယ်။ သူငယ်ချင်းတွေကလည်း မပေါင်းချင်တော့ဘူးစတဲ့ ခိုးဝှက်ခြင်းရဲ့ နောက်ဆက်တွဲ ဖြစ်လာမှာတွေကို ကလေးရင်ထဲ စွဲသွား၊ သိသွားအောင် လုပ်ပေးရပါမယ်။ တစ်နည်းအားဖြင့် ကလေးဟာ

တစ်ဦးဦး၊ တစ်ယောက်ယောက်ကို ကြောက်လို့ မနိုးတာ မဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် လေးစားလို့၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားလို့ မနိုးမဝှက်တာ ဆိုတဲ့ စိတ်ကလေး ဝင်သွားအောင် လေ့ကျင့်ပေးဖို့ပါပဲ။

ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားစိတ်၊ ကိုယ့်ကိုယ်ကိုယ် လေးစားစိတ် ဆိုတဲ့ စိတ်ကလေးဟာ တကယ့်ကိုမှ အဖိုးတန်တဲ့စိတ်ပါ။ အကြောက်တရားနဲ့ ရှောင်ကြဉ်တာမျိုးမဟုတ်ဘဲ မလုပ်သင့် မလုပ်ထိုက်တဲ့အရာမို့လို့ မလုပ်တာ ဆိုတဲ့ စိတ်မျိုးကို လေ့ကျင့်ပေးဖို့အတွက် ကလေးကို ဆုံးမတဲ့အခါမှာ တုတ်ကို ရှောင်ရပါမယ်။

ကျွန်မရဲ့ ကိုယ်တွေ့အနေနဲ့ ပြောရရင် ကျွန်မမှာ သားလေးတစ်ယောက် ရှိပါတယ်။ မွေးကတည်းက စပြီး အခုအရွယ်အထိ တစ်ခါမှ သူ့ကို မရိုက်ဖူးသေးပါဘူး။ သူ အမှားအယွင်းတစ်ခုခုလုပ်တိုင်းမှာ ကျွန်မ ဝမ်းသာရပါတယ်။ ကလေးအမှားအယွင်းတစ်ခု လုပ်တိုင်း ဝမ်းသာတယ်ဆိုလို့ စာဖတ်သူများကတော့ အံ့သြကြမှာအမှန်ပါပဲ။ ဟုတ်ကဲ့၊ ကျွန်မ အင်မတန်မှ ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မ သူ့ကို သင်ပြခွင့်၊ ဆုံးမခွင့်ရလို့ပါပဲ။ ကျွန်မဟာ သားကို နားလည်အောင် ပြောဆိုဆုံးမပါတယ်။ ဘာကြောင့် သူ လုပ်သလဲ၊ ဘာဖြစ်လို့ လုပ်သလဲဆိုတာကို အမြဲတမ်း သားကို အရင်မေးပါတယ်။ သူ့ရင်ထဲက ခံစားချက်၊ သူ့အတွေးအမြင်၊ သူ့သဘောထားကို ကျွန်မ စိတ်ရှည်ရှည်နဲ့ နားထောင်ပါတယ်။ ပြီးတဲ့အခါမှာတော့ ဘာကြောင့် မလုပ်သင့်ဘူးဆိုတာကို သူ နားလည်တဲ့အထိ ကျွန်မ ရှင်းပြပါတယ်။

မေမေ သားတောင်းပန်ပါတယ်လို့ သူပြောတိုင်းမှာ ကျွန်မဟာ တောင်းပန်တယ် ဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကိုပါ သားကို တစ်ခါတည်း ရှင်းပြရပါတယ်။ တောင်းပန်တယ် ဆိုတဲ့ စကားဟာ နောက်တစ်ကြိမ် ထပ်လုပ်ဖို့အတွက် အမေကိုချော့တဲ့ (စိတ် ကျေနပ်အောင်ပြောတဲ့) စကား မဖြစ်စေရပါဘူး။ တောင်းပန်တယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ နောက်တစ်ကြိမ် ဒီလို အပြုအမူမျိုးကို ဘယ်တော့မှ မလုပ်တော့ပါဘူး ဆိုတဲ့ ကတိစကားတစ်ခု ဖြစ်တယ်ဆိုတဲ့ အကြောင်းကိုပါ သူ့ကို ပြောပြရပါတယ်။ သားကို ကျွန်မ တုတ်နဲ့ မရိုက်သလို၊ ကြောက်အောင်လည်း မခြောက်ခဲ့ပါဘူး။ ကိုယ်ချင်းစာစိတ် ရှိအောင်နဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား တတ်အောင်ပဲ သင်ပေးပါတယ်။

အကြောက်တရားနဲ့ ရှောင်

ကြည့်ထားတဲ့ လိမ္မာမှုမျိုးကို မယုံကြည် မလိုလားသူမို့ ကျွန်မကတော့ ကလေးတွေကို အကြောက်နဲ့ လိမ္မာစေတာကို ဘယ်တုန်းကမှ လက်မခံခဲ့ပါဘူး။ အဲဒီအကြောင်းကို ပြောတိုင်း ဆရာကြီး ရွှေဥဒေါင်းရေးတဲ့ တစ်သက်တာမှတ်တမ်းနဲ့ အတွေးအခေါ်များ စာအုပ်ထဲမှာ ဆရာကြီးပြောတာကို သတိရမိပါတယ်။ ဆရာကြီးဟာ အမေကို အင်မတန် ကြောက်ရပါတယ်။ အရိုက်ကြမ်းတဲ့အမေကို ကြောက်ရတဲ့အတွက် အမေ မကြိုက်တာကို အမေ့ရှေ့မှာ မလုပ်ရဲပါဘူးတဲ့။ ဒါပေမဲ့ အမေ့ကွယ်ရာမှာတော့ ခိုးလုပ်ပါတယ်တဲ့။ တစ်ခါဖူးမျှ တုတ်တစ်ချက် မကိုင်ဘူးတဲ့၊ အင်မတန် အေးဆေးပျော့ပျောင်းတဲ့ အမေကိုတော့ လေးစားတဲ့အတွက် အမေ မကြိုက်တာကို အမေ့ရှေ့မှာရော၊ အမေကွယ်ရာမှာပါ သူ မလုပ်ဘူးလို့ ရေးထားတာပါ။

ကျွန်မတို့ရဲ့ ကလေးတွေကို ပြုစုစောင့်ရှောက်တယ် ဆိုတာဟာ ကလေးတို့ရဲ့ အနာဂတ် (တစ်နည်းပြောရရင်) နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ကို ပျိုးထောင်ပေးခြင်းပါပဲ။ အကြောက်တရား ကင်းတဲ့၊ ကိုယ့်ကိုယ်ကိုယ် လေးစားကြည်ညိုတတ်တဲ့ ကလေးတွေ ဖြစ်စေဖို့နဲ့ လူရှေ့ရော၊ လူကွယ်ရာမှာပါ အကျင့်စာရိတ္တကောင်းတဲ့ ကလေးတွေ ဖြစ်စေဖို့အတွက် ကလေးတို့ကို ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးဖို့ လိုပါတယ်။ ကမ္ဘာမှာ သိက္ခာရှိတဲ့၊ ယဉ်ကျေးတဲ့၊ ကိုယ်ချင်းစာတတ်တဲ့၊ မရိုင်းပျတဲ့၊ အကျင့်စာရိတ္တ ကောင်းတဲ့ လူမျိုးရယ်လို့ နောင်မျိုးဆက်မှာ ဂုဏ်ယူဝင့်ကြွားနိုင်ဖို့ ကျွန်မတို့ရဲ့ကလေးများကို အကြောက်တရားနဲ့ မဆုံးမဘဲ အသိတရားနဲ့ ယဉ်ကျေးလိမ္မာအောင် ဆုံးမပေးကြပါဦးလို့။

**ခေတ်ဘုန်းသစ်**

The Irrawaddy
2-3-2014

❑

## နိမ့်ကျခံစားမှုနဲ့ လူတန်ဖိုး

(၁)

အတန်းထဲတွင် အဆင့် ၁ ရသဖြင့် ဆရာမက သမီးငယ် ကရုဏာကို ဆုပေးလိုက်သည်။ ထိုဆုဖြစ်သော ဘောပင်လေးကိုကိုင်ကာ သမီးငယ်သည် ကျွန်တော့်ရင်ခွင်သို့ ပြေးဝင်လာသည်။ ကျွန်တော်က "ငါ့သမီးက သိပ်တော်တာပဲ" ဟု ပြောပြီး သမီးငယ်၏ပါးနှစ်ဖက်ကို အားရပါးရ နမ်းသည်။ ဒါသည်ပင် ကျွန်တော်ပေးလိုက်သော ဆုတစ်ဆု ဖြစ်သည်။

သမီးငယ် ထပြန်သွားသောအခါ ကျွန်တော် စဉ်းစားကြည့်သည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ တစ်ပြည်လုံး လူတစ်သိန်းဝင်ဖြေသည် ဆိုကြပါစို့။ ထိုအထဲမှ အတော်ဆုံး ၁၀ ယောက်ကို

**လူတန်ဖိုးသည်
တက္ကသိုလ်ဝင်တန်းတွင်
အမှတ်အများဆုံး ရသည်နှင့်
မည်သို့ ပတ်သက်ဆက်စပ်နေပါသနည်း။**

ရွေးပြီး ခုပေးလိုက်သည်။ သို့ဆိုပါလျှင် ကျန် ၉၉၉၉၀ သည် မတော်သူများ ဖြစ်သွားပြီလား။ တစ်သိန်းမှာ ဆယ်ယောက်ကိုသာ ထူးချွန်ပြောင်မြောက်သူအဖြစ် "စံ" ထားပြီး ချီးမြှောက်လိုက်ခြင်းဖြင့် မရည်ရွယ်ပါဘဲလျက်နှင့် ကျန်လူအများစုသည် အသုံးမကျသော၊ အရာမရောက်သော လူအစုများ အလိုလိုဖြစ်သွားပေလိမ့်မည်။

လူ့တန်ဖိုးသည် တက္ကသိုလ်ဝင်တန်းတွင် အမှတ်အများဆုံး ရသည်နှင့် မည်သို့ ပတ်သက် ဆက်စပ်နေပါသနည်း။ ပညာရေးနှင့် ဆက်စပ်သူများ စဉ်းစားရန်လိုပြီ။ ပြဋ္ဌာန်းစာကို မကျက်၍ စာမေးပွဲကျသည်။ အမှတ်နည်းသည်။ ပြဋ္ဌာန်းစာကို "၏-သည်" မလွဲ ကျက်မှတ် ဖြေဆိုနိုင်သဖြင့် ဆေးတက္ကသိုလ်၊ ရေကြောင်း၊ UFL တို့ကို တက်ခွင့်ရသည်။ အဆိုပါ ကျောင်းသားနှစ်မျိုးနှစ်စားတို့တွင် မည်သည့်အရာက ကွာနေပါသနည်း။ I.Q လား၊ ကြိုးပမ်းအားထုတ်မှုလား၊ လူ့တန်ဖိုးသည် ထိုကျက်မှတ်နိုင်မှုအပေါ် အခြေခံပါသလား။ ဤကိစ္စကို လူတိုင်း စဉ်းစားကြမည် မဟုတ်ပါ။ သို့ရာတွင် ပညာရေးကို ပြောင်းလဲတော့မည် ဆိုသောအခါ ဤကိစ္စသည် ထည့်သွင်းစဉ်းစား ရမည့်ကိစ္စ ဖြစ်သည်။ လူငယ်တစ်ယောက်၊ ကျောင်းသားတစ်ယောက်၏ အနာဂတ်တက်လမ်းကို ပိတ်ဆို့ပစ်လိုက်သော မည်သည့် ပညာရေးစနစ်ကိုမှ မပြဋ္ဌာန်းသင့်ပါ။

ကလေးတိုင်းသည် တန်ဖိုးရှိပါ၏။ မိမိကိုယ်ကိုယ် တန်ဖိုးမရှိဟူသော အသိစွဲငြိသွားခဲ့ပါလျှင် သိမ်ငယ်ခံစားမှု၊ နိမ့်ကျခံစားမှုများ ဝင်လာမည်။ ထိုအခါ ထိုကလေးသည် အနာဂတ်တွင် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးရေးအတွက် အပေါင်းလက္ခဏာ မဆောင်နိုင်တော့ပါ။ စိတ်ပညာဘာသာရပ်တွင် inferiority complex သည် လူသားတစ်ဦး၏ဘဝကို ရိုက်ချိုးပစ်လိုက်သော မလို

လားအပ်သော စိတ်ခံစားမှုတစ်ခု ဖြစ်သည်။ ဆယ်ကျော်သက်အရွယ် လူငယ်များတွင် မကြာခဏ တွေ့မြင်နေရသော ကလန်ကဆန်လုပ်မှုများ၊ မကျေနပ်မှုများ၊ ပေါက်ကွဲမှုများနှင့် ရန်လိုမှုများသည် ထိန်းချုပ်၍ မရနိုင်သော သိမ်ငယ်ခံစားမှုများနှင့် မပြည့်စုံမှုများအပေါ် အခြေခံခဲ့ခြင်း ဖြစ်သည်။

ကျောင်းသား လူငယ်တစ်ဦး၏ နောက်ကွယ်တွင် သူ့မိသားစုဘဝလေးတစ်ခု ရှိသည်။ ထိုဘဝမှန်ကို လက်ခံပြီး ကြီးပြင်းရန်လိုသည်။ ထိုအခါ ကလေးနှင့် တိုက်ရိုက်ဆက်စပ်နေသော အိမ်နှင့် ကျောင်းသည် ကလေး မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား လေးစားသောစိတ် ဖြစ်ပေါ်လာအောင် စွမ်းဆောင်ပေးရန် တာဝန်ရှိလာသည်။ ယနေ့ ကျောင်းများသည် ကလေးငယ်တစ်ဦး၏ လူ့တန်ဖိုးကို မည်မျှအသိအမှတ် ပြုကြပါသနည်း။ စာသင်ကျောင်းတစ်ကျောင်းသည် သူ့ရင်ခွင်ရှိ ကလေးများကို လူ့သိက္ခာရှိမှု၊ မိမိကိုယ်ကို လေးစားယုံကြည်မှုတို့ ပြည့်ဝအောင် မြေတောင် မြှောက်ပေးရန် တာဝန်ရှိသည်။

သိမ်ငယ်စိတ်ဝင်နေသူ တစ်ဦးသည် မိမိကိုယ်ကိုမိမိ ယုံကြည်မှု မရှိတော့။ ကိုယ့်သိက္ခာ ကိုယ့်တန်ဖိုးကိုလည်း ထားရကောင်းမှန်းမသိတော့ပါ။ ထို့ကြောင့် အောင်မြင်မှုနှင့် ဝေးကွာသွားတတ်ပါ၏။

ပုဂ္ဂိုလ်ရေးတန်ဖိုးဟူသည် မိမိကိုယ်ကို တန်ဖိုးမဲ့သူဟု ထင်နေသူအချို့အတွက်သာ မဟုတ်၊ လူ့အဖွဲ့အစည်းဝင် အားလုံးနှင့် ပတ်သက်နေသော အခြင်းအရာ ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းကြတော့မည်ဆိုသောအခါ အရေးတကြီး လိုအပ်လာသည်မှာ ပုဂ္ဂိုလ်ရေးရာ တန်ဖိုးဖြစ်သည်။ လူတိုင်းသည် မိမိကိုယ်ကို တန်ဖိုးရှိသူဟု ယုံကြည်လက်ခံပြီး အခြားခံလူများကိုလည်း တန်ဖိုးရှိသူများအဖြစ်

**စာသင်ကျောင်းတစ်ကျောင်းသည်**
**သူ့ရင်ခွင်ရှိကလေးများကို**
**လူ့သိက္ခာရှိမှု၊ မိမိကိုယ်ကို**
**လေးစားယုံကြည်မှုတို့ပြည့်ဝအောင်**
**မြေတောင် မြှောက်ပေးရန်**
**တာဝန်ရှိသည်။**

**မည်သို့ပင်ဆိုစေ ကလေးသည် တိုင်းပြည်၏ အနာဂတ်ဖြစ်သည်။ ကျောင်းသည် ဝိသုကာလောင်းများ မွေးထုတ်ရာနေရာ ဖြစ်သည်။ ဝိတနှင့် ဆရာများသည် ကလေးတစ်ယောက်၊ အနာဂတ်ပညာ လူ့အဖွဲ့အစည်းတွင် အရာရောက်သော လူသားတစ်ဦးဖြစ်လာစေရန်အတွက် သူတို့ကို မိမိကိုယ် မိမိ ယုံကြည်စိတ်ရှိလာအောင် ကိုယ့်သိက္ခာကို ကိုယ်လေးစားစိတ်တို့ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးရမည်။**

သတ်မှတ်လက်ခံနိုင်ပါမှသာ ဤ လူ့ဘောင်လောကကြီးသည် ငြိမ်းချမ်းသာယာလာမည်။ အသားအရောင်၊ လူမျိုး၊ ဘာသာများနဲ့ လူ့တန်ဖိုးကို သတ်မှတ်ပြီး ခွဲခြားဆက်ဆံနေသော လူ့အဖွဲ့အစည်းတစ်ခုသည် မည်မျှပင် ဒီမိုကရေစီဟု အော်ဟစ် အော်ဟစ်၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းမဟုတ်ပါ။ လူ့တန်ဖိုးအစစ်ကို နားလည်နိုင်စွမ်း မရှိသော သူများက လွှမ်းမိုးနေမှုကြောင့်ပင် ထိုသို့ဖြစ်နေခြင်း ဖြစ်သည်။ လူ့တန်ဖိုးကို အကဲဖြတ်မှုနှင့် စပ်လျဉ်း၍ လုံးဝတရား မျှတမှုမရှိသော စနစ်ကြောင့်ပင် ဤသို့ ဖြစ်နေခြင်း ဖြစ်သည်။

(၂)

လူ့အဖွဲ့အစည်းတစ်ခုကို တဖြည်းဖြည်း ပြောင်းလဲ ရယူဖို့ဟု ဆိုရာတွင် အဓိကအားဖြင့် ပညာရေး ပညာရှင်တို့ လိုသည်။ အာဏာရှိသူတို့သည် ထိုသူတို့ကို ယုံယုံကြည်ကြည် အပ်နှံရမည်ဖြစ်သည်။ မိမိကိုယ်တိုင် ကမ္ဘာကြီးကို ခေတ်မီမီ မကြည့်တတ်သူများသည် ပညာလူ့အဖွဲ့အစည်းကို မြင်နိုင်လောက်သော ကိုယ်ရည်ကိုယ်သွေး မရှိပါ။ ကိုယ်ရည်ကိုယ်သွေး အဆင့်မမီသူများသည် နိုင်ငံ၏ကံကြမ္မာကို ဖန်တီးသူများ၏ နေရာတွင် မနေသင့်ပါ။ ထိုသို့သောနေရာတွင် ရောက်နေခြင်းဖြင့် သူလည်း အရာမရောက်သလို၊ နိုင်ငံ၏ အနာဂတ်သည်လည်း မရေမရာ မသေမချာ ဖြစ်နေတတ်ပါ၏။

ယနေ့ ကလေး၊ လူငယ် ကျောင်းသူ ကျောင်းသားများသည် အနာဂတ် လူ့အဖွဲ့အစည်းသစ်ကို စီမံဖန်တီးကြရမည့် ဗိသုကာလေးများ ဖြစ်သည်။ သူတို့ကို မှန်ကန်စွာ ကြီးပြင်းနိုင်ရန် လိုသည်။ သူတို့ဘဝတွင် ကြုံတွေ့ရင်ဆိုင်ရမည့် အတားအဆီး အခက်အခဲဟူသမျှတို့ကို ကျော်လွှားပြီး အောင်မြင်မှုကို သိမ်းပိုက်နိုင်ရန် လိုပါသည်။ သည့်အတွက် ဘဝကို ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်မည့် စိတ်အင်အားရှိရန် လိုပါသည်။ သိမ်ငယ်စိတ်၊ နိမ့်ကျစိတ်

များ ဝင်နေသော ကလေးငယ်တစ်ဦးတွင် ရင်ဆိုင်နိုင်သော စိတ်အရည်အချင်း မရှိနိုင်ပါ။

အဆိုးဆုံးမှာ တာဝန်ရှိသူများကိုယ်တိုင်က လူမမည်ကလေးအပေါ် လူမျိုးအရ၊ ဘာသာအရ၊ အသားအရောင်အရ၊ ရုပ်ရည်အရ၊ မိဘဆွေမျိုး အသိုက်အဝန်းအရ ခွဲခြားဆက်ဆံလိုက်ခြင်းပင် ဖြစ်သည်။ ထိုအခါ ကလေးများ၏ ရင်တွင်း၌ inferiority complex သည် ချက်ချင်းပေါ်လာတော့သည်။ ထိုသိမ်ငယ်ခံစားမှုသည်ပင် ကလေး၏အနာဂတ်ကို ရိုက်ချိုးပစ်လိုက်ပါ၏။

လူပင်ဖြစ်သော်လည်း အပယ်ခံဘဝ၊ အနှိမ်ခံဘဝ၊ တန်ဖိုးမဲ့ဘဝ လူသားများအဖြစ် သတ်မှတ်ခြင်းခံရသည့်အခါ အကြမ်းဖက်ရန်လို တိုက်ခိုက်မှု၊ ဆက်ဆံရေး မတည်ငြိမ်မှု၊ ငြိမ်းချမ်းရေး ပျက်ပြားမှုတို့ ဖြစ်ပေါ်လာသည်။ မည်သည့်ဘာသာ၊ မည်သည့်လူမျိုး၊ မည်သည့်မျိုးနွယ်ပင် ဖြစ်ပါစေ လူသားဟူသမျှသည် တန်ဖိုးရှိသည်သာ ဖြစ်သည်။ လူမျိုးရေး အမြင်ကျဉ်းမှု၊ ဘာသာရေး အယူသီးမှုများကို အကြမ်းဖက်နည်းဖြင့် အပြုတ်တိုက်၍ ရနိုင်မည်မဟုတ်။ သြဇာရှိသူ၊ သြဇာကြီးသူများက နှစ်သိမ့်ပညာပေးမှု တဖြည်းဖြည်း ပြုပြင်ပေးမှ ရမည်ထင်ပါသည်။ ပုဂ္ဂိုလ်ရေး တန်ဖိုး၊ တစ်နည်းဆိုသော် လူ့တန်ဖိုးဆိုသည်က မွေးရာပါ ကိုယ်ပိုင်လက္ခဏာများဖြင့် ရှိသူက ရှိပြီး မရှိသူက မရှိဟူ၍ မဖြစ်စကောင်းပါ။ လူ အဖြစ် မွေးလာပြီးကတည်းက လူ့တန်ဖိုးက ပါပြီးဖြစ်သည်။

မည်သို့ပင်ဆိုစေ ကလေးသည် တိုင်းပြည်၏ အနာဂတ်ဖြစ်သည်။ ကျောင်းသည် ဗိသုကာကောင်းများ မွေးထုတ်ရာနေရာ ဖြစ်သည်။ မိဘနှင့် ဆရာများသည် ကလေးတစ်ယောက်၊ အနာဂတ်ပညာ လူ့အဖွဲ့အစည်းတွင် အရာရောက်သော လူသားတစ်ဦး ဖြစ်လာစေရန်အတွက် သူတို့ကို မိမိကိုယ် မိမိ ယုံကြည်စိတ်ရှိလာအောင် ကိုယ့်သိက္ခာကို ကိုယ်လေးစားစိတ်တို့ ဖြစ်ပေါ်လာအောင် ပြုလုပ်ပေးရမည်။ သို့မှသာ ယနေ့အချိန်၌ ဆင်းရဲတွင်းနက်နေသော မြန်မာနိုင်ငံသည် တစ်နေ့တွင် တန်းမီ၊ အဆင့်မီ နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည် ဖြစ်သည်။

တင့်နိုင်

Daily Eleven

19-2-2014

❑

## ပညာ့လက်ဆုပ်စနစ် ဘယ်တော့ချုပ်ငြိမ်းမလဲ

ပညာ့လက်ဆုပ်စနစ်ဆိုသည်မှာ ပညာသင်ကြားရာတွင် ဆရာမှ ကျောင်းသားတို့၏ တွေးခေါ်နိုင်မှုစွမ်းအားကို ကန့်သတ်ချုပ်ချယ်ထားပြီး ဆရာများက မိမိသင်ကြားမှုမှလွဲ၍ မည်သည့်တွေးခေါ် ဆင်ခြင်မှုကို လက်မခံဘဲ လက်ဝါးကြီးအုပ် ဆုပ်ကိုင်ထားသည့် သင်ကြားရေး စနစ်ကို ဆိုလိုသည်။ ဤစနစ်သည် မည်သည့်နိုင်ငံ ပညာရေးစနစ်တွင်မှ မတွေ့မြင်ဖူးသည့် စနစ်လည်း ဖြစ်သည်။

မြန်မာ့ဆိုရိုးစကားတွင် ဆရာစား ချန်သည် ဆိုသည့်စကားမှ ဆင်းသက်လာသည်ဟု ယူဆထားပြီး ယခုအခါတွင်တော့ ဆရာစား ချန်ရုံတင်မက ကိုယ်ပိုင် ထိုးထွင်းဆင်ခြင် ကြံဆမှုကိုပါ ပိတ်ပင်ထားသည့်စနစ်တစ်ခုပင် ဖြစ်လို့ နေသည်။

ပညာ့လက်ဆုပ်စနစ်သည် မြန်မာနိုင်ငံတွင် စစ်အစိုးရ အုပ်ချုပ်ရေး အတွင်း အစိုးရအား ပြန်လည်၍ တွန်းလှန်မည့် ပညာတတ် လူတန်းစားများ မပေါ်ပေါက်ရေးအတွက် အကွက်ကျကျ စီမံဖန်တီးထားသော ပညာရေးစနစ် ဖြစ်သည်။ အင်္ဂလိပ်ခေတ်က အစိုးရဌာနများတွင် အမှုထမ်းဆောင်ရန်အတွက် ဖန်တီးထားသော ကျွန်ပညာရေးစနစ်ထက် ဆိုးရွားသောစနစ် ဖြစ်ကာ မူလတန်းအရွယ်မှစတင်၍ ကိုယ်ပိုင်အတွေးအခေါ်များ မပေါ်ထွန်းစေရန်နှင့် စဉ်းစားတွေးခေါ်မှု ယဉ်ကျေးမှု မပေါ်ပေါက်စေရန် ရည်ရွယ်ပြီး ဖိနှိပ်ချုပ်ချယ်မှုများ ဖုံးလွှမ်းသော ပညာရေးစနစ်ပင် ဖြစ်သည်။

ပညာ့လက်ဆုပ်စနစ် မြန်မာ့ပညာရေးတွင် ပေါ်ပေါက်လာခြင်းမှာ အဓိကအားဖြင့် ဆရာ၊ ဆရာမများအား မလောက်သည့် လစာပေးခဲ့သောကြောင့် ဖြစ်သည်ဟု သုံးသပ်ထားကြသည်။ လစာနှင့် မလောက်သောကြောင့် ဆရာ၊ ဆရာမများသည် ကျူရှင်သင်ပြီး ဝမ်းရေးကို ဖြေရှင်းရကာ ကျောင်းသားအများစု ကျူရှင်လာတက်စေရန်အတွက် လူမှုပတ်ဝန်းကျင်တွင် တွေ့မြင်နေရသော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အာဏာပိုင်အဖွဲ့အစည်းများ၏ အကျင့်စရိုက်ဆိုးများကို နမူနာယူ အတုခိုးကာ မြန်မာမှု မြန်မာ့ဟန် ဖန်တီးထားသော စနစ်တစ်ခုပင် ဖြစ်သည်။

ခေတ်စနစ်၏ သားကောင်ဖြစ်ခဲ့ရသော ဆရာ၊ ဆရာမ အများစုသည် သင်ကြားရေး နည်းစနစ်များကို သေချာစွာ လေ့လာခွင့်မရခဲ့သလို ကိုယ်ပိုင်လေ့လာမှု အားနည်းချက်များလည်း ရှိခဲ့ပြီး အချင်းချင်း လက်ဆင့်ကမ်းသင်ပေးလိုက်သော ပညာ့လက်ဆုပ်စနစ်ကြောင့်လည်း ပညာရေးမှာ ပိုမို၍ နိမ့်ကျသွားရသည်ဟု ပညာရေးလေ့လာသူများက သုံးသပ်ထားသည်။

ထိုစနစ်ကြောင့် မူလတန်းမှစတင်ကာ အဆင့်မြင့် ပညာသင်ကြားနေသော တက္ကသိုလ် စာသင်ခန်းများအထိ ကျောင်းသားများအား ကိုယ်ပိုင်ထိုးထွင်းဉာဏ်ဖြင့် ဖြေရှင်းရသော အမေးပုစ္ဆာများတွင် မေးမြန်းမှု အားနည်းသလို၊ ဘာသာရပ်နှင့် သက်ဆိုင်သော တွေးခေါ် ဆင်ခြင်နိုင်မှုများကို စာသင်ခန်းအတွင်း လေ့ကျင့်ပေးမှုများ အားနည်းလှသည်။

မူလတန်း ကျောင်းသားမိဘတစ်ဦးက မိမိ၏သား စာသင်ခန်းတွင် ဖြစ်ပေါ်ခဲ့ဖူးသော ကိစ္စတစ်ခုကို ပြောပြရာတွင် "သားက အင်္ဂလိပ်စာ အက်ဆေး

“သားက အင်္ဂလိပ်စာ အက်ဆေးတစ်ပုဒ် ရေးရတယ်။
အဖေ နာမည်နေရာမှာ ကိုယ့်အဖေ (ကျွန်တော့်နာမည်) ကို ထည့်ရေးလိုက်တယ်။ ဒီမှာတင် ဆရာမက အမှတ်လျှော့တယ်။ ဘာလို့လဲ မေးကြည့်တော့ ဆရာမ သင်ထားတာက My father name in U Ba တဲ့။ ဆရာမက သူ သင်ထားတဲ့ U Ba လို့ မရေးခဲ့ရင် အမှတ်လျှော့တယ်။

တစ်ပုဒ်ရေးရတယ်။ အဖေ နာမည်နေရာမှာ ကိုယ့်အဖေ (ကျွန်တော့်နာမည်) ကို ထည့်ရေးလိုက်တယ်။ ဒီမှာတင် ဆရာမက အမှတ်လျှော့တယ်။ ဘာလို့လဲ မေးကြည့်တော့ ဆရာမ သင်ထားတာက My father name in U Ba တဲ့။ ဆရာမက သူ သင်ထားတဲ့ U Ba လို့ မရေးခဲ့ရင် အမှတ်လျှော့တယ်။ ဒီတော့ ဦးအောင်မျိုးထွန်းဆိုတဲ့ ကျောင်းသားတစ်ဦးရဲ့ ဖခင်ဟာ စာသင်ခန်းထဲမှာတော့ ကလေးရဲ့ဖခင် ဖြစ်ခွင့် မရှိဘူး ဖြစ်သွားတယ်။ ဒါဟာ ကလေးတွေရဲ့ ထိုးထွင်း သိမြင်ဉာဏ်ကို ပိတ်ပင်တာလို့ပဲ ကျွန်တော် ယူဆတယ်” ဟု ဆိုသည်။

မူလတန်း ကျောင်းသားတစ်ဦး၏ မိခင်ကလည်း “ကျွန်မသားက ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် တွေ့ရသော အပင် ၅ မျိုးဆိုတာကို စာကျက်နေတယ်။ မှတ်မှတ်ရရပါပဲ တခြားအပင်တွေတော့ မမှတ်မိဘူး၊ ကုက္ကိုပင်ဆိုတာပါတယ်။ ကလေးက ပါဠိဆင့်တွေ မရေးတတ်ဘူး။ အသံထွက်တောင် အတော်ထွက်နေတာ၊ ဒါနဲ့ ကျွန်မက သားစာအုပ်ပေးဆိုပြီး ယူကြည့်တော့ ကုက္ကိုပင်ဆိုတာ တွေ့တော့ သားရယ် အဲဒါရေးရတာလည်း ခက်တယ်၊ လွယ်တဲ့ အပင်ရေးပါလား ပြောတော့ သားက ပြန်ပြောတယ်။ ဆရာမက သူပေးထားတဲ့ အပင်မဟုတ်ရင် အမှတ်လျှော့မယ်တဲ့။ ဒါနဲ့ ကုက္ကိုပင်ကို ကလေးက စာရေးပြီး ကျက်တယ်။ စာမေးပွဲမှာဖြေတော့ ကလေးက စာလုံးပေါင်း မှားတယ်။ အဲဒီတော့ အမှတ်လျှော့ ခံရတယ်” ဟု ပြောပြပြန်သည်။

ဆရာ၊ ဆရာမများက သူတို့ကိုယ်တိုင် သင်ကြားထားသော မှတ်စု (Notes) မဟုတ်ပါက အမှတ်မပေးဟုဆိုကာ ခြိမ်းခြောက်နေမှုများသည် မူလတန်းမှ စတင်ကာ အဆင့်မြင့်ပညာ တက္ကသိုလ်အထိပင် ဖြစ်ပေါ်နေသည်။ ၎င်းစနစ်သည် ကျောင်းသားများအား ကျူရှင်ခေါ်သည့်စနစ်ဖြစ်ကာ မိမိသင်

ကြားမှုမှလွဲ၍ မည်သည့်သင်ကြားမှုကိုမျှ လက်မခံဟု ယူဆထားသည့် ပညာလက်ဆုပ်စနစ်ပင် ဖြစ်သည်။

မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား အများစုသည် ဆရာပေးသောမှတ်စုကို အလွတ်အာဂုံဆောင် ကျက်မှတ်ပြီး စာမေးပွဲတွင် ဖြေဆိုကာ ကျောင်းသားများ၏ မှတ်မိနိုင်စွမ်းသော မှတ်ဉာဏ်ကို စစ်ဆေးသည့် စာမေးပွဲစနစ် ဖြစ်နေသည်ဟု ပညာရေး လေ့လာအကဲခတ်သူများက သုံးသပ်ထားသည်။ တက္ကသိုလ်ဝင်တန်းတွင် အမှတ်ကောင်းကောင်းရပြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ပညာသင်ကြားခွင့်ရနေသော ကျောင်းသားများမှာလည်း ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်နိုင်စွမ်း အားနည်းသည်ဟု ထိုတက္ကသိုလ်များတွင် ပို့ချနေကြသော တက္ကသိုလ်ဆရာ၊ ဆရာမ အများစုက သုံးသပ်ကြသည်။

နိုင်ငံခြားဘာသာသင် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသော Philosophy ဌာနမှ ဆရာမတစ်ဦးက "UFL" ဆိုတာ မြန်မာနိုင်ငံမှာတော့ တက္ကသိုလ်ဝင်တန်း အမှတ်တွေ အများကြီးရထားမှ ဝင်ခွင့်ရတဲ့ တက္ကသိုလ်တစ်ခုပါ။ ဒီကျောင်းက ကလေးအများစုဟာ စာတော်ကြတယ်၊ ကြိုးစားကြတယ်။ ဒါပေမဲ့ တွေးခေါ် ဆင်ခြင်နိုင်မှုကတော့ အရမ်းအားနည်းတယ်။ ဘာလို့ လဲဆိုတော့ ကျွန်မတို့ မေဂျာက ပထမနှစ်မှာ ယုတ္တိဗေဒ (Logic) ကို သင်ပေးရတယ်။ ဒီမှာ သူတို့က သီအိုရီကို အလွတ်ကျက်တယ်၊ ပုစ္ဆာတွေကို အလွတ်ကျက်ပြီး ဖြေတယ်။ ဒီမှာ Unseen ပုစ္ဆာတွေ မေးတော့ မဖြေနိုင်တော့ဘူး။ ဒါ့အပြင် အတန်းထဲမှာ ယုတ္တိဗေဒရဲ့ အဓိကအချက်ဖြစ်တဲ့ စဉ်းစားဆင်ခြင်ခြင်း (Reasoning) ကို သင်ပေးရင်းနဲ့ မေးခွန်းတစ်ခု မေးကြည့်တယ်။ အဖြူရဲ့ ဆန့်ကျင်ဘက်က ဘာလဲလို့မေးလိုက်တော့ အမည်းလို့ ပြန်ဖြေကြတယ်။ သူတို့ သိထားတာ အဖြူရဲ့ ဆန့်ကျင်ဘက်ဟာ အမည်းလို့ပဲ တွေးနိုင်တယ်။ တကယ်တော့ အဖြူရဲ့ ဆန့်ကျင်ဘက်ဟာ မဖြူတာပါ။ အခုဆိုရင် လူမှုနယ်ပယ်မှာ ပြဿနာမျိုးစုံကို တွေ့ရတယ်။ ဒါဟာ ငယ်စဉ်ကတည်းက ကိုယ်ပိုင် တွေးခေါ် ဆင်ခြင်နိုင်မှု အားနည်းခဲ့လို့၊ ငယ်စဉ်ကတည်းက ကျောင်းစာသင်ခန်းတွေထဲမှာ ကိုယ်ပိုင် စဉ်းစား ဆင်ခြင်နိုင်တဲ့ ခလေ့ကို ပယ်ဖျက်ခဲ့လို့ပါ" ဟု ရှင်းပြသည်။

မြန်မာ့ပညာရေးတွင် မူလတန်းမှစတင်ကာ အဆင့်မြင့်ပညာ တက္ကသိုလ်များအထိ သင်ကြားနေသော ဆရာ

ဗဟိုပြုသင်ကြားရေးစနစ်အပြင် ဆရာများ၏ အစဉ်အဆက် လက်ဆင့်ကမ်း သင်ကြားလာသော ပညာ့လက်ဆုပ်စနစ်ကို ကျင့်သုံးနေကြသည်။ ထိုစနစ်ကြောင့် ကျောင်းသားများ၏ ပညာအရည်အသွေး နိမ့်ကျလာခဲ့ကာ စာသင်ခန်းအတွင်း ကိုယ်ပိုင်အသိဉာဏ်ဖြင့် ထိုးထွင်း ဆင်ခြင်နိုင်သောစလေ့ မရှိခဲ့ဘဲ ယနေ့ခေတ် မြန်မာ့လူမှုပတ်ဝန်းကျင်သို့ တန်ပြန်ရိုက်ခတ်လာခြင်းတွင် ကောင်းကျိုးထက် ဆိုးကျိုးဖြစ်စေခြင်းက ပိုမို များပြားစေခဲ့သည်။

ယနေ့ခေတ် ပွင့်လင်းလွတ်လပ်လာမှုကြောင့် မြန်မာ့လူမှုအဖွဲ့အစည်းတွင် လွတ်လပ်မှုကို ထိန်းညှိနိုင်စွမ်း အားနည်းနေသေးသည်ကို တွေ့မြင်ရသည်။ လွတ်လပ်မှုနှင့်အတူ ယှဉ်တွဲပါလာသည့် တာဝန်ယူလိုမှု ဆိုသည့် အကြောင်းအရာမှာ ကိုယ်ပိုင်တွေးတောဆင်ခြင်မှုကို အခြေခံထားသည့် အကြောင်းအရာပင် ဖြစ်သည်။ မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် ယဉ်ကျေးမှုအဖြစ် ပြုစုပျိုးထောင်မှု မရှိခဲ့သည်မှာ ကိုယ်ပိုင်တွေးတော ဆင်ခြင်နိုင်မှုပင် ဖြစ်သည်။ ထိုဓလေ့မှာ ငယ်စဉ်ကလေးဘဝ မူလတန်းမှစတင်ကာ ပြုစုပျိုးထောင်လာရမည့် ယဉ်ကျေးမှုစနစ်ပင် ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရသော် မြန်မာ့ပညာရေးစနစ်ကို ပုံဖော်နေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် ကျင့်သုံးမှန်းမသိ ကျင့်သုံးနေသော ပညာ့လက်ဆုပ် စနစ်ဆိုးကို ဖယ်ရှားပြီး ကျောင်းသား၊ ကျောင်းသူများကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းသိမြင်လာ၍ ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိသောဓလေ့ကို ပုံဖော်နိုင်မည့် သင်ကြားရေးစနစ်ကို ပြောင်းလဲ ကျင့်သုံးကြရန် လိုအပ်နေပါသည်။ ပညာ့လက်ဆုပ် စနစ်ကိုသာ ဆက်လက်ကျင့်သုံးနေမည်ဆိုပါက ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရေးတွင် ခက်ခဲကြန့်ကြာနေမည်သာ အမှန်ပင် ဖြစ်သည်။ ပညာ့လက်ဆုပ် စနစ်ဆိုးကို စွန့်လွှတ်ရန်မှာ ယနေ့ခေတ် ဆရာ၊ ဆရာမများ၏ တာဝန်ပင် ဖြစ်သည်။

**နန္ဒာတုန်းမြင့်**

The Arrawaddy

2-2-2014

❑

## အ,အောင် သင်တဲ့ သမိုင်း

သမိုင်းသင်တာ မအ အောင်လို့လို့ ဆရာကြီး ဒေါက်တာသန်းထွန်း ပြောခဲ့တာကို လူအတော်များများ သိကြပါတယ်။ "သမိုင်းဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အကြောင်းအရာလည်း မဟုတ်၊ လူတစ်စု၏အကြောင်းအရာလည်း မဟုတ်ပေ။ သမိုင်းသည် လူသားတစ်ရပ်လုံး၏ အကြောင်းအရာ ဖြစ်သည်" တဲ့။ ကျွန်တော်ပြောတာ မဟုတ်ပါ။ ဒသမတန်းမြန်မာ့သမိုင်းစာအုပ် အမှာစာမှာ ရေးထားတာပါ။

### ကျောင်းသင်ခန်းစာ ပို့ချ

တက္ကသိုလ်ဝင်တန်း ဖြေဆိုမယ့် ကျောင်းသူ ကျောင်းသားတွေအတွက် ကျောင်း

သင်ခန်းစာ ပို့ချချက်တွေ သတင်းစာတွေမှာ ဖန်နဝါရီလပိုင်းက စလို့ ဖော်ပြပေးတော့ သမိုင်းဘာသာ သိကောင်းစရာမှာ ယနေ့ကျောင်းသားတွေကို မြန်မာ့သမိုင်းမှာ ဘာတွေ သင်နေသလဲ သိချင်လို့ ဖတ်ကြည့်မိပါတယ်။ ဖတ်မိတော့ အံ့သြစရာတွေ တွေ့တော့တာပါပဲ။ လွတ်လပ်ပြီးခေတ်မှာ အိမ်စောင့်အစိုးရရဲ့ အောင်မြင်မှု၊ ၁၉၆၀-၆၂ ပထစ အစိုးရကာလမှာ ပြည်ထောင်စုကြီး ပြိုကွဲရမယ့် အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရလို့ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတာ၊ အထက်မှာလည်း ဖဆပလ ပြိုကွဲလို့ အိမ်စောင့်အစိုးရ ပေါ်ပေါက်လာတာတွေ လေ့လာသင့်တယ် စတဲ့ ပို့ချချက်တွေ တွေ့ရတယ်ဗျာ။ ပို့ချသူကတော့ စာမေးပွဲအတွက်ဆိုတော့ စာအုပ်မှာပါတဲ့ဟာတွေကို လေ့လာဖို့ ပို့ချတာပေါ့။

## မသင်ရတာ ခပ်ကောင်းကောင်း

စိတ်ထဲမှာ ဘဝင်မကျဖြစ်ပြီး အသေးစိတ် ဖတ်လိုတာနဲ့ ဒသမတန်း မြန်မာ့သမိုင်းစာအုပ် လိုက်ရှာကြည့်ပါတယ်။ ခက်တာက ကိုယ့်အနီးနားက ကလေးတွေ မေးကြည့်တော့ သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲတွေနဲ့ ထင်သလိုကြိုးတဲ့ ပညာရေးစနစ်မှာ ဝိဇ္ဇာတွဲယူသူက မရှိပြန်ဘူး၊ ရန်ကုန်ရောက်လို့ လမ်းဘေးမှာပဲ ဝယ်၊ တစ်အုပ်လုံးလည်း ဖတ်ကြည့်ပြီးရော ၈ တန်းအောင်ပြီးတုန်းက ဝိဇ္ဇာတွဲ မယူမိတာ၊ သမိုင်း မသင်ရတာပဲ ခပ်ကောင်းကောင်းလို့ တွေးမိပါတော့တယ်။ ဒီလိုစာမျိုးတွေသာ သင်ရလို့ကတော့ ဖတ်လည်း မဖတ်ချင်၊ စာမေးပွဲမှာ မေးလည်း ကောင်းကောင်းဖြေမှာ မဟုတ်လို့ ဒီတစ်သက် ဆယ်တန်းအောင်မှာ မဟုတ်ပါဘူး။ ၈ တန်းတက်စဉ်ကလည်း ၁၉၉၀ ပြည့်နှစ်ဆိုတော့ ၈၈ အရေးအခင်းပြီးခါစ၊ နိုင်ငံရေးကို သိသင့်သလောက် သိလာတဲ့အချိန်၊ သမိုင်းသင်ခန်းစာမှာ လွတ်လပ်ပြီး ခေတ်ဆိုတဲ့အခန်းမှာ ပြဋ္ဌာန်းထားတာတွေကို အမှန်လို့ မထင်လို့ စာမေးပွဲပါလည်း မဖြေဘူး ဆုံးဖြတ်ပြီး မကြည့်ခဲ့တာ မမေးခဲ့လို့သာ ရှစ်တန်း အောင်ခဲ့တာပါ။ အဲဒီကတည်းက ကျောင်းမှာ သမိုင်းဘာသာရပ်နဲ့ ကင်းကွာခဲ့တာ ယခုပြန်ဖတ်ကြည့်တော့ အံ့သြလို့ မဆုံးပါဘူး။ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီတွေသာမက ဦးနေဝင်းခေတ်၊ နအဖခေတ်တွေပါ ပါလာပါတယ်။ သမိုင်းအနေနဲ့ ပါတာ ထားပါတော့။ ယေဘုယျ အခြေအနေဆိုပြီး အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာပေ၊ အနုပညာ စတာတွေ ဖော်ပြတာက

ပုံပြောသလိုလို၊ ဟာဒယရှင်ဆေး တိုက်ကျွေးသလိုလို ဖြစ်နေတယ်ဗျာ။

## သူများမကောင်း

အမှာစာမှာသာ သမိုင်းက လူတစ်စု အကြောင်းအရာ မဟုတ်ဘူးသာ ဆိုတယ် ရေးထားတာတွေက လူတစ်ယောက်နဲ့ သူ့တပည့် သားမြစ်တွေ ကောင်းကြောင်းပဲ ဖြစ်နေတယ်။ သူတို့ ဖြတ်သန်းခဲ့၊ အုပ်ချုပ်ခဲ့တဲ့ ခေတ်တွေဆို အကောင်း၊ သူများ အုပ်ချုပ်တဲ့ ခေတ်ဆို မကောင်းတွေချည်းပဲ။ ဖဆပလ နှစ်ခြမ်းကွဲပြီး နိုင်ငံရေးအခြေအနေ ယိမ်းယိုင်လာလို့ ဝန်ကြီးချုပ်ဦးနုက လွှဲပြောင်းပေးတဲ့ အိမ်စောင့်အစိုးရ တာဝန်ကို ဗိုလ်ချုပ်ကြီးနေဝင်းက လက်ခံလိုက်ရတယ်။ ၁၇ လ တာဝန်ယူခဲ့တဲ့ အိမ်စောင့်အစိုးရက နိုင်ငံအတွက် အတက်တက်မှ တိုးတက်အောင် ဆောင်ရွက်ခဲ့တယ်။ ဖဆပလခေတ်မှာ ဆိုရှယ်လစ်လမ်းကြောင်းက သွေဖည်တယ်။ ပြည်သူ အကျိုးမကြည့်ဘဲ ကိုယ်ကျိုးပဲ ကြည့်ခဲ့တယ်။ စီးပွားရေးမှာ ဆိုရင်လည်း ပြည်သူပိုင်တွေ သိမ်းတယ်၊ အရင်းရှင်တွေနဲ့ ပေါင်းပြီး ဆိုရှယ်လစ်စနစ်ကို သွေဖည်ကာ အရင်းရှင်စနစ်ကို ယိမ်းယိုင်သွားတယ်။ ပြည်တော်သာစီမံကိန်းကလည်း မအောင်မြင်ဘူး၊ လူမှုရေး

> **စိုက်ပျိုးရေး ဖွံ့ဖြိုးဖို့**
> **ဆည်မြောင်းစီမံကိန်း**
> **၃၇၀ ကျော်**
> **တည်ဆောက်ခဲ့တာပါပြီး**
> **ဒီဆည်တွေကြောင့်**
> **ဘယ်သူတွေ**
> **အမြတ်ထွက်ခဲ့တယ် ဆိုတာ**
> **မပါ ပါဘူး။**

မှာဆိုရင် စားဝတ်နေရေး ကျပ်တည်းပြီး အိုးအိမ်ပြဿနာလည်း ပြေလည်မှုမရှိဘူးလို့ ဆိုတယ်။ ကျန်တဲ့ ကျန်းမာရေး၊ ပညာရေး စတာတွေမှာတော့ ကောင်းတာတွေပါလို့ တော်သေးတယ်။ ပထမအစိုးရ အိမ်စောင့်အစိုးရဆီက တာဝန်လွှဲယူချိန်မှာ စီးပွားရေး တိုးတက်ကောင်းမွန်နေတဲ့အချိန် ဖြစ်တယ်။ သို့သော်လည်း နှစ်နှစ်အတွင်း စီးပွားရေး ကျဆင်းလာတယ်။ လူသုံးကုန်ပစ္စည်းတွေ ဈေးနှုန်းကြီးလာပြီး အရင်းရှင်လမ်းကြောင်းမှာပဲ ဆက်ရပ်တည်ကာ နိုင်ငံခြား အရင်းရှင်တွေပဲ စီးပွားရေးကို ဆက်လွှမ်းမိုးနေတယ်လို့ ဆိုတယ်။

## တစ္ပဲတန္

၁၉၆၂ တော်လှန်ရေး ကောင်စီကနေ ၁၉၈၈ အထိကိုတော့ စာမျက်နှာ ၁၅ မျက်နှာနဲ့ တစ္ပဲတန္ ဖော်ပြတယ် ဗျာ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အထူး ယိုယွင်းလာသော အခြေအနေဆိုးကို ထိန်းသိမ်းရန်အတွက် ၁၉၆၂ မတ် ၂ တွင် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းကာ တပ်မတော်မှ တာဝန်ယူ စောင့်ရှောက်လိုက်ရသည် ဆိုပြီး စပါတယ်။ နေရှင် ပါလီမန်အစိုးရအဖွဲ့ကို ဖျက်သိမ်းတယ်လို့ ဆိုတယ်။ ၁၉၇၄ မှာ လွှတ်တော်ခေါ်တာ၊ အခြေခံဥပဒေ အရ ဦးနေဝင်း သမ္မတဖြစ်တာတွေ ရေးတယ်။ စီးပွားရေးဆိုရင် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်တာ၊ ဆိုရှယ်လစ် စီးပွားရေးစနစ်နဲ့ မကိုက်ညီလို့ ဘဏ်၊ ပုဂ္ဂလိက စက်ရုံ၊ ပွဲရုံ၊ လက်ကားဆိုင်၊ စတိုးဆိုင်တွေကို ပြည်သူပိုင် သိမ်းတာလို့ ဆိုတယ်။ ပြည်ပကို ဆန်တင်ပို့မှု တိုးချဲ့နိုင်အောင် ဆောင်ရွက်ကြောင်း၊ လယ်သမားတွေ အကျိုးခံစားရကြောင်းတွေ ပါတယ်။ ပညာရေး၊ ကျန်းမာရေးတွေ ဆိုလည်း အကုန်ကောင်းချည်းပဲ။

## မပါတာတွေ

မပါတာတွေကတော့ တော်လှန်ရေး ကောင်စီတက်ပြီး ဇူလိုင် ၇ ရက်မှာ ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ဖြိုချတာ၊ ကျောင်းသား ပြည်သူတွေကို ရက်ရက်စက်စက် နှိမ်နင်းခဲ့တာ၊ ၇၄၊ ၇၅၊ ၇၆ အရေးအခင်းတွေကို ရက်ရက်စက်စက် ဖြိုခွင်းခဲ့တာတွေပါ။ ဒါတွေက ကိုယ်မမွေးခင်က ကိစ္စတွေဆိုတော့ ထားပါတော့။ ၈၆၊ ၈၇ မှာ အကြောင်းမဲ့ ငွေစက္ကူတွေ ဖျက်သိမ်းခဲ့လို့ ပြည်သူတွေ ဒုက္ခရောက်ခဲ့တာ၊ အဝတ်အထည်၊ လူသုံးကုန် ရှားပါးတာ၊ တာဝန်ကျေ စပါးနှိပ်စက်၊ ပုတ်လုန်ကျီလုန်တွေ လုပ်ခဲ့လို့ တောင်သူတွေ ချွတ်ခြုံကျခဲ့တာတွေကိုတော့ မီခဲ့လို့ ကောင်းကောင်းကြီး သိပါတယ်။ ထို့အတူ ၈၈ မှာ မိုးပေါ်ထောင်မပစ်ဘူး၊ ပစ်ရင် မှန်အောင် ပစ်တယ်ဆိုပြီး ပြည်သူကို ခြိမ်းခြောက်ခဲ့တာကို ရုပ်မြင်သံကြားက ကြည့်ခွင့်ရခဲ့တာကိုလည်း ကောင်းကောင်း မှတ်မိပါတယ်။ ထိုရုပ်သွင်ကြီးကိုလည်း ခုထိ မျက်စိထဲ စွဲနေတုန်းပါပဲ။ သွားလေသူတွေကို အုတ်ဂူ တံတွေးနဲ့ ထွေးတာမျိုးလည်း မလုပ်ချင်ပါဘူး။ ကိုယ်သိတဲ့သမိုင်းကို ဖြည့်စွက် ပြောပြတာပါ။ ကိုယ်မမီပေမယ့် ဖဆပလခေတ်မှာ ပြည်ပ ဆန်တင်ပို့မှု ထိပ်တန်းရှိခဲ့တာကို မှတ်တမ်းတွေအရ ငြင်းမရပါဘူး။ ပြည်တော်သာ

စီမံကိန်းကြောင့် ကျေးရွာချင်းဆက် လမ်းတွေ အခုထိ ရှိနေ၊ အသုံးတည့် နေသလို၊ ဆောက်ခဲ့တဲ့ အ.ထ.က ကြီး တွေကလည်း ခုထိ ခိုင်ခိုင်ခံ့ခံ့ တည်ရှိ နေတာ နောက်မှ ဆောက်တဲ့ အဆောင် တွေကို စိန်ခေါ်နေသလိုပါပဲ။

## ငြိမ်ဝပ်ပိခေတ်

သမိုင်းဖတ်စာက ဒီတင်မရပ် ပါဘူး။ (၁၉၈၈ မျက်မှောက်ကာလ အထိ) ဆိုပြီး ဆက်လာပါတယ်။ ပြည်တွင်းပြည်ပ အင်အားစုတွေ သွေးထိုး မြှောက်ပင့်မှုကြောင့် ၁၉၈၈ မှာ အရေး အခင်းကြီး ဖြစ်ပေါ်ခဲ့။ ပြည်ထောင်စု ပြိုကွဲပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာ အာဏာဆုံးရှုံးရတော့မယ့် အခြေအနေ ဆိုးတွေကြောင့် စက်တင်ဘာ ၁၈ ရက် တပ်မတော်က ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးဖွဲ့ကာ နိုင်ငံတော် အာဏာ ကို ထိန်းသိမ်း ရယူခဲ့တယ်လို့ စထား ပြီးတော့ ငြိမ်ဝပ်ပိအဖွဲ့အနေနဲ့ မြေပေါ် မြေအောက် အဖျက်အမှောင့် ရန်ဆူး ရန်ငြောင့် အမျိုးမျိုးကို ရင်ဆိုင်တွန်းလှန် ခဲ့ရတယ် ဆိုပါတယ်။ နအဖ အထိပါ ဒီခေတ်ကလည်း တော်တော်ရှည်တော့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတွေကို စာမျက်နှာ ၂၀ လောက်ကို ဖွဲ့နွဲ့ထားတော့တာပါ ပဲ။ ၁၉၉၀၊ မေ ၂၇ မှာ လွတ်လပ်၍ တရားမျှတသော ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပတာပါပြီး ပြတ်ပြတ်သားသား အနိုင်ရတဲ့ ပါတီကို အာဏာလွှဲမပေးတာ မပါဘူး။

နောက် ၉၇ မှာ နအဖဖွဲ့တာ ပါတယ်ဗျာ။ စီးပွားရေးမှာဆိုရင် လယ် ယာကဏ္ဍ တိုးတက်လာလို့ လယ်သမား တွေ လူနေမှုဘဝ တိုးတက်လာတယ် ဆိုထားပြီး မဟုတ်တရုတ် စီမံကိန်း တွေကြောင့် လယ်သမားတွေ ဒုက္ခ ရောက်တာ။ ခု အကြီးဆုံးပြဿနာ ဖြစ်နေတဲ့ လယ်သိမ်းခဲ့တာတွေ မပါဘူး ဗျာ။ စိုက်ပျိုးရေး ဖွံ့ဖြိုးဖို့ ဆည်မြောင်း စီမံကိန်း ၁၉၀ ကျော် တည်ဆောက်ခဲ့ တာပါပြီး ဒီဆည်တွေကြောင့် ဘယ်သူ တွေ အမြတ်ထွက်ခဲ့တယ်ဆိုတာ မပါ ပါဘူး။ ကျွန်းသစ်ထုတ်လုပ်မှု ပမာဏ မြင့်တက်လာတာပါပြီး တောပြုန်းကုန် တာ မပါဘူးဗျာ၊ ဓာတ်ငွေ့မြေတွေ တွေ့ တာ ရတနာမြေသစ်တွေ တွေ့တာပါပြီး ဘယ်ရောက်ကုန်တယ် မပါပါဘူး။ လျှပ်စစ်ကဏ္ဍတွေ တိုးတက်တာပါပြီး ပြည်သူအများစု မှောင်ထဲမှာ နေရတာ မပါဘူးဗျာ။

ပညာရေးမှာ ဆိုရင်လည်း တက္ကသိုလ်တွေ တိုးလာတာပါပြီး တောထဲ ရောက်ကုန်တာ၊ ထစ်ခနဲဆို

ကျောင်းပိတ်တာ မပါဘူးဗျာ။ ကျန်းမာရေးဆိုရင် ဆေးရုံတွေ တိုးချဲ့တာပါပြီး ဆေးတွေ မရှိတာ၊ ကိုယ့်စရိတ်နဲ့ကိုယ် ကုရတာတွေ မပါဘူးဗျာ။ သာသနာရေးမှာ စေတီသစ် တည်တာ၊ ထီးတော်တင်တာတွေပါပြီး ရွှေဝါရောင်တော်လှန်ရေးအကြောင်း မပါဘူးဗျာ။ စာပေမှာဆိုရင် စာပေဆုတွေ ပေးတာပါပြီး စာအုပ်ထုတ်ခွင့်မရတာ၊ ထုတ်နေတဲ့ စာအုပ်တွေထဲမှာ ငွေမင်တွေ သုတ်ထားတာ မပါဘူးဗျာ။ ရေးပြရရင်တော့ အရှည်ကြီးပါပဲ။

## မှိုင်းတိုက်

အဲဒါ ၁၆ နှစ်အရွယ် ကျောင်းသားငယ်တွေကို သင်တဲ့သမိုင်းပါတဲ့။ ပြောရရင်တော့ မှိုင်းတိုက်တာပါပဲ။ ဘာမှိုင်းလဲဆိုရင် အာဏာရှင်မှိုင်းပါ။ မတရားအုပ်ချုပ်ခဲ့တာကို ဆင်ခြေတွေပေး၊ အကြောင်းအမျိုးမျိုး ပြပါတယ်။ ကျွန်တော်တို့တုန်းကလည်း ကြုံခဲ့ဖူးပါတယ်။ ကမ္ဘာ့သမိုင်းမှာ ဆိုဗီယက်ဆိုရင် အကောင်းချည်း၊ ပြိုကွဲပြီးခါမှပဲ နိုင်ငံငယ်တွေကို မတရားအုပ်ချုပ်ထားမှန်း သိပါတယ်။ ဒီအကျိုးဆက်က ခုထိ မငြိမ်းပါဘူး။ ဒီမှာလည်း စစ်ဘုရင်တွေခေတ်က သူများနိုင်ငံသွား ကျူးကျော်တိုက်တာကို အဟုတ်ထင်ပြီး သမိုင်းလုပ် သင်တော့၊ အကျိုးဆက်က ဘောလုံးပွဲတွေမှာ အမြင်မတော်တာတွေ တွေ့လာရတာပါပဲ။ သမိုင်းဆိုတာ တတ်နိုင်သမျှ အမှန်နဲ့ နီးစပ်သင့်ပါတယ်။ ခု သင်နေတဲ့ သမိုင်းကတော့ တကယ့်ကို လိပ်သမိုင်းပါပဲ။ ဒီလို သမိုင်းမျိုးသင်ရပြီး အမှန်ထင်ရင်တော့ ကလေးတွေ လူအ လူနတွေ ဖြစ်ကုန်တော့မှာပါပဲ။

ဖေဖော်ဝါရီ ၄ ရက်နေ့ လွှတ်တော်မှာတော့ ၂၀၁၄-၂၀၁၅ က စလို့ သင်ရိုးသစ်တွေ သင်မယ် ပြောတာ တွေ့ရပါတယ်။ ဒီမိုကရေစီ ခေတ်ပြောင်းပြီဆိုရင် ဒီမိုကရေစီစံနှုန်းနဲ့ ညီတဲ့ သင်ရိုးတွေ ဖြစ်သင့်ပါပြီ။ ယခုလက်ရှိ ပြဋ္ဌာန်းထားတဲ့ ဒသမတန်း မြန်မာ့သမိုင်းကတော့ အ၊အောင် သင်တဲ့သမိုင်းလို့ပဲ ဆိုချင်ပါတော့တယ်။

**စောနန္ဒာအောင်**

**ပြည်သူ့ခေတ်**

၁၃-၂-၂၀၁၄

❑

# ပညာရေးစံလား၊ ငွေစံလား

အခု ပညာရေးဆောင်းပါးထဲမှာ နေ့စဉ် လည်ပတ် အလုပ်လုပ်နေတဲ့ စာသင်ခန်းတွေထဲ က ဆရာနှင့် ကျောင်းသား သင်ကြား၊ သင်ယူမှု အကြောင်းတရားတွေ၊ အကြောင်းတရားတွေကို ဖြစ်စေတဲ့ အခင်းအကျင်း ဖန်တီးပေးမှုတွေ၊ ပညာရေး ပရမ်းပတာဖြစ်မှုတွေ၊ စိမ့်ဝင်ပျံ့နှံ့ နေတဲ့ လူမှုဝန်းကျင်တွေ၊ လူမှုအဖွဲ့အစည်းတွေ၊ အာဏာရှင်စနစ် ဖိနှိပ်မှုအောက်က ဆရာတွေရဲ့ လုပ်နည်းလုပ်ဟန်တွေ၊ ပညာရေးမဆန်ခြင်းက ဖယ်ထုတ်လိုက်တဲ့ တွေးခေါ်မှုဆိုင်ရာတွေကို ဆွေးနွေးသွားဖို့ ရည်ရွယ်ပါတယ်။

ပညာရေးနဲ့ ပတ်သက်လို့ အောင်ချက် မြင့်မားရေးဆိုတဲ့အသံဟာ အလှဆုံးပါပဲ။ နှစ်စဉ် နှစ်တိုင်း ကျယ်ကျယ်လောင်လောင် ကြားရတဲ့

အသံဟာ အောင်ချက်မြင့်မားရေးပါပဲ။ ၂၀၁၃- ၂၀၁၄ ပညာရေးက တက္ကသိုလ်ဝင်တန်းတွေ အောင်ချက်မြင့်မားရေးဆိုတာနဲ့ ကျောင်းတွေကို ကြိုဖွင့်၊ ကြိုတက်စေတာတွေ လုပ်တယ်။ စာသင်ချိန်တွေဟာ နေ့လယ် ထမင်းစားချိန်တွေထဲအထိ ရောက်တယ်။ တက္ကသိုလ်ဝင်တန်းတွေ အောင်ချက်ကျတာဟာ ကျောင်းဖွင့်နောက်ကျတာ၊ စာသင်ချိန်နည်းတာတွေနဲ့ အဓိပ္ပာယ်ဖွင့်ယူလိုက်တာလို့ ပြောရမယ်။ တက္ကသိုလ်ဝင်တန်းတွေ အောင်ချက်ကျတာဟာ အခြေခံအဆင့်၊ အလယ်တန်းအဆင့်တွေ၊ အတန်းတွေရဲ့ ကိုယ်သင်၊ ကိုယ်မေးခွန်းထုတ်၊ ကိုယ် အမှတ်ပေး၊ ကိုယ့် သဘော ကိုယ်ဆောင်လာတဲ့ ပရမ်းပတာ ဖြစ်မှုတွေဟာ တက္ကသိုလ်ဝင်တန်းအထိ ရောက်လာ ဖွင့်ချသွားတယ်လို့ ပြောရမှာ ဒီလိုမယောင်ရာဆီရှုး ပညာရေးလုပ်ဆောင်မှုတွေဟာ အောင်ချက် မြင့်မားရေးကို အထောက်အကူ မပေးတဲ့အပြင် ပညာရေးမဆန်တဲ့ ဆရာတွေရဲ့ ငါဆန်ခြင်းလုပ်ရပ်တွေအပေါ် အကာအကွယ်ပေးသလိုတောင် ဖြစ်နေပါသေးတယ်။

ကျွန်တော်တို့ဆီက ပညာရေးစံသတ်မှတ်ချက်တွေကို ကြည့်ရင် အတန်းပိုင်ဆရာ၊ ဆရာမတွေဆီမှာ ကျူရှင်ယူရတာ၊ သူတို့ သတ်မှတ်ပေးတဲ့ ရမှတ်တွေအပေါ် စံပြုနေရတာတွေကို တွေ့ရမှာပါ။ ကြာတော့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ ပညာရေးစံပုံစံတွေ ဆိုတာဟာ ဆရာတစ်ဦးတစ်ယောက်ဆီရဲ့ လက်ခုပ်ရေပမာလိုဖြစ်နေတော့တယ်။ ပညာရေးနဲ့ ပတ်သက်လို့ ပြုပြင်ပြောင်းလဲမှုတွေထဲက ပညာရေးဆိုင်ရာ စံသတ်မှတ်ချက်တွေကို ပြောင်းပေးတာဟာ ပညာရည်တိုးတက်မှုနှုန်းကို မြှင့်ပေးရာလည်းရောက်တယ်။ ကျောင်းသားတွေရဲ့ ပညာရေး ရည်မှန်းချက်တွေဟာ ပညာရေးနဲ့ ပတ်သက်တဲ့ စံသတ်မှတ်ချက်တွေဆီ ဦးတည်နေတာဆိုတော့ အပြောင်းအလဲတစ်ရပ်ရဲ့ ဟန်ချက်ဖြစ်တဲ့ စံသတ်မှတ်ချက်ဆိုတာဟာ ဉာဏ်ဆိုင်ရာပါဝါချဲ့ထွင်ပေးနိုင်တဲ့ စံပုံစံတွေ ဖြစ်နေသင့်တယ်။ လူ့အရင်းအမြစ် ဖွံ့ဖြိုးရေးကို အထောက်အကူမပေးနိုင်တဲ့ ကိန်းသေဆန်ဆန် ပညာရေး စံသတ်မှတ်ချက်တွေကို ပြောင်းလဲဖို့ ကြိုးစားခြင်းကသာ အပြုသဘောဆောင်တဲ့ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေကို ဖြစ်စေမှာပါ။

အခုလက်ရှိ ကျွန်တော်တို့ လူ့အဖွဲ့အစည်းတစ်ရပ်တည်းက သင်ကြားရေးဆိုင်ရာ လုပ်ဆောင်ချက်တွေဟာ အာဏာရှင် အုပ်ချုပ်ရေးစနစ်နဲ့ ခွင်ကျ

မှ ဖြစ်အောင် ညှိယူထားတော့ကာ အခု ကူးပြောင်းနေတဲ့ ဒီမိုကရေစီဟန်ချက်နဲ့ ဘယ်လိုမှ ဟာမိုးနစ်ဖြစ်လောက်စရာအကြောင်း မမြင်ဘူး။ အာဏာရှင်စနစ်ထဲက ပညာရေး လုပ်ဆောင်ချက်တွေဟာ ကျောင်းသားတွေရဲ့ ဉာဏ်ဆိုင်ရာ ဖွံ့ဖြိုးရေးဆိုတာထက် နာခံတတ်အောင် လေ့ကျင့်သင်ကြားရေးက ပိုပြီး ရှေ့ရောက်နေတယ်။ အမှန်တော့ အာဏာရှင်စနစ်ရဲ့ ဖွံ့ဖြိုးရေးဆိုတာဟာ ငါဆန်ခြင်းတွေ ရှေ့ရောက်ခြင်းပဲ။ ကျောင်းသားတွေရဲ့ ပညာရေး စံပုံစံဆိုတာကလည်း ငါ့ စံဆိုတာတွေပဲ ဖြစ်နေတော့တယ်။ ငါ ဆန်ခြင်းလုပ်ရပ်တွေဟာ ကာလတရား ရှည်ကြာလာတာနဲ့အမျှ ပညာရေးဆန်တဲ့ ပညာရေးစံတစ်ခုလို ဖြစ်တည်သွားတော့တယ်။ လစာနှုန်းထားနဲ့ ကုန်ဈေးနှုန်း ဟန်ချက်ပျက်ယွင်းမှုကလည်း ဆရာတွေရဲ့ ငါဆန်နေခြင်း လုပ်ရပ်တွေအပေါ် အမှန်မြင်လာအောင် လှုံ့ဆော်ပေးသလို ဖြစ်နေတယ်။ ဒီနေရာ၊ ဒီကျောင်း၊ အခန်းရဲ့ အတန်းပိုင် ငါဖြစ်တယ်။ ငါ့အတန်းထဲ ကျောင်းသားတွေ ငါ့ကျူရှင်ယူရမယ်။ ငါ့နည်းအတိုင်း တွက်ရ၊ ရေးရမယ်။ မဟုတ်ရင် အမှတ်မပေးဘူးဆိုတာတွေဟာ ငါ ဆန်နေခြင်း၊ အာဏာရှင်ဆန်နေခြင်း သက်သက်သာဖြစ်တယ်။ ငါ ဆန်ခြင်းတွေ ဖြစ်ရှိနေခြင်းနဲ့ အာဏာရှင်စနစ် ဖြစ်တည်မှု တိုက်ရိုက်အချိုးတွေဟာ ကျောင်းသား၊ ကျောင်းသူတွေအတွက် အမှန်တကယ်လိုအပ်နေတဲ့ ပညာရေးဆန်တဲ့ ပညာရေး၏ ပုံစံတစ်ရပ်ကို ပြောင်းပြန် အချိုးတွေ ဖြစ်စေခဲ့တယ်။ အခု သင်ကြားရေး လုပ်ဆောင်ချက်တွေဟာ ကျောင်းသားတွေရဲ့ ပညာတတ်မြောက်ရေး၊ ဉာဏ်ဆိုင်ရာ ပါဝါချဲ့ထွင်ရေးဆိုတာထက် ဆရာတွေရဲ့ ငါ့အရေး၊ ငါ့အရာ၊ ငါဆန်မှုဘောင် ချဲ့ထွင်ရေးက ရှေ့ရောက်နေတယ်လို့ မြင်တယ်။

ကလေးတွေ ကျောင်းနေအရွယ်ရောက်တယ်၊ ကျောင်းသွားတယ်၊ စာသင်တယ်၊ ဘာအတွက်လဲ။ ဘာကြောင့် ဒီလိုမေးရသလဲဆိုတော့ ကျောင်းသားတွေရဲ့ ဘဝနဲ့ ဆန္ဒတွေဟာ ဆရာတွေရဲ့ ပညာရေးမဆန်စွာ သင်ကြားရေးစနစ်နဲ့ တုပ်နှောင်ထားမှုကို ခံနေကြရလို့ပဲ။ ဆရာတွေရဲ့ သင်ကြားရေးဆိုင်ရာ လုပ်ဆောင်ချက်တွေဟာ ကျောင်းသားတွေရဲ့ ဉာဏ်ဆိုင်ရာ ဖွံ့ဖြိုးရေးဘက်မှာ မရှိတော့ရင် ကျောင်းသားတွေရဲ့ ပညာသင်ယူခြင်းဟာလည်း အဓိပ္ပာယ်ပြည့်ဝတော့မှာ မဟုတ်ဘူး။ ကျောင်းသွားတာ၊ စာသင်ယူတာရဲ့ အဓိက အကြောင်းတရား

တွေဟာ ရှေးက ဆရာတွေ သင်ထားတဲ့ အတိုင်း ထပ်တူကျအောင် လေ့ကျင့်ရေး သက်သက်လို ဖြစ်နေတယ်။ အမှန်တော့ ကျွန်တော်တို့ရဲ့ ပညာရေးစံပုံစံ ဆိုတာ ဟာ အသွင်တစ်မျိုး ပြောင်းထားတဲ့ ဆရာတွေရဲ့ ငါ ဗဟိုပြု ငါဆန်ခြင်း ပုံစံတွေပါပဲ။

စာတစ်ပုဒ်၊ ပုစ္ဆာတစ်ပုဒ်ကို တွက်ချက်ဖြေရှင်းခြင်းအားဖြင့်သာ ရနိုင်တဲ့ စဉ်းစားတွေးခေါ်မှုဆိုင်ရာတွေဟာ ငါ့နည်း ငါ့ဟန်အတိုင်း ဆိုတဲ့ ငါဆန်ခြင်း ဘောင်ထဲမှာ ပိတ်လှောင်နေခဲ့တယ်။ ကျောင်းသားတွေရဲ့ ပညာသင်ကြားခြင်းဆိုင်ရာ ရည်ရွယ်ချက်တွေဟာ ပညာသင်ကြားနေစဉ်မှာပဲ ငါဆန်ခြင်းတွေရဲ့ ချေဖျက်တာတွေကို ခံကြရတယ်။ ဆရာတွေအနေနဲ့ သူတို့ရဲ့ သင်ကြား၊ သင်ပြပုံတွေကသာ အမှန်ဖြစ်ခြင်းဆိုတဲ့အပေါ် ကျောင်းသားတွေနားလည် လက်ခံလာအောင် နေ့စဉ်နှင့်အမျှ ကြိုးစား အားထုတ်နေတော့ကာ ကောင်းခြင်း ဆိုးခြင်းတွေနဲ့ ပတ်သက်တဲ့ ကျောင်းသားတွေရဲ့ ရှုမြင်ပုံဟာ ကိန်းသေဆန်ဆန်တွေ ဖြစ်နေတော့တယ်။ လူ့အဖွဲ့အစည်းတစ်ရပ်တည်းက ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ချက်တွေဟာ ကျောင်းသားဘဝက ဆရာတွေရဲ့ အာဏာရှင်ဆန်ဆန် ရိုက်သွင်းပေးထားတဲ့ ကိန်းသေအမြင် စိမ့်ဝင်ပျံ့နှံ့မှုတွေနဲ့ ပိတ်ဆို့နေမှာတော့ အမှန်ပဲ။ ပုစ္ဆာတစ်ပုဒ်ကို ဘယ်နည်းနဲ့ဖြစ်ဖြစ် အဆင့်မှန်၊ အဖြေမှန် တွက်ယူခွင့်ရှိတဲ့ ပညာရေးဆန်ခြင်းရဲ့ ထည့်ဝင်မှုရှိမှသာ ဒီမိုကရေစီစနစ်ကို ရှင်သန်ဖွံ့ဖြိုးစေမှာ ဖြစ်တယ်။

အထက်တန်းကျောင်း တစ်ကျောင်းမှာ တက္ကသိုလ်ဝင်တန်းတွေ အောင်ချက် မြင့်မားရေးကို ဘယ်လိုလုပ်သလဲဆိုတော့ လပတ်စာမေးပွဲ အကျများတဲ့ ကျောင်းသားတွေကို ဖယ်ထုတ်တဲ့နည်းနဲ့ လုပ်တယ်။ ကျောင်းတက်ချင်ရင် တက်ခွင့်ပေးတယ်။ အတန်းတင်စာမေးပွဲ ဝင်ဖြေခွင့် မပေးဘူး။ ကျောင်းသားတစ်ဝက်လောက်က ဖယ်ထုတ်ခံရတာ များတယ်။ ဒီလိုလုပ်တာနဲ့ ပတ်သက်လို့ ကျောင်းအုပ်ကို မေးကြည့်တော့ အထက်က သတ်မှတ်ထားတဲ့ အောင်ချက်ရာနှုန်းမပြည့်ရင် လာမယ့်နှစ်မှာ နယ်ဘက်တွေဆီ အပြောင်းခံရမယ့်အကြောင်း၊ နယ်ဘက်တော့ အပြောင်းမခံနိုင်တဲ့အကြောင်း၊ သတ်မှတ်ရာနှုန်းပြည့်အောင် လုပ်စရာ ဒီနည်းတစ်နည်းပဲ ရှိတဲ့ အကြောင်းတွေ ပြောတယ်။ ဒီလို ပညာရေးမဆန်တဲ့ အစွန်းထွက်လုပ်ရပ်တွေ လုပ်နိုင်ခွင့်၊ လုပ်ပိုင်ခွင့်တွေ ပညာရေးစနစ်ထဲ လွှမ်းမိုးနေ

တာဟာ အာဏာရှင်စနစ်က ပေးတဲ့ ဆိုးမွေလို့ပဲ ပြောရလိမ့်မယ်။ ကျောင်းသားတွေရဲ့ ပညာရေးအပေါ် အခြေတည်ထားတဲ့ ဆရာတစ်ယောက်ရဲ့ လုပ်ဆောင်ချက်တွေဟာ ကန့်သတ်တဲ့ တန်ဖိုးတွေ မဟုတ်ဘူးလို့ မြင်တယ်။ နယ်ဘက်တွေဆီ အပြောင်းမခံနိုင်တဲ့ ဆရာတစ်ယောက်ရဲ့ ပညာရေး သဘောထား ခံယူချက်တွေဟာ ကျောင်းသားတွေရဲ့ ပညာရေး အနာဂတ် ဘဝရပ်တည်ရေးဆိုတာထက် ကိုယ့်ဘဝရပ်တည်နိုင်ရေးကို ဗဟိုပြုထားတာပဲ။ ဒီတော့ ဆရာတစ်ယောက်ဟာ ကျောင်းသားတွေကို ဘာကြောင့် စာသင်ရသလဲ ဆိုတဲ့အပေါ် မေးခွန်းထုတ်ရတော့မယ်။

ကန့်သတ်ချက်တွေဟာ မဖြစ်မနေထားရှိရမှာဖြစ်ပေမယ့် စာသင်ခန်းထဲက နေ့စဉ် ဖြစ်ပျက် အကြောင်းတရားတွေကို လျစ်လျူရှုပြီး ကိုယ့်ဆန္ဒအလျောက် ပုံဖော်စေတာဟာ အစဉ်အလာတစ်ရပ်လို ဖြစ်နေခဲ့တယ်။ ဒီနှစ်၊ ဒီတိုင်း၊ ဒီပြည်နယ်၊ ဒီကျောင်းတွေမှာ တက္ကသိုလ်ဝင်တန်းတွေရဲ့ အောင်ချက်ရာနှုန်း ဘယ်လောက်ရှိရမယ် ဆိုတာထက် အဲဒီ အောင်ချက်ရာနှုန်းတွေ ပြည့်ဖို့ ဘာတွေ ဖြည့်ဆည်း ဆောင်ရွက်ပေးရမလဲဆိုတာက အောင်ချက် မြင့်မားရေးရဲ့ အခြေခံ လိုအပ်ချက်တွေပဲ ဖြစ်နေသင့်တယ်။ ပညာရေးဆန်ခြင်းဟာ ကိုယ့်ရဲ့ ပြောပိုင်ခွင့်၊ ကန့်သတ် ပိုင်ခွင့်ထဲကနေ ငါပြောရင် မလုပ်လို့ မရဘူး။ လုပ်ကို လုပ်ရမယ်ဆိုတဲ့ စိတ်ကျေနပ်မှုထက် အများကြီး ပိုတယ်။ တက္ကသိုလ်ဝင်တန်းတွေ အောင်ချက်ရာခိုင်နှုန်းကျတာဟာ သူ့အောက်က အတန်းတွေရဲ့ လေ့ကျင့်ပေးမှုတွေနဲ့ ဆက်စပ်နေတာ၊ ဆရာတွေရဲ့ သင်ပြပုံ နည်းစနစ် လိုအပ်ချက်တွေ ရှိနေတာ၊ ကျောင်းထဲမှာ အပြုသဘောဆောင် အမှတ်ပေးပိုင်ခွင့်တွေနဲ့ အခြားတစ်ယောက်ရဲ့ တွက်နည်း တွက်ဟန်တွေကို ဖယ်ထုတ်တာ၊ ဆရာတွေချင်း မပြေမလည်ရှိတိုင်း ကျောင်းသားတွေအပေါ် သဘောထားမပြည့်ဝတာတွေရဲ့ အကြောင်းခံ အကျိုးဆက်တွေလို့ပဲ ပြောရမယ်။

မောင်လင်း

အတွေးအမြင်

အမှတ် ၂၆၈ ဩဂုတ်၊ ၂၀၁၄

❑

# လူမှုဝန်းကျင်



နှလုံးသားနဲ့ လှမ်းကြမယ်

၂၀၁၄

# လူမှုဝန်းကျင်

**ဒေါက်တာ ခင်မောင်ညို**

ကျောက်မီးသွေးလောင်စာ ပြဿနာ

**ရဲဝင်းနိုင်**

စားစာခံမြစ်

**ငြိမ်းအေးအိမ်**

အိမ်အပြန်ဝိညာဉ်များ ခရီးတစ်ထောက်နားခိုရာ

**မောင်လွှင်မွန် (ကသာ)**

ရန်ကုန်ရွှေမြို့တော်ကို ကယ်တင်ရန် ကြိုးစားနေသူများ

**သွေး (စစ်ကိုင်း)**

ကျွန်မတို့ ဘယ်အချိန်အထိ ညော်စာရင်းတိုင်နေရမှာလဲ

**ခင်စောတင့်**

ကျွန်မတို့ လမ်းကလေး

## ကျောက်မီးသွေးလောင်စာ ပြဿနာ

ဈေးပေါပေါရနိုင်တဲ့ ကျောက်မီးသွေးတွေကို ကမ္ဘာမှာ လောင်စာအဖြစ် သုံးနေတာဟာ သဘာဝပတ်ဝန်းကျင်ကို များစွာ ထိနိုက်စေတယ်။

ယနေ့ တရုတ်ပြည် ရှန်ဟိုင်းလိုမြို့ကြီးတွေမှာ မီးခိုးမှိုင်းတွေနဲ့ မှောင်ကျတဲ့ Smog တွေ ဖြစ်နေတာဟာ ဒီကျောက်မီးသွေး လောင်စာကြောင့်ပဲ။ ဂျပန်နိုင်ငံ မြို့ကြီးတွေမှာလည်း လေထုညစ်ညမ်းနေပါတယ်။ ဒါဟာ ကျောက်မီးသွေးလောင်စာကို သုံးစွဲနေကြလို့ပါပဲဆိုတာ အများက လက်ခံထားကြပါတယ်။ ကျောက်မီးသွေးကို အခြေခံအားဖြင့် လျှပ်စစ်ဓာတ်ထုတ်လုပ်ရာမှာ သုံးတယ်။ အပူဓာတ်ရဖို့ သူ့ကို မီးရှို့ရတာပဲပေါ့။ ကမ္ဘာမှာ ကျောက်မီးသွေး တစ်နှစ်

**ကမ္ဘာကြီးပူနွေးခြင်းအတွက်
ပါဝင်ပတ်သက်တယ်ဆိုတဲ့
ကာဗွန်ဒိုင်အောက်ဆိုက်တွေကို
အများဆုံးထုတ်လုပ်တဲ့
လောင်စာတွေကတော့
ကျောက်မီးသွေးနဲ့
ဓာတ်ဆီတွေ ဖြစ်တယ်။**

ကို တန် ငါးသန်းလောက်သုံးတဲ့အထဲမှာ ၇၅ ရာခိုင်နှုန်းက လျှပ်စစ်ဓာတ်အတွက်ပါပဲ။ လျှပ်စစ်ဓာတ်ကို နည်းမျိုးစုံနဲ့ ထုတ်ကြတယ်။ ကျွန်တော်တို့လောပီတမှာဆိုရင် ရေအားလျှပ်စစ်ကို ထုတ်တယ်။ ရန်ကုန်လိုနေရာမှာ မီးထိုးဆီတို့ သဘာဝဓာတ်ငွေ့တို့ကနေ လျှပ်စစ်ဓာတ်ကို ထုတ်တယ်။ ကမ္ဘာ့ လျှပ်စစ်ဓာတ် ထုတ်လုပ်တဲ့လုပ်ငန်းတွေထဲမှာ ကျောက်မီးသွေးဟာ ၄၀ ရာခိုင်နှုန်းလောက်ထိ ပါဝင်နေပါတယ်။ ဆိုလိုတာက ကျောက်မီးသွေးသုံး လျှပ်စစ်ထုတ်တဲ့ လုပ်ငန်းက အတော်လေးများပါတယ်။

ကမ္ဘာကြီး ပူနွေးခြင်းအတွက် ပါဝင်ပတ်သက်တယ်ဆိုတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်တွေကို အများဆုံး ထုတ်လုပ်တဲ့ လောင်စာတွေကတော့ ကျောက်မီးသွေးနဲ့ ဓာတ်ဆီတွေ ဖြစ်တယ်။ တကယ်တော့ ကျောက်မီးသွေးက လျှပ်စစ်ဓာတ်ထုတ်နိုင်တဲ့ အပူစွမ်းရည် Thermal Efficiency ဟာ ၃၀ ရာခိုင်နှုန်းလောက်သာ ရှိပါတယ်။ တစ်နည်းအားဖြင့် ကျောက်မီးသွေးသုံး လျှပ်စစ်ထုတ်တဲ့အခါ အပူဆုံးရှုံးမှု ၇၀ ရာခိုင်နှုန်းထိ ရှိနိုင်တာကို ဖော်ပြတာပါပဲ။ ဒါပေမဲ့ ကျောက်မီးသွေးကို အများအပြား ရရှိနိုင်ခြင်း ဈေးနှုန်းချိုသာခြင်းတို့ကြောင့် ကျောက်မီးသွေး အသုံးက တစ်စတစ်စ ကျယ်ပြန့်လာတယ်။ ယနေ့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ ထုတ်လုပ်တဲ့ စီမံကိန်းတွေ တစ်နေ့တခြား များပြားလာတာကို တွေ့ရတယ်။ ဒီအတွက် ၂၁ ရာစုမှာ အခြား လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေနည်းတူ ကျောက်မီးသွေးက လျှပ်စစ်ထုတ်လုပ်တဲ့ လုပ်ငန်းဟာလည်း များစွာ တိုးပွားလာမှာပဲလို့ တွက်ဆနေကြပါတယ်။

မကြာသေးမီက ဂျပန်မှာ ဆူနာမီကြောင့် ရှင်းနိုင်းမှာရှိတဲ့ အဏုမြူဓာတ်ပေါင်းဖိုတွေ ပြိုကျပျက်စီးတယ်။ ဒီအတွက် အဏုမြူဓာတ်ပေါင်းဖိုတွေရဲ့ အန္တရာယ်ကြီးမှုကို မျက်မြင်ကိုယ်

တွေ့ တွေ့လာကြတယ်။ တရုတ်ပြည်ဟာ ကမ္ဘာမှာ လျှပ်စစ်ဓာတ်ထုတ်လုပ်မှု အများဆုံးနိုင်ငံပါပဲ။ ဒါ့အပြင် တရုတ်ရဲ့ လျှပ်စစ်ဓာတ် လိုအပ်ချက်တွေဟာ နေ့စဉ်နေ့တိုင်း တိုးတက်နေပါတယ်။ ဂျပန်ကလည်း ကျောက်မီးသွေးကိုပဲ လောင်စာအဖြစ် အသုံးပြုဖို့ ကြံစည်နေကြပါတယ်။ သူတို့ရဲ့ စက်ရုံတွေသာ ပိုပြီး သန့်စင်တယ်။ သူတို့စက်ရုံတွေဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းတဲ့ (Clean and Green) စက်ရုံတွေ ဖြစ်တယ်လို့ ဆိုတယ်။ မြန်မာပြည်ကလည်း သွားရောက်လေ့လာခဲ့ကြပါတယ်။ ဒီအတွက် ကျောက်မီးသွေးဟာ လာမယ့် ဆယ်စုနှစ်တွေမှာ အဓိကလောင်စာ ဖြစ်လာပါမယ်။ တစ်ဖက်ကလည်း ကမ္ဘာ့နိုင်ငံများရဲ့ သဘောတူညီချက်အရ ၂၀၅၀ ပြည့်နှစ်မှာ ကာဗွန်ဒိုင်အောက်ဆိုက်ကို ၆၀ ရာခိုင်နှုန်းအထိ လျှော့ချဖို့ ရည်မှန်းထားတယ်။ ဒီတော့ ကျောက်မီးသွေးကြောင့် သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုဟာ သိသာလာမယ့်အချိန် ရောက်လာမှာ ဖြစ်တယ်။ ဒီအခါ လေထဲကို ကာဗွန်ထုတ်လုပ်မှုတွေအတွက် ပေးဆပ်ရမယ့် စရိတ်စကလည်း ကြီးမားလာမှာပါပဲ။

ဒါဆို ကျောက်မီးသွေး အသုံးကို ကြည့်ရအောင်ပါ။ ကျောက်မီးသွေးဟာ ပတ်ဝန်းကျင်ကို ညစ်ညမ်းမှု ဖြစ်စေပေမယ့် ဈေးပေါတယ်။ ဒီတော့ သုံးကို သုံးရမှာပဲပေါ့။ ဒါပေမဲ့ သဘာဝပတ် ဝန်းကျင်ကို ဒုက္ခပေးနိုင်တယ်။ ဒီအတွက် သူ့ကို တစ်နည်းနည်းနဲ့ အဆင်ပြေအောင် ပြောင်းလဲ အသုံးပြုသင့်ပါတယ်။ အဲဒါကတော့ ကျောက်မီးသွေးကို အငွေ့ဖြစ်အောင် ဦးစွာပြုလုပ်ပြီးမှသာ လျှပ်စစ်ဓာတ်ကို ထုတ်လုပ်ဖို့ အကြံပြုထားကြတယ်။ ဒါကို Gasification လို့ ခေါ်ပါတယ်။ တကယ်တော့ ကျောက်မီးသွေးကို အငွေ့အဖြစ် ပြောင်းစေခြင်းဖြင့် အပူစွမ်းရည် (thermal efficiency) ကိုလည်း တိုးတက်လာစေနိုင်တယ်။ ယနေ့မှာ (ICGG) လို့ခေါ်တဲ့ ကျောက်မီးသွေးကို အဆင့်ဆင့် ပေါင်းစပ် အငွေ့ပြောင်းစက်ရုံ (Integrated Gasification Combined Cycle) တွေကို တည်ဆောက်နေပြီဖြစ်တယ်။ တစ်ဖက်ကလည်း CSS လို့ခေါ်တဲ့ Carbon Captured and Storage ဆိုတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်များကိုဖမ်း၍ သိုလှောင်တဲ့စက်ရုံများကိုလည်း တည်ဆောက်နေကြပါတယ်။

ဒီနည်းပညာတွေဟာ တဖြည်းဖြည်း တိုးတက်လာတဲ့အလျောက် ထုတ်လုပ်မှုစရိတ်တွေကလည်း လျှော့ကျလာမှာ ဖြစ်တယ်။ ဒီလုပ်ငန်းတွေရဲ့ တည်နေရာဟာလည်း အရေးပါတယ်။ သူတို့ကို ကျောက်မီးသွေး လျှပ်စစ်

> **ဒါပေမဲ့ တကယ်တမ်း ရေရှည်ကို ကြည့်မယ်ဆိုရင်တော့ ဒီလို ကျောက် မီးသွေး အငွေ့ပြုလုပ်ခြင်းနည်းစဉ်အတွက် စဉ်းစားစရာတွေ ရှိနေပါတယ်။**

ခေတ်အားပေးစက်ရုံတွေနဲ့ မနီးမဝေးမှာ တည်ထားပြီး သယ်ယူပို့ဆောင်ရေး စရိတ်စကကို သက်သာအောင် ဖန်တီးနိုင်တယ်။ ဒါ့အပြင် ဒီလုပ်ငန်းဆိုင်ရာ စက်ရုံများကို မူလ ကျောက်မီးသွေး သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများနှင့်အတူ တွဲကာ လည်ပတ်စေနိုင်ဖို့ စီမံဆောင်ရွက်သင့်ပါတယ်။

ဒါပေမဲ့ တကယ်တမ်း ရေရှည်ကို ကြည့်မယ်ဆိုရင်တော့ ဒီလို ကျောက်မီးသွေး အငွေ့ပြုလုပ်ခြင်း နည်းစဉ်အတွက် စဉ်းစားစရာတွေ ရှိနေပါတယ်။ ဒီကျောက်မီးသွေးကို အငွေ့ပြုလုပ်ခြင်း၊ ကာဗွန်ကို ထိန်းထားခြင်း စတဲ့ နည်းစဉ်တွေကို အင်မတန် ထိရောက်ပြီး စနစ်တကျ ပြုလုပ်နိုင်ဖို့ အလားအလာတွေ ရှိသော်လည်း အချိန်ကြာလာတာနဲ့အမျှ ကာဗွန်ဒိုင်အောက်ဆိုက်တွေကို ထိန်းသိမ်းနိုင်မှု ခက်ခဲလာမှာ အမှန်ပါပဲ။ ဒါကြောင့် အစိုးရတွေနဲ့ သုတေသနဌာနများဟာ ကာဗွန် မထွက်နိုင်တဲ့ လျှပ်စစ်ထုတ်တဲ့ နည်းစဉ်တွေကို ပံ့ပိုးနိုင်ဖို့ ကြိုးစားသင့်တယ်။ ကျောက်မီးသွေးအပေါ် မှီခိုအားထားနေရတဲ့ ဒီစနစ်ကို အစားထိုးနိုင်ဖို့ မျှော်လင့်ကြတယ်။

မြန်မာနိုင်ငံမှာ တရုတ်က ရေဝတီမြစ်ဆုံစီမံကိန်း ရေအားလျှပ်စစ်ဓာတ် ထုတ်လုပ်ဖို့ ကြံစည်ခဲ့ပါတယ်။ ဒါကို ပြည်သူလူထုနဲ့ မီဒီယာတွေက ဆန့်ကျင်ထုတ်ဖော်တဲ့အတွက် သမ္မတကြီး ဦးသိန်းစိန်က သူ့ရဲ့ သက်တမ်းမှာ အဲဒီ စီမံကိန်းကို ရပ်ဆိုင်းဖို့ အမိန့်ကြော်ငြာကို ထုတ်ပြန်ခဲ့ပါတယ်။

ဒါပေမဲ့ တစ်ချိန်တည်းမှာပင် ထားဝယ် ရေနက်ဆိပ်ကမ်းမှာ ထိုင်းက လာရောက်ပြီး မဂ္ဂါဝပ် ၈၀၀၀ ရှိတဲ့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်ဖို့ ဖိုင်းပြင်းနေကြောင်း သိရပါတယ်။ သို့သော် ထိုင်းဟာ ပြည်သူများနှင့် မီဒီယာများ အသံထွက်ပေါ်လာတာကို ကြောက်၍

ပြီး မဂ္ဂါဝပ် ၈၀၀ သာရှိတဲ့ စက်ရုံကို တည်ဆောက်မယ်လို့ ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ အမှန်မှာ မဂ္ဂါဝပ် ၈၀၀ ဟာလည်း အင်မတန်ကြီးမားတဲ့ စက်ရုံပါ။ လျှပ်စစ်ဝန်ကြီး ဦးဇော်မင်း ပြောကြားချက်အရဆိုရင် မြန်မာပြည်မှာ မဂ္ဂါဝပ် ၁၅၀၀ သာ လို သတဲ့။ ဒီတော့ ဒီစက်ရုံမျိုးနှစ်ရုံသာ ရှိလို့ကတော့ မြန်မာပြည်သူပြည်သားအတွက် ပိုလျှံတဲ့ လျှပ်စစ်ဓာတ်အားကို ရမှာပါပဲ။

ဒါ့အပြင် မြန်မာပြည်မှာ ကျောက်မီးသွေးကို ကလေးဝလို ဒေသတွေမှာတော့ တွေ့ရှိတူးဖော်နေကြပါတယ်။ တစ်ဖက်ကတော့ ကမ္ဘာမှာရှိတဲ့ ကျောက်မီးသွေးတူးတဲ့ လုပ်သားတွေဟာ ကြီးမားတဲ့ အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတာကို သတင်းတွေကနေ မကြာခဏ ဆိုသလို ကြားသိနေရပါတယ်။ ကျောက်မီးသွေး မိုင်းတွေရဲ့ သဘာဝကိုက အန္တရာယ်ကြီးပါတယ်။ ကျောက်မီးသွေး တွင်းပြိုခြင်း၊ မိုင်းတွင်းထဲ ပိတ်မိနေခြင်း၊ ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်ခြင်း၊ မီးလောင်ပေါက်ကွဲခြင်း၊ ကာဗွန်အမှုန်အမွှားတွေကြောင့် ရောဂါရခြင်း ဆိုတာတွေကို တွေ့မြင်ရတယ်။ တစ်ဖက်ကလည်း ကျောက်မီးသွေးဟာ အင်မတန် ညစ်ပေပြီး ပတ်ဝန်းကျင်ကို ဒုက္ခပေးတဲ့ လောင်စာပါပဲ။ လွန်ခဲ့တဲ့နှစ်က မက်ဆာချူးဆက် စက်မှုတက္ကသိုလ် (MIT) က ကျောက်မီးသွေးနဲ့ပတ်သက်တဲ့ အစီရင်ခံစာ တစ်ခုကို ထုတ်ပြန်ခဲ့တယ်။ အဲဒါကတော့ ဈေးပေါပြီး များများရနိုင်တဲ့ ကျောက်မီးသွေးဟာဖြင့် ကမ္ဘာမှာ လောင်စာအဖြစ် နှစ်ပေါင်းများစွာ အသုံးပြုနေကြဦးမှာပဲလို့ ကောက်ချက်ဆွဲကာ တင်ပြသွားတာပါပဲ။

ဆိုလိုတာက ကျောက်မီးသွေး သုံးခြင်း၊ ကာဗွန် ထုတ်လွှတ်ခြင်းတွေကြောင့်ဖြစ်လာတဲ့ ရာသီဥတုပြောင်းလဲခြင်း ဒုက္ခတွေကို ကျွန်တော်တို့တစ်တွေ မလွဲမသွေ ခံစားရမှာပါပဲ။ ဒီအတွက် ဆင်ခြင်စရာတွေ အများကြီးရှိနေတယ်။ အထူးသဖြင့် သဘာဝဓာတ်ငွေ့တွေကို ရောင်းစားပြီး ကျောက်မီးသွေးစက်ရုံတွေ တည်တာကို ချင့်ချိန်ဖို့လိုကြောင်း တင်ပြအပ်ပါတယ်။

**ဒေါက်တာ ခင်မောင်ညို**

**မှတ်ချက်** ။ ။ New Journal (16-3-2014) မှ

**အောင်ပင်လယ်၊ လူမှုဝန်ကျင်းမဂ္ဂဇင်း**
**စက်တင်ဘာ၊ ၂၀၁၄**

❑

## စားစာခံမြစ်

တစ်ခဏ အသက်အောင့်ထားသော်လည်း မရသည့်အဆုံး နှာခေါင်းကို လက်ဖြင့်ပိတ်သူပိတ်၊ ပဝါဖြင့် အုပ်သူ အုပ်နှင့် သွားလာနေကြသည်။ အချို့ကမူ ထိုအနံ့ကို ယဉ်ပါးဟန်ဖြင့် မည်သို့မှ မဖြုလုပ်တော့ဘဲ သာမန်သွားရိုး သွားစဉ်အတိုင်းသာ ကျော်ဖြတ်သွားကြသည်။ ရေဆိုးနံ့များက ပျောက်သွားသည်မရှိ၊ ဆိုး၍သာလာသည်။

ထိုအနံ့ဆိုးများမှာ ဒုဋ္ဌဝတီမြစ်ကြီးဆီမှ ဖြစ်သည်။ ဒုဋ္ဌဝတီမြစ်အတွင်း စီးဆင်းလာသော ရေဆိုးအနံ့ကြောင့် အမရပူရမြို့နယ် တောင်တိုးကျေးရွာမှ ကျေးရွာသူများ အသက်ရှုရအဆင် မပြေသည်အထိ အနံ့ဆိုးများက ရွာပတ်ဝန်းကျင်တစ်ခုလုံး လှိုင်လှိုင်ထနေသည်။

ယင်းအနှံ့ဆိုးများက အနီးအနားသာမက ပတ်ဝန်းကျင်နှင့် မြစ်အောက်ဘက်ဆီသို့ တရွေ့ရွေ့ သယ်ဆောင်သွားသည်။ မြစ်ရေတစ်လျှောက် အနံ့များ ဖုံးလွှမ်းလျက်ရှိသည်။

"ဒီရေဆိုးအနံ့တွေကို နေ့စဉ် ရှူရှိုက်နေရတာ နှစ်အတော်ကြာပြီ၊ ရှစ်နှစ်လောက် ရှိနေပြီ" ဟု အမရပူရမြို့နယ် စာတိုးကျေးရွာဒေသခံတစ်ဦးက အနံ့ဆိုးကြားမှ နှာခေါင်းပိတ်ရင်း ဆိုလေသည်။

ရှေးနှစ်ပေါင်းများစွာက ကြည်လင် စိမ်းမြကာ အေးမြသော ရေကြည်တို့ကြောင့် ဒုဋ္ဌဝတီမြစ်ကို စာဆိုတို့က ကဗျာ၊ သီချင်း၊ လင်္ကာတို့ဖြင့် တင်စားခဲ့ကြသည်။

"ပုညရှင်စေတီအပါး ... စစ်ကိုင်းတောင်... စစ်ကိုင်းတောင် အထက်အနားဆီက... အရှေ့တစ်လွှား ရှုလိုက်ရင်လေ... ဧရာဝတီ... ဒုဋ္ဌဝတီ နတ်ပန်းချီ ဆေးစုံကွန့်ရှော့လေသလား ... ဝဲလက်ယာ အဒွန့်ဒွန့်နဲ့... အလွန့်လွန် သာယာပါပေသည်..." ဆိုသော တေးသီချင်းက ကြည်လင်စိမ်းမြမှု၊ အေးချမ်းမှုတို့ကြောင့် ဧရာဝတီမြစ်နှင့် အပြိုင် ဒုဋ္ဌဝတီမြစ်ကို တင်စားဖွဲ့လိုက်ခြင်း ဖြစ်သည်။

သို့သော် လက်ရှိအခြေအနေတွင် ဒုဋ္ဌဝတီမြစ်ရေသည် မကြည်လင်တော့၊ မစိမ်းလန်းတော့၊ မအေးမြတော့ပေ။ သာယာသည်ဟု တင်စားဖွဲ့ဆိုခံခဲ့ရသော ဒုဋ္ဌဝတီသည် မသာယာနိုင်တော့ပြီ။ စီးပွားရေးဖွံ့ဖြိုးမှု၏ ပြယုဂ်၊ စက်မှုထွန်းကားခြင်း၏ နောက်ဆက်တွဲ ဆိုးကျိုး၊ လူသားတို့၏ ရက်စက်မှုကြောင့် ဒုဋ္ဌဝတီမြစ်သည် နောက်ကျိလာသည့်အပြင် ရေဆိုးအနံ့များ ဆိုးရွားစွာ ထွက်ပေါ်လျက်ရှိသည်။

ဒုဋ္ဌဝတီမြစ်ရေကို နောက်ကျိကျိန်စာသင့်စေသည့် အရာများမှာ မန္တလေးစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများဖြစ်ပြီး ယင်းစက်ရုံများမှ စွန့်ပစ်လိုက်သော ရေဆိုးများသည် ကြည်လင်အေးမြသော ဒုဋ္ဌဝတီမြစ်ရေကို အရောင်ဆိုး အကျည်းတန်စေခဲ့ခြင်းပင် ဖြစ်သည်။ မန္တလေးစက်မှုဇုန် စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်လိုက်သော ရေဆိုးများသည် ပရန့်တော်ချောင်းအတွင်းမှ တောင်သမန်အင်းထဲသို့ စီးဝင်သကဲ့သို့ စွယ်တော်စေတီ အရှေ့ဘက်ရှိမြောင်းမှ တစ်ဆင့်လည်း တောင်အင်း၊ မြောက်အင်း (သုသာန်) ကို ဖြတ်ကာ စာတိုးကျေးရွာ အရှေ့ဘက်တွင် ဒုဋ္ဌဝတီမြစ်ထဲသို့ စီးဝင်လာသည်။

မန္တလေး စက်မှုဇုန်မှ စက်ရုံ၊ အလုပ်ရုံများအပြင် AAA ဘီလပ်မြေ

စက်ရုံ၊ ပလိပ်စက္ကူစက်ရုံ၊ ပလိပ်ချည်မျှင် အထည်နှင့် အချောကိုင်စက်ရုံတို့ကလည်း ဓာတုရေဆိုးများကို ဒုဋ္ဌဝတီမြစ်အတွင်းသို့ စွန့်ပစ်ကြသည်။

ဒုဋ္ဌဝတီမြစ်အတွင်းသို့ ရေဆိုးစွန့်ပစ်သည့် စက်ရုံ စုစုပေါင်း ၉၆ ခု ရှိသည်ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရေနှင့် သန့်ရှင်းမှုဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

ဘိလပ်မြေစက်ရုံမှအစ အရက်ချက်စက်ရုံ၊ ချည်ဆေးဆိုးစက်ရုံ၊ သားရေစက်ရုံအဆုံး ထွက်ရှိသမျှ ရေဆိုးများကို စွန့်ပစ်ကြသည်ဟု တာဝန်ရှိသူများနှင့် ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

စက်ရုံ၊ အလုပ်ရုံများက ရေဆိုးများကို သန့်စင်ပြီးမှ စွန့်ပစ်ကြသည်ဟု ဆိုသော်လည်း လက်တွေ့တွင်မူ ဒုဋ္ဌဝတီမြစ်၏ အခြေအနေမှာ တစ်နေ့တခြားဆိုးရွားညစ်ညမ်းလာလျက် ရှိနေသည်။

"ကျွန်တော်တို့က အသေးစားလုပ်ငန်းလေးတွေဖြစ်တဲ့အတွက် ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ရေဆိုးသန့်စင်နည်းကိုတော့ သုံးပြီးမှ စွန့်ပစ်ပါတယ်"ဟု သားရေစက်ရုံ လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးကမူ "ကျွန်တော်တို့ လေ့လာရသလောက်တော့ စက်ရုံတွေက ရေဆိုးတွေကို သန့်စင်မှုမပြုဘဲ မြစ်ချောင်းထဲကို ဒီအတိုင်း စွန့်ပစ်နေတာ" ဟု လက်ရှိအခြေအနေကို သုံးသပ်သည်။

ဒုဋ္ဌဝတီမြစ်ကမ်းဘေးရှိ ဒေသခံထောင်ပေါင်းများစွာတို့မှာ စက်မှုဇုန်များက စွန့်ပစ်လိုက်သော ရေဆိုးများကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုးကျိုးများ အကြီးအကျယ် ခံစားနေရသည်။ ဒုဋ္ဌဝတီမြစ်တွင်း စီးနေသောရေသည် နောက်ကျိနေသည့် အပြင် ရေအရောင်မှာ နုန်းထနေသကဲ့သို့ ကြည်လင်မှု မရှိဘဲ ဖြစ်နေသည်။

အမရပူရမြို့နယ်၊ စာတိုးကျေးရွာမှ စ၍ မြို့ပြင်ကြီး၊ အင်းလေးခြံ၊ မြောက်ကိုင်း၊ ဥယျာဉ်တော်၊ ကတ္တီပါ၊ စာတော်၊ ရေကြည်ပေါက်၊ မြစ်တူး၊ လိပ်ဆံတင်း၊ သပြေအုပ်၊ လိပ်ဆံခွန်၊ စိတ္တရ၊ သာယာကျွန်းပလိပ်၊ မြောက်မြေ၊ တောင်ကင်း၊ အောင်မြေ၊ သရက်ချောင်၊ ဈေးသစ်၊ ဈေးဟောင်း၊ ညောင်ပင်သာ၊ နောက်တော်ပါရပ်ကွက်များ၊ ဘနော၊ တက်မျော၊ ဖရဲကျွန်း၊ ရဲလုံးကျော်၊ တပ်ကကြီး၊ ဘုန်းတော်နိုင်ငံ၊ အိုးထုတွန်း၊ ဘလှဲဘ၊ အုတ်ကျုတ်ဖို၊ အင်းဝကျေးရွာ

ကြီးများ အပါအဝင် ကျေးရွာပေါင်း မြောက်မြားစွာအထိ ရေဆိုးဒဏ် ခံကြရသည်။

"ရေဆိုးက အတော်ကို ဆိုးတာ၊ အနံ့တွေပါမကဘဲ ရေဆိုးအဖတ်တွေပါ ပါတာဗျ၊ မြစ်ထဲမှာ ရေချိုးမယ်ဆိုရင်လည်း ရေဆိုးတွေကို လက်နဲ့ယက်ဖယ်ပြီးမှ ချိုးရတယ်၊ ပါးစပ်ထဲဝင်မှာစိုးတဲ့အတွက် ပါးစပ်ပိတ်ပြီးမှ ချိုးရတာ" ဟု ပလိပ်မြို့ခံ ကဗျာဆရာတစ်ဦးက နေ့စဉ်ကြုံတွေ့ရပုံကို ဖွင့်ဟသည်။

ဒုဋ္ဌဝတီမြစ်ရေကို အသုံးပြုသောဒေသခံများတွင် ယားနာဖြစ်မှုများရှိပြီး ယင်းရေဆိုး စတင်စွန့်ပစ်ရာ မြစ်ဘေးနေထိုင်သူများ၏ တစ်ကိုယ်ရေ သန့်ရှင်းမှုနှင့် ကျန်းမာရေးကို များစွာ ထိခိုက်လျက်ရှိကြောင်း အမရပူရမြို့နယ်မှ ဆရာဝန်တစ်ဦးက မှတ်ချက်ပြုသည်။

ဒုဋ္ဌဝတီမြစ်ဘေးတွင် မွေးဖွားခဲ့ပြီး မြစ်ရေကို သောက်ရေ သုံးရေအဖြစ် သုံးရင်း ကြီးပြင်းလာခဲ့ရသောဒေသခံများအတွက် ယခုအခါ ဒုဋ္ဌဝတီမြစ်ရေကို သုံးစွဲခွင့်မရတော့ပြီ။ လူသားများအတွက် အကျိုးများစွာ ဖြစ်ထွန်းစေခဲ့သော ဒုဋ္ဌဝတီမြစ်သည် လူသားတို့၏ လုပ်ရပ်များကြောင့် ကျိန်စာသင့်ခဲ့ပြီး မြစ်ကမ်းဘေး နေထိုင်သူ ဒေသခံများအတွက် ညစ်ညမ်းသော မြစ်ရေတို့က ဒုက္ခများစွာ ဖြစ်ပေါ်စေပြီ။ ရေဆိုးပါဝင်သော မြစ်ရေကို ချိုးရသဖြင့် ချိုးပြီးပါက ခန္ဓာကိုယ် ယားယံမှုများ မကြာခဏ ဖြစ်ပေါ်လေ့ ရှိသည်ဟု ဒုဋ္ဌဝတီမြစ်ဘေး နေထိုင်သူများက ရင်ဖွင့်သည်။

တာဝန်ရှိသူများက စက်ရုံ၊ အလုပ်ရုံများကို ရေဆိုးများ စနစ်တကျစွန့်ပစ်ခိုင်းပြီး စည်းကမ်းမလိုက်နာလျှင် အရေးယူမှု ပြုလုပ်မည်ဟု ညွှန်ကြားချက် ထုတ်ထားသည် ဆိုသော်လည်း ထုတ်ပြန်ချက်သည် စာရွက်ပေါ်တွင်သာရှိပြီး လက်တွေ့တွင် သက်ရောက်မှု တစ်စုံတစ်ရာမပြဘဲ ရေဆိုးအနံ့များက လှိုင်လှိုင်ထနေဆဲ ဖြစ်သည်။

ရေဆိုးအနံ့များကြောင့် အနံ့ဆိုး ဖုံးလွှမ်းခံဒေသများတွင် ခြင်ပေါက်ပွားမှုနှုန်း မြင့်တက်လာကြောင်း၊ ယင်းရေဆိုးများကြောင့်ပင် ဒုဋ္ဌဝတီမြစ်၏ ရေအရောင်သည် နစ်ရောင်ကွဲနေကြောင်း မြစ်ကမ်းဘေး နေထိုင်သူများက ပြောကြားသည်။

ရေဆိုးများသည် မြစ်၏ လေးမိုင်ခွဲခန့်လောက်အထိ စီးဆင်းပြီးမှ အနည်ကျသွားသော်လည်း ယင်းရေဆိုးများတွင် ဓာတုပစ္စည်း ပါ၊ မပါ စစ်ဆေးရန် လိုအပ်ကြောင်း မန္တလေးမြို့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း

ရေး ဆောင်ရွက်နေသည့် စီမံးရောင်စို အဖွဲ့ဝင်တစ်ဦးက သုံးသပ်ပြောဆိုသည်။

"ဒီမြစ်ရေကို သောက်တဲ့လူ ရှားသွားပြီ၊ သောက်တောင်မှ ရေနွေး ကျိုတာလောက်ပဲ ရှိတော့တယ်" ဟု ဒေသခံတစ်ဦးက ဆိုသည်။

ယမန်နှစ်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ထိုင်း ကုမ္ပဏီတစ်ခုတို့ ရေဆိုးသန့်စင်စက်ရုံ တည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့သော် လည်း လက်တွေ့တွင် စက်ရုံတည် ဆောက်ပြီးစီးရန် ၂ နှစ်ခန့် ကြာမြင့် နိုင်မည်ဖြစ်၍ ဒုဋ္ဌဝတီမြစ်နှင့် ဒေသခံ များမှာ ရေဆိုးဒုက္ခများမှ လွတ်မြောက် ရန် မလွယ်ကူသေးပေ။ တသွင်သွင် စီးဆင်းနေသော ဒုဋ္ဌဝတီမြစ်ကြီး ရှိ နေပါသော်လည်း ဒေသခံများမှာ မြစ်ရေ ကို မသုံးစွဲကြတော့ဘဲ မြေအောက်ရေ ကို ထုတ်ယူသုံးစွဲကြရသည်။

ဒုဋ္ဌဝတီမြစ်သည် မြန်မာနိုင်ငံ ၏ သမိုင်းများနှင့် ဆက်စပ်နေပြီး ရှေး မြန်မာဘုရင်မင်းများ လက်ထက်က လယ်ယာစိုက်ပျိုးရေး၊ တစ်ရွာနှင့် တစ် ရွာ ကူးလူး ဆက်ဆံရသော သယ်ယူ ပို့ဆောင်ရေးအတွက် အားကိုးခဲ့ရသော မြစ်တစ်စင်း ဖြစ်သည်။ ဒုဋ္ဌဝတီနှင့် ဧရာဝတီမြစ် ပေါင်းဆုံရာနေရာတွင် မြန်မာဘုရင်တို့ နန်းစိုက်စိုးစံခဲ့သော အင်းဝရွှေနန်းတော် ပေါ်ထွန်းခဲ့ပြီး နှစ်ပေါင်း ၄၀၀ ကျော်တိုင်အောင် အင်းဝမြို့တော်ကြီးအဖြစ် ထင်ရှားခဲ့ သည်။

သို့သော် ယခုခေတ်သစ်လူသား တို့ကြောင့် ဒုဋ္ဌဝတီသည် လူသားတို့ကို အကျိုးမပြုနိုင်တော့ပြီ။ သမိုင်းတွင် မြစ်တစ်စင်းဖြစ်သော ဒုဋ္ဌဝတီမြစ်သည် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် အတွင်း တောင်တန်းများတွင် မြစ်ဖျားခံ စီးဆင်းသည်။ နမ္မတူမြစ်၊ ဒုဋ္ဌဝတီမြစ်၊ မြစ်ငယ်မြစ် စသည်ဖြင့် အမည်နာမများ ပိုင်ဆိုင်ပြီး နေရာဒေသအလိုက် အမည် နာမများ ကွဲပြားသည်။ ဒုဋ္ဌဝတီသည် အခြားမြစ်များနှင့်မတူ ရှမ်းတောင်တန်း များပေါ်တွင် ဖြတ်သန်းစီးဆင်းသဖြင့် အကွေ့အကောက်များပြီး ရေစီးလည်း သန်လှသည်။

ယခင်အစိုးရလက်ထက် ၂၀၀၁ ခုနှစ်တွင် ဒုဋ္ဌဝတီမြစ်ပေါ်၌ ရဲရွာ ရေအား လျှပ်စစ်စီမံကိန်းကို အကောင် အထည် ဖော်ဆောင်ခဲ့ပြီး ရဲရွာရေအား လျှပ်စစ်စီမံကိန်းသည် ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာနှစ်တွင် ပြီးစီးခဲ့သည်။

ဒုဋ္ဌဝတီမြစ်တစ်လျှောက် ရဲရွာ ကျေးရွာအောက်ဘက် ၁၀ မိုင်ခန့်တွင် ၆၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် ဒီးဒုတ် ရေအား လျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ်

နောင်ချိုမြို့မှ ၂၆ မိုင်ခန့်တွင် မဂ္ဂါဝပ် ၃၂၀ ထုတ်လုပ်နိုင်သည့် အလယ်ရဲရွာ ရေအားလျှပ်စစ် စီမံကိန်း၊ သီပေါမြို့မှ ၆ မိုင်ခန့်တွင် ၁၁၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် သီပေါ ရေအားလျှပ်စစ်စီမံကိန်းတို့ကို ဆက်လက်ဆောင်ရွက်မည် ဖြစ်ပြီး ကျောက်မဲမြို့မှ ၂၅ မိုင်ခန့်အကွာတွင် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ဆဲ ဖြစ်သည်။

မြစ်ကြောင်း တစ်လျှောက် တည်ဆောက်သည့် ရေအားလျှပ်စစ် စက်ရုံများကြောင့်လည်း ဒုဋ္ဌဝတီမြစ်၏ သဘာဝဖြစ်စဉ်မှာ ပြောင်းလဲလာခဲ့ပြီး ရဲရွာ ရေအားလျှပ်စစ် ရေလှောင်ကန် စတင် ရေစုဆောင်းချိန်နှင့် ရေဆိုးစွန့်ပစ်မှုတို့ ဆုံမှတ်ဖြစ်သွားသည့်ကာလ ၂၀၁၀ ပြည့်နှစ် နှစ်ဆန်းပိုင်း၌ ဒုဋ္ဌဝတီမြစ်အတွင်း နေထိုင်ကျက်စားသည့် ငါးမျိုးစိတ်များ မျိုးသုဉ်းမှု ကြုံတွေ့ခဲ့ရသည်။

"ဟိုတုန်းကဆိုရင် ကျွန်တော်တို့ မြစ်ထဲမှာ ဒေသရင်း ပုစွန်တွေ စားရသေးတယ်၊ ခုတော့ ပျောက်ကုန်ပြီ" ဟု အမရပူရမြို့နယ် လိပ်ဆံခွန် ကျေးရွာတွင် နေထိုင်သူ ဒေသခံတစ်ဦးက အတိတ်ကို တမ်းတမ်းတတ ဆိုသည်။

ရေအား လျှပ်စစ်စီမံကိန်းများရှိ ရေလှောင်ကန်များကြောင့် မြစ်ရေကြီးခြင်း၊ မြစ်ကမ်းပါးပြိုကျမှုများ နည်းသွားသော်လည်း ကောင်းကျိုးထက် ဆိုးကျိုးနှင့် သက်ရောက်မှု များလွန်းလှသည်။ ဒုဋ္ဌဝတီမြစ်ရေဖြင့် စိုက်ပျိုးထွန်ယက်ကြသည်။ မြစ်ရေမှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည်။ မြစ်အတွင်းသို့ ရေဆိုးများ စွန့်ပစ်ကြသည်။ အတ္တကြီးသော လူသားတို့ကြောင့် ဒုဋ္ဌဝတီမြစ်ရေ နောက်ကျိ ညစ်ညမ်း ကျိန်စာသင့်နေကာ ဓားစာခံသဖွယ် ဖြစ်နေပြီ ဖြစ်သည်။

ထိုကဲ့သို့ ဓားစာခံဖြစ်နေခြင်းနှင့် ကျိန်စာသင့်နေခြင်းတို့ကို အချိန်မီ မပြုပြင်ပါက ဒုဋ္ဌဝတီမြစ်က ပေးသော ကျိန်စာကို မျိုးဆက်သစ်များ မဖြစ်မနေ ကြုံတွေ့ခံစားရမည်မှာ သေချာလှသည်။

**ရဲဝင်းနိုင်**

The VOICE

February 24, March, 2014

❑

## အိမ်အပြန်ဝိညာဉ်များ ခရီးတစ်ထောက်နားခိုရာ

ကိုးကွယ်ယုံကြည်ရာသည် လူတိုင်းအတွက် မတူနိုင်။

ယုံကြည်မှုကို ကြိမ်ဖန်များစွာ အစဉ်တစိုက် ကျင့်သုံးလာသောအခါ ထိုဆောင်ရွက်မှုသည် ယဉ်ကျေးမှုဓလေ့တစ်ခု ဖြစ်လာသည်။ ကမ္ဘာပေါ်ရှိ လူမျိုးပေါင်းများစွာတွင် သူ့အရပ်နှင့် သူ့ဓလေ့အတိုင်း ကျင့်ကြံဆောင်ရွက်နေကြဆဲ။

အီဖေဘွေမ် အနောက်ခြမ်းတွင် နေထိုင်ကြသော "လော်ဝေါ" လူမျိုးများတွင်လည်း သေဆုံးသူ၏ဝိညာဉ် (လိပ်ပြာ) ကို သေသူ၏ မျိုးနွယ်စုများ ဆင်းသက်လာရာ လမ်းကြောင်းအတိုင်း သေဆုံးသူမျိုးနွယ်စုများ၏ လိပ်ပြာ စုဝေးရာအရပ် "မဝေါမုတ်" (Ma Vo Mug -

ဝိညာဉ်များ စုဝေးရာအရပ်)သို့ ပြန်လည် ပို့ဆောင်စေလွှတ်သော ယဉ်ကျေးမှု ဓလေ့တစ်ခုရှိသည်။ နတ်ဟော ဆရာများက ဂါထာများ စီကုံးဖွဲ့နွဲ့၍ ဤကျွန်းသို့ လမ်းပြပို့ဆောင်ပေးသည် ဟု ယုံကြည်ကြသည်။

လူပျို အပျိုများ သေဆုံးခဲ့ပါက ၎င်းတို့၏လိပ်ပြာကို ၎င်းတို့အတိုးအတွားများ နေထိုင်ခဲ့သည့် အရပ်ဒေသ သို့အရောက် ပြန်လည် ပို့ဆောင်ကြသည်။ ထို့ကြောင့် သေဆုံးသူများ၏ လိပ်ပြာ (ဝိညာဉ်) များ စုစည်းပို့အပ်ရာ ကြားထောက်စခန်း "လိပ်ပြာကျွန်း" ဟုလည်း ယူဆကြသည်။

အိမ်ထောင်သည်များ သေဆုံးလျှင်မူ ယင်းတို့၏ လိပ်ပြာကို "ဂဒန်ဂလော" ဒေသမှတစ်ဆင့် လော်ဝေါ် လူမျိုးတို့ အစဦး နေထိုင်ခဲ့သည်ဟု အဆိုရှိသော "ငလောင်ဘမ်" (Ngo Laung Bam) အရပ်သို့ ပို့လွှတ်ကြသည်။ သက်ကြီးရွယ်အိုများ ကွယ်လွန်လျှင်ကား ကောင်းကင်ဘုံသို့ လိပ်ပြာကို ပို့ဆောင်ပေးကြ၏။ ထိုဓလေ့အပေါ်မှီတည်၍ ရေလယ်ကျွန်းတစ်ကျွန်းသည် လူမျိုးတစ်မျိုးအတွက် အလေးအနက် တန်ဖိုးထားရာ၊ စောင့်ရှောက်ရာ နေရာဖြစ်လာခဲ့သည်။

ထိုကျွန်းအမည်မှာ "အောက်ဘမ်" (Awk Bam, 25° 53' 5.94" N, 98° 7'19.68" E) ကျွန်းဖြစ်သည်။ ချီဖွေမြို့အနီးက မေခမြစ်လယ်တွင် တည်ရှိသည်။ မေခအနောက်ဘက်ကမ်း (ချီဖွေနှင့် မျက်နှာချင်းဆိုင်) "ဖန်နောင်ယန်" ရွာ၏ မြောက်ဘက် လေးဖာလုံခန့်အကွာတွင် အလျားတစ်မိုင်၊ အနံနှစ်ဖာလုံခန့်ရှိသော တောင်ပူစာလေးဖြစ်၏။ ရွာ၏ တောင်ဘက် နှစ်ဖာလုံခန့်အကွာတွင်မူ အလျားနှစ်ဖာလုံ၊ အနံတစ်ဖာလုံခွဲခန့် ဧရိယာရှိသည့် "ကဆုန်ဘမ်" ဟူသော ကျွန်းငယ်ရှိသည်။ ထိုနှစ်ကျွန်းသည် ကျွန်းညီနောင်ဖြစ်သည်ဟု ဆိုကြ၏။

သေသူတို့၏ လိပ်ပြာသည် သူသွားရမည့်နေရာကို မရောက်မီ ထို "အောက်ဘမ်"ကျွန်းတွင် တစ်ထောက်နားနိုသည်ဟု အယုံအကြည် ရှိကြသည်။ ဝိညာဉ်ဧည့်သည်တို့အဖို့ အောက်ဘမ်ကျွန်းသည် ခေတ္တအပန်းဖြေရန် ကောင်းသောနေရာ ဖြစ်မည်။

မြစ်လယ်ကျွန်းသည် သစ်ပင်ကြီးများဖြင့် စိမ်းစိမ်းစိုစို ရှိသလို ဆိတ်ဆိတ်ငြိမ်ငြိမ်လည်း နိုင်လှ၏။ ထိုကျွန်းအတွက် သာယာသော တေးသံမှာ မေခမြစ်ရေစီးသံနှင့် ကျေးငှက်တို့ အော်မြည်သံများသာ ဖြစ်သည်။

လော်ဝေါ်ဘာသာစကားအရ

“အောက်” ဆိုသည်မှာ ရာသီဥတု သဘာဝတရား အပြောင်းအလဲကို အတိတ်နိမိတ်ဖတ်ခြင်း၊ ကြိုတင်ဟော ခြင်း၊ နှိုးဆော်ခြင်း၊ အသိပေးခြင်းဟု အဓိပ္ပာယ်ရပြီး “ဘမ်” သည် “တောင်”ဟု အနက်ထွက်သဖြင့် “အောက်ဘမ်” ဆိုသည်မှာ ရာသီဥတု အပြောင်းအလဲကို နှိုးဆော်အချက် ပေးသည့်“တောင်” ဟု ရည်ညွှန်းခဲ့ ဟန်တူ၏။ ထိုကျွန်းမှ“ခမြွန်”ကောင် (လိပ်ပြာပုံသဏ္ဌာန် ရှိ၍ ပျံသန်းနိုင် သော်လည်း ငှက်မဟုတ် ဟု အဆိုရှိ သည်) အော်မြည်သံကြားချိန်သည် စိုက်ပျိုးရာသီစချိန်ဟု သတ်မှတ်ကြ သည်။

ထိုကျွန်းပေါ်တွင် သစ်ခုတ်ခြင်း၊ အမဲလိုက်ခြင်းကို ရိုးရာအရ ရှောင်ကြဉ် ထားကြသဖြင့် ကျွန်းသည် Biodiver sityကြွယ်ဝလှသော၊ သဘာဝ မပျက် သည့် အပျိုစင်ကျွန်းကလေးဖြစ်နေပုံ ရပါသည်။ ဤကျွန်းညီနောင်တွင် တော မီးလောင်ခြင်း ဖြစ်ခဲ့ပါက ဒေသဝန်း ကျင်တွင် အဖျားအနာကျရောက်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းများ ဖြစ်ပေါ် တတ်သည်ဟု အဆိုရှိခြင်းက ထို ကျွန်း ကို ကာကွယ်စောင့်ရှောက်ထားလေ သလား တွေးမိသည်။

အောက်ဘမ်ကျွန်း မနော့ပွဲ ဖြစ်မြောက်ရေးကော်မတီက ထုတ်ဝေ သော စာစောင်ငယ်တစ်ခုတွင် “အောက်” ဆိုသည်မှာ ရာသီဥတုကို အတိတ် နိမိတ်ပေးခြင်း ဟူသော ခေါင်းစဉ်ငယ် ဖြင့် အောက်ပါအတိုင်း ဖော်ပြထားသည် ကို ဖတ်ရှုခဲ့ရသည်။

သဘာဝတရားဖြစ်သည့် နွေ၊ မိုး၊ ဆောင်း ရာသီဥတု ပြောင်းလဲမည့် အတိတ်နိမိတ်၊ သစ်ပင်ပန်းမန်များ ဖူးပွင့်မည့် အတိတ်နိမိတ်၊ ရာသီသီးနှံ များ စိုက်ပျိုးချိန်ကို ပိုင်းခြားနှိုးဆော် ခြင်း စသည့် အတိတ်နိမိတ်များကို ဤ တောင်ညီနောင်၏ သစ်ပင်ပန်းပင်များ စတင်ဖူးပွင့်သီးခြင်း၊ ပုစဉ်းရင်ကွဲများ စတင် မြည်အော်ခြင်း၊ ဥသြငှက်နှင့် အခြားအခါပေးသည့် ကျေးငှက်တွန်သံ များသည် ဤတောင်တွင် စတင်ပြီး အခြားဒေသသို့ ပျံ့နှံ့သွားသဖြင့် သဘာဝတရားအရ စတင်ဖူးပွင့်ခြင်း၊ ကျေးငှက်များ၊ ပုစဉ်းရင်ကွဲနှင့် အခြား တိရစ္ဆာန်များ စတင်တွန်သံပေးသည့် နေရာဒေသ ဖြစ်ပါသည်။ ဤတောင် ညီနောင်မှပေးသည့် အတိတ်နိမိတ်ကို ကြည့်၍ ဒေသခံများ ရာသီဥတုကို ခန့်မှန်းခြင်း၊ တောင်ယာခုတ်ခြင်း၊ ခရီး ထွက်ခြင်း၊ မုဆိုးလိုက်ခြင်း၊ ပွဲလမ်း သဘင် ကျင်းပခြင်းကို ဆောင်ရွက်လာ ခဲ့ကြသည်။

သို့သော် ယခုနှစ်များတွင်မူ အယူမှား အမှတ်မှားမှုတစ်ခုကို တွေ့ရှိနေရသည်။ "အောက်ဘမ်" ကျွန်းကို နေရာမှားယွင်း/ကျွန်း မှားယွင်း ဖော်ပြနေသောအမှား ဖြစ်သည်။

ထိုအမှတ်မှားမှုတို့ကို သုတေသန ပညာရှင်များ၏ စာတမ်းများ၊ လူမျိုးစု သမိုင်းရေးသူတို့၏ စာအုပ်များတွင် ဓာတ်ပုံနှင့်တကွ ဖော်ပြထားကြသည်ကို တွေ့ရ၏။ ရေရှည်တွင် ယင်းအမှတ်မှားတို့သည် အမှန်အဖြစ် စွဲမြဲသွားနိုင်သည်။ ထိုအခါ သမိုင်းတန်ဖိုးရှိသော နေရာတစ်ခုသည် တည်နေရာများ ညွှန်ပြခြင်းခံရခြင်းကြောင့် မှေးမှိန်ပျောက်ကွယ်သွားလိမ့်မည်။

ထိုသို့ မှားယွင်းမှတ်ယူမှုမှာ "အောက်ဘမ်"ကျွန်းလေး၏ တောင်ဘက် မလှမ်းမကမ်း၊ မေခမြစ်လယ်မှာပင် တည်ရှိနေသော "ကဆုန့်ဘမ်" ကျွန်းကို "အောက်ဘမ်" ကျွန်း ဖြစ်သယောင် လူထုကြား ထင်ယောင်ထင်မှား ဖြစ်လာကြသည်။

သို့မျှသာမက ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်များတွင် "ကဆုန့်ဘမ်" ကျွန်း၌ မနောပွဲနှစ်ကြိမ် ကျင်းပခဲ့သည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၆ မှ ၁၉ ရက်နေ့အထိ ချီဖွေမြို့နယ်၊ ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှု ကော်မတီမှ ဦးစီးကျင်းပမည့် **'ဒုတိယအကြိမ်မြောက် အောက်ဘမ် မနောပွဲ ဖိတ်ကြားလွှာ'** တွင်လည်း မနောပွဲကျင်းပမည့်နေရာကို "ကဆုန့်ဘမ်" ကျွန်း၏ဓာတ်ပုံဖြင့် ဖော်ပြထားသည်ကို တွေ့ရပြန်သည်။ အမှန်တော့ ကျွန်းနှစ်ကျွန်းသည် ချီဖွေ-ဇမ်နောင်ယန် မေခမြစ်ကူးတံတား၏ အထက်နှင့် အောက်တစ်ဖက်တစ်ချက်စီတွင် မလှမ်းမကမ်း အကွာအဝေး၌ ရှိနေကြခြင်း ဖြစ်သည်။

မည်သည့် ကျွန်းသည် အောက်ဘမ်ကျွန်းဖြစ်ကြောင်း တိတိကျကျ သိရှိထားကြသော လူကြီးသူမများ သက်ရှိ ထင်ရှားရှိနေစဉ်တွင် ထိုနေရာ အမှတ်မှားမှုကို ပြင်ဆင်လိုက်ကြလျှင် ကောင်းမည်ဟု ထင်မြင်နေမိသည်။

သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးအဖြစ် သတ်မှတ်ထားသော နေရာဒေသတစ်ခုအား ညွှန်းဆို ဖော်ပြရာတွင် မှန်မှန်ကန်ကန်ဖြစ်ရန် အရေးကြီးပေမည်။

**ငြိမ်းအေးအိမ်**

traveller

July 1, 2014

❑

## ရန်ကုန်ရွှေမြို့တော်ကို ကယ်တင်ရန် ကြိုးစားနေသူများ

လွန်ခဲ့သော စနေနေ့က တော်ဝင်ဂါးဒင်းဟိုတယ်တွင် ရန်ကုန်မြို့တော်ကို ဇုန်များ ခွဲခြားရေးစီမံချက်နှင့် ပတ်သက်သော ဆွေးနွေးပွဲကို တက်ရောက် လေ့လာခွင့် ရရှိခဲ့ပါသည်။ ယင်းဆွေးနွေးပွဲတွင် တော်ဝင်မိသားစု ဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက အောက်ခြေလူတန်းစားများအတွက် ရည်ရွယ်သော တန်ဖိုးနည်းအိမ်ရာ (Low Cost Housing) စီမံကိန်းငါးမျိုးကို ဆလိုက်ကားချပ်များဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ ဦးကိုကိုထွေးသည် ဧပြီလအတွင်းက ဧရာဝတီသတင်းဌာနနှင့် အင်တာဗျူးလုပ်ရာတွင် ဆင်းရဲမွဲတေမှု ပပျောက်ရေးလုပ်သည်ဆိုလျှင် ဆင်းရဲသားများအတွက် လုပ်ရမည့် လုပ်ငန်းစဉ်ထဲတွင် ဆောက်လုပ်ရေး

ကို အဓိက အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ နေဖို့ထိုင်ဖို့ သက်သက်သာသာ ရရှိလျှင် ထမင်းတစ်လုတ်က မစက်ခဲသည့်အတွက် နေရေးအဆင်ပြေအောင် စီစဉ်ပေးသင့်ကြောင်း၊ မိမိမှဒီတာ အိမ်ရာစီမံကိန်း ၁ နှင့် ၂တွင် တစ်ခန်းကို ၁၆၅ သိန်းဖြင့် ရောင်းခဲ့ရာ ဈေးကစားသူများကြောင့် သိန်း ၇၀၀ အထိ ဖြစ်သွားခဲ့ကြောင်း၊ ဈေးကွက်အတွင်း လိုအပ်ချက်ကို ပြည့်ဝအောင် ဖြည့်ဆည်းနိုင်မည်ဆိုက ဈေးကစားမှုများ ပျောက်သွားမည်ဖြစ်သဖြင့် နောက်ထပ် တန်ဖိုးနည်းအိမ်ရာများ ဆောက်သင့်ကြောင်း၊ တစ်ဦးတည်းဆောက်၍ မရဘဲ ဆောက်နိုင်သူအားလုံး ဝိုင်းဆောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် တန်ဖိုးနည်းအိမ်ရာအတွက် လှိုင်သာယာဘက်ကိုပင် သွားစရာမလိုဘဲ ရန်ကုန်မြို့တွင် လက်ရှိ လူဦးရေ ၅ သန်း ဖြသန်းသာ ရှိသေးရာ ရန်ကုန်မြို့တွင်းမှာပဲ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတ၊ လှိုင်၊ ကမာရွတ် မြို့နယ်များရှိ မြေများမှာပင် လူဦးရေ ၁၀ သန်းလောက်အထိ တန်ဖိုးနည်း အိမ်ရာများ ဆောက်လုပ်နိုင်ကြောင်းလည်း ပြောကြားခဲ့သည်။ ယခုလည်း တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများ ငါးမျိုးကို ရှင်းပြခဲ့ပြီး နောက်ဆုံး စီမံကိန်း ၅ တွင် ဝင်ငွေနည်းသော မိသားစုများအတွက် ပေ ၂၀ × ၂၆ ပေ ကျယ်သော အခန်းများကို ဂျပန်နိုင်ငံမှ အခန်းဖွဲ့စည်းမှုကို မှီငြမ်းပြီး ဒီဇိုင်းဆွဲပုံကို ရှင်းပြခဲ့သည်။ ယင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော စည်ပင်သာယာနှင့် အိုးအိမ်ဦးစီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများ၊ ဗိသုကာပညာရှင်များက ယင်းစီမံကိန်းများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ အထူးသဖြင့် FAR ခေါ် Floor Area Ratio နှင့် ပတ်သက်ပြီး အပြန်အလှန် ဆွေးနွေးကြသည်ကို ကြားခဲ့ရပါသည်။ FAR ဆိုသည်မှာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် တိုင်းတာ သတ်မှတ်ရသည့် အချိုးဖြစ်ပြီး တစ်ခါတစ်ရံ Floor Space Index (FSI) ဟုလည်း ရည်ညွှန်းသည်ဟု ဆိုသည်။ တွက်ချက်ပုံမှာ အဆောက်အအုံတစ်ခု၏ အထပ်အားလုံးတွင် စုစုပေါင်းရရှိနိုင်သော ဧရိယာကို အဆောက်အအုံ တည်ရာမြေဧရိယာဖြင့် အချိုးချ တွက်ချက်ခြင်း ဖြစ်ပါသည်။ ဥပမာ ၁၀၀၀ စတုရန်းပေဧရိယာရှိ အဆောက်အအုံကို ၂၀၀၀ စတုရန်းပေကျယ်သော မြေပေါ်တွင် ဆောက်ပါက FAR ၀.၅ ရှိမည်ဖြစ်သည်။ တစ်ထပ်တွင် ဧရိယာ ၄၀၀

စတုရန်းပေရှိသော ၁၀ ထပ် အဆောက်အအုံကို ယင်းမြေပေါ်တွင် ဆောက်ပါက FAR ၂ ဖြစ်မည် ဖြစ်သည်။

FAR မြင့်မားသောအခါ အခန်းပိုထွက်ပြီး လူနေခွင့် ပိုရမည်ဖြစ်သော်လည်း လေဝင် လေထွက်ကောင်းမှု၊ အလင်းရောင်ရရှိနိုင်မှု၊ အညစ်အကြေး စွန့်ပစ်မှု၊ စွမ်းအင်ခွဲဝေသုံးစွဲမှု၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု လွယ်ကူရေးတို့ကို စီမံဆောင်ရွက်နိုင်ရန် ပိုမို ခက်ခဲမည် ဖြစ်သည်။ ဦးကိုကိုထွေး တင်ပြသော စီမံကိန်းတစ်မျိုး၏ FAR မှာ ၁၅.၈၇ ရှိကြောင်း သိရသဖြင့် စည်ပင်သာယာမှ အကြံပေး ဒေါက်တာကျော်သက်က ယင်းလောက် FAR မြင့်မြင့်ဖြင့် ဘယ်နိုင်ငံကမှ မဆောက်ကြောင်း၊ ယင်းမှ လေဝင်လေထွက်နှင့် သဘာဝအလင်းရောင် ရရှိမှု ခက်ခဲမည်ဖြစ်ကြောင်း၊ FAR ကို ယခုထက်လျှော့သင့်ကြောင်း ပြောကြားပါသည်။ ဦးကိုကိုထွေးက FAR ကို (၄-၅-၆-၇) စသည်အထိ လျှော့ချလျှင် ယခုမြေဈေးဖြင့် အဆောက်အအုံ ဆောက်လုပ်သူ (Developer) များအနေဖြင့် ဘယ်လိုမှ ဆောက်နိုင်မည် မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ငွေကြေးတတ်နိုင်သူများသာ ဝယ်ယူနိုင်သော ကွန်ဒိုမီနီယံများကို ဆောက်လုပ် ရောင်းချလျှင် ငွေပေါ်လွယ်သော်လည်း တန်ဖိုးနည်းအိမ်ရာများ မဆောက်သရွေ့ ကျူးကျော်ပြဿနာများ ဖြေရှင်းရေး၊ ဆင်းရဲသားများ၏ နေထိုင်မှုအဆင့်မြင့်ပေးရေးတို့ကို လုပ်နိုင်မည် မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တန်ဖိုးနည်းအိမ်ရာကို စိတ်ဝင်တစားဆောက်နေခြင်း ဖြစ်ကြောင်း၊ သို့သော် မြေဈေးက တစ်စတုရန်းပေကို တစ်သိန်းခန့် ဈေးဖြစ်နေရာ ယင်းမြေပေါ်တွင် တန်ဖိုးနည်းအိမ်ရာဖြစ်အောင် ဆောက်သောအခါ FAR က မြင့်သွားရခြင်းဖြစ်ကြောင်း၊ အကယ်၍ အစိုးရက မြေဈေးသက်သက်သာသာ သို့မဟုတ် မြေကို စီစဉ်ပေးပြီး အဆောက်အအုံကိုသာ ဆောက်ပေးရမည်ဆိုလျှင် FAR လည်း သိပ်မများ၊ ဝယ်ယူသူတို့ အတွက်လည်း ဈေးသက်သာသော အခန်းများကို ဆောက်ပေးနိုင်ကြောင်း၊ ထိုသို့ဆောက်ပေးသည်ဆိုရာတွင်လည်း မိမိတစ်ဦးတည်း လုပ်မည်ဟု မဆိုလိုဘဲ လုပ်နိုင်သူ မည်သူမဆို ဝင်လုပ်စေလိုကြောင်း ပြောကြားပါသည်။

ဒေါက်တာကျော်သက်က FAR မြင့်မားခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများစွာ ဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် FAR ကို ၈ ထက် မပိုစေသင့်ကြောင်း၊ ၈ ဆိုသည်မှာလည်း လျှော့ပေးထား

ခြင်းဖြစ်ပြီး စင်ကာပူတွင် ၄ ထက် ပို၍မရကြောင်း ပြောပါသည်။ ဦးကိုကိုထွေးကလည်း ပြဿနာတစ်ခု ကို ရှုမြင်ရာတွင် အဘက်ဘက်မှ စဉ်းစားသင့်ပါကြောင်း၊ ဥပမာ ယခု အလုပ်ရှင်၊ အလုပ်သမားပြဿနာများ တွင် မလုပ်နိုင်သဖြင့် အလုပ်ရုံကို စွန့်ပြီး ထွက်ပြေးသော အလုပ်ရှင်ကိုပင် လိုက်လံဖမ်းဆီး အရေးယူရမည်ဟု ဆိုနေကြရာ နောင်တွင် မည်သူမျှ လာ ရောက် ရင်းနှီးမြှုပ်နှံမည် မဟုတ်ကြောင်း၊ မိမိတို့ ဆောက်လုပ်ရေးလုပ်ငန်းများ၏ သဘာဝမှာ ကာလတစ်ခု အချိန်ယူပြီး ဆောက်လုပ်ရသည် ဖြစ်သည့်တွက် အနာဂတ်ဈေးနှုန်းနှင့် လူတို့၏ စိတ် အခြေအနေ ပြောင်းလဲမှု၊ သုံးစွဲနိုင်အား ပြောင်းလဲမှုတို့ကို ထည့်စဉ်းစား တွက်ချက်ရပါကြောင်း၊ ယခင်က အထပ် မြင့် အဆောက်အအုံများကို အပေါ်ထပ် များ မရောင်းရကြောင်း၊ ရေမတက် မည်ကို ပူပန်ခြင်း၊ မီးပျက်လျှင် ဓာတ် လှေကား မရမည်ကို ပူပန်ခြင်းတို့ ကြောင့် ဖြစ်ကြောင်း၊ သို့သော် ယခု အခါတွင် အဆောက်အအုံအမြင့်များ တွင် အပေါ်ထပ်များက စတင်အရောင်း ထွက်လာကြောင်း ပြောကြားပါသည်။

ထို့ပြင် ယခုအခါ တန်ဖိုးနည်း အိမ်ရာ စီမံကိန်းများ ကော်ပြာလုပ်

**ဝယ်ယူသူများအနေဖြင့်လည်း**
**နှိုင်းနှိုင်းချိန်ချိန်ဖြင့်**
**ဆောက်လုပ်ခြင်းကို**
**အာမခံပေးမည့်စနစ်ရှိမှသာ**
**ဝယ်ယူသင့်ကြောင်း . . .**

ကိုင်လာကြသည်ကို တွေ့ရသဖြင့် ဝမ်း သာစရာဖြစ်ကြောင်း၊ သို့သော် အချို့ ဖော်ပြထားသော အိမ်ရာဈေးနှုန်းများမှာ လက်တွေ့ ဆောက်လုပ်ရောင်းချ၍ မဖြစ်နိုင်သော ဈေးနှုန်းများ ဖြစ်နေသည် ကို တွေ့ရကြောင်း၊ ကာလရှည်ပေးဆပ် မှု အစီအစဉ်ရှိနေပြီး ယင်းရရှိသောငွေ မှာ အိမ်ရာဆောက်လုပ်မှု စီမံကိန်းစရိတ် ကို ကာမိနိုင်ခြင်း မရှိခြင်းမှာ အံ့သြစရာ ဖြစ်နေကြောင်း ပြောကြားရာ ဒေါက်တာ ကျော်သက်က အချို့စီမံကိန်း ကြော်ငြာ များမှာ ရိုးသားမှုမရှိဟု ထင်မြင်စရာ ရှိကြောင်း၊ ဝယ်ယူသူများအနေဖြင့် လည်း နှိုင်းနှိုင်းချိန်ချိန်ဖြင့် ဆောက်

လုပ်ခြင်းကို အာမခံပေးမည့်စနစ်ရှိမှသာ ဝယ်ယူသင့်ကြောင်း ပြောကြားပြီး အချို့ အိမ်ရာရောင်းချမှုများမှာ လူတိုင်းစိတ်ဝင်စားလောက်သော မက်မောစရာ အချက်အလက်များ ပါဝင်နေပြီး ယင်းတို့အနေဖြင့် လျှောက်လွှာ ရောင်းချပြီး ပင် စီးပွားရှာနိုင်ကြောင်း မှတ်ချက်ပေးပါသည်။ ဦးကိုကိုထွေးက သူလုပ်ခဲ့သော မုဒိတာအိမ်ရာတွင် လျှောက်လွှာရောင်းချမှုမပြုခဲ့ဘဲ လျှောက်လွှာ အခမဲ့ပေးခဲ့သော်လည်း နောက်ဆုံးတွင် လျှောက်လွှာတစ်စောင်ကို တစ်သောင်းအထိ ဈေးပေါက်သွားခဲ့ကြောင်း ပြောပြပါသည်။

ထို့ပြင် ဒေါက်တာကျော်သက်က မြေနှင့် အိမ်ရာ စီမံခန့်ခွဲမှုအတွက် ခေတ်မမီတော့သော ဥပဒေများကို ဖျက်သိမ်းသင့်ကြောင်း၊ ဥပမာ Urban Rent Control Act, 1948 ကို ဖျက်သိမ်းသင့်ပြီဖြစ်ကြောင်း၊ 1947 က ပြဋ္ဌာန်းခဲ့သော Transfer of immovable property Act, ဥပဒေကဲ့သို့ ဥပဒေမျိုး အမေရိကန်တွင် မရှိသော်လည်း ထိုင်းတွင်တော့ရှိကြောင်း၊ ၁၉၈၇ တွင်တော့ ထိုင်းက နိုင်ငံခြားသားကို ကွန်ဒို ဝယ်ယူခွင့်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ကွန်ဒိုမီနီယံလောရှိရန် လိုအပ်သဖြင့် ၁၉၉၀ ပြည့်နှစ်ကတည်းက စတင်ရေးဆွဲခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် အပြီးသတ်နိုင်ခဲ့ကြောင်း၊ သို့သော် နိုင်ငံခြားသားကို ကွန်ဒိုရောင်းမည်ဆိုသော အချက်ကို ထပ်မံထည့်သွင်းသည့်အတွက် ကန့်ကွက်ထားရာမှ အတည်မပြုနိုင်ဘဲ ကြာနေခဲ့ကြောင်း၊ မကြာမီတော့ ယင်းဥပဒေ ထွက်လာတော့မည် ဖြစ်ကြောင်း ပြောကြားပါသည်။

ထို့ပြင် အိမ်ရာဆောက်လုပ်မှုနှင့် ပတ်သက်ပြီး မြေပေါ်တွင် အဆောက်အအုံ ဆောက်ရာတွင် ရှေ့နောက်နှင့် ဘေးနှစ်ဖက်တွင် ချန်လှပ်ထားရသော မြေပမာဏ (Setback) နှင့် ပတ်သက်ပြီးလည်း လက်ရှိအဆောက်အအုံများတွင် မြေတတ်နိုင်သမျှ လုဆောက်ရာမှ Setback ချန်လှပ်မှု နည်းပါးသဖြင့် အဆောက်အအုံချင်း အလွန်ကပ်ပြီး အလင်းရောင်၊ လေတို့ လုံလောက်မှုမရနိုင်ဘဲ မီးလောင်ကျွမ်းလျှင်လည်း မီးငြိမ်းသတ်ရေးနှင့် အရေးပေါ်ထွက်ပေါက်၊ အသက် ကယ်ဆယ်ရေးတို့ အခက်အခဲရှိပုံကိုလည်း ဆွေးနွေးကြပါသည်။

ဗိသုကာပညာရှင် ဒေါ်လှစုမြတ်ကလည်း 'Save Yangon' ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့တွင်း အဆောက်အအုံ Setback များအကြောင်း၊ သုံးထပ်မှ ရှစ်ထပ်အထိ အဆောက်အအုံများကို ၁

ပေ Setback ဖြင့် ဆောက်လုပ်ထားပုံတို့ကို စမ်းချောင်းမြို့နယ်၊ သီရိလမ်းအတွင်း ကွင်းဆင်းလေ့လာထားချက်များအရ ပါဝါပွိုင့်ကားချပ်များဖြင့် Presentation တစ်ခု တင်ပြသွားခဲ့ပါသည်။ ယင်းလမ်းအတွင်း လမ်းအကျယ်၊ လမ်းနှင့် အဆောက်အအုံအကွာအဝေး၊ တစ်ခန်းလျှင် လူသုံးဦးနှုန်းဖြင့် တွက်ချက်လျှင်ပင် လူနေထူထပ်လွန်းနေပုံ၊ Setback နည်းလွန်းခြင်း၊ FAR အချိုး များလွန်းခြင်း၊ လူနေထူထပ်လွန်းခြင်းတို့မှ စိတ်ဖိစီးမှုများစေခြင်း၊ ရာဇဝတ်မှုများ မြင့်တက်စေခြင်း၊ ခိုက်ရန်ဖြစ်ပွားမှုနှင့် စိတ်ထွက်ပေါက်ရှာမှုများများလာခြင်းတို့ကိုလည်း ထောက်ပြသွားသည်။ ထို့ပြင် မိမိမှာ မီးသတ်ဌာနတွင် ဗိသုကာ အကြံပေးအဖြစ် ဆောင်ရွက်နေပြီး မီးဘေးလုံခြုံရေး စွဲထောင့်မှနေပြီး ဆောက်လုပ်ရန် ခွင့်ပြုချက် လျှောက်ထားသောအဆောက်အအုံပုံစံတချို့ကို ကန့်ကွက်ပြင်ဆင်ပေးခဲ့ရပုံကို တင်ပြပါသည်။ ထို့ပြင် အချို့သော အဆောက်အအုံများမှာ လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီသော်လည်း အုပ်ချုပ်ရေးအာဏာပိုင်က ခွင့်ပြုမိန့်ချထားပြီးဖြစ်သဖြင့် ကန့်ကွက်ရသည့်အခါ ထိရောက်မှုမရှိ ဖြစ်ရကြောင်း၊ ဥပမာ ၂၆ ထပ် အဆောက်အအုံကို သုံးပေ Setback ဖြင့် ဆောက်လုပ်ခွင့် တင်သည့်မျိုး ဖြစ်ကြောင်း စသဖြင့် ရှင်းပြသွားခဲ့ပါသည်။

ဒေါက်တာ ကျော်သက်က အိမ်ရာများကို အငှားရောင်းစနစ်ဖြင့် ရောင်းချပေးသော Housing Financing Project စီမံကိန်းမျိုး ရှိလာမှသာ လူတွေလည်း အိမ် အလွယ်တကူရ၊ ဆောက်လုပ်ရေး လုပ်ငန်းများလည်း အိမ်များ အရောင်းထွက်ပြီး အဆင်ပြေနိုင်မည်ဖြစ်ကြောင်းဆိုပါသည်။ ဦးကိုကိုထွေးက ရန်ကုန်မြို့လယ်ကို ဇုန် (၁) ထားပြီး ဇုန် (၂) နှင့် ဇုန် (၃) အဖြစ် တောင်ဥက္ကလာနှင့် အင်းစိန်ကို လူနေထူထပ်မှုနှင့် စီးပွားရေးလုပ်ငန်းများကို ဆန့်ထုတ်ပြီး ချဲ့ထွင်နိုင်ရန် ပုံများနှင့်တကွ တင်ပြပါသည်။ ဒေါက်တာကျော်သက်က မိမိတွင် ယင်းစီမံကိန်းများ အဆင်သင့်ရှိပြီး တင်ပြထားပြီးလည်း ဖြစ်ကြောင်း၊ သို့သော် လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့်အတွက် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခြင်း မရှိခဲ့ကြောင်း၊ လက်တွေ့ဆောင်ရွက်ရာတွင် အခက်အခဲများရှိကြောင်း၊ ဥပမာ မင်းမှေ့လမ်းဝန်းကျင်တွင် မြေဇေက ၄၀၀ အဆင်သင့်ရှိသော်လည်း စည်ပင်က ပိုင်သည်မှာ ၄၀ သာရှိပြီး ကျန်ဇေကများက ကာကွယ်ရေးနှင့် ဆည်မြောင်းဌာနများ

**ပြည်သူတို့သည်**
**ရန်ကုန်ကို သဲသဲမဲမဲ ကယ်တင်ရန်**
**ကြိုးစားနေကြကြောင်း၊**
**ပြည်သူတို့သည်**
**ရန်ကုန်ကို ပိုမိုနက်ရှိုင်းသော**
**ချောက်နက်ကြီးတွင်းသို့ ပစ်ချဖို့**
**ဆက်ကြိုးစားနေကြကြောင်း**

က ပိုင်သဖြင့် ဖွံ့ဖြိုးမှုဧရိယာအဖြစ် မဆောင်ရွက်နိုင်ကြောင်း၊ ပြည်ပ ပညာရှင်များကို လေ့လာတင်ပြစေရာတွင် ဂျပန်ပညာရှင်က အင်းစိန်ဘူတာဝန်းကျင်တွင် အဆောက်အအုံများ ဆောက်လုပ်ရန် သရုပ်ဒီပုံများဖြင့် တင်ပြခဲ့သည် ရှိကြောင်း၊ တကယ်တမ်းမှာ ယင်းဝန်းကျင်တွင် နေထိုင်နေသူများ ရှိနေသဖြင့် သူတို့အတွက် မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို လက်တွေ့ကျကျ စဉ်းစားပေးချက်ရှိမှသာ ယင်းသို့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပါသည်။

အခမ်းအနားအပြီးမှာ ပညာရှင်အချို့နှင့် အလွတ်သဘော ဆွေးနွေးခွင့်ရပါသည်။ ကျွန်တော်က ရန်ကုန်မြို့သစ် တိုးချဲ့မှုနှင့် ပတ်သက်ပြီး ယခင်မြို့သစ် ဖော်ထုတ်မှု လုပ်ထုံးလုပ်နည်းများကို မေးမြန်းကြည့်ရာ ပညာရှင်တစ်ဦးက လယ်ယာမြေများကို 'လယ်မြေကို အခြားနည်းအသုံးပြုရန်' လန ၂၉၊ ၃၀ အရ လျှောက်ထားစေပြီးမှ လယ်သမား သို့မဟုတ် လယ်သမားထံမှ လက်ရှိ မြေဝယ်ယူထားသူအား လယ်ယာမြေဈေးဖြင့် ပေးလျော်ရန် ဖြစ်ကြောင်း၊ ယင်းစီမံကိန်းမြေဖြစ်ပြီးမှသာ ဆောက်လုပ်ရေးအတွက် တင်ဒါခေါ်ယူခြင်း၊ သို့မဟုတ် အကွက်ရိုက်ချပေးခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ကြောင်း ရှင်းပြပါသည်။ လက်ရှိဆောင်ရွက်နေသော (ထိုစဉ်က ဖျက်သိမ်းခြင်း မပြုသေးသော) ရန်ကုန်မြို့သစ် စီမံကိန်းနှင့် ပတ်သက်ပြီး မေးမြန်းရာတွင် ယင်းစီမံကိန်းမှာ လုပ်ထုံးလုပ်နည်းနှင့် မကိုက်ညီဘဲ ဆောင်ရွက်ခဲ့ကာ မီဒီယာနှင့် အများပြည်သူ၏ ဝေဖန်မှု ဖိအား အလွန်ကြီးမားသည့်အတွက် မကြာမီ ယင်းစီမံကိန်းပျက်သွားမည်ဟု ယူဆကြောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့ကလည်း ယင်းစီမံကိန်းကို စိတ်ဝင်တစား စောင့်ကြည့်လေ့လာ ပြောဆိုမှုများ ရှိ

လာကြောင်း ပြောကြားပါသည်။ ကျွန်တော်က အိမ်ခန်းများ အရစ်ကျ ရောင်းချနိုင်ရေးကို ဘဏ်များက ဆောင်ရွက်ပေးရန်မှာ ယင်းအိမ်ခန်းများကို ဘဏ်များက တရားဝင် ပိုင်ဆိုင်ခွင့် လွှဲယူနိုင်မှု (Legal Possession) မရယူနိုင်သဖြင့် မချေးပေးခြင်းဖြစ်ရာ ကွန်ဒိုမီနီယံလောပေါ်လာလျှင် ဖြစ်နိုင်မည် ထင်ကြောင်းဆွေးနွေးပြီး သို့ရာတွင် ကွန်ဒိုမီနီယံကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ၁၂ ပေခွဲ ပေ ၅၀ ခန့် ကန်ထရိုက်ခန်းများပါ ပါအောင် ဖွင့်ဆိုသင့်ကြောင်း၊ သို့မဟုတ်ပါကလည်း သူတို့အတွက် တရားဝင် အခွင့်အရေး ရရှိနိုင်ရန် Appartment Law အဖြစ် ပြဋ္ဌာန်းပေးရန်လိုအပ်မည်ဖြစ်ကြောင်း ကျွန်တော့်အမြင်ကို ပြောပြဖြစ်ခဲ့ပါသည်။

အိမ်ပြန်လမ်းတွင် ကျွန်တော့် အတွေးထဲမှာ အမြင်သစ်များ ရရှိလာခဲ့ပါသည်။ ယင်းမှာ ကျွန်တော်တို့ မသိဘဲ ရန်ကုန်မြို့ကြီးကို ကယ်တင်ရန် ကြိုးစားနေသူများက ကြိုးစားနေကြသည်ဆိုသောအချက် ဖြစ်ပါသည်။ စည်ပင်သာယာဆိုသည်မှာ ကန်ထရိုက်ဆောက်လိုသမျှ လျှောက်ထားသည့်အတိုင်း ခွင့်ပြုချက်ကို မဆင်မခြင် ချပေးနေသော အဖွဲ့အစည်းတစ်ရပ်လို မြင်သူက မြင်ကြသလို စည်ပင်သာယာက ခွင့်ပြုချက်မပေးလျှင်လည်း တမင်သက်သက် ညစ်သည်ဟု မြင်ကြသော အမြင်များလည်း ရှိဉာတ်ပါသည်။ အများမြင်သလို မဆင်မခြင် ချပေးခြင်းများ၊ တမင်ညစ်ထားခြင်းများလည်း ရှိနိုင်သည့်တိုင် နိုင်ငံတကာ လူနေထိုင်မှု စံနှုန်းများနှင့်အညီ Floor Area Ratio, Building Coverage Ratio, Setback, စသည်များ၊ လူနေထူထပ်မှုအချိုးများ၊ အမြင့်ပေ သတ်မှတ်ချက်နှင့် အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်မှုအတွက် တောင်းဆိုဆောင်ရွက်ပေးမှုများကို အစဉ်တစိုက် ဆောင်ရွက်နေသည့် ပညာရှင်များလည်း ရှိနေပြီး စည်းမဲ့ကမ်းမဲ့ လူနေထူထပ်၊ အဆောက်အအုံ ချင်းကပ်နေကာ မြောင်းပိတ် ရေလှို့ ကားသွားမရသော ရန်ကုန်အဖြစ်မှ ကယ်တင်ရန် ကြိုးစားနေကြပုံကို သိမြင်လိုက်ရခြင်း ဖြစ်ပါသည်။

အလားတူ အိမ်ရာများ ဆောက်လုပ်ကာ စီးပွားရေးလုပ်ငန်း လုပ်ရင်းဝင်ငွေနည်း ပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့် ရလာနိုင်ရေး၊ ကျန်းမာရေးမညီညွတ်သော နေရာများမှ ပိုမို အဆင့်မြင့်သော နေအိမ်စနစ်များဆီ တစ်ဆင့်ပြီးတစ်ဆင့် ပို့ဆောင်နိုင်ရေးအတွက် တန်ဖိုးနည်း အိမ်ရာစီမံကိန်းများကို စဉ်းစားဆောင်ရွက်နေသော ဦးကိုကိုထွေး တို့လို

ဆောက်လုပ်ရေးလုပ်ငန်းရှင်များက လည်း ရန်ကုန်မြို့ကို သူ့နည်းသူ့ဟန်ဖြင့် ကယ်တင်ရန် ကြိုးစားနေသည်ကို မြင်ရသည်။ လုပ်ငန်းရှင်တို့အတွက် မြေဈေးကြီးလွန်းခြင်း၊ နည်းပညာ အကန့်အသတ်ရှိခြင်း၊ ငွေကြေးတန်ဖိုး မတည်ငြိမ်ခြင်း၊ ကျွမ်းကျင်ပညာရှင် ရှားပါးခြင်းတို့ ရှိသလို ကျွမ်းကျင်ပညာရှင်တို့ဘက်တွင်လည်း ပညာရှင်ကို တန်ဖိုးမထားခြင်း၊ ပညာရှင်၏ လုပ်ပိုင်ခွင့်မရှိခြင်း၊ နားလည်သော ပညာရှင်က နားမလည်သော အာဏာပိုင်၏ ကြိုတင်ခွင့်ပြုပေးချက်ကို မကျော်လွှားနိုင်ခြင်းတို့ကြောင့် စေတနာတူနိုင်သည့်တိုင် ရှုထောင့်အမြင် မတူနိုင်သော ရန်ကုန်ကို ကယ်တင်လိုသူ အချင်းချင်း အကြားတွင် ဝိရောဓိဖြစ်ခြင်း များစွာရှိနေခြင်းဖြစ်ပါသည်။ ထိုသို့ ရှိနိုင်သော်လည်း အများအတွက် အကောင်းဆုံးဝိုင်း စဉ်းစားကြရင်း ညှိနှိုင်းအဖြေရှာနိုင်မှုများလည်း ရရှိနိုင်မည်ဟု ယူဆပါသည်။

အခြား တစ်ဖက်တွင်လည်း ရန်ကုန်မြို့ကြီး၏ ယာဉ်ကြောကျပ်၊ လူနေကျပ်၊ ရေမြောင်းပိတ်၊ တိုက်ချင်းကပ် အခြေအနေကို ဖြေရှင်းပေးမည့် အစား ယင်းကို အမြတ်ထုတ် ကိုယ်ကျိုးရှာပြီး မိသားစု ပိုချမ်းသာဖို့သာ လုပ်ချင်သော အာဏာပိုင်တစ်စုနှင့် လုပ်ငန်းရှင်တချို့လည်း ရှိနေသည်။ သူတို့ကတော့ ရန်ကုန်မြို့ကြီးကို ကယ်တင်မည့်အစား အိမ်များ မြေများ ဈေးတက်အောင် လုပ်လိုလုပ်၊ လုပ်ထုံးလုပ်နည်းမကျသော အိမ်များကို နည်းအမျိုးမျိုးဖြင့် ခွင့်ပြုမိန့် အရယူကာ ဆောက်လုပ်ပြီး ရန်ကုန်မြို့ကြီး ပိုကျပ်တည်းအောင် လုပ်လိုလုပ် လုပ်ကြသူများ ဖြစ်သည်။

ထိုသို့သော လူနှစ်မျိုးအကြောင်း သိရှိခွင့်ရပြီဆိုလျှင်တော့ ကျွန်တော်တို့ မီဒီယာသမားများကလည်း မည်သူတို့သည် ရန်ကုန်ကို ခဲခဲယဉ်းယဉ်း ကယ်တင်ရန် ကြိုးစားနေကြကြောင်း၊ မည်သူတို့သည် ရန်ကုန်ကို ပိုမို နက်ရှိုင်းသော ချောက်နက်ကြီးတွင်းသို့ ပစ်ချဖို့ ဆက်ကြိုးစားနေကြကြောင်း ပေါ်လွင်အောင် ရေးသား ဖော်ထုတ်မှသာလျှင် ကျွန်တော်တို့လည်း ကယ်တင်ရေး သမားကောင်းများ အုပ်စုထဲတွင် ပါဝင်နိုင်လိမ့်မည်ဟု ထင်မြင်မိပါသည်။

**မောင်လွင်မွန် (ကသာ)**

**ပုံတင်သံဂျာနယ်၊**

**၂၊ အောက်တိုဘာ၊ ၂၀၁၄**

❑

## ကျွန်မတို့ ဘယ်အချိန်အထိ ညှော်စာရင်းတိုင်နေရမှာလဲ

ရန်ကုန်မြို့မှာ လာရောက်နေထိုင်ကြတဲ့ တခြားသောသူတွေလိုပဲ ကျွန်မတို့ဟာ အိမ်ငှားနေရပါတယ်။ ကိုယ့်မြို့ကိုယ့်ရပ်ရွာ မဟုတ်တဲ့နေရာမှာ အခက်အခဲတွေကလည်း အများကြီးပါ။ အိမ်ငှားနေတဲ့ သက်တမ်းတစ်လျှောက်လုံးမှာ မဖြစ်မနေ လုပ်ရတာက "ညှော်စာရင်း" ပါပဲ။

"တရားဥပဒေ စိုးမိုးရေး" ဆိုတဲ့ အသံတွေ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတဲ့ အချိန်မှာ ကိုယ်တိုင်က ဥပဒေကို လေးစားလိုက်နာသူ ဖြစ်ချင်တာကြောင့် ညှော်စာရင်းတိုင်ဖြစ်ခဲ့တာပါ။ အံ့သြစရာကောင်းတာက ညှော်စာရင်းတိုင်ရတဲ့ကိစ္စဟာ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်နေတာပါပဲ။ တချို့နေရာ

တွေမှာ အိမ်ငှားစာချုပ်ကိုကြည့်ပြီး ၆ လ ငှားရင် ဧည့်စာရင်းစာအုပ်လုပ်ပြီး ၆ လစာပေးပါသတဲ့။ အိမ်ငှားတာက တစ်နှစ်ဆိုရင် တစ်နှစ်စာ ပေးပါသတဲ့။ ပုဇွန်တောင်မှာ အိမ်ငှားဖူးတဲ့ ကျွန်မ မိတ်ဆွေတစ်ယောက်က ပြောပြပါ တယ်။

ကျွန်မ အတွေ့အကြုံအရပြော ရရင် မင်္ဂလာတောင်ညွန့် ၉၁ လမ်းမှာ အိမ်ငှားနေခဲ့တုန်းက ပထမပိုင်းမှာ ဧည့်စာရင်းကို နှစ်ပတ်အထိ ပေးပါ တယ်။ အဲဒါက ၂၀၁၁ ဧပြီလကနေ အောက်တိုဘာလအထိပါပဲ။ နှစ်ပတ် အထိ ပေးရာကနေ နောက်ပိုင်းမှာ တစ်ပတ် တစ်ကြိမ်ပဲ ပေးတော့မယ်လို့ ဆိုပါတယ်။ တကယ်တော့ အိမ်ငှားနေ ရင် ဧည့်စာရင်းတိုင်ပေးဖို့ တာဝန်က အိမ်လခယူထားတဲ့ အိမ်ရှင်ရဲ့တာဝန် ပါ။ ရပ်/ကျေးဥပဒေမှာ အိမ်ရှင်အနေနဲ့ ဧည့်သည် ရောက်လာရင် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးဆီမှာ ဧည့် စာရင်း တိုင်ကြားရမယ်လို့ အတိအလင်း ပါရှိပါတယ်။ ဧည့်သည် ပြန်သွားရင် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေး မှူးရုံးကို ၁၂ နာရီအတွင်း အကြောင်း ကြားရမှာပါ။ ဒါပေမဲ့ ဘယ်အိမ်ရှင်ကမှ အိမ်ငှားအတွက် ဧည့်စာရင်း လိုက်တိုင် ပေးတယ်ဆိုတာ သိပ်မတွေ့ဖူးပါဘူး။ လခတွေ တနင့်တပိုးပေးပြီး ငှားနေရ တဲ့ အိမ်ငှားတွေကသာ တစ်ပတ်တစ်ခါ ဧည့်စာရင်းတိုင်ရတော့တာပါပဲ။

မင်္ဂလာတောင်ညွန့် ၉၁ လမ်း ကနေ လှိုင် ၁ ရပ်ကွက်ကို ကျွန်မတို့ ပြောင်းရွှေ့ခဲ့ကြပြန်ပါတယ်။ အဲဒီ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဆိုတာကို ကျွန်မ တွေ့တောင် မတွေ့ဖူးပါဘူး။ ဧည့်စာရင်းကိစ္စကို စာရေးလုပ်တဲ့သူက ကိုင်တွယ်ပါတယ်။ စာရေးက ကျွန်မ ကို ပြောလာပါတယ်။ "အလှူငွေလေး ထည့်ခဲ့ပါ" တဲ့။ ကျွန်မလည်း ၅၀၀ ကျပ် ပေးခဲ့ပါတယ်။ လှိုင်မှာလည်း ဧည့်စာရင်းက တစ်ပတ် တစ်ကြိမ်ပါပဲ။ ကျွန်မ မအားလို့ ကျွန်မ အမျိုးသား ဧည့်စာရင်းသွားတိုင်တဲ့အခါမှာလည်း စာရေးက အလှူငွေ ခေါင်းစဉ်တပ်ပြီး ပိုက်ဆံတောင်းပြန်ပါရော။ အဲဒီတော့ တစ်လမှာ အနည်းဆုံး ၂ ခါလောက် ပိုက်ဆံပေးနေရတဲ့သဘော ဖြစ်နေပါ တယ်။ နောက်ပိုင်းမှာ ကျွန်မတို့က ဧည့် စာရင်း ဆက်တိုင်ပေမယ့် လာဘ်ပေး လာဘ်ယူမှုကို အားမပေးတော့ပါဘူး။

ဒီလိုနဲ့ မင်္ဂလာတောင်ညွန့်၊ တောင်လုံးပြန်ရပ်ကွက်ကို ပြောင်းရွှေ့ နေထိုင်တဲ့အခါ တစ်ပတ်တစ်ကြိမ် ဧည့်စာရင်းတိုင်ရပေမယ့် ငွေကြေး တောင်းခံမှု မရှိပါဘူး။ ရပ်ကွက်

> **အိမ်ငှားနေထိုင်သူတွေဟာ ဧည့်စာရင်းနဲ့ပဲ နေထိုင်ခွင့်ရတဲ့အတွက် ခြိမ်းခြောက်ဆက်ဆံခံနေရသလို တခြားသော လူ့အခွင့်အရေးတွေပါ ဆုံးရှုံးနေရပါတယ်။**

အုပ်ချုပ်ရေးမှူး ကိုယ်တိုင် ထိုင်တာ ဖြစ်ပြီး ဆက်ဆံရေး ပြေပြစ်တာ တွေ့ ရှိရပါတယ်။ တစ်ခါ တောင်လုံးပြန် ရပ်ကွက်ကနေ ကျွန်မတို့အလုပ်နဲ့ နီးတဲ့ ကျောက်တံတား ၃၉ လမ်းကို လွန်ခဲ့တဲ့ ၅ လက ပြောင်းရွှေ့ နေထိုင်ခဲ့ ပါတယ်။ ရန်ကုန်တစ်မြို့လုံးမှာ တစ်ခါမှ မကြားဖူးတဲ့ ငွေကြေးတောင်းခံမှုကို ကြုံရလို့ မအံ့သြဘဲ မနေနိုင်တော့ပါဘူး။ ဧည့်စာရင်းရဖို့ အိမ်ငှားစာချုပ် မိတ္တူတစ်စောင်၊ ကျွန်မတို့ နှစ်ယောက်ရဲ့ မှတ်ပုံတင် မိတ္တူရယ် ပူးတွဲတင်ပြရပါတယ်။ အိမ်ရှင်ကိုပါ ရပ်ကွက် အုပ်ချုပ်ရေးမှူးက ခေါ်တွေ့ပါတယ်။ စည်းကမ်းချက်တွေ ပြောပြတာလည်း သဘောကျပါတယ်။ ဘဝင်မကျတာကတော့ အလှူငွေအနေနဲ့ အိမ်ရှင်ဘက်က ၅၀၀၀ နဲ့ အိမ်ငှားဘက်က ၅၀၀၀ ထည့်ရမယ် ဆိုတာကိုပါ။ ကျွန်မ တော်တော်လေး စိတ်တိုသွားမိပါတယ်။ "အလှူငွေ" ဆိုပြီး ခေါင်းစဉ်တပ်ပေမယ့် ဒါဟာ အဂတိလိုက်စားခြင်းတစ်မျိုးပါပဲ။ ကျွန်မက သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေကို လစာ ၇ သောင်းနဲ့ အထွေထွေ အသုံးစရိတ် ၅ သောင်း ချီးမြှင့်ထားတာပဲလို့ ပြောပြီး ၅၀၀၀ မပေးနိုင်တဲ့အကြောင်း ပြေပြေလည်လည် ရှင်းပြပါတယ်။ နိုင်ငံတော်က ပေးတဲ့လစာက အသုံးစရိတ်နဲ့စာရင် မလောက်ဘူးဆိုပဲ။ နောက်ဆုံးမှာတော့ "စေတနာရှိသလောက် အလှူငွေထည့်ခဲ့ပါ" ဆိုလို့ "မထည့်လည်းရပါတယ်" ဆိုလို့ ကျပ်တစ်ထောင် ထည့်ခဲ့ရပါတယ်။ အိမ်ရှင်ကတော့ ထုံးစံအတိုင်း ၅၀၀၀ ပေး။ အဲဒီနေရာမှာ ကျွန်မ စဉ်းစားမိတာက ရပ်/ကျေး ဥပဒေမှာ ဧည့်စာရင်းတိုင်တာအတွက် အခကြေးငွေ မပေးရဆိုတာ တရားဝင်ပါတဲ့ကြားက ဘာလို့တောင်းရတာလဲ ဆိုတာကိုပါ။ "ပွင့်လင်း မြင်သာမှု" ရှိရှိဆိုရင် ကျပ် ၅၀၀၀ လက်ခံ ရရှိပါကြောင်း

> **အမေက ကိုယ့်သား ကိုယ့်သမီးရှိတဲ့ ရပ်ကွက်သွားရင် ဧည့်စာရင်းတိုင်ရ၊ သားက အမေရှိတဲ့ အိမ်လာလည်ရင် ဧည့်စာရင်းတိုင်ရတော့ ဧည့်ဝတ် ကျေပွန်လှပါတယ် ဆိုတဲ့ မြန်မာလူမျိုးတွေရဲ့ "အိမ်သာလို့ ဧည့်လာတယ်" ဆိုတဲ့ အခြေအနေ တစ်ရပ်တောင် ပျောက်ကွယ်သွားတော့မလားလို့ စိုးရိမ်မိပါတယ်။**

ဆိုတဲ့ လက်ခံဖြတ်ပိုင်းပါ ပြန်ပေးရမှာပါ။

ရပ်ကွက်ထဲမှာ ၁၅၀၀ ဖုန်းတွေ မဲနှိုက်တော့မယ် ဆိုရင်တော့ "ဧည့်စာရင်းနဲ့ နေထိုင်သူတွေ လျှောက်ဖို့ မလိုပါ" လို့ အသံချဲ့စက်နဲ့ အကျယ်ကြီး အော်ပြီး ခွဲခြားဆက်ဆံခံရတော့တာပါပဲ။ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့က Notice Board မှာ ရေးထားတာကတော့ "မိမိနေအိမ်သို့ ညအိပ် ညနေ ဧည့်သည်များ ရောက်ရှိလာပါက (မပျက်မကွက်) ဧည့်စာရင်း တိုင်ကြားရန်နှင့် ပျက်ကွက်ပါက တည်ဆဲ ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်" တဲ့။ ဧည့်စာရင်း ရက်ရှည် တိုင်ကြားထားသူတွေဟာ ဖုန်းလျှောက်ခွင့်ရှိတယ်လို့ နားလည်ထားပါတယ်။ ဒါပေမဲ့ ဘာလို့ လျှောက်လို့ မရတာလဲ ဆိုတာကတော့ သက်ဆိုင်သူတွေဆီမှာပဲ အကြောင်းပြချက် ရှိပါမယ်။

လှိုင် ၁ ရပ်ကွက်မှာ နေထိုင်စဉ်အတွင်း တစ်ညမှာတော့ ဧည့်စာရင်း စစ်တာနဲ့ ကြုံရပါတယ်။ နောက်မှ ပြန်သိတာက အဲဒီနေ့ညဟာ "မြို့တော်ခန်းမ"မှာ ဗုံးတွေလို့ ဖျက်ဆီးပစ်လိုက်တဲ့ ညပါ။ ဧည့်စာရင်းစစ်တဲ့အဖွဲ့မှာ အနည်းဆုံး လူ ၈ ယောက်ကနေ ၁၀ ယောက်အထိ ပါဝင်ပြီး တစ်ရပ်ကွက်လုံးလည်း ထိတ်ထိတ်လန့်လန့်နဲ့ပေါ့။ ည ၁ နာရီကျော်တဲ့အခါမှ ကျွန်မတို့ တိုက်ခန်းကို တံခါးလာခေါက်ပါတယ်။ ဧည့်စာရင်းစစ်တာဟာ လိုအပ်ချက်အရ နားလည်ပေမယ့် တံခါးခေါက်သံက ကြမ်းတမ်း ကျယ်လောင်လွန်းသလို အုပ်စုလိုက်လာတာဖြစ်လို့ ရောဂါသည် ဆိုရင် ရောဂါပိုဆိုးသွားနိုင်ပါတယ်။ ကိုယ့်နိုင်ငံသား အချင်းချင်း ကောင်းရောင်းကောင်းဝယ်လုပ် စားနေသူတွေ အပေါ် ဧည့်စာရင်းစစ်ရာမှာ ဆက်ဆံတဲ့ ပုံစံက အခုထက်ပိုပြီး ပျော့ပျောင်း ညင်သာသင့်ပါတယ်။

White Card ကိုင်ဆောင်တဲ့

သူတွေ၊ ဘိန်းမှောင်ခိုသမားတွေ၊ ငွေကြေးခဝါချသူတွေ၊ ဗမာစကားတောင် ဟုတ်တိပတ်တိ မပြောတတ်သူတွေက ဧည့်စာရင်းမတိုင်ရဘဲ ဒီနိုင်ငံမှာပဲ ဘိုးဘေးစဉ်ဆက် ကြီးပြင်းလာပြီး အခြေအနေရ၊ အသက်မွေးဝမ်းကျောင်းအရ ဇာတိမြို့ကနေ ပြောင်းရွှေ့နေထိုင်ရတဲ့ နိုင်ငံသားတွေအပေါ် "ဧည့်စာရင်း" ဆိုတာကြီးနဲ့ တင်းကျပ်ထားတာဟာ မျှတမှုရှိပါသလားလို့ ကျွန်မ မကြာခဏ တွေးကြည့်ဖူးပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ တခြားနိုင်ငံတွေမှာ "ဧည့်စာရင်း" တိုင်ရတယ်လို့ ကျွန်မ တစ်ခါမှ မကြားဖူးခဲ့ပါဘူး။

အိမ်ငှားနေထိုင်သူတွေဟာ ဧည့်စာရင်းနဲ့ပဲ နေထိုင်ခွင့်ရတဲ့အတွက် ခွဲခြားဆက်ဆံခံနေရသလို တခြားသော လူ့အခွင့်အရေးတွေပါ ဆုံးရှုံးနေရပါတယ်။ ရန်ကုန်မှာ အိုးပိုင် အိမ်ပိုင်ဖြစ်ဖို့ဆိုတာကလည်း ရိုးရိုးသားသား ရှာဖွေစားသောက်နေသူတွေအတွက် ဝေးဝေးက အိပ်မက်ပါ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး တစ်ရုံးမှာ စာကပ်ထားတာက "သေဆုံးကြောင်း ထောက်ခံစာကို သန်းခေါင်စာရင်းရှိတဲ့ မြို့မှာပဲယူပါ" တဲ့။ ဒီလိုဆိုရင် ရန်ကုန်မှာ လက်ရှိနေနေတဲ့ လူတစ်ယောက် ကွယ်လွန်သွားတယ်ဆိုကြပါစို့ အလောင်းကို မသင်္ဂြိုဟ်သေးဘဲနဲ့ သေဆုံးကြောင်း ထောက်ခံစာကို သူ့သန်းခေါင်စာရင်းရှိတဲ့ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ အစရှိတဲ့ မြို့အထိ သွားယူရမှာလားဆိုတာ စဉ်းစားစရာကောင်းနေပါတယ်။

နေပြည်တော်မှာ လွှတ်တော်သွားတက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရော ဧည့်စာရင်းတိုင်ရသလားဆိုတာ သိချင်လို့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကို မေးကြည့်ဖူးပါတယ်။ သူက သူတို့ကိုယ်စားလှယ်တွေဟာ စည်ပင်ဧည့်ရိပ်သာမှာ တည်းခိုရတဲ့အတွက် "သတင်းပို့ရတာ" တော့ ရှိတယ်လို့ ပြောပါတယ်။ အမေက ကိုယ့်သား ကိုယ့်သမီးရှိတဲ့ ရပ်ကွက်သွားရင် ဧည့်စာရင်းတိုင်ရ၊ သားက အမေရှိတဲ့ အိမ်လာလည်ရင် ဧည့်စာရင်းတိုင်ရတော့ ဧည့်ဝတ်ကျေပွန်လှပါတယ်ဆိုတဲ့ ဗမာလူမျိုးတွေရဲ့ "အိမ်သာလို ဧည့်လာတယ်" ဆိုတဲ့ အခြေအနေတစ်ရပ်တောင် ပျောက်ကွယ်သွားတော့မလားလို့ စိုးရိမ်မိပါတယ်။

တချို့ရပ်ကွက်တွေမှာ ည ၇ နာရီကျမှ အုပ်ချုပ်ရေးမှူးရုံးဖွင့်ပြီး တချို့ရပ်ကွက်တွေမှာ ည ၈ နာရီကျမှ ရုံးဖွင့်လို့ အဲဒီအတွက် အလုပ်တစ်ခု ပိုလာပါတယ်။ တစ်ခါတလေ ကိုယ်က အချိန်အတိအကျ ရောက်ပေမယ့် အုပ်ချုပ်ရေး

မှူး ရောက်မလာသေးလို့ နောက်တစ်ခေါက် ထပ်သွားရတာတောင် ရှိပါတယ်။ အမှန်တကယ်က ဧည့်စာရင်းနဲ့ သက်ဆိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေဟာ တစ်နိုင်ငံလုံးမှာ တစ်ပြေးညီဖြစ်ရမှာပါ။ ကျွန်မတို့ကို တစ်ပတ်တစ်ကြိမ် ဧည့်စာရင်းတိုင်နိုင်းတယ်ဆိုရင် တခြားသူတွေကိုလည်း တစ်ပတ်တစ်ကြိမ်ပဲ ဧည့်စာရင်း ပေးရပါလိမ့်မယ်။ တချို့ကျတစ်ပတ်၊ တချို့က နှစ်ပတ်၊ တချို့ကျတစ်လ၊ တချို့က ခြောက်လ ဖြစ်နေပြီး တချို့ဆို လုံးဝ ဧည့်စာရင်းတိုင်စရာ မလိုတာက သဘာဝမကျပါဘူး။

"တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် တန်းတူညီမျှခြင်း" တို့ရဲ့ အနှစ်သာရဟာ မြန်မာနိုင်ငံသားအားလုံးပေါ်မှာ တစ်ပြေးညီသက်ရောက်ဖို့ လိုပါတယ်။ နိုင်ငံသားစစ်စစ်တွေ ဖြစ်ပါလျက်နဲ့ ဧည့်နိုင်ငံသားတွေလောက်တောင် နိုင်ငံသားအခွင့်အရေး မရရင် တရားမျှတမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု ရှိမှာ မဟုတ်ပါဘူး။ အဲဒီ ၃ ခု မရှိရင် "တရားဥပဒေ စိုးမိုးရေး" ဆိုတာ အသက်ဝင် ပီပြင်လာဖို့ ခဲယဉ်းပါလိမ့်မယ်။

အိမ်ငှားစာချုပ်က ၆ လဆိုရင် ဧည့်စာရင်းကို ၆ လစာ၊ ၁ နှစ်ဆိုရင် ဧည့်စာရင်းကို ၁ နှစ်စာပေးမယ်ဆိုရင် ပိုအဆင်မပြေနိုင်ဘူးလားလို့ တွေးမိပါတယ်။ အဲလိုမဟုတ်ရင်လည်း အနေကြာတဲ့သူတွေကို အရင်တုန်းကလို "ယာယီသန်းခေါင်စာရင်း" လုပ်ပေးသင့်ပါတယ်။

ကျွန်မကတော့ အင်္ဂါနေ့ညကို ရောက်တိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာ ဧည့်စာရင်းသွားတိုင်ရင်း စာရွက်လေး ကိုယ်စီကိုယ်စီနဲ့ ကိုယ်နဲ့ ဘဝတူတွေ ဧည့်စာရင်းလာတိုင်ကြတဲ့ မြင်ကွင်းကို မြင်ယောင်နေမိပါတယ်။ "ပြုပြင်ပြောင်းလဲရေး" တွေ လုပ်ဆောင်နေပါတယ်ဆိုတဲ့ ကျွန်မတို့နိုင်ငံမှာ နိုင်ငံသား စစ်စစ်တွေ ဘယ်အချိန်အထိ ဧည့်စာရင်းတိုင်နေရဦးမလဲဆိုတာရဲ့ မေးခွန်းအတွက် အဖြေကတော့ ဝေဝါးနေဆဲပါပဲရှင်။

သွေး (စစ်ကိုင်း)

The Irrawaddy, Vol.1, No.2

❑

## ကျွန်မတို့ လမ်းကလေး

ကျွန်မတို့ နေထိုင်တဲ့ လမ်းကလေးက ဝင်ဒါမီယာခေါ် သံလွင်လမ်းရဲ့ လမ်းသွယ်ကလေးတစ်ခု ဖြစ်ပါတယ်။ အရင်ကတော့ နာမည်မရှိပါဘူး။ လူနေအိမ်ကျဲကျဲ ခြံကျယ်တွေနဲ့ နေခဲ့ကြပါတယ်။ မြေကြီးလမ်းမှာ ကားနှစ်စီးသွားသာရုံ ကွန်ကရစ် ခင်းထားပါတယ်။ အခုအခါမှာတော့ ဦးအောင်ကိန်းနေသွားခဲ့တဲ့အတွက် ဦးအောင်ကိန်းလမ်းသွယ်လို့ နာမည်တွင်သွားပါပြီ။ ကျွန်မအိမ်ကို ညွှန်တဲ့အခါ လမ်းထိပ်မှာ ထရန်(စ)ဖော်မာကြီး ရှိတယ်။ ဝင်လာပြီး ဘယ်ဘက်ကုန်းပေါ်ကို တက်လာရင် 'မေတ္တာအိမ်' ဆိုတဲ့ တောပန်းလေးတွေ ပွင့်နေတဲ့အိမ်ကို တွေ့ပါလိမ့်မယ်လို့ ပြောပြရပါတယ်။

ကျွန်မတို့ နေလာတာ အနှစ် (၂၀) ကျော်

**အိပ်မက်ရိပ်စာပေ**

ပါပြီ။ အခေါ်ကလေးတဲ့ မြေမှာ ကျွန်မတို့ မောင်နှမ အိမ်တွေဆောက်ပြီး နေခဲ့ကြတယ်။ ကျွန်မ ခင်ပွန်းပင်စင်မယူခင်ကတော့ ငှားထားခဲ့ပါတယ်။ အရေးအခင်း မတိုင်ခင် ခေတ်ကဆိုတော့ တစ်လမှာ မြန်မာငွေ ၈၀၀၀ ကျပ်ပဲ ရပါတယ်။ ငွေတန်ဖိုး ရှိတဲ့ခေတ်ဆိုတော့ သားတွေကို သဘော် တင်ပေးနိုင်ခဲ့ပါတယ်။ အိမ်ဆောက်စဉ်က ကျွန်မ ခင်ပွန်းက အင်ဂျင်နီယာဖြစ်တော့ တစ်ထပ်ခွဲတိုက်ကလေးကို စိတ်တိုင်းကျ ဆောက်ခဲ့ပါတယ်။ အရေးအခင်း မတိုင်ခင်ကာလမှာ ပြည်တွင်းကထွက်တဲ့ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်၊ အမိုးပြား၊ မျက်နှာကြက်ပြား၊ အိမ်သာအိုး၊ ဘေစင်၊ သစ်၊ သံတို့ ဈေးသက်သာပြီး လိုသလောက် လျှောက်လို့ရပါတယ်။ တစ်အိမ်လုံးမှ ငါးသိန်းကျော်ပဲ ကုန်ကျပါတယ်။ ဒါပေမဲ့ ငွေရှားတဲ့ကာလ ဆိုတော့ ကျွန်မ အမွေရတဲ့ ရေးစိန်တစ်ဆင်စာ (စိန်ဈေး မတက်သေးပါ) ကုန်တဲ့ အပြင်ဘဏ်က နှစ်ကြိမ်ချေးရပါသေးတယ်။ ပင်စင်ယူပြီးမှ ပြောင်းလာကြပါတယ်။

လမ်းကလေးအကြောင်း ပြောရရင် ကျွန်မတို့ မတိုင်ခင်က ဦးစွာနေလာကြတဲ့ ဦးချူသန်းတို့က အိမ်ခြေနည်းနည်းနဲ့ တစ်ဦးနဲ့တစ်ဦး ရင်းနှီးခင်မင်ကြကြောင်း၊ ညနေတိုင်မှာကလေးတွေ လမ်းထဲမှာထွက်ပြီး ကစားကြကြောင်း ပြောပြပါတယ်။ ကျွန်မတို့ ရောက်တော့ မျက်နှာချင်းဆိုင်မှာ အမှုဖြစ်နေတဲ့ မြေကွက်ကြီး ရှိပါတယ်။ အင်းလျားမြိုင်အထိ လှမ်းမြင်ရတယ်။ လထွက်တာ နေထွက်တာ မြင်ရတယ်။ ရေအိုင်ကြီးရှိနေလို့ တောဘဲတွေ လာကြတယ်။ မျက်စောင်းထိုးမှာ သစ်လုပ်ငန်းက ဦးထွန်းရှိန်နဲ့ သစ်ကိုယ်စားလှယ် ဦးမြသိန်းတို့ အိမ်ဆောက်ပြီး နေကြတယ်။ မိတ်ဆွေတွေဖြစ်လို့ အားရှိရပါတယ်။ ကပ်လျက်က ဒေါက်တာ ခင်မောင်ကြီးတို့ မိသားစုနေကြတယ်။ မြေကွက်ကြီးဘေးက လမ်းသွယ်မှာ ဒေါက်တာညွန့်ဝင်းနဲ့ ဦးကျော်သန်းတို့ နေကြတယ်။ နောက်တော့ ဦးအောင်သိန်းတို့ လမ်းသွယ်အဆုံးမှာ အိမ်ဆောက်နေကြတယ်။ မြောက်ဘက်ကပ်လျက်မှာ ဦးဒေးဗစ် တင်လှတို့အိမ် ရှိပေမယ့် နိုင်ငံခြားမှာပဲ နေကြတယ်။ ခင်မင်တဲ့ လေးငါးခြောက် အိမ်က သာရေး နာရေး အဝင်အထွက် ရှိသလို သင်္ကြန်တွင်းမှာ မုန့်တွေ အပြန် အလှန်ပို့ကြတာ အခုထက်တိုင်ပါပဲ။ တန်းဆွမ်းထွက်လောင်းကြတာလည်း ဒီအိမ်တွေပါပဲ။

လမ်းကလေးက တိတ်ဆိတ်အေးချမ်းပါတယ်။ နေ့လယ်ဆိုရင်

> **လမ်းလေးလည်း**
> **ပြန်လည် တိတ်ဆိတ်အေးချမ်းသွားပါပြီ။**
> **ငှက်ကလေးတွေလည်း**
> **သူ့အချိန်နဲ့သူ ပြန်လာပြီး**
> **တေးသီနေကြပါတယ်။**

ကား အသွားအလာ မရှိပါဘူး။ ဥသြသံ၊ ချိုးကူသံ၊ သီချင်းဆိုတဲ့ ငှက်ကလေးတွေအသံနဲ့ သာယာကြည်နူးစရာပါပဲ။ စာရေးလို့ အကောင်းဆုံးနေရာလေး ဖြစ်ပါတယ်။ အရှင်ဆန္ဒာဓိက စာလာရေးတာ နှစ်ချုပ် ပြီးသွားပါတယ်။ ကျွန်မတို့ စုပေါင်းပြီး ကတ္တရာခင်းခဲ့ကြပါတယ်။ လမ်းထိပ်တောင်ကုန်းပေါ်မှာ တောရကျောင်း ရှိပါတယ်။ ဆရာတော်ရှိစဉ်က အလှူအတန်းရှိရင် ဝိုင်းဝန်းလှူကြ၊ ပါဝင် ဝေယျာဝစ္စ လုပ်ကြပါတယ်။ ပဌာန်းပွဲ၊ ကထိန်ပွဲတွေနဲ့ စည်ကားပါတယ်။ သာယာတဲ့ နေရာလေးပါ။ စေတီလေးမှာ ကျွန်မ တရားသွားထိုင်လေ့ ရှိတယ်။ အုတ်လှေကားကြီးကဆင်းသွားရင် အင်းလျားမြိုင်လမ်းကို ရောက်ပါတယ်။ ဆရာတော်မရှိတဲ့နောက် အမှုတွေဖြစ်ကြပြီး ချိတ်ပိတ်ခံရလို့ ခင်မင်ရင်းနှီးတဲ့ ဦးပဉ္စင်းတွေလည်း အကွဲကွဲ အပြားပြား ဖြစ်သွားကြရတယ်။ ကျွန်မတို့လည်း ကျောင်းကို မရောက်တော့ပါ။

ကျောင်းဝင်းထဲမှာ အမက (၁၆) မူလတန်းကျောင်းလေး ရှိပါတယ်။ ချမ်းသာတဲ့ကလေးတွေ မရှိပါဘူး။ သူဌေးတွေအိမ်က ယာဉ်မောင်း၊ မာလီ၊ ထမင်းချက်တို့ရဲ့ ကလေးတွေ၊ ဆိုက်ကားသမားတွေရဲ့ ကလေးတွေနေကြတဲ့ ဆင်းရဲတဲ့ ကျောင်းလေးပါ။ သူဌေးရပ်ကွက်မှာ ဒီလိုရှိုတဲ့တဲ့ ကျောင်းလေး ရှိတာ လူမသိကြပါဘူး။ ထောက်ပံ့သူ နည်းပါတယ်။ ကျွန်မတို့လမ်းထဲကပဲ တစ်ပိုင်တစ်နိုင် လှူနေကြပါတယ်။ အခု ကျောင်းသား ၂၂ ယောက်နဲ့ ဆရာမ ငါးယောက် ရှိပါတယ်။ ကျွန်မ တတ်နိုင်သလောက် အာဟာရကျွေးမွေးပါတယ်။

အခုအခါမှာတော့ လမ်းလေးက ပြောင်းလဲခဲ့ပါပြီ။ မြေဈေးတွေကောင်းတော့ မြေတွေ ခွဲရောင်းကြပြီး အိမ်တွေဆောက်ကြတာ တစ်အိမ်နဲ့ တစ်အိမ်ကပ်နေပါပြီ။ ရှေ့က မြေကြီးမှာ အိမ်ကြီးနှစ်အိမ် ဖြစ်သွားပါပြီ။ တူရကီသံအမတ်ကြီး နေပါတယ်။ ဒေါက်တာညွန့်ဝင်းရဲ့ မြေပေါ်မှာ တိုက်နှစ်တိုက် ဖြစ်သွားပါပြီ။ ကပ်လျက် ဒေါက်တာခင်မောင်ကြီး ခြံထဲမှာတိုက်

သုံးတိုက် ဖြစ်သွားပါပြီ။ ပြတင်းပေါက်ဖွင့်လိုက်ရင်စကားသံတွေ ကြားနေရပါတယ်။ ဦးဒေးဗစ်တင်လှမြေပေါ်မှာ တိုက်နှစ်တိုက် ဖြစ်နေပါပြီ။ နောက်ပိုင်းရောက်လာသူတွေနဲ့ မသိကျွမ်းပါ။ ဘယ်သူတွေမှန်းလည်း မသိပါ။ တချို့ဆိုလျှင် မြန်မာစကားပင် တတ်ပုံမရပါ။ အတွင်းလမ်းဖြစ်တဲ့အတွက် အိမ်ငှားပြီး ဂျင်ပိုင်းထောင်တာ၊ ပြည့်တန်ဆာ မွေးတာ၊ စပွန်ဆာပေးပြီး ရုပ်ရှင်မင်းသမီးပေါက်စကို အိမ်ငှားပေးတာတွေ ရှိခဲ့ပေမယ့် အခုတော့ ရှင်းလင်းသွားပါပြီ။

အခုအခါမှာတော့ ကျွန်မခင်ပွန်းနဲ့ ဦးထွန်းရှိန်၊ ဒေါက်တာ ခင်မောင်ကြီး၊ ဦးဒေးဗစ်တင်လှ၊ ဦးချူသန်း၊ ဗိုလ်မှူးကျော်သန့်၊ ဦးမြင့်ကြည်၊ ဗိုလ်မှူးကြီးမြင့်တို့ ကွယ်လွန်ကုန်ကြပါပြီ။ ကျန်တဲ့လူကြီးတွေလည်း ကျန်းမာရေး ချို့တဲ့ပြီး လမ်းထွက်မလျှောက်နိုင်ကြတော့ပါဘူး။

ကျွန်မတို့အိမ်ရဲ့ အရှေ့ အနောက်၊ တောင်၊ မြောက်မှာ အိမ်တွေဆောက်ကြလို့ ဆူညံသံတွေကို သည်းခံခဲ့ရတာ ဆယ်စုနှစ်လောက် ရှိပါလိမ့်မယ်။ အခုအခါမှာတော့ မြေတွေလည်း နေရာလပ်မရှိတော့လို့ မဆောက်ကြတော့ပါဘူး။ လမ်းလည်း တော်တော်ပျက်စီးသွားပါပြီ။

လမ်းလေးလည်း ပြန်လည်တိတ်ဆိတ်အေးချမ်းသွားပါပြီ။ ငှက်ကလေးတွေလည်း သူ့အချိန်နဲ့သူ ပြန်လာပြီး တေးသီနေကြပါတယ်။ ကျွန်မလည်း 'မေတ္တာအိမ်မှာ ပန်းပင်လေးတွေပြုစုရင်း တရားနာ၊ စာရေးစာဖတ်ရင်း သေခြင်းတရား မရောက်လာခင်အချိန်တွေကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းလျက်ရှိပါတယ်။ သံလွင်လမ်းမှာ ပလက်ဖောင်းမရှိတဲ့အပြင် ကားသွားကားလာများတဲ့အတွက် ကျွန်မတို့ လမ်းလေးထဲကဖြတ်ပြီး မနက်ခင်း လမ်းလျှောက်ရင် အဆင်ပြေပါကြောင်း ရေးပြလိုက်ရပါတယ်။ တစ်ခုတော့ ရှိပါတယ်။ နေ့လယ်နေ့ခင်း အနားယူနေတဲ့အချိန်မှာ အသံသွင်းထားတဲ့ 'ရွှေရင်အေး မုန့်လက်ဆောင်း' ဆိုတဲ့ ငှက်ဆိုးထိုးသံလို အသံမျိုးကို အဆက်မပြတ်ဖွင့်ပြီး တွန်းလှည်းနဲ့ ဝင်လာတတ်တဲ့ ဈေးသည်သုံးဦး ရှိပါတယ်။ အသံချဲ့စက်ဥပဒေနဲ့အရေးယူပေးရင် ကောင်းမှာပဲလို့ တွေးမိပါတယ်။ လမ်းသွယ်ထဲမှာ မိမိအသံနဲ့အော်ရောင်းရင် အားလုံးကြားရပါတယ်ဆိုတာ ပြောလိုက်ပါရစေ။ လမ်းလေးသာသာယာယာ ဖြစ်သွားအောင်ပါရှင်။

ခင်စောတင့်
အတွေးအမြင်၊ အမှတ်၂၇၃

❏

# သဘောထားအမြင်



နှလုံးသားနဲ့ လုပ်ကြမယ်

# သဘောထားအမြင်

**မြင့်မိုရ်ဆွေ**

ဦးရန်ဝေးလို ဝန်ကြီးများ အလိုရှိသည်

**သန်းစိုးနိုင်**

တရားမျှတတယ် ဆိုတာ ဘာလဲ

**အေးမောင်ကျော်**

အချုပ်အခြာအာဏာတဲ့လား

**လှမြင့် (ရန်ကုန်တက္ကသိုလ်)**

ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ငါးထောင်စား လွှတ်တော် အမတ်များ

# ဦးရန်ဝေးလို ဝန်ကြီးများ အလိုရှိသည်

မိတ်ဆွေသဘင်ပညာရှင်တစ်ဦးနှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စကားလက်ဆုံကျစဉ် ယနေ့ဇာတ်သဘင်လောက၌ ဝန်ကြီးများ အလွန်ရှားပါးပြီး အပြင်လောက၌ ဝန်ကြီးများ အလွန်များနေကြောင်း မိတ်ဆွေက ညည်းညူပြောကြားရာလေ၏။ ''အပြင်လောကဆိုတာ ဘာကို ပြောတာလဲ'' ဟု စာရေးသူက မေးမြန်းရာ ''ခင်ဗျားတို့ အစိုးရအဖွဲ့ကို ပြောတာပေါ့ဗျ၊ ဝန်ကြီးနဲ့ ဒုတိယဝန်ကြီးပေါင်းရင် ၁၀၀ လောက်ရှိတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အစိုးရအဖွဲ့တွေမှာလည်း ဝန်ကြီးချုပ်တွေ အပါအဝင် စုစုပေါင်း ၁၀၀ လောက်ရှိမယ်။ ဒီတော့ လမ်းလျှောက်သွားရင် ဝန်ကြီးတွေကို မတိုက်မိအောင် သတိထား

> **ဓာတ်ထဲမှာ ဝန်ကြီးဆိုတာ**
> **အခုသင်တန်းပေးပြီး**
> **အခု တာဝန်ပေးလို့ မရဘူးဗျ။**
> **"သမ္မာ" က စကားပြောတယ်။**
> **ခင်ဗျားတို့ အပြင်မှာလို**
> **အရှင်မွေး–နေ့ချင်းကြီးလို့ မရဘူး။**

ရှောင်မှ တော်ရုံကျတယ်ဗျ။ ကျုပ်တို့ မြန်မာတစ်နိုင်ငံလုံးက ဓာတ်အဖွဲ့တွေမှာတော့ အရည်အချင်းပြည့်ဝတဲ့ ဝန်ကြီးတွေ အလွန်ရှားနေပြီ။ သမားစဉ်မပျက် ထီးသုံးနန်းသုံး ဝေါဟာရတွေနဲ့ ထီးမူနန်းဟန်အမူအရာတွေ ကြွယ်ဝပြီး အပြောပိုင်၊ အဆိုပိုင်တဲ့ ဝန်ကြီးကလက်ချိုးရေလို့ရတယ် ဆရာရေ။ ဒါကြောင့် ဓာတ်ထဲမှာ ဝန်ကြီးရှားပြီးအပြင်မှာ ဝန်ကြီးတွေ ပေါတယ်လို့ပြောတာဗျ။ ဟားဟားဟား ... ခင်ဗျားမယုံရင် ဖိုးချစ်ကို မေးကြည့်" ဟု မိတ်ဆွေက ပြန်လည် ရှင်းပြသည်။

"ခင်ဗျားတို့က ဝန်ကြီးတွေ ပေါများအောင် အလားအလာရှိတဲ့လူတွေခေါ်ပြီး သင်တန်းတွေ ဘာတွေပေးပေါ့ဗျ" ဟု စာရေးသူက အကြံပေးလိုက်မိ၏။

"ဓာတ်ထဲမှာ ဝန်ကြီးဆိုတာ အခုသင်တန်းပေးပြီး အခု တာဝန်ပေးလို့ မရဘူးဗျ။ 'သမ္မာ' က စကားပြောတယ်။ ခင်ဗျားတို့ အပြင်မှာလို အရှင်မွေး–နေ့ချင်းကြီးလို့ မရဘူး။ နောက်ပြီး ဓာတ်ထဲက ဝန်ကြီးက ခင်ဗျားတို့အပြင်က ဝန်ကြီးတွေလို စကားမှားလို့လည်း မရဘူး။ ဓာတ်ထဲမှာ ဝန်ကြီးလုပ်တဲ့သူက တောပြော တောင်ပြော စကားမှားကြည့် ဓာတ်ဆရာက ထုတ်ပစ်မှာ။ ပရိသတ်ကလည်း ခဲနဲ့ထုမှာသေချာတယ်ဗျ" ဟု စာရေးသူအား အော်ကျယ်ဟစ်ကျယ်နှင့် ပညာပေးစကား ပြန်ကြားပါလေတော့၏။

စာရေးသူ၏မိတ်ဆွေက သဘင်လောက၏ ဂန္ထဝင်သရုပ်ဆောင်ပညာရှင်ရှားပါးမှုကို ဖော်ထုတ်ရာတွင် ကွက်ကွက်ကွင်းကွင်း ထင်သာမြင်သာရှိအောင် ဝန်ကြီးချင်း နှိုင်းယှဉ်ပြောသွားခြင်း ဖြစ်၏။ အမှန်တော့ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး ဆိုသည်မှာ အရှင်မွေးတိုင်း မရနိုင်ဘဲ ပင်ကို အရည်အချင်းရှိရန်လည်း လိုအပ်ကြောင်း အထူးပြောရန် မလိုပေ။ မြန်မာနိုင်ငံတွင် ပြည်သူ

မွေးသော ခေါင်းဆောင်က ရှားပြီး အရှင် မွေးသော ခေါင်းဆောင်က များနေ၍ ပင်ကိုအရည်အချင်းက ဒုတိယနေရာသို့ ရောက်ရှိနေခြင်း ဖြစ်လေ၏။ အစိုးရ အဖွဲ့ဝင် ဝန်ကြီးတစ်ဦး၏ ဒုက္ခကို ကွယ်လွန်သူ န·အ·ဖ ခေတ် ပညာရေး ဝန်ကြီး ဦးပန်းအောင်က စာရေးသူအား ပြောပြခဲ့ဖူး၏။ ဦးပန်းအောင်သည် ကဝ မြို့နယ်၊ သပြုရွာသားဖြစ်ပြီး အဆိုပါ ရွာတွင် အလယ်တန်းအထိ ပညာသင်ခဲ့ရာ သူ၏ဆရာရင်းဖြစ်သည့် ကျောင်းအုပ် ဆရာကြီးမှာ စာရေးသူ၏ ဘကြီးအရင်း တော်စပ်လေ၏။ ထို့ကြောင့် ခင်မင် ရင်းနှီးမှုများ ရှိခဲ့ပြီး ဝန်ကြီးများရုံးရှိ သူ၏ရုံးခန်း၌ စာရေးသူအား မှတ်မှတ် ရရ ပြောခဲ့သည်ကို ပြန်လည် ဖောက်သည်ချလိုပါသည်။

"ဝန်ကြီးတစ်ဦးကို ဘယ်လို ဝေဖန်ရမလဲဆိုတာ လူတွေက အမြဲ ကြည့်နေတာ။ ဝေဖန်တာ ခံနိုင်ဖို့ လိုတယ်ကွ။ စိတ်တိုလို့ မရဘူး။ ပညာရေးဝန်ကြီးဌာနမှာ ဒေါက်တာညီညီ ဝန်ကြီးဖြစ်တော့ 'ခုတ်ခွဲခန်းဝန်ကြီး' လို့ ခေါ်ကြတယ်ကွ။ သူက ကျောင်းတွေစစ်ရင် သိပ္ပံခုတ်ခွဲခန်းတွေကို အမြဲ ဦးစားပေး စစ်ဆေးတာကိုးကွ။ နောက် ဒေါက်တာ ခင်မောင်ဝင်း ဝန်ကြီးဖြစ်တော့ 'အိမ်သာဝန်ကြီး' လို့ ခေါ်ကြ ပြန်ရော။ သူက ကျောင်းတွေစစ်ရင် အိမ်သာသန့်ရှင်းမှုကို အထူးဦးစားပေး စစ်ဆေးတာကွ။ ငါ့ကျတော့ 'အလံတိုင် ဝန်ကြီး' လို့ ခေါ်ပြန်ရောကွ။ ငါက နိုင်ငံတော်အလံကို အလေးပြုတာ။ နိုင်ငံတော်သီချင်းဆိုတာကို ကျောင်းတွေမှာ မဖြစ်မနေ လုပ်ရမယ်လို့ အမိန့် ထုတ်ခဲ့တာကိုးကွ။ အလံတိုင်နဲ့ အလံ တွေဟောင်းနေရင် လဲခိုင်းတော့ အဲဒီလို ခေါ်ကြတာပေါ့ကွာ။ ဟား… ဟား ဒါက အသေးအဖွဲ့ရှိသေးတယ်။ အရာ ရာကို ဉာဏ်နဲ့ယှဉ်ပြီး သတိထားမှ တော်ရုံကျတာ မောင်ရေ" ဟု ပြော ကြားခဲ့ဖူးပါသည်။

စာရေးသူသည် သဘင်ပညာရှင် မိတ်ဆွေနှင့် လမ်းခွဲပြီးနောက် နေအိမ် သို့ ရောက်ရှိသောအခါ နဖူးပေါ် လက် တင်၍ ဝန်ဒွိကာကို အတွေးနယ်ချဲ့ပြီး စဉ်းစားနေမိ၏။ ဝန်ကြီးကောင်းတို့ မည်သည် ဤလို ပုဂ္ဂိုလ်မျိုးပါဟု စံပြုနိုင်လောက်သော ကုန်းဘောင်ခေတ် မင်းတရားကြီးလက်ထက်မှ ပခန်းမင်း ကြီးဟု တွင်သော ဝန်ကြီး ဦးရန်ဝေးကို သတိရမိ၏။ ပဒေသရာဇ်ခေတ်ဝန်ကြီး တစ်ပါး၏ဘဝမှာ နေ့စဉ် သုသာန်သို့ မျက်စောင်းထိုးနေသော ဘဝဟု ဆိုရ လောက်အောင် စေတစ်လုံးပိုင်ရှင် သက်ဦးဆံပိုင်ဘုရင်၏ ရွှေမျက်နှာတော်

ကို ကြည့်၍ ခေးနေရသောဘဝ ဖြစ်၏။ သို့သော် ပခန်းမင်းကြီး ဦးရန်ဝေးကား ဘုရင်နှင့် ရင်းနှီးသော မင်းဆရာဘဝမှ ဝန်ကြီးအဖြစ် မြှောက်စားခံရသူ ဖြစ်သော်ငြားလည်း ဘုရင့်အကြိုက် အမြဲဆောင်တတ်သည့် ဆန္ဒာဂတိနှင့် ဘယာဂတိ ကင်းရှင်းပြီး အမှန်တရား အလိုသို့သာ သစ္စာရှိရှိလိုက်ပါ လျှောက်ထားဝံ့သော ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း တွေ့ရှိရပေသည်။

ဝန်ကြီးဦးရန်ဝေး၏ လစာစရိတ်ခွဲဝေသုံးစွဲပုံမှာ စံထားလောက်၏။ လခတော်ငွေ ၂၀၀၀ ကျပ် ရရှိသည်ကို ဝန်ကတော်သို့ ၁၀၀၀ ပေးပြီး မိမိအတွက် ၅၀၀ နှင့် ငယ်သားများအတွက် ၅၀၀ ခွဲဝေသုံးစွဲခဲ့လေ၏။ မိမိ၏သန့်ရှင်းသော လခတော်ဝင်ငွေမှ ငယ်သားများအား အပြတ်ပေး၏။ ဝန်ကတော်ထံမှ တစ်ဆင့်တောင်းပြီး အလီလီပေးခြင်းဖြင့် ဖယားမရှုပ်စေရန် ကင်းကင်းရှင်းရှင်း သီးသန့်ခွဲပြီး တိုက်ရိုက်သတ်မှတ်ပေးကမ်းပုံမှာ ယခုခေတ် ဝန်ကြီးများ စံနမူနာယူထိုက်သည် ထင်၏။

လက်အောက်ငယ်သားများ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေးအတွက် ဆောင်ရွက်ချက်တစ်ရပ်မှာလည်း အလွန်ပြောင်မြောက်လှ၏။ တစ်ခါသော် ဦးရန်ဝေးသည် ကျောက်တော်ကြီးဘုရားပွဲတော်သို့ သွားရာလမ်းတွင် ဝန်ကတော်တစ်ယောက်သည် ခြောက်စထောင် လှည်းယာဉ်ကြော့နှင့် ရွှေထီးဆောင်းပြီး အဆောင်ကိုင်များ ဝန်းရံကာ တခမ်းတနား သွားလာနေသည်ကို တွေ့ရလေ၏။ ဦးရန်ဝေးက မိမိလှည်းသမားအား ထိုဝန်ကတော်ကို ကြိမ်လုံးဖြင့် ဆင်းရိုက်စေခဲ့ရာ အုတ်အုတ်ကျက်ကျက်ဖြစ်ကုန်၏။ မင်းတုန်းမင်းကြီးထံသို့ ထိုသတင်းပေါက်ကြားပြီး ညီလာခံတွင် အဘယ်ကြောင့် ဤသို့ ဆုံးမရကြောင်း မေးတော်မူရာ ဦးရန်ဝေးက "ဤဝန်ကတော်အား ဆင်းရဲသားများက မြင်လျှင် သူ့လင်သည် တံစိုးလက်ဆောင်ရ၍ ဤသို့ ကြီးကျယ် ခမ်းနားစွာ သွားလာနိုင်သည်ဟု ထင်မှတ်ကြလိမ့်မည်။ သူ့လင်ကို ချီးမြှောက်သော ရှင်ဘုရင်ထက် အသရေတန်အောင် စိတ်ကြီးဝင်ကာ သွားလာနေသဖြင့် ရိုက်ရပါကြောင်း" လျှောက်ထားလေ၏။ ယခုခေတ်တွင် စိန်နားကပ်များ၊ စိန်လက်ကောက်များ၊ စိန်လည်တုန်များ ဝင်းဝင်းလျှံလက် အလွန်ပင်ဆင်မြန်းရက်သော ဝန်ကတော်များ သတိပြုမှတ်သားစရာကောင်းလှပေ၏။

ဦးရန်ဝေးသည် ရရှိသောလစာတော်နှင့် မလောက်သဖြင့် အကျပ်အတည်း ကြုံသောအခါ လာဘ်မစားဘဲ

> **"ကျွန်ုပ်ကတော် အား ဆင်းရဲသားများက မြင်လျှင် သူ့လင်သည် တံစိုးလက်ဆောင် ရ၍ ကျွန်ုပ်ကြီးကျယ်ခမ်းနားစွာ သူ့ဆောင် နိုင်သည်ဟု ထင်မှတ်ကြလိမ့်မည်။ သူ့လင်ကို ချီးမြှောက်သော ဗိုလ်ကျထောက် အဆမတန်အောင် စိတ်ကြီးဝင်ကာ သွားလာနေသဖြင့် ဖိုက်ရပါကြောင်း"**

ဘုရင်ပိုင် ရွှေချောင်းကို ခပ်ပြောင်ပြောင် ယူသုံးပုံမှာလည်း မှတ်သားထိုက်လှ၏။ သူ၏နမ ဒေါ်နီသည် မုဆိုးမဖြစ်ပြီး အလွန်ပင် ဆင်းရဲနွမ်းပါး၏။ မောင်ကြီး ထံ လာရောက်မိုလှုံသော နမဖြစ်သူ အား ထောက်ပံ့ရန် နည်းလမ်းရှာရင်း ရွှေပန်းထိမ်တော်သားများထံ ရောက် သွားခဲ့၏။ ဘုရင့်သမီးပုဆက်တော် စီခြယ် ရာမှ ပိုလျှံနေသော ၄၅ ကျပ်သား ရွှေတုံးတစ်ခုကို တွေ့ရှိပြီး "နန်းတော် ကမေးလျှင် ငါယူသွားသည် ပြောလိုက်" ဟု မှာထားကာ ယူသွားခဲ့၏။ နေအိမ် သို့ ရောက်သောအခါ နမဖြစ်သူ မယ်နီ ကို ပေးလိုက်၏။ နောက်တစ်နေ့တွင် ယောအတွင်းဝန် ဦးဘိုးလှိုင်က လာ ရောက် မေးမြန်းရာ "မောင်လှိုင်၊ ငါ ရွှေတုံးကိုယူတာ မှန်ပါသည်။ ငါ့မှာ ဆင်းရဲသော နမတစ်ယောက်ကို ထောက်ပံ့ရန် တာဝန်ရှိနေသည်။ ငါ ရရှိသည့် ရိက္ခာတော်က လောက်ငရုံပဲ ရှိပြီး တံစိုးလက်ဆောင်လည်း ငါ ဘယ်တော့မှ မယူခဲ့ပါ။ ဒါကြောင့် နိုးချင်းနိုးလျှင် ငါ့အရှင်သခင်ရဲ့ပစ္စည်း ပဲ နိုးမည်။ နောင်ဘဝမှာ အရှင်သခင် အိမ်မှာ ခွေးပဲဖြစ်ရ ဖြစ်ရ မြတ်တယ်လို့ အောက်မေ့ပြီး ငါယူခဲ့သည်" ဟု ပြော ကြားလိုက်၏။ မင်းတုန်းမင်းကြီး ကြား သိတော်မူသောအခါ ဦးရန်ဝေး၏ စိတ် ထားကို သဘောကျ နှစ်မြို့က်တော်မူပြီး ရွှေတုံးကို ငွေတစ်ထောင်ပေး၍ ရွှေတော် မူစေခဲ့လေ၏။

ဦးရန်ဝေး၏ နိုင်ငံရေး အမြင် ကျယ်မှုနှင့် ပြတ်ပြတ်သားသား ဆောင် ရွက်တတ်မှုကိုလည်း သာဓကပြပါဦး မည်။ ကရင်နီနယ် (ယခု ကယား ပြည်နယ်) စော်ဘွားက မိမိ၏ ပိုင်နက် ကို မင်းတုန်းမင်းက သိမ်းပိုက်တော် မူရန် လျှောက်တင်ချက်ကို သဘောတူ ၍ သိမ်းယူရန် အမိန့်တော်ကို လွှတ် တော်သို့ ပို့၏။ ဦးရန်ဝေးက "မင်းတို့ ဘုရင် တောင် နားမလည်၊ မြောက် နားမလည်နှင့် ဤအမိန့်မျိုး ထုတ်ရ သလား" ဟု ဆိုကာ အမိန့်တော်ကို ခွဲဆုတ်ပစ်လိုက်၏။ မင်းတုန်းမင်းကြီး

**လွှတ်တော်ကို မတိုင်ပင်ဘဲ အရမ်းအမိန့် ထုတ်ပြန်လျှင် လွှတ်တော်ကို အဘယ်ကြောင့် ထားသနည်း**

သည် "ငါ့အမိန့်ကို အဘယ်ကြောင့် ဖျက်ရသနည်း" ဟု မေးမြန်းရာ ဦးရန်ဝေးက "ဤအရာသည် ဘုရင်၏ အလုပ်မဟုတ်၊ လွှတ်တော်ဝန်ကြီးများ သို့ ဘုရင်က မေးသင့်သည်။ ကရင်နီ နယ်ကိုသိမ်းလျှင် ယိုးဒယားနယ်စပ် ဖြစ်သွားလိမ့်မည်။ အောက်ပြည်မှ ကုလားဖြူများကလည်း ထကြွမည်။ လွှတ်တော်ကို မတိုင်ပင်ဘဲ အရမ်းအမိန့် ထုတ်ပြန်လျှင် လွှတ်တော်ကို အဘယ် ကြောင့် ထားသနည်း" ဟု ရဲရဲဝံ့ဝံ့ ပြန်လည် လျှောက်တင်၏။ ထိုအချိန်က ကရင်နီနယ်သည် ယိုးဒယားနှင့် လည်း ကောင်း အင်္ဂလိပ်သိမ်းထားသော အောက် မြန်မာပြည်နှင့်လည်းကောင်း နယ်နိမိတ် ချင်း ထိစပ်နေ၏။ သို့ဖြစ်၍ ကြား နယ်မြေ (Buffer State) အဖြစ်ရှိလျှင် အင်အားကြီးသောနိုင်ငံများ တိုက်ရိုက် ထိပါးမှု နည်းပါးစေမည် ဖြစ်၏။ ဦးရန်ဝေးသည် ဤအမြင်ဖြင့် ကရင်နီ နယ်မြေ ဆက်သမှုကို ပယ်လိုက်ခြင်း ဖြစ်ရာ ၎င်း၏ နိုင်ငံရေး အမြင်ကျယ်မှု ကို ခန့်မှန်း သိရှိနိုင်ပေသည်။ ထို့အပြင် လွှတ်တော်ကိုကျော်၍ ဘုရင်က အမိန့် ထုတ်သည်ကိုလည်း ပြောင်ပြောင် တင်းတင်း ဆန့်ကျင်ဝံ့သော သတ္တိရှိသူ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယနေ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများ အတုယူထိုက်သောပုဂ္ဂိုလ်တစ်ဦးဟု ဆိုရမည် ဖြစ်ပေသည်။

အထက်ပါအတိုင်း ရဲရဲဝံ့ဝံ့ လျှောက်ထားခဲ့သော အခြားသာဓက တစ်ရပ်လည်း ရှိသေး၏။ တစ်ခါသော် ဝန်စုမှူးစုတို့သည် မယားအခြောင်ထား သည့်အတွက် ရိက္ခာတော်ငွေနှင့် မလုံ လောက်သည်ကို မင်းတုန်းမင်းကြီးကြား သိတော်မူ၍ သားမယားတစ်ယောက် ထက် ပိုမယူရန် ဥပဒေ လုပ်လိုသော ဆန္ဒဖြစ်၏။ ဦးရန်ဝေးနှင့် တိုင်ပင်ရာ ဝမ်းမြောက်စွာ ထောက်ခံရုံမျှမက ရှင်ဘုရင်ကိုပါ ဤဥပဒေဘောင်အတွင်း နေတော်မူစေလျှင် များစွာသင့်လျော် ကြောင်း လျှောက်ထားရာ မင်းတရား ကြီး ဆိတ်ဆိတ်နေတော်မူကြောင်း သိရှိရလေ၏။

ဘုရင့်အမိန့်ကို ဆုပ်ကိုင်ပြီး ပြည်သူများအား သိမ်းကျုံးဖျက်ဆီးခြင်း ကြောင့် များစွာသော ပြည်သူတို့၏

မိသားစုများ ပူဆွေးသောက ရောက်ခဲ့ကြရသည့် အဖြစ်ဆိုးမှ ဦးရန်ဝေးက သတ္တိရှိရှိ ကယ်တင်ခဲ့သည့် သာဓက တစ်ခုလည်း ရှိခဲ့ပြန်၏။ မြင်ကွန်း မြင်းခုံတိုင်အရေးတွင် ပါဝင်သူများကို သူပုန်အဖြစ် ဖမ်းဆီးပြီး လွှတ်တော်သို့ ပို့ရမည်ဟု ဘုရင့်အမိန့်တော်ရှိခဲ့သည်ကို အခွင့်ကောင်းယူ၍ အဝေးမြို့ဝန်၊ မြို့သူကြီးများက သူတို့မလိုလားသူများအား သူပုန်အဖြစ် ရောနှောပို့ကြခြင်းကြောင့် ထောင်နှင့်မဆံ့အောင် ဖြစ်ခဲ့လေ၏။ ဦးရန်ဝေးက "နောက်ထပ် သူပုန်မဖမ်းစေနှင့်" ဟု အမိန့်ထုတ်လိုက်ရာ ဘုရင်နှင့် ထိပ်တိုက်တွေ့လေ၏။ ဘုရင်က အမေးတော်ရှိသောအခါ သူပုန်များသည် ဘုရင့်သားတော်များ ဖြစ်၍ ငယ်သားများက နီးရာဓားကို ကြောက်ကြရမဲ့ ဖြစ်ခြင်းကြောင့်သာ လိုက်ပါကြရခြင်း ဖြစ်၏။ သားသမီး မကောင်း မိဘခေါင်းဖြစ်သည်။ အဝေးမြို့ဝန်များက ရာထူးစည်းစိမ်တိုးရေးကို မျှော်ကိုးပြီး မိမိနှင့် မသင့်လျော်သူကို သူပုန်အဖြစ် ဆွဲထည့်နေသည်ကို နန်းတော်ထဲက ဘုရင်မသိကြောင်း ရဲရဲဝံ့ဝံ့ လျှောက်ထားခဲ့လေ၏။ မင်းတုန်းမင်းကြီးမှာလည်း 'မိဘခေါင်း'ဆိုသည့်အတိုင်း သူ့ဘက် အမှုပတ်လာမည်ကို ရိပ်မိ၍ ငြိမ်နေခဲ့သည် ထင်၏။

နှ·အ·ဖ လက်ထက်က အကောက်ခွန်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများအား အရေးယူစဉ်က တပ်ကြပ်ကြီးအဆင့်ကိုပါ ဗိုလ်ကီပုလင်းပါသောဆွဲခြင်းကို လက်ခံသဖြင့် ပုလင်းတစ်လုံး ၂၀,၀၀၀ ကျပ်၊ တစ်နှစ် ငါးခြင်းနှုန်းဖြင့် ၁၀ နှစ်ဆိုလျှင် ခြင်း ၅၀၊ ငွေဆယ်သိန်း လာဘ်စားသည်ဆိုပြီး အရေးယူကြောင်း ကြားသိခဲ့ရာ ဦးရန်ဝေးရှိလျှင်ကောင်းမည်။ တပည့်မကောင်း ဆရာခေါင်းဟု ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ရဲရဲဝံ့ဝံ့ထောက်ပြမှာဖြစ်၍ အောက်ခြေဝန်ထမ်းများ သက်သာရာ ရနိုင်မည်ဟု စာရေးသူက တွေးခဲ့မိပါသည်။

မည်သို့ဆိုစေ ဒီမိုကရေစီခေတ်ကာလတွင် ဦးရန်ဝေးထက် ပိုပြီးသတ္တိရှိသော ဝန်ကြီးများ အမြောက်အမြားပေါ်ပေါက်စေချင်ပါသည်။ နောက်ဆုံး သူ့ထက်မပိုလျှင်နေပါစေ၊ သူ့လောက် သတ္တိမရှိလျှင်လည်းနေပါစေ။ သူ့လောက်နီးပါး သတ္တိရှိကြလျှင် တော်ပါပြီဟု ဆန္ဒပြုမိပါသတည်း။

မြင့်မိုရ်ရွှေ

7 day News

June 11, 2014

## တရားမျှတတယ် ဆိုတာ ဘာလဲ

၂၀၀၄ ခုနှစ် နွေရာသီက ချာလီ မုန်တိုင်းကြီး မက္ကဆီကို ပင်လယ်ကွေ့ကနေ ဖလော်ရီဒါပြည်နယ်ကို ပြင်းထန်ကြမ်းတမ်းစွာ တိုက်ခတ်ဖြတ်သန်းပြီး အတ္တလန်တိတ် သမုဒ္ဒရာထဲကို ဝင်ရောက်သွားခဲ့သည်။ မုန်တိုင်းဒဏ်ကြောင့် ဖလော်ရီဒါပြည်နယ်တစ်ခုလုံး ကြွေမွပျက်စီးသွားခဲ့ရပြီး လူ ၂၂ ယောက်သေဆုံးကာ ဒေါ်လာ ၂၂ ဘီလီယံဖိုးခန့် ဆုံးရှုံးနစ်နာခဲ့ရသည်။ ဒီမုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်းမှာ အိမ်ရာတိုက်တာ၊ သစ်ပင်ကြီးငယ်၊ လမ်းတံတား အပျက်အစီးတွေ အားလုံးကို ထုံးစံအတိုင်း အလျှင်အမြန်ပြန်လည် ပြုပြင်ကြရသည်။ ဒါပေမဲ့ ထုံးစံအတိုင်း မဟုတ်တာ ဝယ်ယူရတဲ့ပစ္စည်းတွေရဲ့ ဈေးနှုန်း၊ ပြင်ဆင်စရိတ်တွေရဲ့ တန်ဖိုးနှုန်း

ထားက ပုံမှန်နှုန်းထားထက် မတရားသဖြင့် မြင့်တက်လာခဲ့သည်။ ဓာတ်ဆီ ဈေးနှုန်းက အရင်တစ်ဂါလံကို နှစ်ဒေါ်လာကနေ ဆယ်ဒေါ်လာ ဖြစ်သွားသည်။ အရင်စတိုးဆိုင်တွေက ဒေါ်လာ ၅၀နဲ့ ရောင်းနေကျပစ္စည်းတွေက ဒေါ်လာ ၂၅၀ အထိ တက်သွားခဲ့သည်။ အိမ်ပြိုသွားလို့ တည်းခိုခန်းပေါ် တက်နေရသူတွေကလည်း အရင်က အခန်းခ တစ်နေ့ ဒေါ်လာ ၄၀ ကနေ ၁၆၀ အထိ မြင့်တက်သွားကြတာကို ပေးရသည်။ ဒီမှာတင် ဖလော်ရီဒါ တစ်နယ်လုံး ရုတ်တရက် ကုန်ဈေးနှုန်းတွေ ထိုးတက်သွားတဲ့ ပြဿနာကို မကျေမနပ် ပြောဆိုဝေဖန် ကန့်ကွက်လိုက်ကြတာ ပွက်လောရိုက်သွားခဲ့၏။

ဒီကိစ္စနဲ့ပတ်သက်ပြီး USA Today သတင်းစာကြီးကလည်း "မုန်တိုင်းအလွန် ကောင်းကင်ယံမှာ လင်းတတွေတော့ ဝဲပျံနေကြပြီ" ဆိုတဲ့ ခေါင်းစဉ်နဲ့ သတင်းဆောင်းပါး အရှည်ကြီးတစ်ပုဒ် ရေးလိုက်တော့ မီးလောင်ရာလေပင့်ဖြစ်ပြီး တစ်နိုင်ငံလုံးမှာ ဆွေးနွေးငြင်းခုံပွဲကြီးတစ်ရပ် ပေါ်ပေါက်လာပါတော့၏။ "လူတွေက ဒုက္ခရောက်နေချိန်မှာ ဈေးနှုန်းတွေတင်ပြီး အမြတ်ထုတ်တာ တရားမျှတရဲ့လား" အဲဒီအချိန်က ဖလော်ရီဒါပြည်နယ်ရဲ့ ရှေ့နေချုပ် ချာလီခရစ်ကတော့ "မုန်တိုင်းကြီးတိုက်ခတ်ပြီး လူတွေ ဒုက္ခ ရောက်နေတာကို အခွင့်ကောင်းယူ အမြတ်ထုတ်မယ် ဆိုတဲ့ လူတွေရဲ့ လောဘရမ္မက်စိတ်ကတော့ တုန်လှုပ်ချောက်ချားစရာကောင်းလွန်းပါတယ်ဗျာ" ဟု မှတ်ချက်ချခဲ့၏။ ကုန်ဈေးနှုန်း ရုတ်တရက်မြင့်တင်မှု တားဆီးကာကွယ်ရေးဥပဒေ ချမှတ်ထားသည့် ဖလော်ရီဒါပြည်နယ်၏ ရှေ့နေချုပ် ခရစ်၏ရုံးခန်းသို့ ကန့်ကွက်တိုင်တန်းလွှာပေါင်း နှစ်ထောင်ဝန်းကျင်မျှ ရောက်ရှိနေတော့သည်။ ထိုကန့်ကွက်လွှာများထဲတွင် ရှေးဟောင်း အလယ်ခေတ်ကကဲ့သို့သော ကာလမျိုးမှာပင် ကုန်စည်ဖလှယ်ရေးတွင် "တရားမျှတသော ဈေးနှုန်း" (justice price) စနစ် ကြီးစိုးလွှမ်းမိုးခဲ့ကြောင်း ထောက်ပြကြ၏။ တရားမျှတသော ဈေးနှုန်းဆိုသည်ကို အစဉ်အလာ တန်ဖိုးအရ (သို့)သင့်တင့်လျောက်ပတ်သည့် တန်ဖိုးဖြင့် သင့်ရမည်ဟု ယူဆခဲ့ကြ၏။ သို့သော် ဈေးကွက်စီးပွားရေး ပညာရှင်များကမူ ဈေးနှုန်းဆိုသည်ကို "ရောင်းလိုအား" နှင့် "ဝယ်လိုအား"က ဆုံးဖြတ် သတ်မှတ်ခြင်းသာဖြစ်၍ "တရားမျှတသော ဈေးနှုန်း" ဟူသည် မရှိဟူ၍ ပြတ်သားစွာ ပယ်ချခဲ့ကြ၏။

ထိုစဉ်က Tampa Taibune သတင်းစာတွင် စျေးကွက် စီးပွားရေး ပညာရှင် သောမတ်ဆိုဲလ်က "စျေးနှုန်း မြင့်တက်တယ်ဆိုတာ အတော်စိတ် လှုပ်ရှားစရာ ကောင်းတာပေါ့။ ဒါပေမဲ့ ဘောဂဗေဒသဘောအရတော့ ဘာမှ အလေးထား စဉ်းစားစရာ လိုတဲ့ ပြဿနာ မဟုတ်ပါဘူး။ ဖလော်ရီဒါမှာ ဆောင်းတွင်းဆို ရေခဲတစ်ထုပ် နှစ်ဒေါ်လာနဲ့ ရပေမယ့် နွေမှာတော့ ဆယ်ဒေါ်လာ ပေးရပါလိမ့်မယ်။ တကယ်တော့ စျေးနှုန်းဆိုတာ ရောင်းသူနဲ့ ဝယ်သူအကြား ကုန်ပစ္စည်းတစ်ခု အပေါ် ရိုးရိုးလေး အပေးအယူလုပ်ကြတဲ့ သဘောပါပဲ" ဟု ရှင်းပြခဲ့၏။ အလားတူ စျေးကွက်လေ့လာသူ ဆောင်းပါးရှင် ဂျက်ဖ်ဂျက်ကော့ဘီက လည်း "အမှန်တော့ စျေးကွက်ထဲမှာ စျေးနှုန်းမြင့်မားလာတာကို ဘာမှခွဲချက်တင်နေစရာ မလိုပါဘူး။ ဒါ လောဘ ရမ္မက်ကြီးမှု သက်သက်လည်း မဟုတ်ပါဘူး။ လွတ်လပ်တဲ့ စျေးကွက်ရဲ့ သဘောသဘာဝပါပဲ။ စျေးတွေ တက်လာတော့ လူတွေကတော့ ဒေါသဖြစ်ကြမှာပေါ့။ ဒါပေမဲ့ ဒီဒေါသကို လွတ်လပ်တဲ့ စျေးကွက်က ထည့်တွက်မှာတော့ မဟုတ်ပါဘူး" ဟူ၍ ဆောင်းပါး ရေးခဲ့၏။

ထိုအခါ ဖလော်ရီဒါပြည်နယ်၏ ရှေ့နေချုပ် ခရစ်ကလည်း အဆိုပါ Tampa နေ့စဉ်သတင်းစာတွင် အိတ်ဖွင့်ပေးစာတစ်စောင် ရေးသား တုံ့ပြန်ခဲ့၏။ ထိုပေးစာတွင် "မုန်တိုင်းနဲ့ ရင်ဆိုင်နေရတဲ့ အရေးပေါ်ကာလမျိုးအတွင်း ဒုက္ခရောက်နေတဲ့ ပြည်သူတွေရဲ့ ဘဝရပ်တည်ရေးအတွက် အခြေခံ လိုအပ်ချက်တွေကို ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးနေရတဲ့ ကာလမျိုးမှာ စျေးနှုန်းတွေ မြင့်တင်လိုက်တယ်ဆိုတာ ဘူးလေးရာ ဖရုံဆင့်တင်လိုက်တဲ့သဘောပဲ။ ဒါကို အစိုးရတစ်ရပ်အနေနဲ့ သာမန်စျေးကွက် အပေးအယူသဘောဆိုပြီး ရပ်ကြည့်မနေနိုင်ဘူး။ ပြည်သူလူထုဘဝ အဆင်ပြေ သက်သာရေးအတွက် လိုအပ်တဲ့ ထိန်းချုပ်မှုတွေ ဝင်ရောက် ဆောင်ရွက်ပေးရမှာပဲ" ဟု သူ၏ သဘောထားကို ထုတ်ဖော်ကြေညာလိုက်၏။ ဤသို့ဖြင့် ချာလီဟာရီကိန်း အလွန်ကာလတွင် စျေးနှုန်းများ မြင့်တင်လိုက်သည့် ကိစ္စအပေါ် အငြင်းပွားမှုသည် "ကျင့်ဝတ်နှင့် တရားဥပဒေ" (Morality And Law) ပြဿနာတို့အကြား အငြင်းပွားရသည့် အနေအထားသို့ ရောက်ရှိသွားတော့သည်။

ဤသို့ဖြင့် မေးစရာ မေးခွန်းများစွာ ပေါ်ပေါက်လာတော့သည်။

- သဘာဝဘေးအန္တရာယ်ကျရောက်နေခြင်းမျိုးကို အခွင့်ကောင်းယူကာ ရောင်းသူများက ဈေးနှုန်းမြှင့်တင်ခြင်းသည် လွတ်လပ်သော ဈေးကွက်လောကတွင် အပြစ်ရှိပါသလား။
- ယင်းသို့သော အနေအထားတွင် အစိုးရနှင့် တရားဥပဒေတို့က ရပ်ကြည့်နေရမည်လော။
- လွတ်လပ်သော ဈေးကွက်တွင် ရောင်းသူနှင့် ဝယ်သူအကြား အပေးအယူ လုပ်ထားကြသည့် ဈေးနှုန်းကို အစိုးရက တရားဥပဒေအရ ဝင်ရောက်ကန့်သတ်သင့်သလော။
- အဆိုပါ ကျင့်ဝတ်ပြဿနာကို ဥပဒေအရ ကိုင်တွယ်ဖြေရှင်းသင့်ပါသလား။

အထက်ပါ မေးခွန်းများမှာ လူတစ်ဦးချင်းစီ အကြား ဆက်ဆံရေးပြဿနာသက်သက်မျှ မဟုတ်ပေ။ လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို မည်သို့ စည်းရုံးသင့်သည်။ ယင်းသို့ စုစည်းရာတွင် တရားဥပဒေ ပါဝင်ရမည့် အခန်းမှာ မည်သို့ ဖြစ်သင့်သည်။ လူ့အဖွဲ့အစည်း၏ ညီညွတ် တည်ငြိမ်ရေးအတွက် အခြေခံ လိုအပ်ချက်မှာ ဤဟာပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ချုပ်ပြောရလျှင် လူ့အဖွဲ့အစည်းအတွင်းရှိ "တရားမျှတမှု" (Justice) ပြဿနာပင် ဖြစ်၏။ ဤပြဿနာကို ဖြေရှင်းရေးအတွက် အရင်းခံအကျဆုံးလုပ်ငန်းမှာ "တရားမျှတမှု" ဆိုသည့်စကားလုံး၏အဓိပ္ပာယ်ကို ဖွင့်ဆိုနိုင်ရန် ကြိုးပမ်းရေးပင် ဖြစ်သည်။ "တရားမျှတမှု" ၏ သဘောသဘာဝကို ပြည့်စုံ မှန်ကန်စွာ နားလည်ရေးပင် ဖြစ်သည်။

**"မုန်တိုင်းကြီး တိုက်ခတ်ပြီး လူတွေ ဒုက္ခ ရောက်နေတာကို အခွင့်ကောင်းယူ အမြတ်ထုတ် မယ် ဆိုတဲ့ လူတွေရဲ့ လောဘရမ္မက်စိတ်ကတော့ တုန်လှုပ်ချောက်ချားစရာကောင်းလှပါတယ်ဗျာ"**

ဆိုခဲ့သော ချာလီမုန်တိုင်းလွန်ကာလတွင် ဈေးနှုန်းမြင့်တက်ခြင်းအပေါ် ငြင်းခုံခြင်းများကို ချုပ်ကြည့်လျှင် "တရားမျှတမှု" ရှိရေးအတွက် ဘက်အသီးသီးမှ အမြင်အမျိုးမျိုးဖြင့် ချဉ်းကပ်တင်ပြခဲ့ခြင်း ဖြစ်၏။ ယင်းဘက်အသီးသီး၏ အမြင်အမျိုးမျိုးကို

ထပ်မံသုံးသပ် ပေါင်းရုံးကြည့်မည်ဆို လျှင်လည်း အခြေခံပြဿနာ သုံးရပ် ပေါ်တွင် လည်ပတ်လှုပ်ရှားနေကြောင်း တွေ့ကြရပေလိမ့်မည်။

၎င်းတို့မှာ-

(၁) အများပြည်သူတို့၏ အဆင်ပြေသက်သာမှုကို အကြီးမားဆုံး မြှင့်တင်ပေးရေး (Maximizing Welfare)

(၂) လွတ်လပ်မှုကို အပြန်အလှန် လေးစားရေး (Respecting Freedom)

(၃) ကောင်းမြတ်မှန်ကန်သည့် တရားများ ထွန်းကားရေး (Promoting Virtue) တို့ ဖြစ်ကြ၏။ လက်တွေ့အားဖြင့် ဈေးကွက်မှန်သမျှတွင် လက်တွေ့ အခြေခံ လိုအပ်ချက်နှစ်ရပ်ရှိ၏။ ဦးစွာအားဖြင့် အများပြည်သူများ အဆင်ပြေ သက်သာရေးကို ဦးစားပေးကြရမည် ဖြစ်၏။ ထို့ကြောင့်လည်း စူပါမားကက်ကြီးများတွင် တစ်ထိုင်တည်း တစ်နေရာတည်း လိုရာမှန်သမျှ ဝယ်ယူရရှိနိုင်စေမည့် တစ်နေရာတည်းအပြီး ဝန်ဆောင်မှုများ ပေးနေခြင်း ဖြစ်၏။ ဒုတိယအားဖြင့် ဈေးကွက်မှန်သမျှသည် စားသုံးသူများ၏ လွတ်လပ်ခွင့်ကို လေးစားလိုက်နာရမည်ဖြစ်၏။ စားသုံးသူများ ဝယ်လိုသောပစ္စည်း၊ ရလိုသော အရည်အသွေး၊ ပေးလိုသော ဈေးနှုန်း မှန်သမျှကို လွတ်လပ်စွာ ရွေးချယ်ခွင့် ပေးရေး ဖြစ်၏။

သို့သော် ချာလီမုန်တိုင်းတိုက်ပြီးနောက် ထူးခြားသော အနေအထား အောက်တွင် လုပ်ငန်းရှင်များက ဈေးနှုန်းများ မြှင့်တင်လိုက်ကြ၏။ ၎င်းတို့အား ဤသို့ ဈေးနှုန်းမြှင့်တင်လိုက်ခြင်း ဖြင့် ဈေးကောင်းရလိုသော ထုတ်လုပ်သူများက ပြည်သူလူထု လိုအပ်တာ မှန်သမျှ အလျှင်အမြန် အမြောက်အမြား ထုတ်လုပ်လာကြသဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မြန်ဆန်သွက် လက်လာသည်ဟု ဆိုကြ၏။ ထို့ပြင် မုန်တိုင်းကျလိုက်သည့် ထူးခြားသော အခြေအနေမျိုးအောက်တွင် စားသုံးသူများ၏ လွတ်လပ်စွာ ရွေးချယ်ခွင့် ဆိုသည်မှာ မလွဲမရှောင်သာစွာ အကန့်အသတ် ရှိလာ၏။ စားသုံးသူများ၏ ဝယ်လိုအား ရုတ်တရက် မြင့်တက်များပြားလာခြင်းကြောင့် ဈေးကွက်သဘာဝအရ အပြိုင်အဆိုင် ရောင်းချကြရင်း ဈေးနှုန်းမြင့်တက်လာရခြင်း ဖြစ်သည်ဟူ၍ ခုခံချေပခဲ့ကြသည်။

သို့သော် စားသုံးသူများဘက်ကလည်း ဝယ်လိုအား များပြားလာခြင်း၊ ကုန်စည် ပြတ်လပ်ခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တက်မှု အတန်အသင့်ရှိ

လာခြင်းမျိုးကို နားလည်ပေးနိုင်ကြ၏။ "မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ" ဆိုသော သဘောထားဖြင့် လူအများ သေကောင်ပေါင်းလဲ ဖြစ်နေချိန်မျိုးတွင် ကုန်ဈေးနှုန်းများ မိုးသို့ထိုးထောင် အပြိုင်အဆိုင် မြင့်တင်နေတဲ့ ဈေးကွက် အခြေခံကြောင့် မဟုတ်၊ ကျင့်ဝတ်အခြေခံကြောင့်သာ ဖြစ်တယ်။ မုန်တိုင်းကြောင့် လူထုဒုက္ခမျိုးစုံ ခံစားနေရချိန်မျိုးမှာ ရသလောက် အမြတ်ထုတ်လိုက်မယ်ဆိုတဲ့ လောဘရမ္မက်စိတ်ကို ဒေါသထွက်နေကြတာပါ" ဟု ကောက်ချက်ချခဲ့၏။

လောဘရမ္မက် ဆိုသည်မှာ မကောင်းမှု အကုသိုလ်စိတ် ဖြစ်၏။ အထူးသဖြင့် မုန်တိုင်းကြောင့် လူထုဒုက္ခရောက်နေချိန်မျိုးတွင် လောဘရမ္မက်တက်သော စိတ်မှာ ကျင့်ဝတ်သဘောအရ အလွန်ဆိုးရွားလှ၏။ ထို့ပြင် ဤယုတ်ညံ့သော စိတ်ထားမျိုးကို လူတစ်ဦးတစ်ယောက်ချင်းအပေါ် ထားရှိခြင်းမဟုတ်။ လူ့အဖွဲ့အစည်းအပေါ် ထားရှိခြင်းဖြစ်၍ ပိုမိုရိုင်းစိုင်းယုတ်မာလှ၏။ လူ့အဖွဲ့အစည်းအပေါ် ထားရှိသည့် ဤစိတ်ရိုင်း စိတ်မိုက်မျိုးကို လူ့အဖွဲ့အစည်းကလည်း ထိုက်တန်သည့် ပြစ်ဒဏ် ပြန်ခတ်သင့်ပေသည်။ သို့မှသာလျှင် ပြည်သူများကလည်း "တရားမျှတသည်" (Justice) ဟု ယူဆကြပေလိမ့်မည်။ ထို့ကြောင့်လည်း ကမ္ဘာကြီးကို စစ်မီးစစ်လျှံထဲသို့ ထိုးသွင်းလာခဲ့သော ဟစ်တလာအား သမိုင်းက ဒဏ်ခတ်ခဲ့ခြင်းကို ပြည်သူများက ကြိုဆိုခဲ့ကြခြင်း ဖြစ်၏။ နျူရင်ဘတ် စစ်ခုံရုံးသည် နာဇီစစ်ရာဇဝတ်ကောင်များကို ထိုက်တန်စွာ သေဒဏ်ပေးလိုက်ခြင်းဖြင့် ကမ္ဘာကြီး၏ "တရားမျှတမှုဆိုင်ရာ" စံနမူနာ ဖြစ်လာခဲ့ရပေသည်။ ထို့အတူ ယနေ့ မီလိုဆီဗစ်ကဲ့သို့သော စစ်ရာဇဝတ်ကောင်များကို စစ်ဆေးအပြစ်ဒဏ်ပေးနေသည့် ဟိဂ်မြို့ရှိ "ကမ္ဘာ့တရားခုံရုံး"သည်လည်း ကမ္ဘာကြီးတွင် "တရားမျှတမှု" ထွန်းကားရေးအတွက် အာမခံချက်ပေးနေသည့် နေရာပင် ဖြစ်သည်။ ချုပ်ကြည့်လျှင် ဆိုခဲ့သည့်အတိုင်း "တရားမျှတမှု" ဆိုသည်တွင် ပြည်သူများ သက်သာအဆင်ပြေရေးနှင့် "လွတ်လပ်ခွင့်" သာမက "ကောင်းမွန်မြင့်မြတ်သည့် ကျင့်ဝတ်နှုန်းစံများ" ပါဝင်ရန်လည်း အရေးကြီးပေသည်။ ထိုကောင်းမြတ်သည့် ကျင့်ဝတ်နှုန်းစံများ ဥပဒေအဖြစ် ပုံပေါ်မှသာလျှင် "တရားမျှတမှု" ကို အပြည့်အဝ ခံစားခွင့်ရမည် ဖြစ်ပေသည်။ ယင်းသို့ လူ့အဖွဲ့အစည်းတွင် "တရားမျှတမှု လွှမ်းမိုးရေးအတွက် မြင့်မြတ်ကောင်း

မွန်သော ကျင့်ဝတ်များ" တရားဥပဒေ အဖြစ် ရှင်သန်လှုပ်ရှားလာရေးဆိုသည်မှာ "ခေတ်သစ်နိုင်ငံရေး ဒဿနနယ်ပယ်" ကို အကြီးကျယ်ဆုံး စိန်ခေါ်နေသော မေးခွန်းကြီးပင် ဖြစ်ပေသည်။

တရားမျှတသော လူ့အဖွဲ့အစည်းတွင် ပြည်သူများအတွင်း မြင့်မြတ် ကောင်းမွန်သော ကျင့်ဝတ်များ တိုးပွားကောင်းမွန်လာအောင် ဆွမ်းဆောင်နေပါသလော (သို့မဟုတ်) ပြည်သူများ အနေဖြင့် ကောင်းမွန်သည့်ဘဝ နေထိုင်မှုပုံစံကို သူတို့ကိုယ်တိုင် ရွေးချယ်နိုင်ရေးအတွက် တရားဥပဒေသည် မတူသော ကောင်းမှုဆိုင်ရာ အမြင်အမျိုးမျိုးကြားတွင် ပါဝင် ဆုံးဖြတ်ပေးနိုင်ခြင်း မရှိဘဲ ကြားနေအဖြစ် ရှိနေသင့်ပါသလော။ ကောင်းမှုနှင့် မကောင်းမှုဆိုသည့် ကျင့်ဝတ်ဆိုင်ရာ ကျွမ်းဂန်များအလိုအရ အထက်ပါမေးခွန်းများကပင် နိုင်ငံရေး ဒဿနဆိုင်ရာ ရှေးရိုးစံထားအမြင်နှင့် ခေတ်သစ် အတွေးအမြင်တို့ကို စည်းတား ခွဲခြားပေးခဲ့ခြင်း ဖြစ်ပါသည်။ အရစ္စတိုတယ်(Aristotle) ၏ အမြင်အရ "တရားမျှတမှု" ဆိုသည်မှာ လူထုကို ၎င်းတို့နှင့် ထိုက်တန်သည့် ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများကို အပ်နှင်းခြင်းပင် ဖြစ်၏။ ထိုသို့ အပ်နှင်းရန် အတွက် မည်သူက မည်သည်နှင့် ထိုက်တန်သည်ကို ဆုံးဖြတ်ရန် ကောင်းမှုနှင့် မကောင်းမှုတို့ကို ခွဲခြားနိုင်ရမည်ဖြစ်ပြီး မည်သို့သော ကောင်းမှုက မည်မျှ ထိုက်တန်သည်ကိုလည်း အဆုံးအဖြတ်ပေးရမည် ဖြစ်၏။ ထို့ပြင် သူ၏ အယူအဆအရ မည်သို့သော လူမှုဘဝပုံစံက လူထု၏ စိတ်ဆန္ဒနှင့် ကိုက်ညီသည်ကို တိုင်းပြည်၏ ဖွဲ့စည်းပုံဥပဒေ၏ စနစ်တစ်ရပ်က ရောင်ပြန်ဟပ်ပြနိုင်စွမ်း မရှိလျှင် အဆုံးအဖြတ်ပေး ပုံဖော်နိုင်ရန် အခက်အခဲ ရှိ၏။ ချုပ်လိုက်လျှင် အရစ္စတိုတယ်၏ သဘောထားမှာ ပြည်သူ လူထု၏ ကောင်းမွန်သော နေထိုင်မှုဘဝပုံစံကို ပုံဖော်ပေးနိုင်ရေးတွင် တရားဥပဒေသည် ကြားနေပေး၍ မဖြစ်နိုင်ပေ။

အထက်ပါ အမြင်နှင့် ဆန့်ကျင်စွာပင် ခေတ်သစ် ဒဿနပညာ၏ဖခင် အီမယ်နျူရယ်ကန့် (Immanuel Kant) မှ ၂၀ ရာစု နိုင်ငံရေးဒဿနပညာရှင် ဂျွန်ရောလ် (John Rawls) အထိသော ပုဂ္ဂိုလ်ကြီးများကမူ တရားမျှတမှုဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ကောင်းမွန်သော ကျင့်ဝတ် (သို့) လူမှုဘဝပုံစံစသည့် အနိုင်အမာ အကြောင်းအချက်အချို့ကို အခြေပြု၍ မဆုံးဖြတ်သင့်၊ တရားမျှတသည့် လူ့အဖွဲ့အစည်း၌ ကောင်းမွန်သော နေထိုင်မှုဘဝပုံစံကို

ရွေးချယ်ခွင့်တွင် လူတစ်ဦးချင်းစီ၏ လွတ်လပ်မှုကို အပြန်အလှန် လေးစား အသိအမှတ်ပြုရန် လိုအပ်လိမ့်မည်ဟု ယူဆကြသည်။ ဆိုရလျှင် ကျမ်းရိုး အယူအဆများက "ကောင်းမြတ်မှန်ကန်သော ကျင့်ဝတ်" ကို စံထားခဲ့ကြပြီး ခေတ်သစ်နိုင်ငံရေး ဒဿနကမူ "လွတ်လပ်ခွင့်ကို မဏ္ဍိုင်ပြု" စဉ်းစားတွေးခေါ်ခဲ့ကြပေသည်။

ဆိုရလျှင် အထက်ပါ နိုင်ငံရေး ဒဿနနှင့် စပ်လျဉ်းသည့် ရှေးရိုးစံထားအမြင်များနှင့် ခေတ်သစ် ဒဿနအယူအဆများ ကိုယ်စီပင်လျှင် အားကောင်းချက် အားနည်းချက် ကိုယ်စီရှိကြသည်ပင် ဖြစ်၏။ အထူးသဖြင့် ဒဿနပညာရှင်များအကြားထက် သာမန်ပြည်သူလူထုအကြားတွင် "တရားမျှတမှု" ဆိုသည်နှင့် စပ်လျဉ်း၍ ပိုမိုကျယ်ပြန့်ရှုပ်ထွေးသော အမြင်အမျိုးမျိုး ရှိတတ်ကြပေသည်။ စင်စစ်အားဖြင့် "တရားမျှတမှု" ကို အလေးအနက်ဖွင့်ဆိုရခြင်းမှာ လူ့လောက အနှံ့အပြားတွင် "မတရား မမျှတမှုများ" အနှံ့အပြားရှိသောကြောင့်ပင် ဖြစ်၏။ မတရားမမျှတမှုများကို ကျော်လွှားအနိုင်ယူနိုင်ရေးအတွက် တရားမျှတမှု၏ အခြေခံများကို ရှင်းလင်းပီပြင်စွာ နားလည်ထားရန် လိုအပ်ပေသည်။ လူတိုင်း တရားမျှတမှုကို လိုလားတောင်းဆိုကြခြင်း၏ ဦးတည်ချက်မှာ ကောင်းမြတ် မှန်ကန်သည့် ကျင့်ဝတ်များ လွှမ်းမိုးသည့် ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းမျိုးကို ဖန်တီးလိုကြ၍ပင် ဖြစ်သည်။ တစ်နည်းဆိုရလျှင် ကြွယ်ဝချမ်းသာ၍ လွတ်လပ်သော လူ့အဖွဲ့အစည်းမျိုးကို တောင့်တလိုလားကြခြင်း ဖြစ်၏။ ထိုလိုလားချက်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေအောင် ထဲတွင် ထည့်သွင်း တည်ဆောက်နိုင်မှသာ လူ့အဖွဲ့အစည်းတွင် "တရားမျှတမှု" သည် ရှင်သန်သက်ဝင်လာမည် ဖြစ်သည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးခေတ် နိုင်ငံတော်သီချင်းတွင် -

*"တရားမျှတ လွတ်လပ်ခြင်း*
*နှင့်မသွေ*
*တို့ပြေ တို့မြေ၊ များလူခပ်သိမ်း*
*ငြိမ်းချမ်းစေဖို့*
*ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ပြေ"*

စသည့် စကားလုံးများ ပါဝင်ခဲ့ခြင်း ဖြစ်ပေမည်။

**သန်းစိုးနိုင်**

**ဥတ္တမရာ၊**

Jan 3, 2014

❑

## အချုပ်အခြာအာဏာတဲ့လား

၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးမှာ အပါအဝင်ဖြစ်တဲ့ ပုဒ်မ ၅၉ နဲ့ ပတ်သက်လို့ ပြောကြရာမှာ အချုပ်အခြာအာဏာနဲ့ အမျိုးသား အကျိုးစီးပွားဆိုတာကို ဘက်တစ်ဖက်က အတော်ကလေး ပြောဆိုလာတာ တွေ့ရပါတယ်။ ဓန်နဝါရီလဆန်းက သမ္မတရဲ့ ရေဒီယိုမိန့်ခွန်းမှာ ထည့်သွင်းပြောဆိုခဲ့သလို ပါတီငယ်ကလေး တစ်ခုနှစ်ခုကလည်း အောက်ကလိအာ လိုက်ပြီး ပြောတာ တွေ့ရတယ်။

### အသုံးတည့်လှတဲ့စကားလုံး

ဒီအသုံးအနှုန်းဟာ ဘယ်အချိန်ကစပြီး အသုံးများခဲ့ပါသလဲ။ ကျွန်တော် မှတ်မိသလောက်တော့ ရှစ်လေးလုံးအရေးတော်ပုံအပြီး န၀တ

အစိုးရတက်လာတဲ့အချိန်မှာ ပိုပြီး သုံးလာတာလို့ ထင်ပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံဟာ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိခိုက်ပျက်စီးစေနိုင်တယ်ဆိုတဲ့ အပြစ်ဖို့ ပြောဆိုမှုတွေနဲ့ စတင်လာတာပါ။ နဝတ လက်ထက်က စလို့ သုံးရင်း သုံးရင်းနဲ့ အချုပ်အခြာအာဏာဆိုတဲ့ စကားလုံးဟာ ရန်ဘက်တွေကို ထိုးနှက်တိုက်ခိုက်ရာမှာနဲ့ အတိုက်အခံကို နှာလန်မထူနိုင်အောင် ပြုလုပ်ရာမှာ အတော်ကလေး အသုံးတည့်တဲ့ စကားလုံး ဖြစ်လာခဲ့ပုံ ရပါတယ်။

ကျွန်တော့်ဆီမှာ ဒီမိုကရေစီဇာစ်မြစ်များ (Democracy Source Book) ဆိုတဲ့ စာအုပ်တစ်အုပ် ရှိပါတယ်။ စာအုပ်က ဆိုက်ကြီး စာမျက်နှာ ၅၀၀ ကျော် ရှိပါတယ်။ ဒီမိုကရေစီနဲ့ ပတ်သက်လို့ ခေါင်းစဉ်ကြီး ၉ ခုနဲ့ ခေါင်းစဉ်ငယ်ပေါင်း ၁၀၀ ကျော် ပါရှိပါတယ်။ ရှူးဆိုးတို့၊ တော့ချ်ဗီးလ်တို့ ခေတ်ကနေစပြီး မျက်မှောက်ခေတ်ပညာရှင်များဖြစ်တဲ့ ဟမ်တင်တန်၊ ရောဘတ်ဒီပွတ်တနမ်၊ ဟောရီးဝစ်၊ ရောဘတ်ဒါးရဲ၊ အိုင်ယင်ရှက်ပါရို၊ ဆီမျော်မာတင်လစ်ပဆက် စတဲ့ ပုဂ္ဂိုလ်များအပါအဝင် ပညာရှင်များစွာရဲ့ ဒီမိုကရေစီနဲ့ ပတ်သက်လို့ ရေးသားချက်များထဲက ကောက်နုတ်ချက်တွေကို စုစည်း ဖော်ပြထားတာ ဖြစ်ပါတယ်။ အဲဒီစာအုပ် ခေါင်းစဉ်တွေထဲမှာ အချုပ်အခြာအာဏာဆိုတဲ့ စကားလုံး တစ်လုံးမှ ရှာလို့ မတွေ့ပါဘူး။ ဒါလောက်အရေးကြီးတဲ့ စကားလုံးကို ဘာကြောင့် ပညာရှင် ဆိုသူများ ထည့်မရေးခဲ့ကြသလဲ ဆိုတာ စဉ်းစားလို့ မရပါဘူး။

တကယ်တော့ အချုပ်အခြာအာဏာဆိုတာ မျက်မှောက်ခေတ်မှာ အတော်ခေဝါးတဲ့ စကားလုံး ဖြစ်နေပါပြီ။ တစ်စုံတစ်ခုကို ရမ်းရော်မှန်းဆပြီး ကြောက်ရွံ့တဲ့အခါမျိုးမှာ လိုသလိုလုပ်နိုင်ဖို့ သုံးတဲ့စကားလုံးထက် မပိုတော့ပါဘူး။ တစ်စုံတစ်ယောက် (သို့) တစ်စုတစ်ဖွဲ့ရဲ့ ခေါင်းပေါ်မှာ အမျိုးသားသစ္စာဖောက်ဆိုတာမျိုး ဦးထုပ်ကြီးကြီး ပစ်တင်လိုက်တဲ့အခါမှာ သုံးတဲ့ စကားလုံးထက် မပိုတော့ဘူး ဆိုတာ တွေ့ရမှာပါ။ လတ်တလော မြောက်ကိုရီးယားမှာ ဦးလေးတော်သူ၊ နိုင်ငံတော်ရဲ့ ဒုတိယအဆင့်လောက်ရှိတဲ့ ခေါင်းဆောင်ကို ဒီလို ပုဒ်မမျိုးနဲ့ စွဲချက်တင် သတ်ဖြတ်ပစ်ခဲ့တာ တွေ့ရမှာပါ။

## အချုပ်အခြာအာဏာနဲ့ အကျိုးအမြတ်

မြန်မာနိုင်ငံမှာ အချုပ်အခြာအာဏာကို ဘယ်နှခါဆုံးရှုံးဖူးပါသလဲ။

**တကယ်တော့**
**အချုပ်အခြာအာဏာ ဆိုတာ**
**မျက်လှောက်ခေတ်မှာ**
**အထောက်ဝေဝါးတဲ့ စကားလုံးဖြစ်နေပါပြီ။**
**တစ်ခုံတစ်ခုကို ရှုပ်ထွေးမှုနှံသပြီး**
**ကြောက်ရွံ့တဲ့အခါမျိုးမှာ**
**လိုသလို လုပ်နိုင်ဖို့ သုံးတဲ့စကားလုံးထက်**
**မပိုတော့ပါဘူး။**

အနီးဆုံးပြောရရင်တော့ သီပေါမင်းလက်ထက် အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့တာကိုပဲ ပြောရမှာပါ။ ဒါကလည်း အကြောင်းတိုက်ဆိုင်မှုတွေက အများကြီး ရှိပါတယ်။ သီပေါမင်းဟာ ကုန်းဘောင်မင်းဆက်မှာ အညံ့ဆုံးဘုရင်တစ်ပါးဖြစ်တဲ့အပြင် ညီအစ်ကိုတော် ၄၀ လောက်ကို သတ်ဖြတ်ပြီးမှ မင်းဖြစ်လာတာပါ။ ဒီကိစ္စကြီးကို သူမသိခဲ့ပါဘူးလို့ ငြင်းပေမယ့် မန္တလေးနန်းတော်ဟာ ဝီကင်းနန်းတော်ကြီးလောက် ကြီးကျယ်နေတာ မဟုတ်ပါဘူး။ ဒီဘက်ထိပ်က အော်လိုက်ရင် ဟိုဘက်ထိပ်က ကြားနိုင်လောက်တဲ့ အကျယ်အဝန်းပဲ ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီသတ်ဖြတ်မှုကြီးဟာ မှူးကြီးမတ်ရာများ အပါအဝင် ဗမာပြည်သူများသာမက အင်္ဂလိပ်တို့တောင် အတော် အံ့သြစက်ဆုပ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလို ကိုယ့်ဘက်က အားအနည်းဆုံး အချိန်နဲ့ အင်္ဂလိပ်ကလည်း ကမ္ဘာမှာ နေမဝင်အင်ပါယာကြီး ထူထောင်နိုင်တဲ့ အချိန်သွားပြီး တိုက်ဆိုင်နေလို့ အချုပ်အခြာအာဏာ ဆုံးရှုံးရတာ ဖြစ်ပါတယ်။ အဲဒီအချိန်က အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့်လို့ ဆိုကြတဲ့ နယ်ချဲ့စနစ်ဟာ ဒီကနေ့ ခေတ်လို မဟုတ်ဘဲ ကိုယ်ထိလက်ရောက် နယ်ချဲ့ကျူးကျော် သိမ်းပိုက်တဲ့ခေတ်ဖြစ်ပါတယ်။ ဒီကနေ့ခေတ်မှာ အဲဒီလိုလာပြီး သိမ်းပိုက်ပါဆိုရင်တောင် အကျိုးအမြတ်နဲ့ ကုန်ကျစရိတ်ကာမိမှာ မဟုတ်တဲ့အတွက် ဘယ်သူကမှ လာပြီး သိမ်းပိုက်မှာ မဟုတ်ပါဘူး။ အမေရိကန်လို အလွန်ချမ်းသာတဲ့ နိုင်ငံတောင်မှ ပင်လယ်ကွေ့ အီရတ်စစ်ပွဲနဲ့ အာဖဂန်စစ် နှစ်ပွဲ နွှဲလိုက်တာ ကြွေးလည်ပင်းနိုက်သွားတာ တွေ့ကြတယ် မဟုတ်ပါလား။ ဒီအကြွေးတွေကို အနည်းဆုံး နောက်မျိုးဆက်တစ်ဆက်လောက် ပြန်ဆပ်ရမှာ ဖြစ်တဲ့အတွက် ဆီးရိုးယားအရေးမှာ အသာလေး လက်ရှောင်နေ

ရတာ ဖြစ်ပါတယ်။ ဒါကြောင့် နောက်ထပ် တိုးပြီး ရလာမယ့် အချုပ်အခြာအာဏာမျိုးကို အင်္ဂလိပ်ပဲဖြစ်ဖြစ်၊ အမေရိကန်ပဲဖြစ်ဖြစ်၊ တရုတ်တို့ အိန္ဒိယတို့ပဲဖြစ်ဖြစ် အတော်ကြောက်ရွံ့နေကြတဲ့ ခေတ်ကြီး ဖြစ်ပါတယ်။

## အချုပ်အခြာအာဏာနဲ့ ထမင်းကြမ်းခဲ

အခုခေတ်က ၂၁ ရာစုပါ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးပါ။ အမျိုးဘာသာ၊ သာသနာဆိုတဲ့ ဝံသာနုခေတ်မဟုတ်တော့ပါဘူး။ အချုပ်အခြာအာဏာဆိုတာကို အရမ်းကြီး စိုးရိမ်ရတဲ့ခေတ်မျိုး မဟုတ်တော့ပါဘူး။ အခုခေတ်မှာ အရေးကြီးတာက ကုန်သွယ်ရေး စစ်ပွဲမှာ အရှုံးမပေါ်ဖို့ ဖြစ်ပါတယ်။ ဟိုတုန်းက အကြောက်ကြီး ကြောက်ခဲ့ကြတဲ့ TNC ဆိုတဲ့ ကမ္ဘာ့ဖြတ်ကျော်လုပ်ငန်းကြီးတွေ လာရောက် ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်နေရတဲ့ခေတ် ဖြစ်ပါတယ်။ စီးပွားရေးတောင့်တင်းရင် အချုပ်အခြာအာဏာတောင့်တင်းပါတယ်။ ထမင်းကြမ်းခဲကိုစားပြီး အချုပ်အခြာအာဏာလို့ တစာစာ ကြွေးကြော်ရမယ့်ခေတ် မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ်တမ်း ထမင်းကြမ်းခဲ စားရသူတွေက အောက်ခြေလူထုတွေသာဖြစ်ပြီး အချုပ်အခြာအာဏာလို့ အော်တဲ့သူတွေက တိုင်းပြည်ရဲ့ အညွန့်အဖူးတွေကို ရရှိခံစားနေကြသူတွေ ဖြစ်နေပါတယ်။

## နိုင်ငံတကာကိုကြည့်ပါ

ဒါကြောင့် တစ်ဖက်က ပြန်ကြည့်ရင် အချုပ်အခြာအာဏာဆိုတာ ကိုယ်သာလျှင် ကိုင်စွဲရမယ့်အရာ၊ အခြားသူ ကိုင်စွဲလျှင် (ပြည်သူအတွက် အကျိုးရှိနိုင်သည့်တိုင် ကိုယ့်အတွက်) ဘေး ဖြစ်စေတဲ့အရာဆိုတဲ့အဓိပ္ပာယ် ဖြစ်လာပါတယ်။ ပုဒ်မ ၅၉ ပြဋ္ဌာန်းရခြင်းရဲ့ အတွေးအခေါ် ဇာစ်မြစ်ဟာ

> **တကယ်တမ်း ထမင်းကြမ်းခဲ စားရသူတွေက အောက်ခြေ လူထုတွေသာဖြစ်ပြီး အချုပ်အခြာအာဏာလို့ အော်တဲ့သူတွေက တိုင်းပြည်ရဲ့ အညွန့်အဖူးတွေကို ရရှိခံစားနေကြသူတွေ ဖြစ်နေပါတယ်။**
>
> **အချုပ်အခြာအာဏာ ထိပါးနေတာတွေ လက်တွေ့ရှိလို့တော့ နေပါတယ်။ အဲဒါတွေထဲမှာ မန္တလေးမြို့ တစ်ဝက်လောက် ဝိုင်းတိုင်းသားတွေ ရောက်ရှိနေတာမျိုး။**

ဒါတွေပဲ ဖြစ်ပါတယ်။ နိုင်ငံတကာမှာ ကြည့်လိုက်ပါ။ ယခင် အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီရဲ့ဇနီး ဆိုနီယာဂန္ဒီဟာ အီတလီသူ ဖြစ်ပါတယ်။ ယခု အာဏာရပါတီရဲ့ ဥက္ကဋ္ဌ ဖြစ်နေပါတယ်။ အမေရိကန်သမ္မတ အိုဘားမားရဲ့ဖခင်ဟာ ကင်ညာနိုင်ငံသား ဖြစ်ပါတယ်။ သူဟာ အမေရိကန်နယ်မြေဖြစ်တဲ့ ဟာဝိုင်ယီမှာ မွေးခဲ့လို့ သမ္မတ ဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုလို အလွန်ကြီးကျယ် ခမ်းနားတဲ့ နိုင်ငံမျိုးမှာတောင် သမ္မတဖြစ်ခွင့် အရည်အချင်း သတ်မှတ်ချက်မှာ အမေရိကန်နိုင်ငံသား အဖြစ် မွေးဖွားခဲ့သူ၊ အသက် ၃၅ နှစ်ပြည့်ပြီးသူ အမေရိကန် ပြည်ထောင်စုတွင် ၁၄ နှစ် နေထိုင်ခဲ့သူ ဖြစ်ရမည်လို့သာ ဆိုထားတာ ဖြစ်ပါတယ်။

## ၄၇ နဲ့ ၇၄ သတ်မှတ်ချက်များ

အခု ဒီကန့်သတ်ချက်ကို ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ချမှတ်ခဲ့တာဆိုပြီး ညာပြီး ပြောဆိုမှုတွေလည်း ရှိပါတယ်။ အခြေခံမှုတွေကို ဗိုလ်ချုပ်ကိုယ်တိုင် တင်သွင်းခဲ့တဲ့ ၄၇ အခြေခံဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) မှာ "နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာတော်ကို ခံယူစောင့်ရှောက် ရှိသေသူ (သို့) နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ သို့တည်းမဟုတ် ထိုအစိုးရ၏ နိုင်ငံသားဖြစ်သူသော် လည်းကောင်း၊ နိုင်ငံသားသော်လည်းကောင်း၊ ခံစားရသော အခွင့်အရေးများနှင့် ကျေးဇူးခံစားခွင့်များကို ခံစားပိုင်ခွင့်ရှိသူ" လို့သာ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ၄၇ ဖွဲ့စည်းပုံအရ အမတ်ဖြစ်နိုင်သူဟာ သမ္မတ ဖြစ်နိုင်တာ ဖြစ်ပါတယ်။ ၇၄ အခြေခံဥပဒေမှာလည်း "(က) နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊ (ခ) ရပ်ကွက် ပြည်သူ့ကောင်စီ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီများသို့ ရွေးချယ်တင်မြှောက်ခံရန် အသက် ၂၀ ပြည့်သူ၊ (ဂ) ပြည်နယ် ပြည်သူ့ကောင်စီနှင့် တိုင်းပြည်သူ့ကောင်စီများသို့ ရွေးချယ် တင်မြှောက်ခံရန် အသက် ၂၄ နှစ်ပြည့်သူ၊ (ဃ) ပြည်သူ့ လွှတ်တော်သို့ ရွေးချယ် တင်မြှောက်ခံရန် အသက် ၂၈ နှစ်ပြည့်သူ" လို့သာ သတ်မှတ်ထားတာဖြစ်ပါတယ်။ သမ္မတဖြစ်နိုင်သည့် အရည်အချင်း သီးခြားပြဋ္ဌာန်းထားတာ မတွေ့ရပါဘူး။ အဲဒီအချိန်က နိုင်ငံတော် သမ္မတကြီးဦးနေဝင်း ကိုယ်တိုင် နိုင်ငံခြားသူ 'ရတနာနတ်မယ်' ကို မိဖုရားအရာ မြှောက်ခဲ့သေးတာပါပဲ။ နိုင်ငံတော်ရဲ့ ဘယ်လိုလျှို့ဝှက်ချက်မှ ပါသွားတယ်လို့ မကြားဖူးခဲ့ပါဘူး။

## မတူသူ ဖယ်ထုတ်ရေး လမ်းစဉ်လော

အခုလို မှင့်လင်းမြင်သာမှုကို အလေးထားတဲ့ ခေတ်ကြီးမှာ ကျွန်တော်တို့ တိုင်းပြည်ဟာ စုပါ ပါဝါနိုင်ငံလည်း မဟုတ်တဲ့အတွက် လျှို့ဝှက်ချက်တွေ တတ်နိုင်သမျှ နည်းရမှာပါ။ မဟုတ်တာကို မကြံစည်လေ လျှို့ဝှက်ချက်ကလည်း နည်းလေပဲဖြစ်မှာပါ။ ဥပမာ-မြောက်ကိုရီးယားနဲ့ ဆက်ဆံတာမျိုး၊ နျူကလီးယား အစီအစဉ်တွေ ကြိတ်ပြီး လုပ်တာမျိုး၊ ဓာတုလက်နက် ထုတ်တာမျိုး... စတာတွေသာ မရှိရင် ပြဿနာ သိပ်မရှိပါဘူး။ စစ်ရေးအရ လက်နက်ဝယ်တာ၊ လေယာဉ်ဝယ်တာတွေဟာ ပြည်သူသိအောင် ပြောဆိုတာမျိုး မဟုတ်ပေမယ့် နိုင်ငံတကာမှာတော့ သိနေပြီးသားကိစ္စတွေပါ။

အချုပ်အခြာအာဏာ ထိပါးနေတာတွေ လက်တွေ့ရှိလို့တော့ နေပါတယ်။ အဲဒါတွေထဲမှာ မန္တလေးမြို့ တစ်ဝက်လောက် စီန တိုင်းသားတွေ ရောက်ရှိနေတာမျိုး၊ ကျောက်ဖြူ-ချင်းမင် မီးရထားလမ်း ဖောက်တာမျိုးနဲ့ မြစ်ဆုံဆည် တည်ဆောက်တာမျိုးတွေ ပါဝင်ပါတယ်။ ဘင်္ဂါလီအရေးကို အကြောင်းပြပြီး အမျိုးဘာသာ သာသနာ ပြောနေကြပေမယ့် မန္တလေးမြို့နဲ့ အထက် ဗမာပြည် တစ်ခြမ်းလုံးမှာ Demography လို့ခေါ်တဲ့ လူဦးရေ ပါဝင်မှုအချိုးတွေ ဘယ်လိုဖြစ်နေမလဲ၊ ဘယ်သူ့လက်ထက်မှာ ဖြစ်ခဲ့တာတွေလည်း အသေအချာ ဝေဖန်သုံးသပ်ကြဖို့ လိုပါတယ်။

ဒါကြောင့် နိုင်ငံရေးခေါင်းဆောင်မှု အရည်အချင်း သတ်မှတ်ရေးနဲ့ အမျိုးသား အကျိုးစီးပွားတို့၊ အချုပ်အခြာ အာဏာတို့ကို အလွန်အကျွံ ဆက်စပ်တာဟာ မှားပါတယ်။ ဒါဟာ ခေတ်နောက်ပြန်ဆွဲတဲ့ ဝေဝါးတဲ့ ယူဆမှုတစ်ခုအဖြစ်သာမကဘဲ ကိုယ်ကျိုးစီးပွား ကာကွယ်ရေး၊ မတူတဲ့သူ ဖယ်ထုတ်ရေးဆိုတဲ့ လမ်းစဉ်သာဖြစ်ပြီး ဒီမိုကရေစီ စံနှုန်းများကို ဖျက်ယွင်းစေတာပဲ ဖြစ်ပါတယ်။ ဒီလို စိုးရိမ်မှုမျိုး၊ ဒီလိုအတွေးအခေါ်မျိုးနဲ့ အနာဂတ် ဒီမိုကရေစီ နိုင်ငံသစ်ကို တည်ဆောက်လို့ ရနိုင်မှာ မဟုတ်ကြောင်း တင်ပြလိုက်ရပါတယ်။

**အေးမောင်ကျော်**

ပြည်သူ့ခေတ်၊
၂၀၊ ဖေဖော်ဝါရီ၊ ၂၀၁၄

❑

## ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ငါးထောင်စား လွှတ်တော် အမတ်များ

စာပေလွှတ်လပ်ရေးနှင့် ငြိမ်းချမ်းရေး ဖခင်ကြီးဖြစ်သော ဆရာကြီး သခင်ကိုယ်တော်မှိုင်း (ခရစ်နှစ် ၁၈၇၆- ၁၉၆၄ ခုနှစ်) သည် ကိုလိုနီခေတ် ၁၉၂၃ ခုနှစ်တွင် ဗြိတိသျှအစိုးရ၏ မြန်မာပြည်အား ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အတင်းအဓမ္မအပ်နှင်း အုပ်ချုပ်စေခဲ့သည့်အချိန်မှ စတင်၍ ၁၉၃၁ ခုနှစ်အကုန် ဆရာစံ၏ တောင်သူလယ်သမားအရေးတော်ပုံ ကျဆုံးချိန်အထိ နိုင်ငံရေးခေတ်ပျက်ကာလအတွင်း ကမ်းမမြင် လမ်းမမြင် မျောချင်တိုင်း မျောပါနေသော မြန်မာ့နိုင်ငံရေး ဖြစ်စဉ်များကို အမျိုးသားရေးစိတ်ထားဖြင့် ဗန္ဓုလကျာနယ်မှတစ်ဆင့် 'ခွေး' ဋီကာ ဆောင်းပါးများဖြင့် အပတ်စဉ် ရေးဖွဲ့ တင်ပြခဲ့သည်။ ထို့ကြောင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း

ရေးသားပြုစုခဲ့သော ဦကာစာစုများတွင် ၁၉၂၃ ခုနှစ် မှ ၁၉၃၁ ခုနှစ်ကာလ နိုင်ငံရေးစာစုများကို ဓွေးဦကာခေတ်ဟူ၍ တင်စားခေါ်ဆို ဂုဏ်ပြုသတ်မှတ်ခဲ့သည်။

၁၉၂၃ ခုနှစ်တွင် ဗြိတိသျှအစိုးရ၏ မြန်မာပြည်အား အတင်းအဓမ္မပေးအပ်ကျင့်သုံး အုပ်ချုပ်ခဲ့သော ဒိုင်အာခီအုပ်ချုပ်ရေးစနစ် ဟူသည် ဗြိတိသျှအစိုးရနှင့် တိုင်းရင်းသား ကိုယ်စားလှယ်များ တာဝန် ခွဲဝေအုပ်ချုပ်သော အုပ်ချုပ်ရေးစနစ် (ဝါ) အုပ်ချုပ်သူနှစ်မျိုး တာဝန်ခွဲဝေ အုပ်ချုပ်သော အုပ်ချုပ်ရေးစနစ်ဟု ကြွေးကြော်ခဲ့သော်လည်း ဗြိတိသျှဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ၏ အလိုကျရွေးချယ်ခန့်ထားသော ဘုရင်ခံ အလိုတော်ရိဝန်ကြီးများ၏ ဘုရင်ခံ၏ အလိုဆန္ဒနှင့်အညီ အုပ်ချုပ် သော အုပ်ချုပ်ရေး စနစ်ဆိုးသာ ဖြစ်သည်။

၁၉၂၃ ခုနှစ် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကြောင်းရင်းခံပြုလျက် မြန်မာ့နိုင်ငံရေးနယ်ပယ်တွင် ဂျီစီဘီအေ အသင်းကြီးသည် စည်လုံးညီညွတ်မှု စတင်ပြိုကွဲခဲ့သည်။ ဂျီစီဘီအေအသင်းသားအများစုက ဒိုင်အာခီစနစ်ကို လက်မခံခဲ့ကြပေ။ သို့သော် ၁၉၂၃ ခုနှစ်တွင်

> ***"ငွေ ငါးထောင်အတ ဒုလ္လဘာ ရယ် ကျောင်း၊ ပြောအားတောင် ဘာမျှ သဟိရယ်လို့ မဟာသူပုန်ထခဲ့တဲ့ အရေးအတင်တွေ၊ အမှေ့သတ်ရွှေရွှေ ရယ်နဲ့ အမိုက်မိုက်သမျှကို ငွေအတော် မပြောတပြောတွေမှဖြင့်၊ ကိုက်စရာ အမိုး"***

၂၁ ဦး ဂိုဏ်းသားတို့သည် ဂျီစီဘီအေ အသင်းသား အများစု၏ဆန္ဒ ဖြစ်သော ဒိုင်အာခီ လက်မခံမှုကို ဆန့်ကျင်လျက် သီးခြားနိုင်ငံရေး ဂိုဏ်းတစ်ဂိုဏ်း ထူထောင်ခဲ့သည်။ ထို ၂၁ ဦး ဂိုဏ်းသားများကို ဂျီစီဘီအေအသင်းကြီးက နိုင်သမားဟူ၍ ရှုတ်ချကဲ့ရဲ့ခဲ့သည်။ ထို ၂၁ ဦး ဂိုဏ်းသားများသည် ဒိုင်အာခီ ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဒိုင်အာခီအမတ်များ ဖြစ်လာကြသည်။ ဒိုင်အာခီအမတ်များ ဖြစ်လာသည့်အချိန်တွင်လည်း မူလဂျီစီဘီအေ အသင်းသားများနှင့် အမျိုးသားရေး အမြင်ရှိသော ပြည်သူပြည်သားများက ဒိုင်အမတ်များ၊ ရာထူးမက် ဝမ်းစာလုသူများဟူ၍ ခေါ်ဆို သရော်ခဲ့ကြသည်။ ယခင်က စည်းလုံးညီညွတ်ခဲ့သော မြန်မာတို့၏ ဂျီစီဘီအေ

အသင်းကြီးသည် ဗြိတိသျှအစိုးရ၏ ဒိုင်အာခီအုပ်ချုပ်ရေးစနစ် သပ်လျှိုမှုကြောင့် ၂၁ ဦးဂိုဏ်းနှင့် ဝံသာနုဂျီစီဘီအေဂိုဏ်း ဟူ၍ မြန်မာ့နိုင်ငံရေးလောက၌ လူသိရှင်ကြား နှစ်ဂိုဏ်းကွဲခဲ့သည်။

ထိုသို့ မြန်မာ့အကွဲအပြဲ နိုင်ငံရေးဖြစ်စဉ်ကို ကြုံတွေ့ခံစားရသော ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ဒိုင်သမားများကို မေတ္တာမပျက်သော်လည်း ဒေါသထွက်ခဲ့သည်။ ဒိုင်သမားတို့သည် ဒိုင်အာခီ အမတ်ရာထူးများအတွက် အရွေးခံ၍ ဒိုင်အာခီဥပဒေပြုအဖွဲ့၌ အမတ်များ ဖြစ်ကုန်ကြသည် ဟူ၍ ကြားသိသောအခါတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဒိုင်အမတ်များသည် ဗြိတိသျှအစိုးရကို ဒူးထောက်သူများဟု သတ်မှတ်သည်။ ဒိုင်သမား၊ ဒိုင်အမတ်များသည် ငါးထောင်စားရာထူးယူသည်၊ လက်ခံသည်ဟု ကြားသိရသောအခါတွင်မူ ဒိုင်အမတ်များသည် ဗြိတိသျှအစိုးရ၏ လက်ပါးစေများ ဖြစ်သွားပြီဟူသော နာကျင်စိတ်ဖြင့် ဒိုင်အမတ်များ၊ ငါးထောင်စား ဒိုင်အမတ်များ၏ ကိုယ်ကျိုးရှာ နိုင်ငံရေး အပြုအမူများကို စောင်းလို ချိတ်လို ရှုတ်ချလိုစိတ်ဖြင့် "ခွေးဋီကာ" ဩဝါဒကထာ မဟာလေးချိုးကြီးတွင်-

*"မြတ်ကာဝေ လေးဖြာဗွစိုရ် မဖင့်သူကာ၊ အမတ်တွေရွေးသလို အခွင့်တွင်မှ၊ ခွေးလိုကျင့်စေဖို့၊ အဖွင့်ကျမ်း ဋီကာရေးဆိုသနှင့်၊ အခွင့်အလမ်း ညီသကွာ"* ဟူ၍ လည်းကောင်း-

*"အမွေးအနီ အဝါ အပြာ ကမ္ဘာ့ဋ္ဌာန်း ဆရာရှုပြန်တော့၊ သွေးမညီ မညာ ဝမ်းစာလိုရှိမို့ ခွေးဋီကာကျမ်းစာ တစ်ခုကိုဖြင့်၊ နန်းအမတာ ဆုရယ်လို့ ပြုကြီးပြုရပေ။ ဝမ်းသာအမှုတွေနှင့် ရှုလည်း ရှုကြစေ"* ဟူ၍ လည်းကောင်း ရေးဖွဲ့ တင်ပြခဲ့ပေသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဂျီစီဘီအေအသင်းကြီးမှ ခွဲထွက်သွားသော ဒိုင်သမား ဒိုင်အမတ်များသည် အားကိုးရသူများမဟုတ်၊ ငါးပါးကြီးမှောက်လေအောင် ဒုက္ခပေးသူများဖြစ်ပြီး ဗြိတိသျှအစိုးရသခင် အားရအောင် လုပ်ဆောင်နေကြကြောင်းကိုလည်း-

*"ကျွေးတဲ့မွေးတဲ့ သခင်မင့်တွင်၊ ယုံမြှောက်စားအောင်ပါ၊ ခွေးရဲ့အသွင်ကျင့်စဉ်ဂုဏ် မြှောက်ပါးရယ်နှင့်၊ အလုံအလောက် တင်လျှင်ဖြင့်၊ ကျွန်တင့်စရာ၊ ဝန်မင့်အရာငယ်နှင့်၊ မျောသဝိတ်အကြောင်း၊ အခွန်မြင့်သဟာကိုတော့လည်း ဆရာစိတ်မကောင်းဟူ၍"* လည်း

ကောင်း-

ငါးထောင်စား နိုင်အမတ်များနှင့် အမတ်ကတော်များကိုလည်း နာနာထောင်းလိုကြောင်းကိုလည်း-

"ကျွန်ခေတ်အခါကို၊ အလွန်မေတ္တာနဲ့ သနားလေတော့၊ လောဘရမ္မက်သန်သူကို၊ ဒေါသမျက်မာန်ပွားပြန်သတဲ့၊ အများသောင်း၌ အမှားအမှောင် မိုက်ချင်တဲ့၊ ငါးထောင်ကြိုက် အမတ်ကတော်လောင်းကိုဖြင့်၊ ဘုရားတောင်တစ်ဝိုက် ဇရပ်ပေါ်မှာ ထောင်း" ဟူ၍ လည်းကောင်း ဖွဲ့ဆိုခဲ့သည်။

> "ဒေါင်းရောင်ရေ
> ရေသောက်ကို အခိုက်တွင်မှ
> ဒေါင်းသောင်တွေ
> ရွှေနဲ့ကို မလိုက်ပြန်တော့
> အရေးထိုထို့၌ အခိုက်အခွင့်မဟန်၊
> ရွှေသို့ ကိုက်ချင်တဲ့
> စိုက်အကျင့်တန်"

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မြန်မာပြည်သို့ နိုင်အာဏီအုပ်ချုပ်ရေးစနစ် ရောက်လာသည့်နေ့မှစတင်၍ စိတ်မချမ်းမသာဖြစ်ရကြောင်း၊ ၂၁ ဦး ဂိုဏ်းသားတို့က ဂျီစီဘီအေမှ ခွဲထွက်၍ နိုင်အာဏီစနစ်ကို လက်ခံလိုက်သဖြင့် နိုင်သမားများအတွက် ရှက်မိကြောင်း၊ နိုင်သမား ငါးထောင်စား အမတ်များသည် တိုင်းပြည်၏ဆန္ဒကို မထီမဲ့မြင် ပြုနေသောကြောင့် ခွေးငတ်နှင့် တူကြောင်းတို့ကို "ခွေးမင်းပရိတ်တော်ဘွဲ့" လေးချိုးကြီးဖြင့်-

"ငွေ ငါးထောင်အစာ ဒုလ္လဘရယ်ကြောင့်၊ ပြေအားတောင် ဘာမဖြို့သပ္ပါရယ်လို့ မဟာသူပုန်ထခဲ့တဲ့ အရေးတတ်တွေ၊ အမွေးခတ်ရှေ့ရှေ့ရယ်နဲ့၊ အမိုက်ဝါသနာကို ခွေးအငတ် မပြေတပြေတွေ့မှဖြင့်၊ ကိုက်စရာအရိုး" ဟူ၍ နာကြည်းခံပြင်းစွာ ဖော်ထုတ်ဖွဲ့ဆိုတင်ပြခဲ့သည်။

နိုင်အာဏီစနစ်ဆိုးကို လက်ခံသူများတွင် ၂၁ ဦး ဂိုဏ်းသားများသာမက ထိုခေတ်က ဗြိတိသျှအစိုးရ၏ အလိုတော်ရိပါတီဟူ၍ ခေါ်ဆိုသော ရွှေတောင်ကြားပါတီလည်း တစ်ခုအပါအဝင် ဖြစ်သည်။ ရွှေတောင်ကြားပါတီသည် ဗြိတိသျှအလိုတော်ရိများသာ ပါဝင်ပြီး ဗြိတိသျှအလိုတော်ကို လိုက်၍ မြက်မြက်စားချင်သူတို့ ဖြစ်သည်။

**သူ့ခေတ်၊**
**သူ့ဘဝ၊**
**သူ့စာပေသည်**
**ပြည်သူ့ခေတ်၊**
**ပြည်သူ့ဘဝ၊**
**ပြည်သူ့စာပေ ဖြစ်သည်။**

၂၁ ဦးပါတီအင်အားထက် ပိုမိုအင်အားကြီးမားသည်။ ဒိုင်အာခီလွှတ်တော် အစည်းအဝေးများတွင် အပြိုင်အဆိုင် ပြောဆို၊ ဆွေးနွေးဆုံးဖြတ်ကြ သာကိစ္စများ၌ ရွှေတောင်ကြားပါတီ အလိုတော်ရိဂိုဏ်းသည် ၂၁ ဦးဂိုဏ်းကို လွှတ်တော်အတွင်း၌ အားဖြင့်ဖိ၍ အနိုင်ယူခဲ့ကြသည်။ ထို့ကြောင့် ၂၁ ဦးဂိုဏ်းသည် ထင်တိုင်းမပေါက်၊ ခရီးမရောက်ခဲ့ပေ။ လွှတ်တော်အတွင်း နိုင်ငံရေး ဩဇာသုံးနေသော အဖွဲ့အစည်းများအပြင် လွှတ်တော်အမြင်မရှိသည့် 'သရာဇဂိုဏ်း' ကလည်း သူတစ်လူ၊ ဝံသာနုဂျီစီဘီအေကလည်း ငါတစ်မင်း ဖြစ်နေသည်။ ဝံသာနုဂျီစီဘီအေအတွင်း၌လည်း ဝံသာနုဂျီစီဘီအေနှင့် ဦးစိုးသိမ်း ဂျီစီဘီအေ ဟူ၍ တစ်တောလျှင် တစ်ကြက်ဖ တွန်နေကြပြန်သည်။ သတင်းစာအမျိုးမျိုး ပေါ်လာခဲ့ကြပြီး မိမိတို့ ဂိုဏ်းဂဏပါတီဘက်သို့ ပင်း၍ သူ့ကို ငါဆဲ၊ ငါ့ကို သူဆဲနှင့် အဆဲချင်း မိုးမွှန်နေခဲ့သည်။ ထို့ကြောင့် နိုင်ငံရေးစိတ် တစ်ချောင်းတည်းသာ ရှိသော ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ဒိုင်သမား၊ ဒိုင်အမတ်များ၊ သရာဇဂိုဏ်း၊ ဝံသာနု ဂျီစီဘီအေဂိုဏ်း၊ ဦးစိုးသိမ်း ဂျီစီဘီအေဂိုဏ်းတို့မှ ခေါင်းဆောင်အားလုံးကို-

*'ခေါင်းရောင်နေ မေးသကို အခိုက်တွင်မှ၊ ခေါင်းဆောင်တွေ ရှေးနဂို မလိုက်ပြန်တော့၊ အရေးထိုထို၌ အခိုက်အခွင့်မဟာန်၊ ချွေးလိုက်ကိုက်ချင်တဲ့ စရိုက်အကျင့်တန်'* ဟူ၍ ကရုဏာဒေါသစိတ်ဖြင့် ကလော်ခဲ့သည်။ သရော်ခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ချွေးငွေကာတွင် ဒိုင်အာခီခေတ်၌ မြန်မာတို့ နိုင်ငံရေးဂိုဏ်းအမျိုးမျိုးကွဲ၍ စည်းလုံးညီညွတ်မှု ပြိုကွဲနေခြင်း ဖြစ်ရပ်ကို-

ထိုဂိုဏ်းသားတို့သည် လောဘ၊ ဒေါသ၊ မာနနိုင်ငံသို့ လိုက်လိုမှုကြောင့် နိုင်ငံရေးစေတနာရှိသလောက် အလုပ်ခရီး မပေါက်နိုင် ဖြစ်နေကြကြောင်း၊

အလုပ်ခရီးပေါက်အောင် အချင်းချင်း မေတ္တာထားစေချင်ကြောင်း၊ ညီညွတ်စေချင်ကြောင်း၊ စိတ်ယုတ်စိတ်ညံ့များ ဆက်လက်မွေးနေလျှင် တိုင်းပြည်မှောက်လိမ့်မည် ဖြစ်ကြောင်း၊ အလိုတော်ရိဂိုဏ်းက ဝမ်းသာနေကြမည် ဖြစ်ကြောင်း သတိပေးလျက် ရွှေခေါင်းတောင် ကလောင်တစ်ချောင်းဖြင့် မေတ္တာရေစင် ပက်ဖျန်းကြရန်-

"သြော်… နဂိုအတိုင်း တည့်တည့်ပြီး မြဟ္မစိုရ်ဂိုဏ်းနဲ့ ချစ်ပါစေချင် အများကိုဖြင့် ကိုမှိုင်းရဲ့ မေတ္တာရေစင် တရား" ဟူ၍ လည်းကောင်း၊ "နေသောင်းထောင်အရောင် မညှိုးသလိုပဲ၊ ပြေကောင်းအောင် ဆောင်မ-ကိုးရယ်လို့၊ ရွှေခေါင်းတောင် ကလောင်တစ်မျိုးရယ်နှင့်၊ တောင်ရိုးမှာ ဆရာကြဲ မပေ့ါလို့" ဟူ၍ လည်းကောင်း စေတနာကောင်းဖြင့် ဖွဲ့ဆို တင်ပြလမ်းညွှန်ခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ခေတ်အလျှဉ် တသွင်သွင် စီးဆင်းခဲ့သည့် ရေစီးကြောင်းနှင့်အတူ ပြည်သူဘက်မှ မားမားမတ်မတ် ရပ်၍ ပြည်သူ့တိုက်ပွဲ အရပ်ရပ်ကို အဆက်မပြတ် ရှေ့တန်းမှ ဦးဆောင်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ စည်းလုံးညီညွတ်ရေး အခန်းကဏ္ဍကြီးတိုင်းတွင် အဓိကနေရာမှ တက်ကြွ ထက်သန်စွာ ပါဝင်လုပ်ဆောင်ခဲ့သည်။ သူ့ခေတ် သူ့ဘဝ သူ့စာပေသည် ပြည်သူ့ခေတ်၊ ပြည်သူ့ဘဝ၊ ပြည်သူ့စာပေ ဖြစ်သည်။ ပြည်သူနှင့် ထပ်တူထပ်မျှ ပြည်သူနှင့် ခွဲခြား မရခဲ့ပေဟူ၍ ဥဒါန်းမော်ကွန်းတင်လျက် ရှိနေပေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး


၁။ မြန်မာ့နိုင်ငံရေး သမိုင်း (ဦးလေးမောင်)
၂။ သခင်ကိုယ်တော်မှိုင်း ဋီကာ (ဇော်ဂျီ)
၃။ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်သုတ)
၄။ သခင်ကိုယ်တော်မှိုင်း၏ လေးချိုးပေါင်းချုပ် (ပထမအုပ်) (ရွှေကိုင်းသား တည်းဖြတ်)


မြန်မာသံတော်ဆင့်၊
ဇွန် ၂၈-ဇူလိုင် ၄၊ ၂၀၁၄

❑